

The
YATI
MAGAZINE
Vol. 10,No.117 December 2013
SUPER SALADS
LOTTERIA

af MEDIA GROUP

Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ဥက္ကဋ္ဌ | ဒုဥက္ကဋ္ဌ |
| ceo@popularmyanmar.com | hanelatt@popularmyanmar.com |

The YATI MAGAZINE VOL-10, NO.117, DECEMBER, 2013

စာပေအနုပညာမဂ္ဂဇင်း



| | |
|---|---|
| Editorial & Technical Director | ဖိုးနိုင်လင်း (ponainglin@gmail.com) |
| Art Director | မောင်မောင်အောင် (cartoonmma@gmail.com) |
| **စီမံခန့်ခွဲမှုဒါရိုက်တာ** | ဒီဇိုင်းပန်းချာန် (pannzan@gmail.com) |
| **အယ်ဒီတာ** | နွေးနွေးစစ်အောင် (nwaynwaysisaung@gmail.com) |
| **အမှုဆောင်အယ်ဒီတာ** | မြင့်သူဇာထွန်း (zarkalay174@gmail.com) ဖြိုးစုပိုပို (phyoesupopo@gmail.com) |
| **ကဗျာအယ်ဒီတာ** | လင်းထိပ်သျှင် |
| **လက်ထောက်အယ်ဒီတာ** | သီတာစိုး |
| **ဒီဇိုင်းတာဝန်ခံ** | ထွန်းထွန်းလင်း |
| **ဒီဇိုင်း** | လင်းထွဋ် |
| **လက်ထောက်ဒီဇိုင်း** | ဝင်းဝင်းလှိုင် |
| **စာစီစာရိုက်** | ခင်သက်လှိုင် |
| **စာပြင်** | ဥမ္မာအေး |
| **ကြော်ငြာအဖွဲ့** | ဇော်ဇော်အောင် (မန်နေဂျာ) (advertising@popularmyanmar.com) နီလာဆွေ၊ မေသင်းနိုင် |
| **ဘဏ္ဍာရေးအဖွဲ့** | မိုးယုမာ (လက်ထောက်အထွေထွေ မန်နေဂျာ)၊ ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊ နီလာဝင်း (လ/ထ မန်နေဂျာ) |
| **ဖြန့်ချိရေးအဖွဲ့** | ဇော်လင်းဦး၊ သက်ထွန်းအောင်၊ ညီညီနိုင်၊ သောင်းမြတ်ကျော်၊ ထူးထူးအောင် |
| **ရုပ်ဓာတ်ပုံပညာရှင်** | အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏနွာနီး၊ ကိုနိုင် (ပေါ်ပြူလာ) |





| | |
|---|---|
| **မျက်နှာဖုံးရှင်** | စိုင်းစိုင်းခမ်းလှိုင်၊ ခင်ဝင့်ဝါ |
| **ဓာတ်ပုံ** | အေးဇော်မိုး (စက်မှု) |
| **ဒီဇိုင်း** | ထွန်းထွန်းလင်း |
| **ထုတ်ဝေသူ** | ဒေါ်နန်းကလျာဝင်း (၀၄၃၀၈) |
| **ဥပဒေအကြံပေး** | ဦးအိုနစ် (တရားရုံးချုပ်ရှေ့နေ) |
| **ဖလင်** | Eagle |
| **အတွင်းကာလာခွဲ** | ကမ္ဘာဦး |
| **စာအုပ်ချုပ်** | ရွှေသမီး |
| **တန်ဖိုး** | ၂၀၀၀ |
| **အုပ်ရေ** | ၁၅၀၀ |
| **ပုံနှိပ်** | ငွေကံ့ကော် (မြ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂) |

**အယ်ဒီတာအဖွဲ့ရုံးခန်း**

အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁- ၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀

e-mail address : yatimagazine@gmail.com

facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**

အမှတ် ၉၁၊ ၆၈ လမ်း၊ ၃၃ × ၃၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**

ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂

ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

စီးပွားရေးဦးတည်ချက်(၄)ရပ်

လူမှုရေးဦးတည်ချက်(၄)ရပ်

Asian Fame Media Group

# အယ်ဒီတာ့နှုတ်ခွန်းဆက်

ယခုနှစ်ပိုင်းများတွင် 'စာဖတ်ရှိန်မြှင့်တင်ရေး'၊ 'စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရေး'၊ 'စာမဖတ်သူ ပပျောက်ရေး' စသော ကြွေးကြော်သံများကို နေ့စဉ်လိုလို ကြားနေရသည်။ ဖတ်နေရသည်။ ဤသည်မှာ မင်္ဂလာ တစ်ပါးပင်ဖြစ်သည်။ ကျေးရွာတွေ၊ မြို့နယ်တွေမှာလည်း ကိုယ်ထူကိုယ်ထစာကြည့်တိုက် ဖွင့်လှစ်ပွဲတွေ တက်တက် ကြွကြွ ကျင်းပကြသည်ကို ရုပ်မြင်သံကြားသတင်းတွင်ရော၊ သတင်းစာများတွင်ပါ ကြည့်နေရ ဖတ်နေရသည်။ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းကလည်း တိုင်းခရိုင်အသီးသီးတွင် စာကြည့်တိုက်များ ထူထောင်ရန် အတွက် အဆောက်အဦ၊ စာအုပ်၊ ပရိဘောဂများ ပေးလှူထောက်ပံ့နေသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း နယ်မြေဒေသအသီးသီးတွင် စာကြည့်တိုက်တွေ ဖွင့်လှစ်ပေးနေသည်။

စာကြည့်တိုက်ကို အကြမ်းဖျင်းအားဖြင့် ၄ မျိုးခွဲခြားသတ်မှတ်ထားသည်။ အမျိုးသားစာကြည့်တိုက်၊ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်နှင့် ပြည်သူ့စာကြည့်တိုက်များဖြစ်ကြသည်။ ထို ၄ မျိုးအနက် ပြည်သူ့စာကြည့်တိုက်များ တိုးတက်ထူထောင်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၅၅၇၅၅ ရှိရာ ထိုကျေးရွာတိုင်းတွင် ပြည်သူ့စာကြည့်တိုက်များ ခိုင်ခိုင်မာမာ ပေါ်ပေါက်ရေးကို အစွမ်းကုန်ကြိုးပမ်းသွားရမည်ဖြစ်သည်။ ယခုအချိန်တွင် စာအုပ်ဈေးနှုန်းများက ကြီးမားမြင့်တက်နေသည်။ လက်လုပ်လက်စားအခြေခံလူတန်းစားတို့ကို အသာထား၊ လူလတ်တန်းစား များပင်လျှင် ကိုယ်ပိုင်စာအုပ်ဝယ်ရန် အတော်ခက်ခဲကြ၏။ ၁၉၇၀ ခုနှစ်များကာလက စာအုပ်တစ်အုပ်၏ တန်ဖိုးမှာ အများဆုံးနှစ်ကျပ်၊ သုံးကျပ်သာဖြစ်ရာ တစ်လလျှင် ၁၂၆ ကျပ်သာရသော အငယ်တန်းစာရေး တစ်ယောက်ပင်လျှင် တစ်လကို စာအုပ်လေးငါးအုပ် ဝယ်နိုင်ခဲ့ကြ၏။ ယခုစာအုပ်ဖိုးက တစ်အုပ် သုံးလေး ထောင်ဖြစ်ရာ တစ်လတစ်သိန်းဝင်ငွေရှိသူပင်လျှင် ကိုယ်ပိုင်စာအုပ် သုံးလေးအုပ်ဝယ်နိုင်ရန် အတော်ခက်ခဲနေ၏။ စာအုပ်ဖိုးဈေးကြီး၍ စာအုပ်မဝယ်နိုင်၊ စာအုပ်မဝယ်နိုင်၍ စာမဖတ်ဖြစ်။ စာမဖတ်ဖြစ်တော့ အသိပညာဗဟုသုတမရ။ လူတစ်ဦးချင်းအနေနှင့်လည်း အရည်အသွေး မတက်နိုင်သလို နိုင်ငံတော်အနေဖြင့်လည်း အရည်အသွေးပြည့်မီသော အတွေးအခေါ် မှန်ကန်မြင့်မားသော ပြည်သူများ မရနိုင်။ တိုးတက် ထွန်းကားကြီးမားသော နိုင်ငံကြီးတိုင်းတွင် ပြည်သူတွေစာဖတ်နှုန်းမြင့်မားကြသည်။ စာအုပ်ဝယ်ယူအား ကောင်းသဖြင့် စာရေးဆရာတွေက လည်း စာရေးအားကောင်းကြသည်။ စာရေးဆရာတွေ ရေးချင်စိတ်ပေါ်လာအောင်လည်း စာမူခတွေ ဉာဏ်ပူဇော်ခတွေက မြိုးမြိုးမြက်မြက်ရကြ၏။ ထို့ကြောင့် စာအုပ်ထုတ်ဝေရေး လောကကြီးလည်း စည်ပင်ဝပြော၏။

> **နှိုင်းချင့်ချိန်ဆ**
> **ရသထွန်းလင်း**
> **ပရိသတ်ရင်ဝင်း**
> **နှစ်သက်ရှိုက်ဝင်**
> **ရတီစွမ်းအင်**

မြန်မာနိုင်ငံတွင်ကား ယခုအချိန်တွင် စာအုပ်ဈေးကွက် ပျက်သလောက်နီးပါးဖြစ်နေသည်။ ရောင်းရအကောင်းဆုံးစာရင်းဝင်စာရေးဆရာ၏ စာအုပ်ပင်လျှင် အုပ် ၂၀၀၀ ထက် မပိုတော့။ စာအုပ်အများစုမှာ အုပ်ရေ ၅၀၀ ပင် မကုန်တော့သော အခြေအနေ။ ၁၉၇၀ ပတ်ဝန်းကျင်ကဆိုလျှင် စာရေး ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုက အုပ်ရေနှစ်သောင်း၊ ဆရာအောင်လင်း၏ 'အရိုင်းစံပယ်'က အုပ်ရေ နှစ်သောင်းခွဲရောင်းရဖူးကြောင်း မှတ်သားမိသည်။ ထိုစဉ်က မြန်မာပြည်လူဦးရေက သန်း ၂၀ သာ ရှိသေး၏။ ယခု မြန်မာပြည်လူဦးရေ သန်း ၆၀ ရှိကာမှ အုပ်ရေ ၅၀၀ ပင် မကုန်သောအခြေအနေများ စေ့စေ့တွေးကြည့်လျှင် အတော်ပင် စိုးရိမ်ရေမှတ်ရောက်နေသော အခြေအနေဖြစ်သည်။

ဤကဲ့သို့ စာအုပ်ဈေးနှုန်းကြီးမြင့်ကာ စာဖတ်ပရိသတ်ဝယ်လိုအားနည်းပါးသော ကာလမျိုးတွင် ပြည်သူ့ စာကြည့်တိုက်များကဏ္ဍက အလွန်အရေးပါလာ၏။ အကယ်၍ မြန်မာနိုင်ငံတွင် ခိုင်ခိုင်မတ်မတ်ရှိသော စာကြည့်တိုက် ၅၀၀၀ သာရှိအံ့။ ထိုစာကြည့်တိုက်များမှ စာအုပ်ကောင်းများကို တစ်တိုက်လျှင် တစ်အုပ် ဝယ်သည်ထားဦး။ စာအုပ်ကောင်း အုပ်ရေ ၅၀၀၀ ကျွန်မှာ သေချာ၏။ ထိုအခါ စာအုပ်ရေးသူရော၊ ထုတ်ဝေသူပါ ငွေကြေးပမာဏ ပြည့်ပြည့်ဝဝရ၍ ထုတ်ဝေရေးလောက၊ စာပေလောကကြီး ပိုမိုစည်ပင်ဝပြောလာမည်။ သုတစာပေရော ရသစာပေပါ စာကောင်းပေသန့် လက်ရွေးစင် ဒေါင်ဒေါင်မြည်တွေကို ပြည်သူလူထုက ဖတ်ရှု၍ရလာမည်၊ ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ပြည်သူ့စာကြည့်တိုက် များများပေါ်ထွန်းရေးသည် အမျိုးသားရေးလုပ်ရှားမှုတစ်ခုဖြစ်သည်။ ကျေးရွာတိုင်းတွင် စာကြည့်တိုက်ဟူသည် 'ဒုတိယဘုန်းတော်ကြီးကျောင်း' အသွင်အဖြစ် ရှင်သန်နေစေရန် အရေးပါလှ၏။ စာကြည့်တိုက် တစ်ခုဖွင့်ခြင်းသည် 'ထောင်တံခါးတစ်ချပ်ပိတ်ခြင်း' ဟူသော ဆိုရိုးစကား၏ လေးနက်မှုအနှစ်သာရကိုလည်း ဆင်ခြင်ကြပါဘိ။

**အယ်ဒီတာအဖွဲ့**

# yati contents

VOL.10. NO.117.DECEMBER.2013

2.. အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7... မောင်ကြူးရင့်၊ မောင်သစ်လှိုင်၊ သုရနီ၊ ပြေမြင့်၊ အိမ်ဝေးသူ၊ လွှမ်းရဲ

ကာတွန်း

13...မောင်မောင်၊ မြေဇာ၊ မောင်မောင်အောင်၊ ဝလုံး၊ လူကြီးမင်း

ရတီအထူးကဏ္ဍ

23...Cover Image
Lotteria စိုင်းစိုင်းခမ်းလှိုင်၊ ခင်ဝင့်ဝါ
ဖြိုးစုပိုင်
29...Romantic December
မြတ်နှင်းဖြူ၊ ဆုရွယ်၊ နွယ်ဒါလီထွန်း၊ မီရှဲလ်
အယ်ဒီတာအဖွဲ့
38...Special Cover Image
ရွှေရည်သုန်သုန်
သီတာစိုး









44...As Soft As Silk
စံနှန်းထိုက်
သီတာစိုး
47...Updating Fashion
ဆုပွင့်ဦး
သီတာစိုး
53...ထိန်းသိမ်းဆန်းသစ်မြန်မာ့အလှစစ်
မေမြင့်မိုရီ
သီတာစိုး
59...Colour Culture
နှင်းယမုံဦး
ဖြိုးစုပိုင်
66...ယဉ်ကျေးလှပ Miss Int'l အလှ
အယ်ဒီတာအဖွဲ့
69...MOD MOM
ယေယေ၊ ထက်အာကာစိုး(၈) ပန်းသီးလေး
ဖြိုးစုပိုင်
73...Flash Back Fashion
ချမ်းချမ်း
ဖြိုးစုပိုင်



78...Audience of Celebrities' Choice
ရဲသွေးနောင်၊ အေးစန္ဒာမြင့်
သီတာစိုး
85...Greatest Hits of Wut Hmone Shwe Yee
မိုးသောက်ကြယ်
90...သူပြောတဲ့သူ့အကြောင်း
နဝရတ်
သီတာစိုး
93...သူတို့ပြောတဲ့ S
ဖေလင်းသစ်၊ မောင်လွင်မွန်(ကသာ)၊ အရိုး
ဖြိုးစုပိုပို
98...Music Plus Yati
လင်းနှစ်
*Zigzag*
102...Beyond the Women
ဒေါ်ယုဇော်
ဖြိုးစုပိုပို





# yati contents

VOL.10, NO.117, DECEMBER, 2013





135...Yati Perspective
အယ်ဒီတာအဖွဲ့

ရတီနိုင်ငံတကာ
107...ဇရာအိုပေမယ့် ကညာပျိုနှင့်မခြားလှပဆဲ ဆိုဖီယာလောရင့်
သိမ့်နှင်းအိမ်
110...Winona Ryder နှင့်သူ့အကြောင်း
တင်လတ်သန္တာဦးလ်
185...International News
မြို့မြိုး
114...ကရုဏာရှင်ဆရာဝန်မလေး ဂျူလီရာရှောဘတ်
ရဲသစ်
194...ရတီကိုရီးယား
ဇင်မြင့်စံ

Asian Family Media Group
1st Look
WWW.FIRSTLOOK.CO.

198...Film Feeling
*ဖြိုးဖြိုး*
146...မမရတီအမေးအဖြေ

180...ရတီစာအုပ်စင်
ရတီအသောအထေ
191...မိဘပြည်သူများခင်ဗျား...
*ဆာသော်ဒိုး*
203...ကတ်သီးကတ်သတ် ပြောတဲ့
တောက်တီးတောက်တဲ့






# yati contents

VOL.10, NO.117, DECEMBER, 2013




**ရတီကျန်းမာရေး**
182...ဆောင်းရာသီကို လုပစွာ ကျော်ဖြတ်နိုင်ဖို့
*အေမီရှို*
HIV / AIDS ခုခံအားကျဆင်းမှုရောဂါ
*ဒေါက်တာ အောင်ဆန်းဝင်း*

**ရတီဆောင်းပါး**
18...ရဟန်းနှင့်အက်ဖ်အိုစီ
*မမွှားဂရိ*
130...အက်ဆေးများနှင့် စကားပြောခြင်း
*လေးကိုတင်*
132...အချစ်ယောင်ဆောင်ခဲ့သော ဝတ္ထုများ
*နှင်းဝေငြိမ်း*
169...ရေရှား၍ အစာရှားလာနေပြီ
*ကျော်ဦး*
172...ဒေသစွဲအမည်များနှင့်
ဆင်တူယိုးမှားကျောက်မျက်များ
*သိန်းဝိုင် (M.Engg.Geol.)*

**မန္တလေးအတွေး၊ မန္တလေးအရေး**
176...သီတင်းကျွတ်ပွဲပြီးပြန်တော့
တန်ဆောင်မုန်း တန်ဆောင်တိုင် ဆီမီးကမြိုင်. .
*ကိုထွန်း (လမ်း-၈၀)*


af MEDIA GROUP
Asian Fame Media Group







# yati contents

VOL.10, NO.117, DECEMBER, 2013

ဖူးနုသစ်လွင်ကဗျာဥယျာဉ်
နေဦးသစ်(အထက်မင်းလှ)၊
ဆလိုင်းမြတ်နိုးသူ(တောင်ဇလပ်မြေ)၊
ညိုမင်းထည်ဝါ(သိမ်ဇရပ်)၊ ခါခေ၊
ထက်သခင်(သုံးဆယ်)၊ နိုးရာ၊ နေမင်းညို၊
သိုက်ဝန်း


ရတီဧဗင်
143...ဒေါက်တာမြတ်သစ် (မန္တလေး)

Yati Digest
202...တယ်လီဖုန်း ယဉ်ကျေးမှု
အလေ့အကျင့်ကောင်းများ
ကိုလင်းမာန်အောင်

ရတီဝေဖန်ရေး
127...ဒါရိုက်တာ ကြည်ဖြူသျှင်၏
'မမပြုံးပြုံးစမ်းပါ'
မောင်အိမ်စံ

ရသ်ညွှန်းဖွဲ့သီ ချစ်သုဆီ
123...မေ
ကိုသျှား

ရတီဝတ္ထုတို
117...စာဖတ်သူကြီး
လွန်းမောင်မောင်




148...ခွေးတစ်ကောင်ကြောင်နှစ်ကောင်နှင့်
ဘိုကတော်
မောင်အောင်မွန်
152...အသွင်ပြောင်းကောင်းကင်
ကချင်လေး(ဆေးမန်း)
156...ခေါင်း
ကြူနှစ်
162...အချစ်ဆိုတာ ချစ်မလို့လုပ်ရုံနဲ့
အသည်းကွဲရတဲ့ ဒီဇင်ဘာ
စုမီအောင်

---

ပန်းချီသရုပ်ဖော်
အောင်ကျော်၊ ခေတ်ဘုန်းမို၊ ဝလုံး၊
လင်းငြိမ်း၊ ပန်းချုန်



Asian Fame Media Group

yati
POEM
december 2013




## ပန်းချီကားတစ်ချပ်

အသက်က ဆယ်နှစ်မပြည့်သေး
အသားညိုညို...
မျက်နှာလေးကလည်း ကြည်လို့
ဘောင်းဘီတိုနဲ့ စွပ်ကျယ်လေးဝတ်လို့
ဆိုင်ထဲမှာတော့...
ငါးကလေးတစ်ကောင်လို
ကျောင်းဆင်းချိန်လမ်းမပေါ်
အဖြူအစိမ်းလှိုင်းလုံးတွေ
တအိအိပြုံဆင်းလာတဲ့အခါ
ဆိုင်ထဲကနေ ငေးလို့...။

မောင်ကြူးရှင်

Asian Fame Media Group

yati
**POEM**
december 2013



# ခေတ်ကို ကျည်တောက်စွပ်ကြည့်တဲ့အခါ

ခေတ်ကို အန်စာတုံးပေါ်တင်လှည့်သလိုမျိုး
လည်ပတ်နှုန်းအရှိန်မသေခင်
ခွက်တစ်လုံးနဲ့ အုပ်လိုက်တယ်
ငါတို့က
အိပ်မက်တွေ ချထိုးကြ
မျှော်လင့်ချက်တွေ ပုံအောကြ
လက်ရှောင်ပေါက်ကောင်အဖွင့်မှာ
ငါတို့ ခေတ်နှစ်ခေတ်စာရှုံးခဲ့ပြီ။
အရေပြားကို ထုတ်ချင်းခတ်သွားတဲ့ ကျည်ဆန်မှ မဟုတ်ဘူး
ပန်းနဲ့ပေါက်လည်း စိတ်အခန့်မသင့်ရင် သေနိုင်တယ်
ခေါင်းပေါ်တင်ထားတဲ့ ပန်းသီးတစ်လုံး
ပစ်ခတ်သူနဲ့ အပစ်ခံသူ
ဘယ်သူက ဘယ်သူ့ကိုယုံတာလဲ
အရှုံးအနိုင်က
လေးကိုင်သူ လက်ထဲဆိုပေမယ့်
ခံရသူမှာလည်း အောင်ပွဲတွေရှိတယ်
အဲဒီနေ့က
အနိုင်အာဝါသတွေ အလုပ်ကြဲခံရတဲ့အမြင်
ဆွဲ့အလယ်ယာမြေတွေရဲ့ သည်းထွားသံများ
ကျေးလက်ရဲ့ သွေးပျက်တဲ့ပရိဒေဝများ
မျက်လှည့်ဆရာရဲ့ ထင်တိုင်းကြဲပြကွက်မှာ
အသားညှိညှိ
စကားချိုချိုအတိသားတို့
ကိုယ့်ဘုရားဘယ်ကိုရောက်လို့ ကိုယ့်စေတီ ဘယ်ပျောက်မှန်းမသိ
မရှိတင်ကဲ နာကျင်စိတ်နဲ့
ကြိတ်မှိတ်ခံ "တက်" ခေါက်နေပေမယ့်
ခေတ်ကြီးကတော့ ကောက်နေဆဲ။ ။

မောင်သစ်လှိုင်း

Asian Fame Media Group
AF MEDIA GROUP

yati **POEM** december 2013

# စစ်ပွဲအစားထိုးကုသရေး

စစ်ထဲလိုက်ဖို့နဲ့ မိန်းမယူဖို့ ဘယ်တော့မှ မတိုက်တွန်းလေနဲ့
အီတလီတွေ ပြောလေ့ပြောထရှိတယ်
စစ်တိုက်ခြင်းဆိုတာကြီးက အဲဒီလိုလား
အိမ်ထောင်ပြုဖို့ ကိစ္စကြီးက အဲဒီလောက်ကြီးလား
မင်းနေတဲ့အရပ်မှာ အပူချိန်က ရေခဲအမှတ်အောက်
ဘယ်လောက်တောင် ကျဆင်းသွားပြီလဲ
မင်းနေတဲ့ ဟိုဘက်နားဆီက ဂျပန်ပြည်မှာတော့
ဟာနမိ ပန်းကြည့်ပွဲမှာ ချယ်ရီပင်တွေအောက်
လူအများ စုရုံးရောက်ရှိနေကြရောပေါ့
အနာဂတ်အတွက် ခွက်မြှောက်ဆုတောင်းနေကြပြီလေ
မင်းသိပ်ချစ်တဲ့ မင်းမြန်မာပြည် မြောက်ဖျားပိုင်းမှာလည်း
စစ်ပွဲတွေက သစ်ပင်တွေကို တားပေါက်လေ့ကျင့်နေကြလေရဲ့
လူတွေကို စစ်ပွဲတွေက သေနတ်ပစ်လေ့ကျင့်နေကြလေရဲ့
ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးဆိုတာကလည်း
တိုင်ထိပြီး ပြန်ကန်ထွက်လာတဲ့ ဘောလုံးလိုပါပဲ
စစ်တိုက်တယ်ဆိုတာ စနစ်တကျတည်ရှိနေတဲ့ အရာများကို
ဖရိုဖရဲဖြစ်အောင် ပြုမူလုပ်ဆောင်တာဖြစ်သလို
အကာမကျ စုစည်းမရကဲ့ အခြင်းအရာများကို
တစ်နေရာတည်းမှာ ပြန်လည်ဆွဲတင်လိုက်တာလည်း ဖြစ်နိုင်တာပဲ
ဘယ်လိုသော အကြောင်းအရပ်ပဲဖြစ်ဖြစ်
မခြောက်သေးတဲ့ အင်္ဂတေတွေပေါ်မှာ ငြိမ်းချမ်းရေးခြေရာတွေက
ကမ္ဘာတစ်ဝန်းလုံး စွဲထင်ခတ်နှိပ်တင်ကျန်ခဲ့လိုပေတယ်
ကမ္ဘာအရပ်ရပ်က ပို့သလိုက်တဲ့ ဆုတောင်းမေတ္တာစာများနဲ့အတူ
ဖဲကြိုးလေးတွေကို သေနတ်ပြောင်းဝထိပ်မှာစုချည်
ငြိမ်းချမ်းခြင်းနိုင်ငံတော်မှာ ငါတို့အားလုံးစွတ်စိုရပါလို၏၊ စွတ်စိုရပါလို၏၊
မင်းသိလား / မင်းသိနိုင်ပါတယ်
ဆော့ဘ်တို့လက်ချက်နဲ့ အနိစ္စရောက်သွားကြတဲ့
ဆာရာဂျေဗိုမြို့သားတွေအတွက် ဆာရာဂျေဗိုလမ်းမကြီးပေါ်မှာ
အနီရောင်ထိုင်ခုံ (၁၁၅၄၁) လုံးကိုချပြီး
စစ်ဆန့်ကျင်ရေး အထိမ်းအမှတ်ပွဲကလည်း
ဝမ်းနည်းစွတ်ကျင် တနာစိတ်များ ပွားမိလေတယ်
ဓားဓားချင်း ထိခတ်လိုက်တဲ့နေရာမှာ
မြစ်အချင်းချင်း ကွတ်လပ်စွာ ဖြတ်သန်းစီးဆင်းနေကြရင် ဘယ်လောက် ကောင်းမလဲ
သေနတ် သေနတ်ချင်း ပစ်ခတ်လိုက်တဲ့နေရာမှာ
ပန်းများအချင်းချင်း ညက်ညောပွတ်သပ်လုပ်နေကြရင် ဘယ်လောက်ကောင်းမလဲ
ဓားကို သူ့ဓားအိမ်ထဲမှာပဲ ကွယ်ပထားလိုက်တော့
မြစ်ကလည်း သူ့အလျားအတိုင်း စီးမြဲစီးဆင်းနေလိုက်တော့
ပန်းတွေသည်လည်း သူ့အချိန်အခါအတိုင်း ဆက်လက်ဖူးပွင့်နေလိုက်တော့
သေနတ်တွေကိုလည်း ကုတ်အင်္ကျီနဲ့ ပြန်ထုတ်ထားလိုက်တော့
(နောက်တစ်ခေါက် ထပ်ပြောမယ်)
သေနတ်တွေကိုလည်း ကုတ်အင်္ကျီနဲ့ အသေအချာ ပြန်ထုပ်ထားလိုက်တော့

သုရနီ



Asian Frame Media Group




## ၁၉၈၈ ခုနှစ်က မောင်ချောနွယ် ပြဇာတ်

ပစ်ပစ်ခါခါ ညည်းစိမ်သစ်နေတာ
လောကဓံကို ပြန်ပေးဆွဲပြီး
အနုပညာညှစ်မယ်။
တစ်ချက်လွှတ်ကဗျာနဲ့
လထွက်မီးလင်းအနုပညာထုတ်ပြန်မယ်။
တစ်သက်လုံးမျှော်လင့်ချက်နဲ့ လူလုပ်လာတာ။
သေအောင်တွေး
သေအောင်ရေးမယ့် ငါကိုယ်ငါ။
ဆရာကြီးတွံတေးသိန်းတန်က
အချစ်တစ်ပွဲ စစ်ပွဲတစ်ရာတဲ့
"ငါက" (ကျွန်တော်တို့က)
ကဗျာတစ်ပိုဒ်တိုက်ပွဲတစ်ထောင်ပေါ့။
ကဗျာဆရာမှန်ရင်
ချစ်ခြင်းမေတ္တာအတွက်ဆို
ဘယ်အော်ပရေရှင်းမှ မလုပ်ဘူး။

မြေမြင့်

Asian Fame Media Group

yati
**POEM**
december 2013




## ရှေ့ရေး ရေး ရေး

လယ်တောက အငြိမ့် သီတင်းမှာ ဘာပါခဲ့သလဲ၊ နေပြန်လား၊ စပါးပေးလား။
လူသားလက်လုပ်ငန်းတနဲ့ မြေလှုပ်တစ်ဝမ်းတစ်ခါ၊ နှင်းပြားလား။
လူ့လတ်တန်းစားလား၊ ဟင်းရွက်ပြုတ်တို့စရာနဲ့၊ ငါးပိရည်ကျိုနဲ့
လက်ဖက်သုပ်နဲ့ ဘဲဥကြော်၊ ကြက်ဥကြော်နဲ့၊ မသေထမင်း၊ မသေဟင်းနဲ့
အဲဒီ ငါ ကျခဲ့သမျှ ချွေးစက်များရဲ့ သက်သေ၊ အဲဒီ ငါ ထိုးအပ်ခဲ့သမျှ
ငါ ထိုးဟပ်ခဲ့တဲ့အခါ၊ ဆံနွယ်များလည်း လှုဖို့မလို
ဆံပင်ရှည်ကောင်းရှိလို့၏။ လုပ်အားက ကလေးလည်း တအားပဲ
ထအားလုပ်ရတောင် အရွယ်နဲ့မမျှ၊ အမိန့်ရအပေါင်ဆိုင်နဲ့
ကြက်သားစားချင် ကြက်ငှက်တုပ်ကွေးသတင်းနားဆင်၊ မောင်မောင် ဒါဝတ်
မမ ဒါဝတ်၊ စိတ်ညစ်တယ်၊ အဆင်မပြေဘူး ဆင်ခြေနဲ့ အရက်ဆိုင်
လက်ဖက်ရည်ဆိုင်၊ ရတဲ့ပိုက်ဆံ အကုန်မအပ်ဘူးနဲ့ ဝမ်းနည်းချိန်။ အိပ်မက်
အတိတ်ကောက်နဲ့ မသာအသက် ဘာလဲ၊ ဘယ်လဲ။ ၊

အိမ်ဝေးသူ

Asian Fame Media Group
MEDIA GROUP



yati
POEM
december 2013

## ကြိုးစားထားတဲ့ ဒုက္ခ

စစ်တလင်းကြားက ထွက်ပြေးလာတဲ့
ပေါ်တာတစ်ယောက်ရဲ့ လေးမျက်နှာလို တုန်ခါ
ဘယ်အရာကိုမှ မခွဲမိတာတောင်
လျှပ်စီးတွေ ဝင်ချလာသလို
ငါ့ခန္ဓာကိုယ်ကို အကြောရောဂါကိုက်ကျပ်
ဘာလုပ်ရမယ်မသိ ဂျာနယ်ကိုကောက်လှန်လိုက်တော့
ပထမဆုံးတွေ့ခဲ့တဲ့သတင်းက
သူ့ကိုယ်သူ လားပင်စင်ပေးလိုက်ခြင်း
နိုဝင်ဘာမှာ ဒုက္ခတစ်ရင်းသည် အလုံးအရင်း
ဒီဇင်ဘာရောက်တော့
၁၀ ဘီးကားအောက် ခေါင်းစိုက်အပ်လိုက်တဲ့
အဲဒီလူတစ်ယောက်ရဲ့သတ္တိကို လေးစားမိ
အဲဒီလိုတွေးမိပြီး နောက်တစ်နေ့
သချိုင်းကို ခေါင်းအုံးမိပြီး နိုးလာသလို အထိတ်တလန့်
ကိုယ့်အသက်ကိုယ် အာမခံဖို့ရာ ပြေးလိုက်ရတယ်၊
ဒိုအရေးတွေ သိပ်များနေတဲ့ခေတ်မှာ
ထမင်းတစ်လုတ်ကြောင့် ရတဲ့ဝေဒနာ
ဒီကချာ မျက်ရည်စို့နေတာဆိုတော့
ငါ့မျက်နှာ မှန်ရှေ့မရောက်တာလည်းကြာပေါ့
သီလတွေ မနိုင်မနင်းနဲ့ ဒီဘဝကို ဖြောင့်စင်းခဲ့တော့
ငါ့ထမင်းလုပ်ဟာ ရွှေပြောင့်လုတ်တွေကြား ဖြတ်ပြီးမှသာ
အစာအိမ်ထဲကို ဝင်ခွင့်ရတယ်
ဒုက္ခတွေ ကြိုးစားနေတာ ဘဝလား
ကိုယ်ကို မတ်မတ်ထား သတိအနေအထားနဲ့ပဲ သေနေလိုက်ရမလား
ငါဟာ အဝေးပြေးလမ်းပေါ်မှာ
တော်ရာမှာ မပျော်တဲ့ သွေးက
မပျော်ရင် ဆက်ပြေးဆိုတော့
ငါဆက်ပြေးရဦးမှာလား။

လွှမ်းရှိ

Asian Fame Media Group
af MEDIA GROUP

# Cartoon


ဟေ့- မိန်းမ၊
ငါ့အင်္ကျီအိတ်ထဲမှာ ငါးထောင်တန်
ထားတာ၊ ခု- နှစ်ထောင်ပဲ ရှိတော့တယ်၊
မင်း ယူထား တာလား
အမယ်- ကျွန်မက ဒါမျိုးဘယ်တော့မှမလုပ်ဘူး၊
ရှင်အိပ်ထားတုန်းက ကျွန်မသာ ယူခဲ့ရင်
နှစ်ထောင် ချန်မထား ဘူး၊ အကုန်ယူလိုက်မှာ

# Cartoon




Asian Fame Media Group

# Cartoon




Asian Fame Media Group

# Cartoon




Asian Fame Media Group

# Cartoon



Asian Fame Media Group

FOC



# ရဟန်း နှင့် အာကပ်အိုစိ

ဓမ္မဂင်္ဂါ

Asian Fame Media Group
MEDIA GROUP

(၁)

လွန်ခဲ့သော ငါးဆိုလဆန်းက သူ့ခန္ဓာတစ်ကိုယ်လုံး တုန်ခိုက်နေသည့်အတွက် အရေပေါ် ဆေးခန်းလေးတစ်ခုဆီ သူ ပြေးဝင်လာခဲ့သည်။ မြောက်ဥက္ကလာကုန်းကျော်တံတားအဆင်းက မြမြင့်မိုရ်ဆိုသော ဆေးခန်းလေး. . . ။

ချမ်းပါတယ်ဆိုမှ ရန်ကုန်မိုးက အနေတ္တဖြစ်စွာ ထီးတစ်ချောင်းကို တောင်းဆိုနေသေးသည်။

သူနှင့် အတူ ကပ္ပိယတစ်ဦးကို အပါခေါ် လာခဲ့၏။ လူနာငါးယောက်ခန့် စောင့်ရဦးမည်ဖြစ်၍ ကပ္ပိယကိုယ်တိုင်မောင်းလာသော အငှားယာဉ်ထဲမှာပဲ ထိုင်နေခဲ့သည်။ လူနာတစ်ဦးစီအတွက် ၁၅ မိနစ်ခန့်ထက် အချိန်ပိုယူသော ဆရာဝန်ကို သူ စိတ်ရှည်ရပါမည်။ နောက်ထပ် ဆေးခန်းတစ်ခုခု ဆက်ရှာမည်ဆိုလျှင် ဒကာမျိုးကြီး၏ ကျောက်စာကိုပြန်ဖတ်နေရတော့မည်။ ဒီက စောင့်နေသူ . . . ။

သူ့ အလှည့်ကျ၍ ဆေးခန်းလေးထဲ ဝင်သွားတော့မှ 'အကူသူနာပြုဆရာမလေး ငါးဆိုပွဲ အမီ မိဘအိမ်ပြန်သွားလို့ တပည့်တော်မ တစ်ယောက်တည်း ဖြစ်နေလို့ ကြာနေရတာ ' ဟု ရှင်းပြသော ဆရာဝန်မလေး၏ အချိန်ပိုခြင်းကို နားလည်သွားပါသည်။ လူနာကိုလည်း စမ်းသပ်ရ၊ ဆေးထိုးပေးရသော ဆရာဝန်၏ လုပ်ငန်းစဉ်အပြင် နေ့နေ့ညည သောက်ရမည့် ဆေးများကို စိတ်ရှည်စွာ ရွေးချယ်ထုပ်ပိုးပေးနေသော ဆရာဝန်အမျိုးသမီးငယ်သည် သူမျှော်လင့်ထားသလိုပင် ဆောင်ရွက်တော့မည့် အရိပ်အယောင်တွေ့နေရသည်။

ရောဂါအခြေအနေက ဆေးတစ်လုံးထိုးရုံမျှဖြင့် ပျောက်ကင်းနိုင်မည်ဖြစ်သော်လည်း ဆေးပတ်လည်အောင် သောက်ဖို့ သေချာစွာ မှာနေလေသည်။ ပြီးတော့ သူက သွေး အနည်းငယ်လည်း တိုးနေပြန်သေးသတဲ့။

ဆရာဝန်မလေးက ဆေးများကို ထုပ်ပိုးကာ ကပ္ပိယလက်ထဲသို့ ပေးအပ်နေစဉ်မှာပင် သူ ခပ်သွက်သွက် ထွက်လာခဲ့သည်။

ကပ္ပိယကို အာဏာကုန်လွှဲအပ်ခဲ့ပြီပဲ. . ။

ကပ္ပိယက ကားကိုစက်နှိုးလိုက်ရင်း 'အက်ဖ်အိုစီတဲ့ ဘုရား' ဟု လျှောက်တော့ သူ့ထင်မြင်ချက် မှန်ကန်သွားခဲ့ပါသည်။

ယခုနှစ်တစ်ခုလုံး သူ့ ကျန်းမာရေးက ချချချချမဟုတ်သည့်တိုင် မာမာချာချာဟုလည်း ပြောလို့ မရပါ. . ။ ရုတ်တရက်ဖြစ်ပေါ်တတ်သော ရောဂါများက အက်ဖ်အိုစီခလုတ်များစွာကို နှိပ်မိလျက်သားဖြစ်နေတတ်ပါသည်။

မျက်စိနာရောဂါစွဲကပ်တော့ ရွှေလမင်းဆေးခန်းမှာ ထိုင်သည့် ဆရာဝန်မလေးကလည်း အက်ဖ်အိုစီ. . ။

ကျောက်ကပ်နှင့် ပန်ကရိယအတွင်း ရန်သူများ နှိပ်စက်၍ မျက်နှာရှုံ့မဲ့နေသည့်ကြား စမ်းသပ်ပေးသည့် ခွဲစိတ်ဆရာဝန်ကြီးကလည်း အက်ဖ်အိုစီ. . . ။

အစာအိမ်နံရံတွေပေါ်က အမိုပွာယ်တွေကို ရှာဖွေပေးသည့်ဆရာဝန်ကြီးကလည်း အက်ဖ်အိုစီ . . . ။

ရွှေပြည်ကြီး၏ ကရုဏာရွှန်းစိုလှသော အက်ဖ်အိုစီစာမျက်နှာတို့က များလှပါပကော . . . ။

(၂)

Free of Charge အခမဲ့ဟုအဓိပ္ပာယ်ရသော အက်ဖ်အိုစီ (FOC) သည် သူလို ရဟန်းတော်များအတွက် အမြဲတမ်းဆက်နွှယ်နေရသော ဝေါဟာရတစ်ခုဖြစ်ပါသည်။

စကြီလမ်းပေါ် ခပ်သုတ်သုတ်လမ်းလျှောက်နေသော သူ့အနားသို့ ကားတစ်စီးထိုးဆိုက်ကာ 'အရေးကြီးနေလားဘုရား။ တပည့်တော် ကုသိုလ်ယူပါရစေ' ဟူသော ကြာဖူးလက်အုပ်ကို ကြုံဖူးသည်။ 'သံဃာတော်များ အခမဲ့' တဲ့. . ။

မသွားဘူးဗျ လမ်းခပ်သွက်သွက်လျှောက်တတ်လို့ ။

နဝဒေးရုပ်ရှင်ရုံ လမ်းဝမှတ်တိုင်က ရွှေမင်္ဂလာဆိုင်ကတော့ မနက်ခင်းပထမဆုံးကြွလာသော သံဃာတော်ငါးပါးကို ဒါနပြုလေ့ရှိသတဲ့. . ။

သူက ကြုံကြုံဖန်ဖန် သုံးပါးမြောက်လောက်ဖြစ်နေတတ်ပြန်သည်။ နဝကမ္မချို့တဲ့သော စာသင်သားအဂကဆိုလျှင်တော့ သူ့ လိပ်ပြာလုံမည်မထင်၊ တစ်မနက်ခင်းမှာတော့ မိတ်ဆွေရဟန်းတော်တစ်ပါးက အရှက်ဆွမ်းကပ်ချင်သည်ဆိုကာ ထိုဆိုင်လေးကိုပင့်ပြန်သည်။ ပထမဆုံးသံဃာတော်ငါးပါးကို လှူသတဲ့ငါ့ရှင်ဟု အခြားမိတ်ဆွေရဟန်းတစ်ပါးက သတင်းပေးသည်။ ဟုဘ်ပ အချိန်က စောနေသေးသည်။ တစ်ပါးပါးတော့ ငြိမှာ သေချာနေသည်။ လိုက်ခဲ့ပါဟု ဆို၍ သာ လိုက်သွားရသည်။ သူ ဖြေရှင်းပုံက မဆိုးလှ။ မထိုင်မိ ငွေရှင်းကောင်တာကိုသွားသည်။ 'ဦးဇင်းတို့ကို ဒီနေ့အရှက်ကပ်မယ့်သူက ဝတ္ထုငွေ လှူလိုက်လို့နော်။ ငါးပါးစာရင်းထဲ မထည့်ပါနဲ့' တဲ့. . ။

တစ်ခါတစ်ရံတော့ သမြေရိပ်လို၊ ကံကောင်းခုနစ် (Lucky 7) လို၊ ဖေးနော (Feel)၊ အရှေ့အိမ် ( Oriental House ) ဆိုင်မျိုးတွေမှာ စိတ်ကြိုက်အလုပ်အကျွေးပြုရန် ရောက်နေခိုက် 'ကာလဒါနပါ ဘုရား' ဆိုတာမျိုးလည်း ကြုံရပြန်သေးသည်။

လက်စသိမ်း ဩနိုတပတ္တပါဏီဖြစ်သွားချိန်မှ လှူဒါန်းသွားလျှင်တော့ ကိစ္စမရှိ. . ။ တစ်ဝက်တပ်ပျက်နှုတ်ခမ်းဆီမစိုမီ စားပွဲထိုးလူငယ် တစ်ယောက်က ဘုန်းဘုန်းတို့ဝိုင်းအလှူရှင် ရှိပါသည်ဘုရားဆိုတာမျိုး (သို့မဟုတ်) အလှူရှင် ကိုယ်တိုင်က တပည့်တော်တို့ ရှင်းခဲ့ပါပြီဘုရား ဆိုတာမျိုး ကြုံခဲ့လျှင်တော့ မိုးကုတ်ဆရာတော် ကြီး၏ ဝေသိတော်အတိုင်း 'ဒီနေ့တော့ တော်ကြဦးစို့' လုပ်ခဲ့ကြပြန်သည်။

သံဃာတော်များအတွက် အက်ဖ်အိုစီအတိအကျကျင့်သုံးသော ဘောင်သုခထမင်းဆိုင်ကိုလည်း သံရုံးတစ်ခုတွင် ဗီဇာအတွက် တန်းစီရင်း ... ချိန်မမီ၍ ရောက်သွားခဲ့ဖူးသည်။ ဖွယ်ဖွယ် ရာရာဟင်းလျာများကို ပျူပျူငှါငှါ မေးမြန်းဆက်ကပ်ပြီးကာမှ 'ဆိုင်က လှူဒါန်းတာပါဘုရား' ဟု ရိုရိုသေသေလျှောက်ထားသည်။ ကာလဒါန အလှူခံဖို့ မဖြစ်မနေလို့အပ်သော သံဃာတော်များ ရှိနေမည်မို့ မကြွဖြစ်တော့. . ။

(၃)

အက်ဖ်အိုစီကိစ္စက ဗုဒ္ဓအရှင်လက်ထက် မဂဓတိုင်းတွင် ရှိခဲ့ဖူးသည်။

မဟာဇီဝကဆေးပညာကျော် နန်းတွင်းသမားတော်ကြီးဆရာဇီဝက၏ အက်ဖ်အိုစီကို ဗုဒ္ဓအရှင်နှင့် စတုဒိသာရဟန်းသံဃာတော်များ တံခါးမရှိ ဓားမရှိ ခံစားခွင့်ရှိသည်။

သာသနာထွန်းကားလှသော အချိန်မို့ ဆရာဇီဝက၏ တိုက်ရွာလယမဆေးရုံတွင် ဂိလာနသံဃာများဖြင့်သာ ပြည့်နေတတ်သည်။ ရာဇဂြိုဟ်သားတို့အတွက် ဆရာဇီဝက၏ အမည်နာမဘွဲ့ တံဆိပ်တော်များရေးထားသည့် ရွှေရောင်ဝင်းပသော ဆိုင်းဘုတ်တော်ကြီးကို မျှော်ငေးဖတ်ရန်မှတပါး ဆေးနှံ့ခံခွင့်မရှိပြီ. . ။

ဖြစ်ချင်တော့ ရာဇဂြိုဟ်မှာက ရောဂါတွေထူပြောလာသည်။ ဆရာဇီဝက၏ ဆေးရုံကို တက်ရောက်ကုသမှသာ ပျောက်ကင်းနိုင်မည်။ ဆရာဇီဝကအနေဖြင့် ဗုဒ္ဓအရှင်နှင့် သံဃာတော်များ၏ ကျန်းမာရေးအတွက်သာမက ဘုရင်ဗိမ္ဗိသာရအပါအဝင် နန်းတွင်းသူနန်းတွင်းသားတို့၏ ကျန်းမာရေးအတွက်လည်း တော်ဝင်သမားတော်ကြီးပီပီ အမှုတော်ထမ်းရသေးသည်။ သည်တော့ ရာဇဂြိုဟ်ရောဂါသည်တို့ မျှော်တလင့်လင့်ဖြစ်ခွင့်ပင် မရှိပြီ။

သည်တော့လည်း ရောင်တစ်ထုံး အဆုံးခံကာ သာသနာ့ဘောင်ထဲဝင်ရောက်ကာ ပဉ္စင်းလက်သစ်ကြီးတွေ ဆေးကုသမှုခံယူဖို့ တန်းစီကြလေပြီ။

အချိန်တန်တော့လည်း ဆေးစွမ်းသည့် အုံမခန်းသမားတော်၏ လက်တွင် ရာဇဂြိုဟ်သားတို့ နာလန်ထကြသည်။

ဆရာဇီဝကမျာမှာတော့ သာသနာ့ဝန်ထမ်းတို့အရေးပေမို့ ချွေးဒီးဒီးကျပေမင့် စိတ်ထားမြင့်ကာ ပီတိဖြာရသေးသည်။

သို့သော် ရာဇဂြိုဟ်လမ်းပေါ်မှာ နာလန်ထရဟန်းလူထွက်များကို တိုနားတစ်တွေ့၊ ဒီနားတစ်တွေ့ ဆရာဇီဝကတွေ့ရသည့်အခါ ဇဝေဇဝါ။ သေချာစုံစမ်းကြည့်တော့ အက်ဖ်အိုစီတန်းစီသူများ. . . ။

သံသရာငြီးငွေ့သူများ . . သံသရာထွက်ရပ်လမ်းရှာသူများ မဟုတ်ချေပြီ။

ဩော်. . . ပါရမီကြီးရင့်သူမို့ သည်းခံနိုင်သော်ငြား သဒ္ဓါမပွားနိုင်သူတို့အတွက် ခက်ရချည်။

သို့နှင့် သာသနာ့ဘောင်ဝင်သော ရဟန်းသစ်များကို စိစစ်လက်ခံရန် ဗုဒ္ဓအရှင်ဥပဒေတော် ထုတ်ပြန်ရတော့သည်။

ငါ့ရှင်ရဟန်းလောင်း. . . .

ကုဋ္ဌနူနာလက်ပရိုစီရောဂါ ကင်းရှင်းသူ ဟုတ်ပါ၏လော. . .

ချောင်းဆိုးရောဂါ တီဘီနာကင်းရှင်းသူ ဟုတ်ပါ၏လော

မြင်းဖုအနာ အိုင်းအမာရောဂါ ကင်းရှင်းသူ ဟုတ်ပါ၏လော. .

ပွေးဝဲညှင်းခရသင်းရောဂါ ကင်းရှင်းသူ ဟုတ်ပါ၏လော. .

ရူးသွပ်အနာ စိတ္တဇရောဂါ ကင်းရှင်းသူ ဟုတ်ပါ၏လော. . . ။

ဩော် အက်ဖ်အိုစီ တန်းစီသူများပေတကား . . ။

**ဓမ္မဂဂီ**

ရှင်ငယ်ပဉ္စင်းငယ်ဘဝက စာသင်သားအချင်းချင်း တခုတ်တရပြန်လည် ဖောက်သည်ချကြည်နူးရသော အတွေ့အကြုံဖြစ်ပါသည်။ အမှန်တကယ်ကတော့ အက်ဖ်အိုစီကို အလှူခံရသည့်အတွက် ရဟန်းတစ်ပါးအနေဖြင့် သဒ္ဓါတရားကို ချိုးမြောက်ရာရောက်ပေသည်။

သတင်းများနှင့်...

# စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့်စာအုပ်ဈေးပွဲတော်ကျင်းပ





မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ဦးဆောင်မှုဖြင့် မြန်မာဝတ္ထုရှည်၊ ဝတ္ထုတို၊ ဂန္ထဝင်ကဗျာ၊ ခေတ်ပေါ်ကဗျာ၊ ရသစာတမ်း (Essay) ဘာသာပြန်စာပေနှင့် စာအုပ်ထုတ်ဝေ၊ ဖြန့်ချိရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို UMFCCI ခန်းမ၌ အောက်တိုဘာ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲပထမနေ့မှာ ဝတ္ထုတိုကဏ္ဍအတွက် ဆရာမောင်လွင်မွန် (ကသာ) က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ခဲ့ပြီး ဆရာမင်းခိုက်စိုးစန်၊ ဆရာမနှင်းဝေငြိမ်း၊ ဆရာမရာသက်ပန် (တောင်ငူဆောင်) တို့က ဆွေးနွေးခဲ့ကြပါသည်။ မြန်မာ့ဂန္ထဝင်ကဗျာကဏ္ဍအတွက် ဆရာဖြင်း (ဒေသန) နှင့် မောင်လင်းကြည်တို့မှ ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ခဲ့ပြီး ဆရာတက္ကသိုလ်ဝင်းမွန်၊ ဆရာမောင်ခင်မင် (ဓနုဖြူ) နဲ့ ဆရာသုရဇော်တို့က လည်းကောင်း ထုတ်ဝေသူကဏ္ဍ၌ ဆရာဦးကျော်ဦး (ပါရမီစာပေ) က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ဆရာဦးခင်လှိုင် (TAB Book Centre)၊ ဆရာမြေမှုန်လွင် (ငါတို့စာပေ)၊ ဦးနေမျိုးညွန့် (စာပေလောက ၅)၊ ဦးမြင့်ထွန်း (Quality) တို့ကလည်းကောင်း ဆွေးနွေးပွဲဒုတိယနေ့တွင် မြန်မာဝတ္ထုရှည်ကဏ္ဍအတွက် ဆရာမောင်စိန်ဝင်း (ပုတီးကုန်းမှ) ဦးဆောင်ဆွေးနွေးပြီး ဆရာမ မစန္ဒာ၊ ဆရာမစမ်းစမ်းနွဲ့ (သာယာဝတီ)၊ ဆရာမ မိချမ်းဝေ၊ မာန် (တောင်လုံးပြန်) တို့ကလည်းကောင်း ရသစာတမ်း Essay ကဏ္ဍ၌ ဆရာရဲသျှမ်းက ဦးဆောင်ဆွေးနွေးပြီး ဆရာကြည်နိုင်၊ ဆရာမောင်နှင်းပန်း၊ ဆရာလေးကိုတင်၊ ဆရာမြေလတ်မောင်မြင့်သူတို့က လည်းကောင်း၊ ဆွေးနွေးပွဲတတိယနေ့၌ ဘာသာပြန်စာပေကဏ္ဍ၌ ဆရာဦးကြည်မင်းက ဦးဆောင်ဆွေးနွေးခဲ့ပြီး ဆရာဒေါက်တာစိုးနိုင်၊ ဒေါက်တာခင်မောင်ဝင်း၊ ဆရာမရွှေကူမေနှင်းနှင့် ဆရာပြည့်ဖြိုးအောင်တို့ကလည်းကောင်း၊ ခေတ်ပေါ်ကဗျာကဏ္ဍအတွက် ဆရာညီမင်းညိုကဦးဆောင်ပြီး ဆရာစိုင်းဝင်းမြင့်၊ ဆရာမိုးဝေး၊ ဆရာမိုယံးဇော်၊ ဆရာကိုငြိမ်းဝေနှင့် ဆရာသော်တင်အုန်းတို့က အသီးသီးဆွေးနွေးပေးခဲ့ကြပါသည်။ ဆွေးနွေးမှုများအပြီးတွင် ဆွေးနွေးပွဲကို တက်ရောက်ကြသူများမှလည်း မေးမြန်းချက်၊ အကြံပြုတင်ပြလာမှုများအပေါ်တွင်လည်း ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်က တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ဥက္ကဋ္ဌဒေါက်တာသာထွန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါပွဲတွင် စာအုပ်ဈေးပွဲတော်ကိုလည်း ပူးတွဲကျင်းပခဲ့ရာ စာအုပ်တိုက်ပေါင်း ၅၀ ကျော်မှ ၎င်းတို့တိုက်ထုတ်စာအုပ်များကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးပါသည်။ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို စိတ်ဝင်စားသူပါသနာရှင်များ များစွာတက်ရောက်အားပေးခဲ့ကြပါသည်။



## 'ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်' စာအုပ်မိတ်ဆက်

နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌဦးကျော်သူ ရေးသားထားသော 'ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်' စာအုပ်မိတ်ဆက်ပွဲကို ရန်ကုန်မြို့၊ မင်းကွန်းတိပိဋကကျောင်း၌ အောက်တိုဘာ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါစာအုပ်ကို ဦးကျော်သူ၏ ၅၄ နှစ်ပြည့် အမှတ်တရအဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၆၀၀၀ ဖြစ်ကြောင်းသိရသည်။

သတင်းများနှင့်...

# ရွက်လွှင့်

## ဒုတိယအကြိမ်မြောက် အမျိုးသမီးဖိုရမ်ကျင်းပ









ဒုတိယအကြိမ်မြောက် အမျိုးသမီးဖိုရမ်ကို အောက်တိုဘာ ၂၉ ရက်နေ့မှစ၍ ၃၀ ရက်နေ့အထိ မနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့၊ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်၊ အဆိုပါ ဆွေးနွေးပွဲတွင် အမျိုးသမီးများအနေဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်မှုများ၊ စီးပွားရေး၊ လူမှုရေး၊ မီဒီယာကဏ္ဍများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း၊ ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ညိုညိုသင်း၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥပဒေအကြံပေး ဒေါ်မြင့်မြင့်ဝေ၊ Asian Fame Media Group မှ CEO ဒေါ်နန်းတလျာဝင်းတို့က ပါဝင်ဆွေးနွေးခဲ့ကြပြီး အမျိုးသမီးနှင့်မီဒီယာ၊ အနုပညာရှင်နှင့် မီဒီယာအခန်းကဏ္ဍများကို ဒေါ်ဆွေဇင်ထိုက်၊ အဆိုတော်သံသာဝင်း၊ ဒေါက်တာကျော်သူ (ပေါင်းကူး) နှင့် ဒေါ်မေသက်ခိုင်ဟိန်း (CEO ၊ မြစ်မခမီဒီယာ) တို့က ဦးဆောင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုဆွေးနွေးပွဲတွင် အခြား နယ်ပယ်အသီးသီးမှ တာဝန်ထမ်းဆောင်နေကြသော အမျိုးသမီးများကလည်း ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။



## အလက (၁) ထ (၂) ခွဲ ဒဂုံမြို့သစ် (အရှေ့ပိုင်း) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

အလက (၁)၊ ထ (၂) ခွဲ ဒဂုံမြို့သစ် (အရှေ့ပိုင်း) ၁၉၉၀ မှ ၂၀၁၃ ထိ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် မတ်လ ၂၇ ရက်၊ နံနက် ၉ နာရီတွင် အလက (၁) မဂ္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်၊ ဆက်သွယ်လှူဒါန်းလိုပါက ဝ၉ ၄၂ဝဝ၁၂၆ဝ၁ နှင့် ဝ၉ ၄၃၁ဝ၉၁ဝ၁၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်၊

သတင်းများနှင့်...

## ချန်လုံးအလှပြင်သင်တန်းကျောင်း၏ ဆံကေသာအလှပြင်ဒါန





ချန်လုံးအလှပြင်သင်တန်းကျောင်းမှ ကျွမ်းကျင်သော ဝါရင့်ပညာရှင်များမှ သီတင်းကျွတ်ကာလလှူဒါန်းမှုအဖြစ် ဆံကေသာအလှပြင်ဒါန ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အလှပြင်ဒါနကို ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မဟာဝိဇယမင်္ဂလာ ပရဟိတဘုန်းတော်ကြီးသင် မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ကျော်တို့အား ၎င်းတို့၏ စိတ်ကြိုက် ဆံကေသာအလှပြုပြင်ပေးခဲ့ခြင်းဖြစ်ပြီး၊ ကရုဏာမီးအိမ်ရှင် အဖွဲ့သားများနှင့် အတူ ဘုန်းတော်ကြီးကျောင်းသို့ အလှူငွေ စုစုပေါင်း ကျပ်နှစ်သိန်းတိတိ ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

## S.S Shine Star Beauty Bank ဆိုင်သစ်ဖွင့်ပွဲ





S.S Shine Star Beauty Bank အမျိုးသား/သမီး ဆံပင်မိတ်ကပ် အလှပြုပြင်ရေးဆိုင်သစ်ဖွင့်ပွဲကို စက်တင်ဘာ ၃၀ ရက်နေ့တွင် အမှတ် ၃ ရပ်ကွက်၊ ဒွေးဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားကို ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စွမ်းဇာနည်၊ ချန်လုံးနိုင်ငံတကာအသိအမှတ်ပြု ဆံပင်၊ မိတ်ကပ်၊ လက်သည်း၊ မျက်ခုံးထိုး အလှပြင်သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာ ချန်လုံးနှင့် လက်ထောက်ဆရာ J Gyi ၊ သော်သော်တို့မှ ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ အလှပြင်ဆိုင်သည် Customer များ စိတ်တိုင်းကျ အလှပြုပြင်ပေးမည့်အပြင် Member Card များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

LOTTERIA




Asian Fame Media Group

**MODEL**
SAI SAI KHAM LENG
**CHRISTMAS DECORATION**
MOMMY KYAW (MALAYSIA)
(WEDDING PLANNER AND FLORAL DESIGNER)
**PHOTO**
AYE ZAW MOE (SETTHMU)

LOTTERIA




**MODEL**
SAI SAI KHAM LENG & KHIN WINT WAR
**FASHION**
VIVID FASHION
**MAKE-UP :** HTET (POP SOUL)
**CHRISTMAS DECORATION**
MOMMY KYAW (MALAYSIA)
(WEDDING PLANNER AND FLORAL DESIGNER)
**PHOTO**
AYE ZAW MOE (SETTHMU)

LOTTERIA




**MODEL**
SAI SAI KHAM LENG & KHIN WINT WAR
**FASHION**
VIVID FASHION
**MAKE-UP :** HTET (POP SOUL)
**CHRISTMAS DECORATION**
MOMMY KYAW (MALAYSIA)
(WEDDING PLANNER AND FLORAL DESIGNER)
**PHOTO**
AYE ZAW MOE (SETTHMU)

Asian Fame Media Group




**MODEL**
SAI SAI KHAM LENG
**CHRISTMAS DECORATION**
MOMMY KYAW (MALAYSIA)
(WEDDING PLANNER AND FLORAL DESIGNER)
**PHOTO**
AYE ZAW MOE (SETTHMU)




**MODEL :** SAI SAI KHAM LENG & KHIN WINT WAR/ **FASHION :** VIVID FASHION
**MAKE-UP :** HTET (POP SOUL)/ **CHRISTMAS DECORATION :** MOMMY KYAW (MALAYSIA) (WEDDING PLANNER AND FLORAL DESIGNER)
**PHOTO :** AYE ZAW MOE (SETTHMU)




**MODEL :** SAI SAI KHAM LENG & KHIN WINT WAR/ **FASHION :** VIVID FASHION
**MAKE-UP :** HTET (POP SOUL)/ **CHRISTMAS DECORATION :** MOMMY KYAW (MALAYSIA) (WEDDING PLANNER AND FLORAL DESIGNER)
**PHOTO :** AYE ZAW MOE (SETTHMU)



af MEDIA GROUP
Asian Fame Media Group



# Romantic December

**Model**
Myat Hnin Phyu
**Make-up**
Ko Thurein
(Lin Lin Make-up Artist)
**Designer**
Iris (TYT Fashion)
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po

Asian Prime Media Group



Asian Fame Media Group



# Romantic December

**Model**
Hsu Yupar
**Make-up**
San San
(Nyan Nyan (Hledan)
**Designer**
Iris (TYT Fashion)
**Photo**
Ko Naing (Popular)
**Arranged by**
Phyoe Su Po Po

Asian Fame Media Group



af MEDIA GROUP
Asian Fame Media Group





Asian Fame Media Group

# Romantic December

Model-Nwe Darli Tun | Make-up-Au Lay (December Hnin) | Dress-Ma Gyi, Ma Lay (Kool Fashion) | Photo-Ko Naing (Popular) | Arranged by - Ei Ei Htwe


MEDIA GROUP



# Romantic December

Model - Michell | Make-up - Htet (Pop Soul) | Dress - Ma Gyi. Ma Lay (Kool Fashion) | Photo - Ko Naing (Popular) | Arranged by - Ei Ei Htwe



# Special Cover Image

**Model**
Shwe Yi Thone Thone
**Make-up**
Gucci Ag
**Designer**
Thwin Su Htwe
**Photo**
Tin Ko Tun
**Arranged by**
Thida Soe

Asian Fame Media Group



MEDIA GROUP





Asian Fame Media Group


Asian Fan Media Group



Asian Fame Media Group




Asian Fame Media Group



Asian Fame Media Group



Asian Fame Media Group
afMEDIA GROUP


Updating
fashion
MAKE UP HTET (POP SOUL)
(POPULAR) / ARRANGED BY THIDA SOE


Updating
fashion


Updating
fashion



Updating
fashion


Updating
fashion


Updating
fashion



# ထိန်းသိမ်း ဆန်းသစ် မြန်မာ့အလှစစ်

**မော်ဒယ်**
မေမြင့်မိုရ်
**မိတ်ကပ်၊ လက်ဝတ်ရတနာ**
မေဦးမောင် (တော်ဝင်သူ)
**ဒီဇိုင်နာ**
ယဉ်သူဆွေ (Fashion Villa)
**ဓာတ်ပုံ**
ကိုနိုင်(ပေါ်ပြူလာ)
**စီစဉ်သူ**
သီတာစိုး

Asian Fame Media Group



Asian Fame Media Group


MEDIA GROUP
Asian Fame Media Group


Asian Fame Media Group
MEDIA GROUP





Asian Fame Media Group
MEDIA GROUP



**MODEL**
HNIN YAHMON OO
**MAKE-UP**
MIN MIN ZAW (KYAW MOE)
**FASHION**
AMOROUS FASHION
**PHOTO**
AYE ZAW MOE (SETTHMU)
**ARRANGED BY**
PHYOE SU PO PO

# Colour Culture

ခေါင်းကနေ ခြေဖျားအထိ
လိုက်ဖက်အောင် ဆင်မြန်းနိုင်ရင်
ဘယ်သူမဆို အဆင်ပြေပြေနဲ့
ကြည့်လို့ကောင်းနေမှာ အမှန်ပါပဲ။
ဒီလိုကြည့် ကောင်းအောင်
ပြည့်စုံအောင် လုပ်နေဖို့ဆိုတာက
တော့ ဝတ်ဆင်မယ့် အဝတ်အစား၊
အရောင် ရွေးချယ်မှု မှန်ကန်
လိုက်ဖက်ဖို့ အဓိကပါပဲ။ ဒါကြောင့်
အရောင်တွေရဲ့တွဲစပ်မှုကို
အမေရိကန် နိုင်ငံလုပ် Branded
များဖြစ်တဲ့
Forever 21
Love 21
Jessica Simpson
Michael Kors
Betseyille
Marc by Marc များနဲ့
ရိုက်ကူးပုံဖော်လိုက်ပါတယ်။

Asian Fame Media Group


Asian Fame Media Group
MEDIA GROUP



Asian Fame Media Group
MEDIA GROUP


Asian Fame Media Group





Asian Fame Media Group

သတင်းများနှင့်...

# ရှိုက်ရှိုး



နှစ်ပေါင်း ၅၀ ကျော်မှ Miss Universe ပြိုင်ပွဲသို့ ပြန်လည်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပထမဆုံးအကြိမ်ကျင်းပသည့် Miss Universe Myanmar ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် အောက်တိုဘာလ ၃ ရက်နေ့က ကျင်းပပြီးစီးခဲ့ပြီး၊ အဆိုပါပြိုင်ပွဲတွင် ခါးနံပါတ် (၁၆) မိုးစက်ပိုင်က ဆွတ်ခူးသွားခဲ့ပြီး Miss Universe Myanmar 2013 Title ဆုအတွက် ဆုငွေ သိန်းတစ်ရာ၊ Honda Fit ကားတစ်စီး၊ ရုရှားနိုင်ငံမှာ ကျင်းပမည့် Miss Universe 2013 ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်၊ မိတ်ကပ်နှင့် ပွဲတက်ဝတ်စုံတစ်နှစ်စာ စပွန်ဆာ၊ သိန်း ၂၀ တန်သရဖူတစ်ခု၊ bsc Cosmetics များ၊ Organizer နဲ့အတူ အနုပညာလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများ နှစ်နှစ်စာပြုလုပ်ခွင့်တို့ကို ရရှိခဲ့သည်။ ထို့ပြင် Miss Healthy Skin ဆုနှင့် Miss Famous ဆုတို့ကို ရရှိခဲ့ကြောင်း သိရသည်။ မိုးစက်ပိုင်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် မယ်စကြာဝဠာပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး People Choice Award ဆုအတွက် ရေပန်းစားခဲ့ပြီး အဆိုပါဆုတွင် ဒုတိယရရှိခဲ့ကြောင်း သိရသည်။

## MISS UNIVERSE MYANMAR 2013



ယဉ်ကျေးလှပ

# Miss International



NAN KHIN ZAYAR **MISS MYANMAR**

Asian Fame Media Group



YING-MAE LEANG **MISS SINGAPORE**

GIULIA MASALA **MISS ITALY**

Asian Fame Media Group
MEDIA GROUP



DORI DOLGION **MISS MONGOLIA**

XENIA LIKHACHEVA **MISS ESTONIA**

Asian Media Group

ဒီလအတွက်ကတော့
အဆိုတော်သားစိုးရဲ့ ချစ်ဇနီးနဲ့
သားသားလေးတို့ရဲ့ပုံလေးတွေကို
Mod Mom ကဏ္ဍအနေနဲ့
တင်ဆက် ပေးလိုက်ပါတယ်။

# MOD MOM



Model - Nge Nge, Htet Arkar Soe @ Pantee Lay | Photo - Ko Naing (Popular)







MEDIA GROUP

# flash BACK fashion

**MODEL:** CHAN CHAN
**MAKE-UP :** HELLO
**FASHION :** BEST STYLE FASHION
**PHOTO :** AUNG KYAW MOE (NEW IMAGE)
**ARRANGED BY** PHYOE SU PO PO



Asian Fame Media Group
MEDIA GROUP


MEDIA GROUP
Asian Fame Media Group


Asian Fame Media Group
MEDIA GROUP


Asian Fame Media Group
MEDIA GROUP



Fame Media Group



**MODEL**
YE' THWE NAUNG,
AYE SANDAR MYINT
**MAKE - UP**
GUCCI AUNG (NYI NYI MG SANCHAUNG)
**DRESS FOR AUDIENCE**
PRETTY GIRL
**PHOTO**
KO NAING (POPULAR)
**ARRANGED BY**
THIDA SOE

Asian Family Media Group



Asian Fame Media Group

# AUDIENCE OF CELEBRITIES' CHOICE

ဒီလရဲ့ Audience of Celebrities' Choice ကဏ္ဍကို ပုံဖော်ပေးမယ့်သူတွေကတော့ အဆိုတော်ရဲသွေးနောင်နဲ့ အေးစန္ဒာမြင့်တို့ပဲ ဖြစ်ပါတယ်။ ဒီကဏ္ဍလေးကိုကြည့်ပြီး ရဲသွေးနောင်ရဲ့ ပရိသတ်တွေရော ရတီမဂ္ဂဇင်းရဲ့ပရိသတ်တွေပါ ကြိုက်နှစ်သက်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ နောက်လတွေမှာလည်း စာမျက်နှာထက်မှာ ဖော်ပြခြင်းခံရမယ့် ပရိသတ်ကို စောင့်ကြည့်ကြပါစို့လားရှင်...


Asian Fame Media Group





## အနုပညာရှင်အမေး ပရိသတ်အဖြေ

**အစ်ကိုနဲ့ တွဲရိုက်ဖို့အတွက် ဘယ်လိုမျိုး Form တင်ဖြစ်ခဲ့တာလဲ။ အစ်ကိုနဲ့ ပတ်သက်ပြီး ပရိသတ်တွေဆီက ဘာများကြားမိသေးလဲ ညီမလေး။**

အစ်ကိုနဲ့ တွဲရိုက်ဖို့ ဗီတ်ခေါ်ထားတာကို တွေ့တဲ့အတွက် တင်ဖြစ်သွားတာပါ။ဟိုတစ်လောက အစ်ကိုကိုတော်တော်လေး ဝလာတယ်လို့ ပြောကြတယ်။ အခုတော့ ပြန်ပိန်သွားတယ်နော်။

**ညီမလေးက ကျောင်းပြီးသွားပြီလား။ အသက်ကကော ဘယ်လောက်ရှိပြီလဲ။**

ဟုတ်. . ပြီးသွားပါပြီ။ ဒါပေမဲ့ သင်တန်းတွေ ဆက်တက်ဖို့တော့ ရှိပါတယ်။ LCCI ပြီးသွားပြီဆိုတော့ ACCA ဆက်တက်ဖို့ လုပ်နေပါတယ်။ အသက်ကတော့ ၂၂ နှစ်ပါ။

**နည်းနည်းဝနေတုန်းကပုံစံနဲ့ အခုပုံစံမှာ အစ်ကိုက ဘယ်ပုံစံနဲ့ ပိုလိုက်လဲညီမလေး။**

အခု ပိန်သွားတဲ့ပုံစံက ပိုကြည့်ကောင်းပါတယ်။ ဟိုတစ်လောက အစ်ကိုကဝတော့ ခန္ဓာကိုယ်ထက် မျက်နှာက ပိုပြဲထွက်သွားတယ်။ ဝလာရင် မျက်နှာက ပိုသိသာသွားတယ်။

**အစ်ကို့ကို ဘယ်မှာစပြီး သတိထားပြီး အားပေးခဲ့တာလဲ။**

'ဒါပ်မက်ဆုံရာ' ပြိုင်ပွဲ Season I ကို မကြည့်ဖြစ်ဘူး။ Season II မှ ကြည့်ဖြစ်တာ။ အဲဒီကနေ တောက်လျှောက်ကြည့်ဖြစ်ခဲ့တာပေါ့နော်။ ကိုရဲသွေးနောင်ကို အရမ်းအားပေးခဲ့တာပါ။ TV ကနေကြည့်ပြီး အားပေးခဲ့တာပါ။ ပထမဆုကို ရမယ်လို့ သေချာတွေးထားတယ်၊ မရတော့ နည်းနည်းစိတ်မကောင်းဖြစ်မိတယ်။

**ညီမလေးအနေနဲ့ အစ်ကို့ကို အကြံဉာဏ်လေးတွေ ပေးပေးပါဦး။**

အစ်ကို့ရဲ့ fashion ပုံစံက ရှင်းရှင်းလေးနဲ့ smart ကျတာ ပိုလိုက်တယ်၊ ဝလာတဲ့ပုံစံက အစ်ကိုနဲ့ အဆင်မပြေဘူး။ ပြီးတော့ အစ်ကိုက ကြိုးစားရင် ကြိုးစားသလောက် တက်လမ်းရှိတယ်လို့ ထင်ပါတယ်။ အစ်ကို တစ်ခုခုဖြစ်ရင် မျက်နှာက အရမ်းသိသာတာတော့ မကောင်းဘူးထင်တယ်။ ဒါတွေကတော့ ညီမရဲ့ အမြင်တွေပေါ့နော်။

## Celebrity ရဲသွေးနောင်ရဲ့ဒီကဏ္ဍအပေါ်အမြင်


ကျွန်တော်ကတော့ အရမ်းသဘောကျပါတယ်။ ကျွန်တော် ဒီအနုပညာလောကထဲ မဝင်ခင်ကတည်းက ရတီစာအုပ်ကိုအရမ်းဖတ်ပါတယ်။ ပရိသတ်တစ်ယောက်တည်းနဲ့ ရိုက်ရပေမယ့် ပရိသတ်တွေ အများကြီးရတယ်လေ။တစ်ယောက်တည်း ရွေးရတယ်ဆိုပေမယ့် တကယ်တမ်းကျတော့ အများကြီးနဲ့ ရိုက်ချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နောက်ကြုံရင်လည်း ပရိသတ်တွေ အများကြီးနဲ့ ကျွန်တော်ရိုက်ချင်ပါသေးတယ်။ ဒီကဏ္ဍလေးကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်။ အခု ညီမလေးနဲ့ ရိုက်ရတာ အရမ်းအဆင်ပြေပါတယ်။ ကျွန်တော်က ညီမလေး ရှက်ကိုးရှက်ကန်းတောင်ဖြစ်နေမယ်ထင်ထားတာ။ ဒါပေမဲ့ ညီမလေးက ပြောရင်ပြောသလို လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

## ပရိသတ်အမေးအနုပညာရှင်အဖြေ

**အစ်ကို့ရဲ့ တစ်ကိုယ်တော်အခွေ ထွက်ဖို့ရှိလား။**

တစ်ကိုယ်တော်အခွေ ထွက်ဖို့ရှိပါတယ်။

Asian Fame Media Group



အခု မအားတဲ့ကြားက သီချင်းတွေ လုပ်နေပါပြီ။ Season II အခွေကတော့ ၁၁ လပိုင်း ထွက်မှာပါ။ Promotion ပွဲလည်း ရှိပါတယ်။

**အစ်ကို ကြိုက်နှစ်သက်တဲ့ Fashion ပုံစံက. . .**

အစ်ကိုကတော့ စွပ်ကျယ်ဝတ်ရတာ ကြိုက်တယ်။ ရိုးရှင်းတာပေါ့။ ဒါပေမဲ့ ပွဲတွေသွားရင်တော့ နေရာဒေသအလိုက် ဝတ်ရတာပေါ့နော်။ အစ်ကိုကတော့ အနောက်တိုင်းပုံစံလေးတွေ ကြိုက်တယ်။ အစ်ကိုပုံစံက ကိုရီးယားပုံတွေနဲ့လည်း အိပ်ဖလိုက်ဘူးလေ။ အစ်ကိုနဲ့လည်း လိုက်ဖက်မယ်၊ အစ်ကိုလည်း ကြိုက်တဲ့ အနောက်တိုင်းဝတ်စုံလေးတွေ ဝတ်ဖြစ်တယ်။

**အစ်ကို့မှာ မောင်နှမသားချင်း ဘယ်နှယောက်ရှိလဲ။**

အစ်ကိုက တစ်ဦးတည်းသော သားပါ။ မောင်နှမဝမ်းကွဲတွေကတော့ အများကြီးပဲ။ မောင်နှမဝမ်းကွဲတွေက အရင်းတွေလိုပဲ အရမ်းချစ်ကြတယ်။

**အစ်ကို့ကို ကြည့်ရတာ စိတ်ဓာတ်ကျလွယ်တယ်ထင်တယ်။**

ဟုတ်တယ်။ တစ်ခုခုဖြစ်ရင် အစ်ကိုက စိတ်ခံစားချက်အရမ်းလွယ်တယ်။ အမေတွေ၊ အဖေတွေ တစ်ခုခုပြောလိုက်ရင် အဲဒီဘက်ကို စိတ်က ရောက်နေရော။ ဆူလိုက်ရင်လည်း အစ်ကိုက မရဘူး။ တစ်ခုခုပြောလိုက်ရင် အစ်ကိုက အဲဒါကို တောက်လျှောက်တွေးနေတာ။ ဘယ်အလုပ်ပဲဖြစ်ဖြစ်၊ သီချင်းဆိုတာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အမှားမရှိအောင် နေတယ်။ တစ်ခုခုက ကိုယ့်အားနည်းချက်ဖြစ်သွားရင် အဲဒါကိုတွေးလို့ မဆုံးတော့ဘူး။ နည်းနည်းလေးလွဲရင် ချက်ချင်း မျက်နှာပျက်သွားတတ်တယ်။ အဲဒီစိတ်ကို အခုကျတော့ ပြန်ပြင်ရတာပေါ့နော်။ လူဆိုတာ အမှားနဲ့ မကင်းဘူးလေ၊

**အစ်ကို့အနေနဲ့ 'အိပ်မက်ဆုံရာ' ပြိုင်ပွဲကို ဘယ်လိုမျိုး ဝင်ပြိုင်ဖြစ်ခဲ့တာလဲ။**


သီချင်းဆိုတာကို ဝါသနာပါတာက ဟိုးအရင်ကတည်းက အရမ်းဝါသနာပါခဲ့တာ။ ဒါပေမဲ့ အစ်ကိုက အလုပ်ထဲကိုပဲ အာရုံရောက်နေခဲ့တာပေါ့နော်။ တကယ်ဝါသနာပါတာက သီချင်းဆိုတာပါ။ ဘယ်နေရာရောက်ရောက် ဘယ်လိုပဲဖြစ်ဖြစ် သီချင်းဆိုဖြစ်တယ်။ သဘောပေါ်မှာလည်း သီချင်းဆိုလွန်းလို့ အဆူခံရတယ်။ အစ်ကိုတို့ အလုပ်လုပ်တဲ့အချိန်မှာ ဝေါကီတော်ကီတွေ ပေးထားတယ်လေ။ အဲဒီ ဝေါကီတော်ကီတွေကို မိုက်ခ်လုပ်ပြီး ဆိုနေတာ။ အဲဒါကို သဘောပေါ် မှာရှိတဲ့သူတွေကကြားနေတော့ အစ်ကို့ကို ဆူတာ ပေါ့နော်။ ဝါသနာကြီးလွန်းလို့ မဆိုရရင် မနေနိုင်ဘူး။ ကိုယ့်အလုပ်ကလည်း ဆန့်ကျင်ဘက်ဖြစ်နေတော့ ဘယ်လိုမှ မဖြစ်နိုင် ဘူးဆိုပြီး စိတ်ဓာတ်ကျနေတာ။ ခုလို အခွင့်အရေးရမယ်လို့လည်း မထင်မိဘူး။ ပြိုင်ပွဲဝင်ဖြစ်တယ်ဆိုပေမယ့်လည်း ဒီလောက်အထိ ဖြစ်သွားမယ်လို့ မမျှော်လင့်မိဘူး။ သူငယ်ချင်းတွေကလည်း လုပ်ကြည့်ပါ။ ကိုယ့်ကို ဘုရားပေးထားတဲ့ အသံကို အသုံးမချတတ်ဘူးဆိုပြီး ပြောကြတယ်။ မိဘတွေကလည်း အစ်ကို့ကို အားပေးပါတယ်။ အစ်ကိုက စင်အရမ်းကြောက်တတ်တယ် (ရယ်လျက်)။ ဖြစ်မှာဖြစ်ပါ့မလားဆိုပြီး တွေးမိတယ်။ အဲဒီတော့ သူငယ်ချင်းတွေကို Form တင်ရင်တင်၊ ပါရင်လည်းပါ မပါရင်တော့သဘော ပြန်လိုက်မယ်ဆိုပြီး လုပ်ထားတာပေါ့နော်။

Audience အောဆန္ဒာမြင့်ရဲ့ဒီကဏ္ဍအပေါ်အမြင်

အခုလို ဓာတ်ပုံတွဲရိုက်ရတဲ့အတွက် ပျော်ပါတယ်။ အနုပညာရှင်တွေက မာနကြီးတယ်လို့ ကြားဖူးထားပေမယ့် ကိုရဲသွေးနောင်ကတော့ အဲဒီလို မဟုတ်ပါဘူး။ ဖော်ဖော်ရွေရွေနဲ့ ကူညီပြီး တွဲခေါ်ပေးပါတယ်။ ညီမက အခုလို ဓာတ်ပုံမရိုက်ဖူးတဲ့အတွက် ဘာမှမလုပ်တတ်တာကို စိတ်ရှည်သည်းခံပေးပြီး ရိုက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီကဏ္ဍလေးက အရမ်းကောင်းပါတယ်။ အမြင်မှာ အခုလိုတွေ့မြင်ပြီး ရင်းနှီးဖို့က မလွယ်ပါဘူး။ ပြီးတော့ ရတီမဂ္ဂဇင်းအနေနဲ့ မိတ်ကပ်ကော၊ အဝတ်အစားကော ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**သီတာစိုး**

Asian Fame Media Group



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

# Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of Celebrities' Choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးထားပါတယ်။

**အခွင့်အရေး**

၂၀၁၄ မတ်လထုတ် ရတီမဂ္ဂဇင်းအတွက် ရဲရင့်အောင် နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေ စီစဉ်ပေးမှာနော်။

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ
(တစ်ကိုယ်လုံးပြည့် အလှ ဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင် ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)

(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို

(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်


(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ်ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

ချစ်ပရိသတ်ကြီးရေ . . . ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘဲ **၂၀၁၄ ဇန်နဝါရီလ ၁၀ ရက် (သောကြာနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of Celebrities' Choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

မှတ်ချက်

ဒီကဏ္ဍကို လစဉ်အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော်အားပေးလိုက်ကြပါဦးနော်။



- အမည် ----------------------------------------
- မွေးသက္ကရာဇ် ----------------------------------------
- နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------
- ပညာအရည်အချင်း ----------------------------------------
- အလုပ်အကိုင် ----------------------------------------
- အနုပညာလှုပ်ရှားမှု ----------------------------------------
- အိမ်ထောင်ရှိ/မရှိ ----------------------------------------
- အရပ်အမြင့် ----------------------------------------
- နေရပ်လိပ်စာ ----------------------------------------
- ဖုန်းနံပါတ် ----------------------------------------

Asian Fame Media Group
MEDIA GROUP

ရတီပရိသတ်ကြီးရေ ဒီလမှာတော့ ဝတ်မှုန်ရွှေရည်ရဲ့ သရုပ်ဆောင်မှု တစ်စိတ်တစ်ဒေသနဲ့ သူ့ရဲ့အနုပညာ ပြေးလမ်းပေါ်က အောင်မြင်မှု အမြင် တချို့ကို တင်ဆက်ပေးမှာ ဖြစ်လို့ ဝတ်မှုန်ရွှေရည်ရဲ့ Dr.Fresh ဆပ်ပြာ ကြော်ငြာရိုက်ကွင်းမှာ သွားရောက် မေးမြန်းဖြစ်ခဲ့ပါတယ်။

# GREATEST HITS OF WUT HMONE SHWE YEE



Asian Fame Media Group



**ပထမဦးဆုံးအနေနဲ့ ညီမလေးကို 'ဝတ်မှုန်ရွှေရည်' လို့ ကလေးရော လူကြီးပါသိခဲ့ရတဲ့ 'ဒါရိုက်တာကြည်ဖြူသျှင်'ရဲ့ 'ဘာဘီရုပ်' ဆိုတဲ့ ဇာတ်ကားရိုက် ဖြစ်ခဲ့ပုံလေး ပြောပြပေးပါဦး။**

ဒီဇာတ်ကားမရိုက်ဖြစ်ခင်က မကြည်ဖြူနဲ့ ကစ်နဲ့က မသိဘူး။ ဒါပေမဲ့ မကြည်ဖြူရဲ့ ကားတွေကိုတော့ ကြည့်ဖူးတယ်။ အဲ့ဒီကား ရိုက်တုန်းက မှတ်မှတ်ရရ Micasa မှာ ကစ်ဆီဖုန်းဆက်ပြီး ဒီဇာတ်ကားလေးကို ကစ်နဲ့ ရိုက်ချင်လို့ဆိုပြီး ဖုန်းဆက်လာတယ်။ ပြီးတော့မှ မကြည်ဖြူနဲ့တွေ့ပြီး ဒီဇာတ်လမ်းလေးအကြောင်းရှင်းပြတဲ့အခါ ကစ်ကလည်း ဒီလိုပေါ့ပေါ့ပါးပါးဇာတ်လမ်းလေးဆိုတော့၊ အဲ့ဒီတုန်းကအတွေ့အကြုံကလည်းမရှိသေးတော့ ရိုက်ကြည့်ချင်တာနဲ့ လက်ခံဖြစ်ခဲ့တယ်။ ဒီကားလေးထွက်လာတော့ တော်တော်များများ ကြိုက်ကြအားပေးကြပါတယ်။ ကလေးတွေဆိုရင် ခုထိ မေးနေတုန်းပါပဲ။ အမှတ်တရလေးလည်းဖြစ်ခဲ့ရပါတယ်။

**'စင်ဒရဲလား' ဆိုတဲ့ဇာတ်ကားကိုရော ညီမလေးရဲ့ကာရိုက်တာနဲ့ လိုက်ဖက်မယ်ထင်လို့ ရိုက်ဖြစ်ခဲ့တာလား။ ဒါရိုက်တာရဲ့ရွေးချယ်မှုလား။**

အမှန်တော့ မကြည်ဖြူရဲ့ Idea ကောင်းတာပေါ့နော်။ ဒီဇာတ်လမ်းလေးက ကစ်နဲ့လည်း လိုက်တယ်၊ ကာတွန်း ဇာတ်ရုပ်လေးလည်းဖြစ်တော့ ကစ်လည်း ကြိုက်တာနဲ့ ရိုက်ဖြစ်သွားတယ်။ဇာတ်လမ်းလေးကလည်း Fancy ဇာတ်လမ်းလေး၊ ချစ်စရာဇာတ်ရုပ်လေး၊ ကာတွန်းကားထဲက ပုံစံမျိုးနဲ့ တကယ်ကျတော့ ကာတွန်းထဲကလိုမဟုတ်ဘဲ ကွဲထွက်သွားတဲ့ ဇာတ်လမ်းဇာတ်ရုပ်မျိုးနဲ့ ရိုက်ပြထားတာပေါ့နော်၊ မကြည်ဖြူ . ကစ်နဲ့စရိုက်တဲ့ ဒီဇာတ်ကားနှစ်ကားလုံး ပေါက်သွားတဲ့အတွက် မကြည်ဖြူသျှင်ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။

**ညီမလေးရိုက်ခဲ့တဲ့ဇာတ်ကားတော်တော်များများမှာ မင်းသားအောင်ရဲလင်းနဲ့တွဲတာ တွေ့ရတယ်။ အဲ့ဒါ ဘာကြောင့်လဲ။**

အောင်ရဲလင်းနဲ့ကတော့ ကစ်နဲ့ ဒီအလုပ်စလုပ်ခြင်းရိုက်ဖြစ်တယ်၊ အခုနောက်ပိုင်းတော့ သိပ်တောင်မဆုံဖြစ်တော့ဘူး။ ဆုံဖြစ်လည်း ကြိုကြားကြိုကြားလေးတော့ဆုံဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုက်တွေကပဲချိတ်တာ ကများတာကိုး။ အဲ့တော့သူတို့ တည်ထားတဲ့ မင်းသားနဲ့ပဲရိုက်ရတာပေါ့နော်။

**ဒါရိုက်တာ 'ရီဇော်' ရိုက်တဲ့ 'ကြမ်းတမ်းစွာနူးညံ့သော'ဇာတ်ကားမှာ သရုပ်ဆောင်ရတဲ့ ဇာတ်ဝင်ခန်းကိုက 'မင်းသမီး' ဖြစ်တယ်။ မင်းသား ရဲတိုက်က မင်းသမီးရဲ့ Bodyguard ဆိုတော့ အပြင်မှာ တကယ့်သရုပ်ဆောင် မင်းသမီးနဲ့ ဇာတ်လမ်းထဲက မင်းသမီးဘယ်လို ကွာခြားလည်း ပြောပြပေးပါဦး။**

အဲ့ဒီဇာတ်ကား ကျတော့ နည်းနည်းတော့ ပြဇာတ်ဆန်တာပေါ့နော်။ ဇာတ်ကားထဲမှာကိုက ကစ်က မင်းသမီးပေါ့နော်။ ပညာပေး ဇာတ်လမ်းလေးပေါ့။ အပြင်နဲ့တော့

မတူဘူးပေါ့. . . ဇာတ်ကားထဲမှာ မင်းသမီးက မူးယစ်ဆေးဝါးတွေ ဘာတွေသုံးတယ်။ အပြကောင်းအောင်လို့ ပြဇာတ်ဆန်ဆန်ရိုက်ထားတာပေါ့နော်။ ဒါကတော့ ဒါရိုက်တာကိုရီဇော်ရဲ့ Idea လေးပါ။

**ဒါရိုက်တာ 'ကိုပေါက်' ရိုက်တဲ့ '3 & 4' ဇာတ်ကားမှာတော့ ညီမလေးရဲ့သရုပ်ဆောင်ရော၊ အဝတ်အစားတွေပါ အရင်ကရိုက်ခဲ့တဲ့ ဇာတ်ကားတွေနဲ့ ကွဲထွက်သွားတာဘာကြောင့်လို့ထင်လဲ။ ပြီးတော့ International ကျောင်းသား၊ ကျောင်းသူဇာတ်ဝင်ခန်းမှာမင်းသားရဲ့တိုက်က English class ကဆိုတော့ထားပါတော့။ ညီမလေး က ပြင်သစ် class ကဆိုတော့ ပြင်သစ်စကားက တကယ်ပြောတတ်တာလား။ ဇာတ်ကားအတွက် သင်ထားတာလား။**

အမှန်တော့အဲ့လိုဇာတ်ကားလေးရိုက်ရတာ ပျော်စရာ ကောင်းတယ်။ ကစ်ကလည်း လူငယ်တစ်ယောက်ဆိုတော့ ကျောင်းသားဇာတ်ကားလည်းဖြစ် လူငယ်ဆန်ဆန်ပေါ့ပေါ့ပါးပါးလည်း ဖြစ်တော့ ရိုက်ဖြစ်သွားတာပါ။ အဝတ်အစားကျတော့လည်း လူငယ်ဆန်ဆန်ဝတ်ရတာကြိုက်တယ်။ အဲ့ဒီမှာ ပြောတဲ့ ပြင်သစ်စကားကတော့ သင်ထားတာပါ။

**နောက်ပိုင်း တိုလူမင်းရဲ့ဇာတ်ကားတွေမှာ အလန်းစားကာရိုက်တာတွေနဲ့တွေ့လာရတယ်။ ဒါကြောင့် 'ဝီကေ' ဆိုတဲ့ဇာတ်ကားလေးအကြောင်းနည်းနည်းမေးချင်တယ်နော်။ ဒီကားထဲမှာ ညီမလေးက စကိတ်စီးတဲ့ကောင်မလေး တစ်ယောက်အဖြစ်သရုပ်ဆောင်ရတာဆိုတော့ စကိတ် တကယ်စီးတတ်တာလား။ စကိတ်စီးတာနဲ့ ပတ်သက်ပြီးတော့ရော ဘယ်လိုအခက်အခဲလေးတွေကြုံခဲ့ရလဲ။**

စကိတ်စီးတာကတော့ရိုက်ကွင်းပေါ်မှာပဲ သင်ရိုက်ပေါ့နော်။ ဒီလိုပဲဇာတ်ကားတွေထဲမှာ ကိုယ်မလုပ်တတ်တာပါပေမယ့် ဇာတ်လမ်း စုံအောင်ရိုက်ရတာဆိုတော့ တချို့အခက်အခဲလေးတွေတော့ ရှိတာပေါ့နော်။

**ပြီးတော့ ဇာတ်ကားထဲမှာ ညီမလေးက တစ်ဖက်သက်အချစ်နဲ့ စိတ်ဝေဒနာရှင်ကောင်မလေး တစ်ယောက်ကနေ သူ့စိတ် အလိုမကျတဲ့အခါ ဖယောင်းတိုင်တွေ ထွန်းပြီး ကိုယ့်ရဲ့ခြေလက်တွေ**



**အပေါ် ဖယောင်းစက်တွေချတာ တွေ့ရတယ်။ အဲ့ဒါ အသားပေါ် တကယ်ချပစ်တာလား။**

အဲ့ဒါကလည်းတကယ်ပါ အစ်မ။ အစကတည်းက အန်ကယ်လေးကမေးပါတယ်. . အသားပေါ် ဖယောင်း စက်ချရမယ့်ဇာတ်ဝင်ခန်းမှာ တကယ်ပီပြင်သွားအောင် ကစ်အသားပေါ်ချရဲလားမေးပါတယ်။ ချမယ်ဗျာလို့ဆုံးဖြတ်မိတယ်။ အဲ့လိုကားလည်းတစ်ခါမှမရိုက်ဖူးဘူးဆိုတော့. . . . အဓိကကတော့ဇာတ်ရုပ်ကိုပီပြင်အောင်ပုံပိုးတဲ့သဘောပါပဲ။ အဲ့ဒီအခန်းလေးကတော့ ဇာတ်ကားထဲမှာ စိတ်ဝေဒနာရှင်ဆိုတော့ ဖြစ်ချင်တဲ့ စိတ်ပြင်းထန်လာတဲ့အခါ နာတာတွေ ပူတာတွေမသိတော့ပဲ သူတစ်ခုခုဖြစ်ချင်တဲ့အခါ စိတ်ပြင်းထန်တာကိုပြချင်တာပေါ့နော်။ ဇာတ်ကားထဲက ဇာတ်ရှုပ်အရ သရုပ်ဆောင်ရတာပေါ့။

**ဒါဆိုညီမလေးရဲ့အသားတွေ အနာတရမဖြစ်ဘူးလား။ ပြီးတော့ ဖယောင်းစက်ရဲ့အပူရှိန်ကို ဇာတ်ကားရိုက်ကူးနေဆဲမှာ ခံနိုင်ရည်ရှိရဲ့လား။**

ဘာမှတော့သိပ်မဖြစ်ပါဘူး. . နည်းနည်းတော့ပူတာပေါ့။ ရိုက်ပြီးတော့ ဆေးလေးဘာလေး လိမ်းလိုက်တယ်။

**ဒီဇာတ်လမ်းထဲမှာ ပရိသတ်ကြီးက ညီမလေးကိုအရမ်း မုန်းကြတယ်။ ပရိသတ်တွေရဲ့ရင်ထဲမှာ အမုန်းတစ်ခုဖြစ်သွားအောင် ထည့်သွင်းပေးနိုင်တာ ညီမလေးရဲ့ သရုပ်ဆောင်အား ပြည့်တယ်လို့ ပြောလို့ရလား။**

မုန်းစရာဇာတ်ရုပ်ရိုက်တာဆိုတော့ ကြည့်ရတဲ့ပရိသတ်ရင်ထဲ တကယ်မုန်းအောင်သရုပ်ဆောင်ပြဖို့တော့လိုတာပေါ့နော်။ အဲ့ဒီအတွက်လည်း အများကြီးကြိုးစားထားပါတယ်။ အဓိကကတော့ ချစ်စရာကောင်းတာပဲဖြစ်ဖြစ်၊ မုန်းစရာကောင်းတာပဲဖြစ်ဖြစ် ဘယ်အရာမဆိုဇာတ်ရုပ်ပီပြင်ဖို့ ကြိုးစားကြရတာချည်းပေါ့နော်။ အဲ့ဒီအပေါ်မှာ ပရိသတ်က မုန်းစရာကောင်းအောင် ရိုက်ထားတာကို မုန်းစရာကောင်းတယ်လို့သိပြီး ဝေဖန်တဲ့အတွက် ကစ်အနေနဲ့ ကြိုးစားရကျိုးနပ်တယ်လို့ထင်ပါတယ်။

**'မိန်းကလေး တစ်ယောက် အသည်းကွဲနေတယ်' ဆိုတဲ့ဇာတ်ကား ထဲမှာ ညီမလေးကဗီလိန်နေရာကနေ သရုပ်ဆောင်ရတာနော်။ အရှေ့က မင်းသမီးအများစုက ဒီလိုဗီလိန်ရိုက်ဖို့သိပ်မရဲကြဘူး။ ရိုက်ခဲ့ရင်လည်း ဇာတ်လမ်းရဲ့နောက်ဆုံးပိုင်းမှာ ပြန်ဖြေကြတယ်။ ဒီဇာတ်ကားနဲ့ပတ်သက်ပြီး ညီမလေးရဲ့ ခံယူချက်ကဘာလဲ။**

အဲ့ဒီဇာတ်ကားလေးကတော့ ဒီလိုအစ်မရယ်။ ရိုက်နေကျဇာတ်ကားတွေနဲ့ကွဲထွက်သွားအောင် အဲ့ဒီနေရာလေးကို ကစ်ပဲရွေးတာပါ။ အန်ကယ်လေးကလည်း မေးပါတယ်။ ကစ်ကစ်အဲ့ဒီ ဗီလိန်နေရာမှာနေရဲလားတဲ့။ ကစ်ကလည်း နေရတယ်လို့။ ဘာဖြစ်လို့လဲဆိုတော့ တခြားဇာတ်ရုပ်တွေနဲ့က မတူချင်တာလည်းပါတယ်။ကိုယ်က ရှေ့မှာ Fancy, Romance လေးတွေ ချစ်ကြိုက်ပြီး ညားသွားတဲ့ပုံစံမျိုးလေးတွေရှိနေတော့၊ အသည်းကွဲမယ်။ ဗီလိန်ဘက်လည်း သွားတဲ့

ဇာတ်ကို စမ်းလုပ်ကြည့်တဲ့ သဘောပေါ့နော်။ အဲ့ဒီကားမှာ ပရိသတ်ကြိုက်တာကိုလည်း အသံပြန်ကြားရတယ်။ ဒီနေရာကို အမြဲလုပ်မှာတော့ မဟုတ်ဘူးပေ့ါ။ ဘယ်ကာရိုက်တာရယ်လို့ မဟုတ်ပါဘူး။ ဇာတ်ရုပ်ပီပြင်ပြီး ကားကောင်းရင်တော့ ပရိသတ်က အားပေးကြတာပဲလေ။ ပရိသတ်ကိုယုံကြည်တဲ့ သဘောနဲ့ ဒီကားကို လက်ခံဖြစ်တာပါ။ အမြဲတမ်းကြီး ပရိသတ်ကို အချိုတွေချည်းပေးပြီးတော့ အီသွားမှာလည်း စိုးတယ်လေ။ အဲ့ဒီတော့ တစ်ခါတလေလည်း ချဉ်ချဉ်စပ်စပ်လေး ရောပေးလိုက်တဲ့ သဘောပေါ့နော်။

**ဇာတ်ကားတွေမှာ တစ်ဇာတ်သက်အချစ်ဇာတ်ကားမျိုးလေးတွေ ရိုက်ဖြစ်နေတာ ဘာကြောင့်လဲဆိုတာ ညီမလေးရဲ့ ပရိသတ်က သိချင်ပါတယ်တဲ့။**

ဒီလိုကားမျိုးကတော့ ၁နှစ်လုံးဗီဒီယိုထွက်တဲ့ထဲမှာ ၂ကား ၃ကားလောက်ပဲရိုက်ဖြစ်တယ်လို့ ကစ်ထင်တယ်။ တမင်ကြီးပဲဒီလိုတွေ ရိုက်တာမဟုတ်ပါဘူး။ ပရိသတ်လည်း အပြောင်းအလဲကာရိုက်တာလေးတွေကြည့်ရအောင် ဒီလိုကားမျိုးတွေလက်ခံဖြစ်တဲ့သဘောပါ။

**အရွယ်လွန်ယောကျ်ားတွေအပေါ် ညီမလေးရဲ့အမြင်လေးလည်း သိချင်ပါတယ်။**

မိန်းကလေးပဲ ဖြစ်ဖြစ် ယောကျ်ားလေးပဲဖြစ်ဖြစ် အရွယ်ပိုကြီးလာလေ ရင့်ကျက်မှုရှိလာလေလေပါပဲ။ ကစ်ကတော့ ရင့်ကျက်တာကိုပိုပြီးသဘောကျတယ်။ ရင့်ကျက်လာလေ အတွေ့အကြုံများလာလေ၊ ခွဲခြားဆင်ခြင်တဲ့တရားတွေ ရှိလာမယ်လို့ထင်တယ်။ အသက်အရွယ်ပေါ်လိုက်ပြီး တည်ငြိမ်ရင့်ကျက်မှုလေးကို ကြိုက်ပါတယ်။

**ညီမလေးက ကြော်ငြာမှာရော ဇာတ်ကားမှာပါ ဒုတိယ ထက်ထက်မိုးဦးလို့ ညီမလေးရဲ့ပရိသတ်တွေကပြောကြတယ်၊ ကြော်ငြာမှာ No.1 ဖြစ်ဖို့နဲ့ဇာတ်ကားမှာ No.1 ဖြစ်ဖို့ ဘယ်လိုကွာခြားမှုရှိလဲ သိချင်ပါတယ်။**

အဲ့လိုမျိုး မထက်နဲ့ နှိုင်းယှဉ်ခံရတဲ့အပေါ်မှာလည်း ပျော်ပါတယ်။ မထက်လောက်တော့ မတော်ပါဘူး။ မထက်ကတော့ အများကြီးတော်တာပေ့ါနော်။ ကိုယ်လည်း ပရိသတ်ပေးတဲ့ နေရာလေးမှာအမြဲတမ်း အကောင်းဆုံးကြိုးစားသွားမှာပါ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားပြီး ပရိသတ်အတွက်အလေးထားကြိုးစားပေးထားပါတယ်။

**ဇာတ်ကားတစ်ကားကမ်းလှမ်းလာပြီဆိုရင် ဘယ်လိုဇာတ်ကားမျိုးကိုဦးစားပေးပြီးရွေးချယ်လဲ။ ရွေးချယ်ပြီးတဲ့ဇာတ်ကားအပေါ် ဈေးကွက်ကိုလေ့လာပြီးမှ ရိုက်တာလား။ ကိုယ့်ဗီလင်လာမယ့် ဇာတ်ကားမျိုးမှရိုက်တာလား။**



တစ်ခါတလေတော့လည်း ဈေးကွက်ပေါ်အစ်မရယ်။ ပရိသတ်ကမတွေ့ဘူးလေ၊ တချို့ပရိသတ်တွေက အငိုအယိုကားတွေ၊ အခြေခံ လူတန်းစားဇာတ်ကားမျိုးတွေမကြိုက်ကြတယ်။ တချို့တွေကြတော့လည်း ပေါ့ပေါ့ပါးပါးမှကြိုက်တာမျိုးတွေရှိကြတယ်။ အဲ့ဒီအပေါ်မှာ ကစ်ကတော့ ချိန်ပြီးရိုက်ရတာပေ့ါနော်။ ဈေးကွက်တွေ ဘာတွေထက် ပရိသတ်အကြိုက် ဇာတ်ကားလေးတွေကိုတော့ ရွေးချယ်ပြီးရိုက်တာများပါတယ်၊ ဇာတ်ကားတွေကမ်းလှမ်းလာပြီဆိုရင်လည်း ငါဒီလိုဇာတ်မျိုးနဲ့လိုက်ပါ့မလားလုပ်နိုင်ပါ့မလားဆိုတာပေါ်မှာလည်း မူတည်ပြီးမှ ငါမလုပ်ရသေးတဲ့ ဇာတ်လမ်းရှိသေးတယ်၊ ရိုက်ကြည့်ချင်တယ်၊ ကြိုးစားကြည့်ချင်တယ်ဆိုတဲ့ စိတ်လေးနဲ့လည်း ရိုက်ဖြစ်ခဲ့ပါတယ်။

**ဇာတ်ကားတစ်ကားရိုက်တဲ့အခါ ညီမလေးနဲ့လိုက်မယ့် မင်းသား ရွေးချယ်တာမျိုးရှိလား။**

ခုချိန်ထိတော့မရှိသေးပါဘူး။ ဇာတ်ကားပေါ်မူတည်ပြီးတော့ မင်းသားအပြောင်းအလဲတော့ရှိတာပေ့ါနော်။

**ညီမလေးရဲ့ဇာတ်ကားတွေက ကာရိုက်တာအစုံရိုက်ရတာဆိုတော့ ဇာတ်ကောင်တွေကိုဘယ်လိုလေ့လာလေ့ကျင့်ယူရလဲ။ ဆရာသမားတွေရဲ့အကူညီရောလိုလား။**

အမှန်တိုင်းပြောရရင်တော့

> အစကတည်းက အန်တီလေးက မေးပါတယ်..အသားပေါ် ဖယောင်းစက်ချရမယ့် ဇာတ်ဝင်ခန်းမှာတကယ်ပီပြင်သွားအောင်တစ်အသားပေါ် ချရဲလားမေးပါတယ်။ ချမယ်ကွာလို့ ဆုံးဖြတ်ပီတယ်။ အဲ့လိုကားလည်း တစ်ခါမှ မရိုက်ဖူးဘူး ဆိုတော့....အဓိကကတော့ဇာတ်ရုပ်ကို ပီပြင်အောင် ပုံဖိုးတဲ့သဘောပါပဲ။

ဆရာသမားတွေကလဲ ရိုက်ကွင်းပေါ်မှာ ရိုက်ရင်းသင်ရင်း၊ သင်ရင်းရိုက်ရင်းပေ့ါ။ အဲ့လိုပဲသင်ပေးသွားတဲ့ ဒါရိုက်တာတွေလည်းရှိပါတယ်။ တစ်ခါတလေကြရင်လည်းကိုယ့်ဟာကိုယ် ဇာတ်ကောင်တွေထွင်ရတာမျိုးလည်း ရှိပါတယ်။ ဘာပဲပြောပြော ဆရာသမား ဆိုတာကတော့ လိုအပ်ပါတယ်။

**ဇာတ်လမ်းတစ်ပုဒ်မှာ ဘာအဓိက အကျဆုံးလို့ ညီမလေးထင်လဲ။**

ဇာတ်ကားတစ်ခုမှာ ဒါရိုက်တာက အဓိကအကျဆုံးပါ။ ပြီးတော့ ဇာတ်ညွှန်းကလည်း အဓိကကျပါတယ်။ နောက်မှ မင်းသား၊ မင်းသမီးအပါအဝင် ဇာတ်ကားထဲမှာပါဝင်တဲ့ ဇာတ်ဆောင်အမျိုးမျိုးရဲ့ သရုပ်ဆောင်ပီပြင်မှုပေ့ါနော်။

**ရုပ်ရှင်ဇာတ်ကားကြီးနဲ့ Video ကားလေးတွေမှာ သရုပ်ဆောင်ရတာ ဘာကွာသွားတယ်လို့ ထင်လဲ။**

ကွာခြားမှုကတော့ရှိတယ်၊ ဒါပေမဲ့ အားစိုက်ရတာခြင်းအတူတူပါပဲ။ Film ဆိုရင်တော့ Video ရိုက်သလိုမျိုးရိုက်လို့မရဘူးပေ့ါ။ အချိန်ပေးရတယ်။ ရိုက်ကူးမှုပြုလုပ်တဲ့အခါ အမှားနည်းနိုင်သမျှနည်းအောင်ကြိုးစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ Film ကကုန်ကျငွေနဲ့ Video တစ်ကားကုန်ကျငွေက ကွာတယ်လေ။

**ဒါရိုက်တာနေပိုင်ရဲ့ 'ဝိညာဉ်ဆိုတဲ့ သီချင်းသံ' ဇာတ်ကားမှာဆိုရင် ဂိုင်းစုနိုင်သိန်းနဲ့ မင်းသမီးနှစ်ယောက် အပြိုင်သရုပ်ဆောင်ရတာဆိုတော့ ဒီဇာတ်ကားကိုဘယ်လိုပုံစံမျိုးနဲ့ရွေးချယ်ပြီးဝိညာဉ်ဇာတ်ကောင်ကို ဘယ်လိုရိုက်ဖြစ်သွားတာလဲ။**

ဝိညာဉ်ကားတော့ တစ်ခါမှမရိုက်ဖူးပါဘူး။ ထူးထူးခြားခြားလေးဖြစ်သွားအောင်ဆိုပြီးတော့ ဒီဇာတ်လမ်းကိုရိုက်ဖြစ်သွားတာပါ။ ဇာတ်လမ်းကိုဖတ်ကြည့်တော့ ဇာတ်လမ်းလေးကိုကြိုက်တာလဲပါပါတယ်။ Video အနေနဲ့ဝိညာဉ်ကားကို ဒီတစ်ကားပဲရိုက်ဖူးတာပါ။ နောက်ထပ်ရိုက်ထားတာမရှိပါဘူး။ အမှတ်တရလေးလည်းဖြစ်သွားတာပေ့ါနော်။

**ဝိညာဉ်ကားဆိုရင် ပြောရရင် 'သရဲကား' ပေ့ါနော်၊ အရွယ်ကြီးတွေနဲ့ သွေးသံတရဲရဲဇာတ်ကားတွေကပိုများတယ်။ ဒီကားလေးက သရဲကြောက်တတ်တဲ့ သူတောင်သရဲမကြောက်နိုင်တော့ဘဲ ကြေကွဲစရာ သနားစရာ တကယ့်အဖြစ်အပျက်လိုခံစားသွားရတယ်လို့ ပြောလာတဲ့ ပရိသတ်ရဲ့စကားအသံအပေါ် ညီမလေးရဲ့ခံစားချက်လေးကို သိချင်ပါတယ်။**

သရဲကားကို ကစ် ကိုယ်တိုင်ရိုက်ရမယ်ဆိုတော့ ကိုယ့်ရုပ်ကြီးကိုကြောက်စရာကောင်းအောင်ခြယ်ပြီးတော့ မရိုက်ချင်ဘူး။ ကြည့်ရတာတော့ ကြိုက်တယ်လေ။ ကိုယ်ကိုယ်တိုင်ကြတော့ ကြောက်စရာရုပ်ကြီး စိတ်ပျက်စရာရုပ်ကြီးနဲ့

မရိုက်ချင်ဘူးပေါ့။ ဇာတ်လမ်းအရ လည်း သရဲကားဆိုပေမယ့်။Drama ဘက်ချိုးသွားတဲ့ဇာတ်မျိုးလေး ဆိုတော့ ကစ်လည်း ကြိုက်တာ နဲ့ရိုက်ဖြစ်သွားတာပါ။ ဒီလိုဗီဒီယို ကားလေးနဲ့ပတ်သက်ပြီး ကစ်ကို အားပေးကြတဲ့ ပရိသတ်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒါရိုက်တာ ဇနိးကြီးရဲ့ 'လတ်ခုပ်ထဲကလမင်း' DVD ဇာတ်ကားကြီးကို နဝဒေးရုပ်ရှင်ရုံမှာ ရုံတင်ပြသတုန်းက လာရောက်ကြည့်ရှုသူများကို ပါဝင်တဲ့သရုပ်ဆောင်တွေက အမှတ်တရလက်မှတ်ရေးထိုးပေးမယ်ဆိုပြီးကြေညာထားလို့ ညီမလေးကိုကြိုက်ကြတဲ့ပရိသတ်တွေက မင်းသမီး ဝတ်မှုန်ရွှေရည်ကို အပြင်မှာလည်းမြင်ချင်၊ လက်မှတ် လည်း အမှတ်တရလိုချင်လို့ လာကြတဲ့အခါ ဇာတ်ကားထဲမှာ ပါဝင်တဲ့ အခြားသရုပ်ဆောင်တွေသာလာပြီး ညီမလေးနဲ့ကိုလူမင်းဖြစ်တဲ့မင်းသားကြီးနဲ့ မင်းသမီးကြီး မလာတော့ စိတ်ညစ်သွားရတဲ့ ညီမလေးကိုလာအားပေးတဲ့ ပရိသတ်ကြီး အတွက် အဲ့ဒီနေ့က ဘာဖြစ်လို့ မလာဖြစ်တဲ့ အကြောင်းလေး ပြောပြပေးဦးနော်။**

အမှန်တကယ်ဆို အခု အစ်မ ပြောမှပဲသိတာပါ။ တကယ်ပြောတာပါ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေကျရင်လည်း Producer တွေဘက်က သူတို့ကြေညာထားတာကို မင်းသား၊ မင်းသမီး မအားဘူးထင်ပြီး မပြောဘဲကြေညာလိုက်တာလည်းပါမယ်ထင်တယ်။ ဒါပေမဲ့ ကစ်ကတော့ ကစ်နာမည် ကြေညာပြီးသားသိတဲ့အခါဆိုရင် မဖြစ်မနေတော့လုပ်ပေးပါတယ်။ အခုဟာက ကစ်တို့ကိုလည်း အစီအစဉ်လုပ်ထားတယ်လို့ လာမပြောဘူး။ ပြောရင်တော့လည်း ကြေညာထားပြီးပြီဆိုတော့ ပရိသတ်တွေကိုလည်း အဲ့လို မထိမှငြင်မလုပ်ဘူးပေါ့နော်။ ကြိုပြီးပြောထားလို့ သိရင်လည်း ကစ်ကို အားပေးနေတဲ့ ပရိသတ်တွေအတွက် လေးလေးစားစားနဲ့ကိုလာပေးမှာပါ။

**ကိုလူမင်းနဲ့ရိုက်တဲ့ 'တစ်ရက်ကနေ နှစ်ရက်' ကားထဲမှာလည်း ညီမလေးသရုပ်ဆောင်တဲ့ အခန်းက အသည်းယားစရာ၊ ရင်ဖိုစရာလို့ ပရိသတ်တွေကပြောကြတယ်။ အဲ့ဒီဇာတ်ကားထဲမှာ ဒါရိုက်တာကိုပေါက်ကိုယ်တိုင် မိန်းကလေးတွေများစွာနဲ့ပတ်သက်ပြီး မတရားမှုပြုလုပ်ပုံတွေကို အင်တာနက်ပေါ်တင်ပြီး သိက္ခာချတဲ့ဇာတ်ဝင်ခန်းကလည်း အရင်ကရိုက်ဖူးတဲ့ဇာတ်ကားမျိုးဆင်တူယိုးမှားတောင်မရှိတာတွေ့ရတယ်။ အဲ့ဒါကြောင့် ဒီကားလေးနဲ့ပတ်သက်ပြီး ပရိသတ်ကိုဘယ်လို Message ပေးချင်တာလဲ။**

အဓိကကတော့ ဒီကားလေးမှာ ဘယ်သူ့ကိုမဆို အလွယ်တကူနဲ့ မယုံမိဖို့ပေါ့နော်။ ပညာပေးဇာတ်ကားလေးပါ။ ပြီးတော့ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ တချို့ဆယ်ကျော်သက်လေးတွေဆို မနူးမနပ်နဲ့ တစ်ဦးတစ်ယောက်ကို ယုံကြည်မှုပိုကဲသွားတာလေးတွေရှိတတ် တယ်လေ။ အဲ့ဒီအတွက် ပညာပေးပြီးရိုက်ကူးထားတာပါ။ မိဘတွေ အနေနဲ့လည်း ကိုယ့်သားသမီးကို စောင့်ရှောက်လို့ရအောင်၊ သားသမီးတွေအနေနဲ့လည်း ဆင်ခြင်လို့ရအောင်၊ ကြောက်သွားတဲ့အောင်ရိုက်ပြပေးထားတာပေါ့နော်။

**ညီမလေးရဲ့ရွေးချယ်တဲ့ဇာတ်နဲ့ဝတ်ပုံစားပုံ၊ကာရိုက်တာတချို့ဟာ နယ်ပရိသတ်တချို့အတွက် အံဝင်ခွင်ကျမဖြစ်ဘူးလို့ ကြားရတယ်။အဲ့ဒီအပေါ် ညီမလေးရဲ့ ထင်မြင်ယူဆချက်လေး ပြောပြပေးပါဦး။**

ခုနကပြောခဲ့သလို ပေါ့နော်။ ပရိသတ်က အမျိုးမျိုးရှိတယ်ဆိုတာလေ၊ လူတန်းစားအမျိုးစုံ၊ အရွယ်အမျိုးစုံ၊ ကိုယ့်ကို အားပေးတဲ့ ပရိသတ်ကအမျိုးစုံရှိတာဆို တော့။ 'အစ်မ ခုနကမေးတယ်လေ။ ဇာတ်ကားတစ်ကားကို ဘယ်လိုမျိုးရွေးချယ်ပြီးတော့ ရိုက်ကူးလဲဆိုတာ' လိုလေ။ ကစ်တို့ဘက်ကတော့ အလွှာမျိုးစုံ၊ ကစ်ကိုအားပေးနေတဲ့ မြို့တွေ၊ နယ်တွေမှာ ရှိတဲ့ပရိသတ်တွေ အကြိုက်အနေ၊ အကြမ်း၊ ဟော့ ရှော့၊ ဗီလိန် နေရာမျိုးကအစ ပရိသတ်အကြိုက်ဖြစ်အောင် ဇာတ်ကားမျိုးစုံ၊ ကာရိုက်တာမျိုးစုံနဲ့ ရိုက်ပြရတာပါ။ ခုနကမေးတဲ့ '3 & 4' ဇာတ်ကားဆိုရင် ဇာတ်ကားရဲ့ Frame အရရောရ၊ ဇာတ်လမ်းအရပါ International ဇာတ်ဖြစ်နေတယ်။ ရိုက်ထားတာကလည်းရရ International School နိုင်ငံခြားဘာသာရပ်သင်ကြားတဲ့ကျောင်းမှာ ရိုက်ထားတာဆိုတော့ ဘွတ်ဖိနပ်လေးတွေ၊ စကတ်တိုတိုလေးတွေ ဝတ်ရတဲ့ နိုင်ငံခြား High School ကျောင်းသူပုံစံလေးဖြစ်အောင် ဝတ်ဆင်ရတာဆိုတော့ ဇာတ်နဲ့လိုက်အောင် ဝတ်စားဆင်ယင်တဲ့သဘောပါ။ နိုင်ငံခြားဘာသာ ကျောင်းမှာ သွားရိုက်ပြီးတော့ အဖြူ၊ အစိမ်း ဝတ်စုံနဲ့ရိုက်ရင် ဘယ်အဆင်ပြေပါ့မလဲ၊ ဇာတ်နဲ့လည်း တခြားစီဖြစ်သွားမှာပေါ့။ အဲ့လို လွဲချော်မှုတွေဖြစ်တဲ့အခါ ပရိသတ်က ပိုပြီးတော့ Minus ပိုဖြစ်မယ်ဆိုတဲ့ အတွက် ဒါရိုက်တာရဲ့ Idea ရယ်၊ ဇာတ်လမ်းအရရယ်ကြောင့် ကစ်တို့ ဝတ်ဆင်ရတာပါ။

**ကိုလူမင်းနဲ့ ရိုက်တဲ့ 'ချာတိတ်' ကားမှာဆိုရင် ညီမလေးက ဘယ်လိုနေရာကနေသရုပ်ဆောင်ပြီး ပရိသတ်ကိုဘယ်လို Message မျိုးလေး ပေးချင်တာလဲ။**

'ချာတိတ်' ဇာတ်လမ်းလေးကတော့ ဖန်စီလေးပါပဲ အစ်မရယ်။ လူငယ်ဇာတ်ကားလေးပါပဲ။ ကစ်နဲ့လည်းလိုက်အောင်၊ ဖန်ကယ်လေးနဲ့လည်း လိုက်အောင် ရိုက်ကူးထားတဲ့ဇာတ်ကားလေးပေါ့နော်။ ပရိသတ်ကြည့်တဲ့အခါ ပျော်ရွှင်စရာ၊ Relax ဖြစ်စရာလေးတွေနဲ့ ပျော်ရွှင်စေချင်တဲ့သဘောပါ။

**ညီမလေးကို မေးတာလည်း များနေပြီဆိုတော့ အခု နောက်ဆုံးအနေနဲ့ ရိုက်ထားတဲ့ဇာတ်ကားလေးတွေကိုလည်း ပရိသတ်မျှော်လင့်လို့ရအောင် မိတ်ဆက်ပေးပါဦး။**

နောက်ဆုံးအနေနဲ့ကတော့ ချောင်းသာမှာ ကိုနေတိုးနဲ့တစ်ကား၊ မြင့်မြတ်နဲ့နှစ်ကား ရိုက်ထားပါတယ်။ ရန်ကုန်ပြန်ရောက်တော့ ဒါရိုက်တာ ကိုပေါက်ရယ်၊ ကိုစိုင်းစိုင်းခမ်းလှိုင်ရယ်နဲ့ တစ်ကားရိုက်တယ်။ ပြီးတော့ ကားကြီးတစ်ကား လက်ကျန်ဖြတ်တယ်။ ခုနောက်ဆုံး ရိုက်ထားတဲ့ ဇာတ်ကားလေးတွေကတော့ ဇာတ်ရုပ်လေးတွေလည်း ထူးခြားတယ်။ ဇာတ်ကားလေးလည်း စိတ်ဝင်စားစရာကောင်းအောင် အရင်နဲ့မတူတာလေးတွေ ရိုက်ထားပါတယ် အစ်မ။

**ညီမလေး အခုလိုစိတ်ရှည်လက်ရှည်ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ညီမလေးရဲ့ ပရိသတ်အတွက် ကျေးဇူးတင်နှုတ်ဆက်စကားလေး ပြောပေးပါဦးနော်။**

အစ်မက.. ကစ်ကို ဇာတ်လမ်းတွေနဲ့ပတ်သက်ပြီး Interview တာဆိုတော့လည်း ကစ် ဝတ်စားရတာတွေဟာ သရုပ်ဆောင်ရတဲ့ ကာရိုက်တာတွေ၊ ဇာတ်ရဲ့ ဖန်တီးမှုတွေ ဒါရိုက်တာရဲ့ အိုင်ဒီယာကြောင့် ဇာတ်လမ်းနဲ့ လိုက်ဖက်အောင် ဝတ်စားဆင်ယင်ရတာပါလို့ အံဝင်ခွင်ကျမဖြစ်တဲ့ ပရိသတ်တွေကို ပြောပြချင်ပါတယ်။ ပရိသတ်တွေကတော့ ရှော့ကြိုက်တဲ့ ပရိသတ်တွေရှိသလို၊ မြန်မာဆန်ဆန်ကြိုက်တဲ့ ပရိသတ် တွေလည်း ရှိတယ်လေ၊ ပရိသတ်အကြိုက် အမျိုးအစားအလိုက် မတူအောင်လို့ ကစ်က အားလုံးအကြိုက်နဲ့ ကိုက်အောင်လို့ ကာရိုက်တာ တစ်ခု သတ်သတ်မှတ်မှတ်မသွားဘဲနဲ့ မျိုးစုံအောင်လို့ မြန်မာဝတ်စုံလေး ဝတ်လိုက်၊ ဂါဝန်လေးဝတ်လိုက်၊ ဘောင်းဘီတိုလေး ဝတ်လိုက်နဲ့ ကာရိုက်တာပေါ် မူတည်ပြီး ပြောင်းပြီး ဝတ်ဆင်ရတာမျိုးလေးတွေ ရှိတာပါ။ အမြဲတမ်းကြီး ထဘီဝတ်နေတော့လည်း ပရိသတ်က ရိုးသွားမှာပေါ့နော်။ အဲ့ဒါကြောင့် ပရိသတ်တွေနဲ့ တိုက်ရိုက်မထိတွေ့၊ တိုက်ရိုက် ပြောခွင့်မရပေမယ့် စာနယ်ဇင်းကနေတစ်ဆင့် ပရိသတ်နဲ့ ရင်နှီးပြောဆိုခွင့်၊ ပရိသတ်ပြောတာတွေ ပြန်သိ၊ ပြန်ပြောပြနိုင်အောင် အခုလိုမေးပေးတဲ့ မမိုးသောက်ကြယ်ကိုလည်း ကစ်က ကျေးဇူးတင်ပါတယ်။ ကစ်ကို အားပေးနေတဲ့ ပရိသတ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကစ်ကိုချစ်တဲ့ ကစ်ကချစ်တဲ့ ပရိသတ်အားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးပါတယ်။

**မိုးသောက်ကြယ်**



Asian Fame Media Group
MEDIA GROUP



# သူပြောတဲ့ သူ့အကြောင်း

မော်ဒယ် - နဝရတ်
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)
စီစဉ်သူ - သီတာစိုး

**အနုပညာလောကကို စတင်ဝင်ရောက်လာစဉ် ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေက. . .**

ရိုက်တဲ့ပုံစံတွေကို သိပ်နားမလည်ဘူး။ ရိုက်နေတဲ့ ၃၊ ၄ နှစ်အတွင်းမှာ ရှုတင်မသွားချင်ဘူး။ use to မဖြစ်သေးဘူး။ ရှုတင်သွားရမှာကို ကြောက်နေတာပေါ့နော်။ ဦးကျော်နဲ့ဆိုတော့ ဆူမှာ အရမ်းကြောက်နေတယ်။ ဖိုက်တင်တွေကလည်း လုပ်ရတာအရမ်းခက်တယ်လေ။ နောက်ပိုင်းကျတော့မှ တဖြည်းဖြည်းအသားကျသွားပြီး ပျော်သွားတာ။ ဆူတဲ့အချိန်တွေမှာ စိတ်ဓာတ်ကျပြီး ထွက်ပြေးချင်တာပေါ့နော်။ အရမ်းကြီး ဆိုးဆိုးရွားရွားတော့ မရှိပါဘူး။ သူများတွေလို အနိမ့်ခံရတာမျိုးတွေ မရှိပါဘူး။ ငိုတဲ့အခန်းတွေဆိုရင် ငိုချင်အောင် အပြင်မှာ တကယ်စိတ်ဆိုးအောင်၊ ငိုချင်အောင် ပြောပြီး ငိုမှ ရိုက်တာလေ။

**ပရိသတ်နဲ့ ကိုယ်နဲ့ တစ်သားတည်းဖြစ်သွားခဲ့တဲ့ အောင်မြင်မှု**

'ရှုပြီ' ဆိုတဲ့ ဇာတ်ကားလေးကို ပရိသတ်တွေ ကြိုက်ခဲ့ကြတယ်။ အဲဒီတုန်းက အစ်မကိုယ်ပိုင် ဂျစ်ကားလေးနဲ့ပေါ့။ ကားကို ကိုယ်တိုင်မောင်းပြီး ဆံပင်အဖြောင့်လေးနဲ့ ဒီဇိုင်းကို ပရိသတ်တွေ

Asian Fame Media Group
MEDIA GROUP



ကြိုက်ကြတယ်။ အစ်မက dance ကို ငယ်ငယ်ကတည်းကဝါသနာပါတော့ မမြရွှေဝါတို့နဲ့သေချာသင်ပြီး 'ရူးပြီ' ဆိုတဲ့သီချင်းနဲ့ ကခဲ့တာပေါ့နော်။ နောက်ပိုင်းမှာတော့ 'စိန်ခလုတ်' ကို ကြိုက်ကြတယ်။



**နဝရတ်ရဲ့ ပျော်ရွှင်တဲ့အချိန်များ**

အေးအေးဆေးဆေး သက်သက်သာသာနဲ့ ခရီးသွားရရင် ပျော်တယ်။ အေးတဲ့နေရာတွေကို အလုပ်မပါဘဲ ခရီးထွက်ရရင် ပျော်တယ် (ရယ်လျက်)။ ကိုယ်သရုပ်ဆောင်ထားတဲ့ ဇာတ်ကားတွေ ပရိသတ်ရင်ထဲရောက်သွားပြီး ပရိသတ်ဆီက အားပေးတဲ့အသံတွေကိုကြားရရင် အရမ်းပျော်ပါတယ်။ အစ်မ နယ်သွားလို့ အစ်မကို မြင်ရင် 'စိန်ခလုတ်' လို့ခေါ်ပြီး အားပေးကြတယ်။ နယ်တွေမှာဆိုရင်တော့ အစ်မနာမည်က 'စိန်ခလုတ်' ပဲ (ရယ်လျက်)။

**နဝရတ် သည်းခံမပေးနိုင်တဲ့လုပ်ရပ်**

အစ်မက နားညည်းမခံနိုင်ဘူး။ အေးအေးဆေးဆေး နားအေးပါးအေးပဲ နေချင်တယ်။ လူတွေအများကြီး ရှုပ်ယှက်ခတ်နေရင်လည်း မကြိုက်ဘူး။




**ဘဝရဲ့နောက်ဆုံးအချိန်အထိ မဖြစ်မနေ လုပ်ကို လုပ်သွားမယ်ဆိုတဲ့ ကိစ္စ**

အစ်မက အစ်မစိတ်ကို အေးအေးချမ်းချမ်း ထားတယ်။ ငြိမ်းချမ်းအေးဆေးတဲ့ နေရာတစ်ခု မှာ တရားအားထုတ်ပြီး နေချင်တယ်။ အဲဒါက တော့ ငယ်ငယ်ကတည်းက အခုထိ စိတ်ကူးထား တဲ့ အတွေးလေးပါ။ အဲဒီလိုမျိုးတော့ မဖြစ်မနေ လုပ်ချင်ပါတယ်။

**တစ်ချိန်မှာ ကိုယ့်သမိုင်းကြောင်းကို ဒီလို ပြောပြီး ကျန်ခဲ့စေချင်တယ်။**

အစ်မ သရုပ်ဆောင်ထားတာတွေက ပရိသတ်ရင်ထဲ ရောက်ရမယ်။ ပရိသတ်က အသိအမှတ်ပြုပြီးတော့ လေးလေးစားစားနဲ့ ပရိသတ်ရင်ထဲမှာ နဝရတ်ဆိုပြီး တစ်နေရာပေးပြီး သား ဖြစ်စေချင်တယ်။ နဝရတ်ကားတွေကို စိတ်ဝင်စားပြီး ဂရုစိုက်ကြည့်တာမျိုး ဖြစ်စေချင်ပါ တယ်။ နောင်တစ်ချိန်မှာလည်း အဲဒီလိုပဲ ဖြစ်နေ စေချင်ပါတယ်။



**အနုပညာရှင်တစ်ယောက်ရဲ့ အကယ်ဒမီ ရင်ခုန်သံ**

အစ်မကတော့ 'တိမ်မင်းသမီးရဲ့ ဒဏ္ဍာရီ' ဇာတ်ကားနဲ့ အကယ်ဒမီရချင်တာပေါ့နော်။ (ရယ်လျက်)။ အစ်မတစ်ယောက်တည်း မဟုတ် ပါဘူး။ အစ်မဇာတ်ကားထဲမှာပါတဲ့ သူတွေအကုန် လုံးကို ရစေချင်တာပါ။ ဒီနှစ်မှာ ၁၀ ဆုပေးရင် ၁၀ ဆုလုံးရစေချင်ပါတယ်။ ကျော်ဟိန်းတပည့် ပီပီ လောဘကြီးတာပေါ့နော် (ရယ်လျက်)။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဖွဲ့လုံးကောင်းတယ် လေ။ မခိုင်ကြီးလည်း သရုပ်ဆောင်တာ အရမ်း ကောင်းပါတယ်။

**အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်။**

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာပါ။

**နဝရတ်ရဲ့ မိဘအပေါ်ထားတဲ့ စိတ် သဘောထား**

အစ်မကတော့ ငယ်ငယ်ကတည်းက တစ်သက်လုံး မိဘအတွက်ပဲတွေးတယ်။ အခု ထက်ထိလည်း မိဘအတွက်လုပ်ပေးနေတုန်းပဲ။ မိဘနဲ့ပဲ နေတယ်။ အိမ်ထောင်လည်း မပြုဘူး။ အစ်မမိဘက ယူနိုင်းပါတယ်။ အစ်မကိုယ်တိုင်ကို က မပြုချင်တာပါ။ အေးအေးဆေးဆေးပဲ နေချင် တာကိုး။ အခုထိလည်း အမေကြောင့် အနုပညာ အလုပ်တွေ ဆက်လုပ်ဖြစ်တာပါ။ ကိုယ်ကိုယ်တိုင် ဆိုရင်တော့ ပင်ပန်းတာတွေ မလုပ်ချင်ဘူး။ (ရယ်လျက်)

**နဝရတ်ရဲ့ အနာဂတ်အစီအစဉ်**

အစ်မလုပ်နိုင်သလောက် အနုပညာအလုပ် တွေ လုပ်သွားမှာပါ။ လုပ်သင့်သလောက်လည်း လုပ်ခဲ့ပြီးပါပြီ။ အခုထက်ပိုပြီး ကောင်းအောင် လည်း လုပ်ချင်ပါတယ်။ မြန်မာပြည်မှာဆိုရင် တော့ ပရိသတ် သန်း ၆၀ နဲ့ နဝရတ်နဲ့က တစ်သားတည်းကျသွားပါပြီ။ မြန်မာ့ရုပ်ရှင် ကမ္ဘာ ကို ထိုးဖောက်ဖို့အတွက် မလေးရှားကနေ စမယ် ပေါ့နော်။ အဲဒီကနေ နောက်ပိုင်းမှာ အများကြီး လုပ်ဖို့ ရှိပါတယ်။

**သီတာစိုး**

Asian Fame Media Group
MEDIA GROUP

# သူတို့ပြောတဲ့ S

**ဒီလမှာတော့ စာရေးဆရာ
ပန်းချီဆရာမေညှန့်ဝေ၊
မောင်လွင်မွန်(ကသာ)နဲ့ တေးရေး တေးဆို၊
စာရေးဆရာအရိုးတို့ရဲ့ S စကားလုံးတွေကို
ဖော်ပြပေးလိုက်ပါတယ်။**

ဒီလိုမဟုတ်ဘဲ
အတ္တသမားတွေနဲ့ ပုလင်းတူဘူးဆို
လုပ်သူတွေများနေရင် တိုင်းပြည်က
သွေးတွေ မျက်ရည်တွေ လွှမ်းနေဦးမှာပါပဲ။
ဒါတင်မကသေးပဲ အများအတွက်
စွန့်စားအနစ်နာခံလုပ်ပါတယ်ဆိုတဲ့ သူတွေ
အချင်းချင်းထဲမှာတောင် အတ္တစိတ်နဲ့
အနိုင်လုတာကိုလျှော့ပြီး နားလည်မှုနဲ့ ညှိနှိုင်း
အဖြေရှာမှသာ တကယ့်အများအကျိုးကို
ဆောင်ရာကျမှာဆိုတာကိုလည်း
သတိပေးလိုပါတယ်။

ဒါကြောင့် ကိုယ်လည်း
အလုပ်ကျတော့ မန္တစတမ်း
ဆိုပြီး ၈၈ ရုန်းကန်မှုထဲမှာ ဘဝကို
ပုံအပ်ခဲ့တာပါပဲ။ ပြည်သူအားလုံးက
သမိုင်းနဲ့ ချီတဲ့ အပြောင်းအလဲအတွက်
ရုန်းကန်မှု ဆိုတော့လည်း နှစ်တွေချီ
ပေးဆပ်ရပြီး ဒီနေ့အထိလည်း
ဒီရုန်းကန်မှုရလဒ် တချို့တစ်ဝက်
ကိုပဲ ရသေးတယ်လေ။



ရှင်သန်ဖို့ကြိုးစားတာမှာလည်း
၃ မျိုးရှိတယ်၊ ကိုယ့်တစ်ကိုယ်ရေ
ရှင်သန်ဖို့ ရပ်တည်နေတယ်။ နောက်ပြီး
ကိုယ့်တစ်ကိုယ်ရေပြင်ပ ရှင်သန်ဖို့
ရပ်တည်နေတာ။ နောက်ဆုံး တစ်ခုက
ကိုယ့်ကမ္ဘာကြီးအတွက် ရှင်သန်ဖို့
ကြိုးစားတာတွေပေါ့။

Asian Fame Media Group
MEDIA GROUP



# ဖေညွန့်ဝေ

**Selfish**

Selfish ဆိုတာတော့ ကိုယ့်အတွက်ပဲ ကြည့်တာကို ပြောတာပေါ့။ လူတွေကပြောနေကြတဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတာမှာ အနုပညာသမားတွေက လောဘအကြီးဆုံးပဲ။ အနုပညာလောဘပေါ့လေ။ Artist တွေရဲ့ လောဘက အနုပညာအပေါ်မှာ ထားတဲ့လောဘပေါ့။ ဒါပေမဲ့ တစ်ခါတလေမှာ အဲဒီစိတ်က Selfish ဖြစ်သလို ဖြစ်သွားနိုင်တယ်။ လောဘဖြူပါဘဲ။ ဒါကို Stuck-up လို့ခေါ်တယ်။ အနုပညာသမားက ဘာမှအလေးမထားဘဲ ဒီအနုပညာပေါ်မှာပဲ စိုက်လိုက်မတ်တတ်လုပ်တယ်။ အနုပညာကိုပဲ အလေးထားတယ်။ ကျွန်တော်ဆိုလည်း တစ်ကိုယ်ကောင်းဆန်လားဆိုရင် ကျွန်တော့်ရဲ့ ပန်းချီပညာနဲ့ ပတ်သက်ရင် တစ်ကိုယ်ကောင်းဆန်တယ်ပြောရမယ်။

**Struggle**

Struggle ဆိုတာ ရုန်းကန်ရတာပေါ့။ လူ့ဘဝကတော့ ရုန်းကန်ရမှာပဲ။ Life is Struggle တောင်ဆိုတာကိုး။ နိယာမပဲ။ ဒါပေမဲ့ တချို့က အများထက်ပိုပြီး ရုန်းကန်ရတာရှိတယ်။ တချို့က သက်သောင့်သက်သာပဲ ရုန်းကန်ရတာရှိတယ်။ အဲဒီမှာမှ အနုပညာသမားက ဘဝနဲ့ အနုပညာကို တစ်ထပ်တည်းထားတဲ့ သူတွေဆိုတော့ ပိုပြီး ရုန်းကန်ရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံက နှစ် ၅၀ လောက် ချောင်ပိတ်မိခဲ့တာ။ လုပ်ခွင့်မရခဲ့ဘူး။ ဒီတော့ ရုန်းကန်ရမှုက ပိုပြီး ကြီးတယ်။ စနစ်တစ်ခုရဲ့ သားကောင်ဖြစ်နေတာကိုး။ အခုလို ကမ္ဘာကြီးက ရွာဖြစ်ပြီလည်းဆိုရော ကျွန်တော်တို့က နောက်မှာ အများကြီးကျန်ခဲ့နေပြီ။ ကျွန်တော့်အတွက် Struggle ဆိုရင်တော့ ကျွန်တော်ရဲ့ လူငယ်အရွယ်မှာ အများကြီးပဲ။ ကျွန်တော့်ရဲ့ အနုပညာတွေမှာ ပြချင်တာတွေကို ပြခွင့်၊ ရေးဆွဲခွင့်တွေ မရခဲ့ဘူး။ အများကြီးဆုံးရှုံးခဲ့ရတယ်။ အခု ကျွန်တော်တို့ နောက်လာ မျိုးဆက်သစ်တွေကိုတော့ ကျွန်တော်တို့လို အဖြစ်မခံနိုင်တော့ဘူး။

**Survival**

Survival ဆိုတာတော့ ရှင်သန်ခြင်းပေါ့။ လူတွေက ကိုယ်ရှင်သန်နိုင်တာထက် ပိုပြီး ရှင်သန်ချင်ကြတယ်။ Survival မှာ Struggle တွေရှိတာပေါ့။ ကျွန်တော်ဆိုရင် ဘူတန်နိုင်ငံက ဘုရင်ရဲ့ သဘောကို အရမ်းကြိုက်တယ်။ သူတို့က သူတို့နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို G.D.P (Gross Domestic Progress) နဲ့ မတိုင်းဘူး။ GNH (Gross National Happiness) နဲ့ တိုင်းတယ်။ လူတစ်ဦးချင်းရဲ့ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ တိုင်းပြည်ဖွံ့ဖြိုးမှုကိုတိုင်းတယ်။ ကျွန်တော်တို့ Artist တွေက စိတ်ပျော်ရွှင်ဖို့ အဓိကလိုအပ်တယ်၊ ဒါမှ ရှင်သန်နိုင်ကြမှာ။ ပန်းချီဆရာတွေဆိုရင် တကယ် Survival ဖြစ်ဖို့ ဟိုးအရင်တုန်းကတော့ ခက်ခဲတယ်။ ဒီဘက်ခေတ်မှာတော့ Commercial ပိုင်းတွေမှာပါ လုပ်ခွင့်ရကြတော့အရင်ခေတ်တုန်းလို မဟုတ်တော့ဘူး။ Fing Art ပိုင်းမှာလည်း အရင်လိုမဟုတ်တော့ဘူး။ ကိုယ့်ပညာနဲ့ အသက်မွေးလို့ရပါပြီ။ ဒါပေမဲ့ ရေမြင့်မှကြာတင့်မယ်ဆိုတာမျိုး၊ နိုင်ငံတော်ကလည်း တစ်မျိုးတစ်ဖုံနဲ့ အားပေးတာမျိုးလုပ်ပေးသင့်တယ်။ နောက်ပြီး ဒီဘက်ခေတ်က နည်းပညာခေတ်ဆိုတော့ နောက်ပိုင်းကလေးတွေက နည်းပညာအကူအညီတွေကို သိပ်အားကိုးကြတယ်။ ဖြစ်နိုင်ရင်တော့ အနုပညာဆိုရင် Artwork စင်စစ်ဖြစ်ရင် ကောင်းတာပေါ့။

# မောင်လွင်မွန် (ကသာ)



**Survival**

Survival ဆိုတာကတော့ ရှင်သန်လွန်မြောက်တာ၊ ပျက်စီးကျဆုံးမှုကို ရင်ဆိုင်ကျော်လွှားနိုင်တာကို ဆိုလိုတာပါပဲ။ တစ်ခါတစ်ခါ မှာ ဘာလမ်းကြောင်းပေါ်မှာ လောကဓံလှိုင်းရိုက်ချက်တွေက သိပ်ကြီးတယ်၊ ပြင်းထန်တယ်။ ဒီတော့ ကင်စားပြောရရင်တော့ လောကရေပြင်ကျယ်ထဲမှာ အသည်းအသန် ကူးခပ်ရုန်းကန်ရတာ ရှိပါတယ်။ ကူးခပ်ရင်းနဲ့ လှိုင်းတွေကို ကျော်သွားနိုင်တာ၊ ရပ်တည်ပြီး ခြေထောက်ထောက်မိတဲ့ အနေအထားမျိုးရောက်တာစတဲ့ အဆင့်မျိုး အလွယ်တကူမရတဲ့အခါမှာ လူက ကိုယ့်ဘာသာ မယုံမရဲဖြစ်လာတတ်တယ်လေ၊ ဒီလိုနဲ့ဆက်ပြီး ကူးခပ်ဖို့ အားပျက်သွားတတ်ပါတယ်၊ ဒီအခက်အခဲကို ငါကျော်နိုင်ပါ့မလား၊ ဒီဒုက္ခဝဲထဲက ငါလွတ်ထွက်နိုင်ပါတော့မလားလို့ သံသယဖြစ်လာတတ်တာပေါ့။ အဲဒီအခါမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကျဆင်းပြီး အခက်အခဲဒုက္ခလှိုင်းတွေ ဝဲဂယက်တွေကို ကျော်တဲ့အထိ ဆက်ကူးခပ်ဖို့၊ ဒါမှမဟုတ် ထောက်တည်မှီရာရသည်အထိ ကြိုးစားဖို့ မဖြစ်နိုင်တော့ဘူးဆိုပြီး လမ်းတစ်ဝက်မှာပဲ အရှုံးပေးလက်မြှောက်သွားတတ်ပါတယ်။ တစ်နည်းအားဖြင့် ရှင်သန်လွတ်မြောက်မှု (Survival) ကို လက်လွှတ်ဆုံးရှုံးသွားတယ်လို့ ဆိုရမှာပေါ့။ ဒီနေရာမှာ စာရေးဆရာ အက်ဒဝင်လူးဝစ်စ်ကိုးလ်ရဲ့ အဆိုအမိန့်တစ်ခုကို သတိရမိတယ်။ သူက "You don't drown by falling in the water; you drown by staying there." 'ခင်ဗျား ရေထဲ လိမ့်ကျလို့ ရေနစ်တာ မဟုတ်ပါဘူး။ အဲဒီထဲက ရုန်းမထွက်ဘဲ နေလို့ပါ' တဲ့၊ အဲဒါ ဟုတ်ပါတယ်။ ရေထဲ လိမ့်ကျတယ်ဆိုတာမျိုးက ဘဝမှာ မကြာခဏ ကြုံရတတ်တယ်လေ။ ကံမကောင်းလို့ဖြစ်ဖြစ်၊ ခြေချော်လက်ချော်ဖြစ်ဖြစ် ကျနိုင်တယ်။ ပြီးတော့ ရေထဲကျနိုင်တယ်လို့ သိရက်နဲ့ ကိုယ့်ယုံကြည်ချက်နဲ့ ဆက်လျှောက်ရင်း ဖြစ်ဖြစ်၊ ဒါမှမဟုတ်လည်း တစ်ယောက်ယောက်က တမင်တွန်းချလို့ဖြစ်ဖြစ်၊ တစ်ခါတလေလည်း ရေနစ်သူကိုဆယ်ရင်း သူက သတိလက်လွှတ်ဆွဲချလို့ ကိုယ်ပါမြုပ်ကျတာ ဖြစ်

ဖြစ် အမျိုးမျိုး ဖြစ်နိုင်တာပဲပေါ့။ ဒါပေမဲ့ ရေထဲ ရောက်သွားပြီဆိုရင် ဗြောင်း . . . ငါနှယ်ဖြစ်မှဖြစ်ရလေဆိုပြီး ညည်းနေလို့မဖြစ်ဘူး။ ဒါမှ မဟုတ် ကုန်းပေါ်ကလူတွေကို ငေးနေ ဝမ်းနည်းနေလို့ မဖြစ်ဘူး။ ကိုယ့်ရှင်သန်ဖို့ အသည်းအသန် ရုန်းကန်ကူးခပ်ရမှာ။ ဒီလို ကူးနေတဲ့အချိန်မှာတော့ လှောင်ပြောင်တဲ့သူတွေ၊ နှိမ်ပြီး ဆက်ဆံသူတွေ၊ အဖက်မလုပ်ချင်သူတွေနဲ့ မလွဲမသွေကြုံရမယ်။ ဒီလိုပဲ အားပေးသူ၊ နှစ်သိမ့်သူတွေ၊ ဖေးမကူညီသူတွေနဲ့လည်း ကြုံမှာပေါ့နော်။ ကူညီသူတွေထဲမှာက ကိုယ်လိုပဲ ရုန်းကန်နေရတဲ့ ရေနစ်သူချင်းထဲက လည်း ဖြစ်နိုင်တယ်၊ ဖြစ်တတ်တယ်ပေါ့။ ကူညီသူဟာ ဘယ်သူဖြစ်ဖြစ် သူ့အတွက် ဝန်မလေးဘဲ လွယ်လင့်တကူ ကူညီနိုင်တာမျိုးဆိုရင်တော့ ကိုယ့်အတွက်လည်း အထောက်အကူဖြစ်မယ်ဆိုရင် လက်ခံလိုက်ပေါ့နော်။ ဒီလိုပဲ နှုတ်နဲ့အားပေးတာ၊ စိတ်ခွန်အားဖြည့်ပေးတာတွေကိုလည်း ဝမ်းသာအားရပဲ လက်ခံရယူလိုက်ပေါ့။ နှိမ်တဲ့သူ၊ အဖက်မလုပ်တဲ့သူတွေကိုလည်း ကိုယ်ရင့်ကျက်အောင်၊ ခံနိုင်ရည်ပိုရှိအောင် လေ့ကျင့်ပေးသူများလို့ ကျေးဇူးတင်လိုက်နိုင်ရင်တော့ ပိုကောင်းတယ်။ ဒီလို ကျေးဇူးမတင်နိုင်ရင်တောင် သူတို့ရဲ့သဘောထားဆိုးဆိုးနဲ့ ဆက်ဆံရေးခပ်ညံ့ညံ့တွေကို ဂရုစိုက်လက်ခံနေဖို့ အချိန်မရှိဘူးလို့ပဲ သဘောထားလိုက်ရင် အဆင်ပြေသွားလိမ့်မယ်။ နောင်မှာ ကိုယ်အခုဘဝအခက်အခဲတွေကို ရှင်သန်ကျော်လွှားအောင်မြင်တဲ့အခါကျ ကိုယ့်ကို ဦးစားပေးချဉ်းကပ်လာမယ့်သူတွေထဲမှာ သူတို့ဟာ ထိပ်ဆုံးကပါနေတတ်တာ တွေ့ရလိမ့်မယ်။ ဘဝအတွေ့အကြုံနဲ့ယှဉ်ပြီး ပြောရမယ်ဆိုရင်တော့ ကိုယ်ဖြတ်သန်းလာတဲ့ဘဝကို ပြန်ကြည့်လိုက်တဲ့အခါ ရုတ်တရက် ရေထဲပြုတ်ကျသလို ကြုံရတာဟာ ခဏခဏပဲ ဆိုတာ တွေ့ရပါတယ်။ ကိုယ်ဘွဲ့ရပြီး အရာရှိဖြစ်ဖို့ ရှစ်နှစ်လောက်အသည်းအသန် ရုန်းကန်ကြိုးစားခဲ့ရတယ်။ ဒါပေမဲ့ အရာရှိသက်သုံးနှစ်အရမှာ ၈၈ အရေးအခင်းလုပ်ရှားမှုမှာ ကိုယ့်ရုံးမှာ ခေါင်းဆောင်ပြီး ပါဝင်ခဲ့လို့ အလုပ်က အနားပေးတာခံရပါတယ်။ အဲဒီတုန်းက ကိုယ့်ရဲ့ မိသားစု ဘဝကအိမ်ထောင်ဦး၊ ရန်ကုန်ကိုပြောင်းလာစ၊ အိမ်ပိုင်မရှိ ဘာမရှိ၊ ဇနီးက ကိုယ့်မျက်နှာကြည့်ပြီး မလည်မဝယ်နဲ့ ရန်ကုန်ကိုလိုက်လာစ၊ သမီးက သုံးနှစ်အရွယ်မှာ ကိုယ်အလုပ်ပြုတ်သွားတာပါပဲ။ အလုပ်က နှုတ်ထွက်ရတာမဟုတ်ဘဲ နိုင်ငံရေးနဲ့ပတ်သက်နေတော့ ကိုယ့်မိသားစုနဲ့ ဆက်ဆံပြောဆိုရင်ပဲ ထောင်ကျတော့မလို ထင်နေတဲ့ကာလဆိုတော့ ကူညီမယ့်သူရှားပြီး ခေါ်မယ့်ပြောမယ့် သူတောင်မရှိတာမျိုး ကြုံခဲ့ရတယ်။ ပြောတဲ့စကားတွေကလည်းတစ်ဆင့်စကားနဲ့ ကိုယ့်နားပြန်ပြန်ရောက်လာတာ၊ 'တော်တော်မိုက်တဲ့လူ' 'ဒီလူက အရူးထတာပဲ' 'နိုင်ငံရေး မှိုင်းမိသွားတာလေ၊ မိသားစုကသနားစရာ' စတာမျိုးတွေပေါ့။ တချို့ ကိုယ့်လူကြီးသူမအရွယ်ထဲက လူတွေဆို အိမ်လာပြီး မျက်နှာချင်းဆိုင်တိုက်ရိုက်လာပြီး ဝေဖန်ဆုံးမတာတွေတောင် ရှိတယ်။ ဒါတွေကို နကမွတ် မတုန်မလှုပ် ခံနိုင်ရည်ရှိခဲ့တာတော့ မဟုတ်ပါဘူး။ ပုထုဇဉ်ပီပီပဲ ဝမ်းနည်းတာပဲ၊ အားငယ်တာပဲ၊ ပြီးတော့ ကိုယ့်ကြောင့် ဖြစ်သလို နေရစားရတဲ့ မိသားစုကိုကြည့်ပြီး စိတ်မချမ်းသာလည်း ဖြစ်တာပေါ့။ ဒါပေမဲ့ 'ငါမှန်တာလုပ်ခဲ့တာပဲ' ဆိုတဲ့ စိတ်တစ်ခုနဲ့ပဲ ရပ်တည်ပြီး ရုန်းကန်ရင်း လွတ်မြောက်ကျော်လွှားနိုင်ခဲ့တယ် ထင်တာပါပဲ။ ပြီးတော့ ကိုယ်က နိုင်ငံရေးနယ်ထဲ အမှတ်မထင်ရောက်သွားတာဖြစ်ပြီး တစ်သက်လုံးလုပ်ဖို့ ရည်ရွယ်တာမဟုတ်ဘူး။ ခဏပဲဆိုတော့ ဒီတစ်နှစ်နှစ်နှစ်ရုန်းကန်လိုက်ရင် ပြီးသွားမယ်ထင်တာလည်း ပါတယ်။ တစ်နေ့မှာ ပြည်သူအားလုံး ထွက်ပေါက်ရတဲ့တစ်နေ့မှာ ကိုယ်လည်း အတူတူ

> ဒီတော့ အဲဒီ ကာလမှာ စားလောက်ရုံပဲငွေရှာပြီး နိုင်ငံရေးနယ်ထဲမှာ ဘဝကိုနှစ်ပြီးလုပ်ခဲ့ပါတယ်။နောက်တစ်နှစ်ကျော် နှစ်နှစ်အတွင်းလုပ်မယ့် ရွေးကောက်ပွဲအထိ တောင့်ထားပြီး အဲဒါပြီးရင် ကိုယ့်ဘဝလမ်းကိုယ် ဆက်လျှောက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ရုန်းကန် ကျော်လွှားခဲ့တာပါပဲ။

ရှုမှာပဲလို့ ယုံကြည်ထားတာလေ။ ဒီတော့ အဲဒီကာလမှာ စားလောက်ရုံပဲငွေရှာပြီး နိုင်ငံရေးနယ်ထဲမှာ ဘဝကိုနှစ်ပြီး လုပ်ခဲ့ပါတယ်။နောက်တစ်နှစ်ကျော် နှစ်နှစ်အတွင်းလုပ်မယ့် ရွေးကောက်ပွဲအထိ တောင့်ထားပြီး အဲဒါပြီးရင် ကိုယ့်ဘဝလမ်းကိုယ် ဆက်လျှောက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ရုန်းကန်ကျော်လွှားခဲ့တာပါပဲ။ ဒါပေမဲ့ ရွေးကောက်ပွဲအပြီးမှာ ကိုယ့်ပါတီက အနိုင်ရပေမယ့် ကိုယ်မျှော်လင့်ခဲ့သလို နိုင်ငံရေးဘဝကိုရပ်တန့်ပြီး ကိုယ့်မူလဘဝလမ်းကြောင်း ပြန်လျှောက်ဖို့က အခွင့်မသာခဲ့ဘူး။ ကိုယ်နဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်တွေ အဖမ်းခံရပြီး နောင်တော့ ကိုယ်ထောင်က ထွက်လာချိန်၊ ကိုယ်လေးစားတဲ့ခေါင်းဆောင် နှစ်ဦးက ပါတီကထုတ်လိုက်တော့ မကျေနပ်ဘဲ ပါတီကို မသွားရာကနေ ပါတီလှုပ်ရှားမှုနဲ့ဝေးသွားတယ်။ ဒီတော့ တစ်ကိုယ်တော် နိုင်ငံရေး လှုပ်ရှားမှုတွေပဲ ဆက်လုပ်၊ ဒီကနေ ပုဂ္ဂလိကဘဏ်လောကမှာ အရာရှိပြန်ဖြစ်။ အဲဒီအချိန်မှာ နိုင်ငံရေးအကျဉ်းသားတွေအတွက် ထောက်ပံ့ပေးဖို့ ကိုယ်တို့နီးရာလူတွေစုပြီး ပိုင်းလုပ်ရင်း ဒီငွေတွေကို ကိုင်ထားသူ အဖမ်းခံရလို့ ငွေအမိကရှာပေးထားတဲ့ ကိုယ်က ကိုယ့်လခထက် အဆနှစ်ဆယ်အစိတ်လောက်ရှိတဲ့ ငွေတွေကို စိုက်လျှော်ရတယ်။ နောက်ဆုံး ဝယ်ထားတဲ့ အိမ်တောင်ရောင်းပြီး လျှော်လိုက်ရတယ်။ ဒါက ဒုတိယအကြိမ် ရေထဲကျတာ။ ဒီကနေ မမျှော်လင့်ဘဲ ထောင်ခုနစ်နှစ်ကျသွားတယ်။ ဒါက တတိယအကြိမ် ရေထဲကျတာပဲပေါ့။ နောက်တော့ ထောင်ကပြန်လွတ်လာချိန် နိုင်ငံရေးအကျဉ်းသားထောက်ပံ့ရေးကို တစ်နိုင်တစ်ပိုင်ဆက်လုပ်တယ်။ အဲဒီအချိန်မှာပဲ ဘဏ်ချေးငွေရဖို့ သေချာနေတဲ့ စာရေးဆရာကြီးတစ်ယောက်ရဲ့ ယာယီလိုတဲ့ငွေကို အာမခံပြီးရှာပေးရာက ဘဏ်တွေပျက်သွားပြီး ဘဏ်ကငွေမချေးနိုင်။ စာရေးဆရာကြီးကလည်း ပြန်မပေးတော့ ငွေ ၃၆ သိန်းကို အတိုးရောအရင်းပါ လျှော်ခဲ့ရပါတယ်။ ဒါက စတုတ္ထအကြိမ် ရေထဲကျတာ။ အဲဒီလို ရေထဲကျတဲ့ အခါတိုင်းမှာ ကိုယ်ဟာ ရှင်သန်ဖို့လည်း ရုန်းကန်တယ်၊ တစ်ဖက်မှာလည်း ငါရှင်သန်ဖို့တောင် မနည်းလုပ်နေရချိန်မှာ 'ဒါတော့မတတ်နိုင်တော့ဘူး' ဆိုပြီး ကတိပျက်တာတို့၊ တာဝန်မဲ့တာတို့စတဲ့ ရှေးကြောင်းတွေထဲ ဘယ်တော့မှ ရေစုန်မမျောခဲ့ဖူးဘူး။ ဆိုလိုတာက ကိုယ်မသုံးတဲ့ငွေကို နှစ်ကြိမ်လျှော်ခဲ့တယ်။ ငွေချေးထားသူတွေက ကိုယ်စိုက်လျှော်ခဲ့ရတယ်ဆိုတာ သိတောင် မသိကြဘူး။ ဒါပေမဲ့ ကိုယ်ကျေနပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကူးနိုင်ခပ်နိုင်ရင် ရှင်သန်လွတ်မြောက်နိုင်တယ်ဆိုတာကို ကိုယ်ယုံကြည်တဲ့အတိုင်း မှန်တယ်လို့ ကိုယ့်ကိုယ်ကိုယ်သက်သေပြနိုင်လို့ပါပဲ၊ ကိုယ်ကတိပျက်တဲ့လူမဖြစ်ခဲ့တာ၊ တာဝန်မဲ့သူမဖြစ်ခဲ့တာကို လိပ်ပြာလုံနိုင်မှုအတွက် ကျေနပ်ပါတယ်။ ပြီးတော့ နိုင်ငံရေးရုန်းကန်မှုလုပ်ရင်း စာပဲရေးပြီး ဖြတ်သန်းချင်ပေမယ့် အဲဒီလို ရေထဲပြုတ်ကျတဲ့ အဖြစ်တွေကြောင့် အချိန်ပေးပြီး အလုပ်တွေ အစုံလုပ်ခဲ့ရတယ်။ စာရေးချင်သလောက် မရေးခဲ့ရဘူး။ ဒါပေမဲ့ ရုန်းကန်ကြိုးစားလို့ ရှင်သန်ရလွတ်မြောက်ရတဲ့အရသာနဲ့ ရှေ့ဆက်ရမယ့်ခရီးမှာ ကိုယ့်ကိုယ်ကိုယ် အပြည့်အဝ ယုံကြည်မှုရတာကတော့ ငွေတွေရှာနိုင်ခဲ့ရက်နဲ့ကိုယ်မဝယ်ခဲ့နိုင်တဲ့ တိုက်တွေကားတွေထက် ပိုအဖိုးတန်တယ်လို့ ထင်တာပါပဲ။

### Struggle

နောက်တစ်ခု Struggle ဆိုတာကတော့ ခုနကပြောတဲ့ Survival ဆီရောက်အောင် ရုန်းကန်လှုပ်ရှားရတာကို ပြောတာပါပဲ။ ကိုယ်အထက်မှာ ပြောခဲ့သလို ဘွဲ့ရပြီး နယ်ကနေပြီး အရာရှိစာမေးပွဲကို ရန်ကုန်ကိုလာလာဖြေနေတာ ခုနစ်



Asian Fame Media Group



# အရိုး

**Selfish**

Selfish ဆိုတာကို အများက မြင်တာတော့ တစ်ကိုယ်ကောင်းဆန်တယ်လို့ မြင်ကြတယ်။ ဒီစကားလုံးကို သုံးတဲ့အခါ မကောင်းတဲ့ဘက်ကို ယိုင်ပြီးသုံးကြတာ များတယ်။ အတ္တဆိုရင် Ego လို့ သုံးတယ်။ Selfish က Ego ထက် သာတယ် ပြောရမယ်။ ကျွန်တော့်အမြင်ပြောရရင်တော့ Selfish က နှစ်ပိုင်းရှိတယ်။ တစ်ကိုယ်ရေ Selfishness နဲ့ Public Selfishness ဆိုတာပါ။ တစ်ကိုယ်ရေ Selfishness က ဘယ်လိုဟာမျိုးလဲဆိုရင် Bus ကားပေါ်မှာ အများဆုံးတွေ့ရလေ့ရှိတဲ့ အကျင့်မျိုးတွေပေါ့။ သူများခြေထောက်ကို နင်းလိုက်တာမျိုး၊ ခုံနေရာဦးတာ လုတာမျိုး၊ ကိုင်စရာနေရာကနေမရွှေ့ဘဲ ပေပြီးရပ်နေတာမျိုး သာမန် Selfish ပေါ့။ သာမန်မဟုတ်တဲ့ Selfish မျိုးလည်းရှိတယ်။ ဥပမာ - အများနဲ့ ခရီးသွားတဲ့အခါ နေရာကြိုဦးထားတာမျိုး၊ အစားအသောက်ကောင်းတွေကိုလည်း ရှေ့နောက်မကြည့်ဘဲ ကိုယ်ပဲ စားလိုက်တာမျိုးတွေပေါ့။ Public Selfishness က ဘယ်လိုလဲဆိုတော့ စီးပွားရေး၊ နိုင်ငံရေး၊ ဘာသာရေးတွေနဲ့ ဆိုင်သွားတယ်။ ဥပမာ - တစ်ကမ္ဘာလုံးမှာ ကိုယ့်ဘာသာပဲ ရှိစေချင်တာမျိုး၊ ဘာသာရေးနဲ့ နယ်ချဲ့တာမျိုးပေါ့။ အစုအဝေးအလိုက်နဲ့ ယုံကြည်ချက်ကြောင့်ဖြစ်နေတဲ့ Selfish ပေါ့။ ဒါမျိုးတွေက အန္တရာယ်ရှိတယ်။ နိုင်ငံရေးအရ Selfish က ကျတော့ ဥပမာ - နိုင်ငံကြီးတွေက နိုင်ငံငယ်လေးတွေ နိုင်ငံလတ်တွေအပေါ် လွှမ်းမိုးချင်ကြတာမျိုးပေါ့၊ ဒါက ကျယ်ပြန့်တဲ့ Selfish ပဲ။ အဲဒီတော့ အဲဒီလို Selfish ကနေ War အထိ ရောက်သွားရော။ လူတွေက စစ်ဆိုရင် လက်နက်တွေကိုင်စွဲပြီး တိုက်နေတဲ့စစ်မျိုးကိုပဲ မြင်တတ်ကြတယ်။ Selfish ကနေဖြစ်လာတဲ့ စစ်မျိုးတွေကို မမြင်တတ်ကြဘူး။ စီးပွားရေးအရ လွှမ်းမိုးတာမျိုးတွေပေါ့၊ အခု မြန်မာပြည်မှာဆိုရင် တရုတ်နဲ့ အမေရိကန်ရဲ့ စီးပွားရေးက ဒီမှာလာပြီး ဆောင့်နေတယ်။ Selfish ကို အသေးစိတ်ပြောရရင် သတ္တဝါတွေရဲ့ သဘာဝပါပဲ၊ တိရစ္ဆာန်တွေမှာလည်း ရှိတယ်။ ဒီ Selfish ကို ကောင်းတဲ့ဘက်ကနေ အသုံးချလို့ရတယ်။ ဥပမာ - ငါမလိမ်ဘူးဆိုပြီး ပြတ်ပြတ်သားသား နေတာမျိုးပေါ့။

> အခု မြန်မာပြည်မှာဆိုရင် တရုတ်နဲ့ အမေရိကန်ရဲ့ စီးပွားရေးက ဒီမှာလာပြီး ဆောင့်နေတယ်။ Selfish ကို အသေးစိတ်ပြောရရင် သတ္တဝါတွေရဲ့ သဘာဝပါပဲ။ တိရစ္ဆာန်တွေမှာလည်း ရှိတယ်။ ဒီ Selfish ကို ကောင်းတဲ့ဘက်ကနေ အသုံးချလို့ရတယ်။ ဥပမာ – ငါမလိမ်ဘူးဆိုပြီးပြတ်ပြတ်သားသားနေတာမျိုးပေါ့။

**Survival**

Survival ဆိုတာ Survive ကနေ လာတာပါ၊ Survive ဆိုတာ ရှင်သန်ဖို့အတွက် ရုန်းကန်တွန်းထိုးလှုပ်ရှားရတာကို ပြောတာ။ ရှင်သန်ဖို့ကြိုးစားတာမှာလည်း ၃ မျိုးရှိတယ်၊ ကိုယ့်တစ်ကိုယ်ရေရှင်သန်ဖို့ ရပ်တည်နေတယ်။ နောက်ပြီး ကိုယ့်တစ်ကိုယ်ရေပြင်ပ ရှင်သန်ဖို့ ရပ်တည်နေတာ၊ နောက်ဆုံးတစ်ခုက ကိုယ့်ကမ္ဘာကြီးအတွက် ရှင်သန်ဖို့ကြိုးစားတာတွေပေါ့။ တစ်ကိုယ်ရေကတော့ ရှင်းပါတယ်။ ကိုယ့်တစ်ကိုယ်ရေပြင်ပကတော့ နည်းနည်းလေးနက်လာတယ်။ ကိုယ့်နိုင်ငံကို ကမ္ဘာ့အလယ်မှာ Survive ဖြစ်ဖို့ ကျွန်တော်တို့နိုင်ငံက ကြိုးစားနေရတယ်။ Theoratically အရ ကြိုးစားနေရတယ်။ တတိယ Survive ကတော့ ကမ္ဘာနဲ့ဆိုင်ပြီး လုပ်ရတာ။ ကမ္ဘာကြီးပူနွေးလာတာကို ဝိုင်းပြီး Survive လုပ်ရတယ်၊ ကမ္ဘာကြီးခြောက်သွေ့လာတာကို ဝိုင်းပြီး Survive လုပ်ရတယ်။ ကမ္ဘာကြီးပေါ်မှာ ရောဂါအသစ်တွေ ပေါ်ထွက်လာတာကို ဝိုင်းပြီး Survive လုပ်ရတယ်။ ဒီလို ကမ္ဘာကြီးနဲ့ဆိုင်တဲ့ဟာကို Survive လုပ်တဲ့ ကိစ္စတွေကို လူငယ်တွေ သိထားရမယ်။ ဘာလို့လဲဆိုတော့ ဒီကမ္ဘာကြီးကို လက်ဆင့်ကမ်း ရမှာက လူငယ်တွေမို့လို့ပါ။

**Struggle**

Struggle ကို လက်ရှိအများက ဘယ်လိုမြင်လဲဆိုတာနဲ့ ဆိုင်တယ်။ တချို့ကတော့ Life is Struggle လို့ ပြောကြတယ်။ တချို့ကတော့ Struggle ကို ဖွဲ့တစ်ခုလို အသုံးချကြတယ်။ ဥပမာ - သူ့ရဲ့အားနည်းချက်တွေ၊ ပညာရပ်ဆိုင်ရာတွေ၊ အတတ်ပညာတွေကို သင်တဲ့အခါ ကြိုးကြိုးစားစားနဲ့ကို ရုန်းကန်ကြတယ်။ ဒါမျိုးကလည်း Struggle ပါပဲ၊ တချို့က ဒီ Struggle ကို မကောင်းတဲ့ဘက်မှာ သုံးကြတယ်။ အဲဒါက အယူသည်းမှုနဲ့ တယူသန်ဆန်မှုတွေမှာ သုံးတာမျိုးပေါ့။ ဥပမာ - လေယာဉ်ပျံကြီးကို မောင်းနှင်ပြီး တိုးခွဲလိုက်ဖို့အတွက် ၁၈ နှစ်၊ နှစ် ၂၀ လောက် သင်တန်းတွေမှာ ရုန်းကန်ပြီး တက်တာမျိုးပေါ့။ သူ တစ်နေ့သေဖို့အတွက် လက်ရှိမှာ ရုန်းကန်ကြိုးစားနေတာမျိုးပေါ့။ ဒါ အရမ်းကြောက်ဖို့ကောင်းတယ်။ ဘဝမှာ ပညာရှာတဲ့အခါ၊ ဥစ္စာရှာတဲ့အခါ လူတိုင်းကတော့ Struggle လုပ်ရတာပဲ။ ဒါမှလည်း များများနဲ့မြန်မြန်တတ်မှာပါ။ အခု လောလောဆယ်မှာတော့ လူငယ်တွေအများစုက ဘဝမှာ နည်းနည်းလေးအဆင်မပြေတာနဲ့ Struggle လုပ်ရတယ်ဆိုပြီး အော်နေကြတယ်။ အမှန်ကတော့ ဘဝက Struggle မဟုတ်သေးပါ။ တကယ် Struggle လုပ်ရတာက ကိုယ့်ဘဝတိုးတက်ရေး၊ ကိုယ့်နိုင်ငံတိုးတက်ရေးအတွက် ကြိုးစားတဲ့အခါ လုပ်ရမှာပါ။ ကောင်းတဲ့ဘက်မှာ Struggle လုပ်တာက လုပ်သင့်တယ်လေ။

**မြိုးစုဝိုဝို**

Asian Frame Media Group

## Music+ Yati

### သတင်းကောင်းနဲ့ သတင်းဆိုး

# ပြောဖို့ကိုနေသူ လင်းနစ်

ZIGZAG




'ဂီတလောကသားများ ဖတ်ရန်' ဆိုသည့် စာတစ်ပုဒ်ကို facebook က သူ့ page မှာ ဖတ်ရစဉ်က ဒါသူရေးတာမှ ဟုတ်ရဲ့လားလို့ သံသယဝင်မိသွားသည်။ ဂီတအစည်းအရုံးမှာ ပြဿနာတချို့ ဖြစ်ချိန် ဂီတလောကသားတွေ စိတ်နှလုံး မသာမယာဖြစ်ချိန်မှာ ပေါ့ပေါ့ပါးပါး ဖြစ်စေချင်တဲ့သဘောနဲ့ ရယ်စရာဟာသ စာလေး တစ်ပုဒ် စတင်ကာ သူရေးခဲ့သည်တဲ့။ ဖတ်ရသူတိုင်း သဘောကျရာက စာရေးပါ စာရေးပါ တောင်းဆို တိုက်တွန်းသံတွေကြောင့် အားတက်ပြီး စာတွေလည်း သူရေးဖြစ်နေသည်။ Sunday Journal မှာ သူရေးသည့် 'တစ်နှစ်တာအတွက် အကောင်းဆုံးပရိုသတ်' ကို ဖော်ပြခံခဲ့ရသည်။ ဒီစာမူနှင့်ပတ်သက်ပြီး သူ့ status မှာ ဒီလို သူရေးခဲ့တာ တွေ့ဖူးသည်။

Asian Fame Media Group

"ကဲ. . . ဒါကတော့ ပထမဆုံးရတဲ့ စာမူခလေးပါ။ ကျွန်တော်ရဲ့သီချင်းရေးခနဲ့ ယှဉ်ရင် (25:1) လောက်ကွာပေမယ့် ဒီစာမူခလေးကိုတော့ တန်ဖိုးထားပါတယ်။ မြန်မာပြည်က စာရေးဆရာတွေ ကဗျာဆရာတွေရဲ့ ဘဝကို ကိုယ်ချင်းစာခံစားရလို့ စိတ်မကောင်းပါဘူး။ လောလောဆယ် သီချင်းတစ်ပုဒ်ရေးစရာ ရှိနေသေးလို့ ပြီးရင် စာတွေထပ်ရေးပါဦးမယ်"

ခုတော့ စာရေးခြင်းက သီချင်းရေးခြင်းလို သူ့အာရုံကို ရစ်ပတ်နှောင်ဖွဲ့ခဲ့ပြီပေါ့။ ဒီလူငယ်လေးက လင်းနစ်လို့မဖြစ်ခင် အခြားလူငယ်အများစုလို သီချင်းတွေအော်ဆိုခဲ့ဖူးသည်။ 20 **years before** သီချင်းတွေက သူ့ပါးစပ်ဖျားမှာ မင်းမူခဲ့ဖူးသည်။ စည်သူလွင်၊ လေးဖြူတို့ရဲ့သီချင်းတွေလည်း မဗီမကာမ်း ကလေးသိတစ်ဂက်နဲ့ သူအော်ဆိုခဲ့ရာကနေ ဂစ်တာကိုကိုင်မှ ဖြစ်တော့မည်လို့ သူဆုံးဖြတ်ကာ ၁၅ နှစ်အရွယ်လောက်မှာ သူငယ်ချင်းတစ်ယောက်ကို သင်ခိုင်းသည်။

"သူငယ်ချင်းက ကော့ဒ်တစ်ခု စပြတယ်၊ ထုံးစံအတိုင်း C ပေါ့။ ပြီးတော့ Am၊ အဲ နောက်တော့ ဘာစီတ်ကူးပေါက်တယ် မသိဘူး "ဟေ့ကောင် မေ့လိုက်တော့ကွ၊ ငါမင်းကို အလကားနောက်နေတာ၊ အဲဒါတွေက ဘာမှမဟုတ်ဘူး၊ မင်းသင်ချင်ရင် သင်တန်းတစ်ခုမှာ စနစ်တကျသွားသင်၊ နို့မို့ဆို ငါတို့လို လမ်းဘေးတဒေါင်ဒေါင်ပဲဖြစ်နေမှာ၊ မင်းက ငါတို့နဲ့မတူဘူး၊ မင်းကဒါနဲ့ပတ်သက်ပြီး တကယ်လုပ်မှာလို့ စဉ်းစားထားတဲ့ကောင်၊ ငါခုနက ပြထားတာတွေ မေ့လိုက်တော့" ဆိုပြီး ကျွန်တော့်လက်ထဲက ဂစ်တာကို ပြန်ယူသွားတယ်ဗျ။သူ့တိုက်တွန်းချက်နဲ့ နောက်တော့ သင်တန်းတက်ဖြစ်သွားတယ်။ ဂစ်တာကိုပေါက်က ကျွန်တော့် လက်ဦးဆရာပေါ့။ ဒါပေမဲ့ ကံမကောင်းစွာနဲ့ နှစ်လပဲတက်ခွင့်ရလိုက်တယ်။ သီချင်တာတွေ ဒီလိုပဲ အပြင်မှာပဲ စမ်းတဝါးဝါးနဲ့ လေ့လာခဲ့ရတယ်ဗျ"

သူ့ကို သင်တန်းတက်ဖို့ တိုက်တွန်းတဲ့ သူငယ်ချင်းက 'သီဟ'၊ ခုထိလည်း အချစ်ဆုံး သူငယ်ချင်းတွေထဲကတစ်ယောက် သီဟကို ကျေးဇူးတင်နေမိကြောင်း မမေ့မလျော့ သူပြောပြခဲ့သေးသည်။လွယ်လွယ်ကူကူသီချင်းတွေ ရှာဖွေတီးခဲ့ရာကနေ သိပ်မကြာခင်မှာပဲ သူသီချင်းစရေးသည်။ နာရီလက်တံ အယ်လ်ဘမ်ထဲ မှာပါသည့်



'ဂစ်တာမတီးတော့တဲ့ညတွေ' သီချင်းက သူ ၁၇ နှစ်လောက်က ရေးခဲ့သည့် သီချင်း။ ငယ်ငယ်တုန်းကတော့ သူအဆိုတော်ဖြစ်ချင်၊ နာမည်ကြီးချင်၊ အောင်မြင်ချင်ခဲ့။ လက်တစ်ဖက် မြှောက်ပြီး နှုတ်ဆက်လိုက်သည့်အပေါ်မှာ ပရိသတ်ဆီက ပေးခနဲအော်လိုက်သည့် တုံ့ပြန်မှုကို ခံစားချင်ရုံ ထက်မပိုခဲ့။ တဖြည်းဖြည်း ပြောင်းလဲလာသည့် အချိန်တစ်ခုက သူ့ကို ရင့်ကျက်စေခဲ့ သည်။

'making music' ဂီတတစ်ခု ဖန်တီးတယ်ဆိုတာ အဲဒါတွေထက်ပိုတဲ့ အဓိပ္ပာယ်တစ်ခုရှိတယ်လို့ ကိုယ်တိုင်ခံစား နားလည်လာခဲ့တယ်ဗျ။ အခက်အခဲတွေကတော့ များတယ်။ ငွေကြေး၊ အဆက်အသွယ်၊ ပတ်ဝန်းကျင်ရဲ့ဝေဖန်မှု အများကြီးပဲ၊ အပြုသဘောဝေဖန်တာတွေက အကျိုးရှိ

Asian Fame Media Group

နိုင်ပေမယ့် အဲ. . . မဆီမဆိုင် ဆရာကြီး ဝင်လုပ်ကြတာကတော့ အတော်ဆိုးတယ်ဗျာ။ ကျွန်တော်ကျောင်းပြီးလို့ အဆိုတော်လုပ်မယ်ဆိုတော့ ဝိုင်းပြောလိုက်ကြတာ ခုထိမမေ့သေးဘူး၊ ဘာတဲ့. . . 'ပညာတွေမှိုတက်ကုန်ပြီ' တဲ့ဗျ၊ အလုပ်မလုပ်ဘဲ သီချင်းရေးလို့နေလို့လေ၊ နောက်တစ်ခုရယ်စရာ ထပ်ပြောပြရဦးမယ်။ "ငါတို့တုန်းကလည်း ချစ်စမ်းမောင်နဲ့အတူ တွဲတီးဖူးတာပဲကွ၊ ဒီလမ်းကြောင်းကမလွယ်ပါဘူးကွာ" တဲ့။ သူ့စကားထဲမှာတင် အဖြေကရှင်းနေပြီ၊ အတူလုပ်ခဲ့တာချင်း အတူတူ ကိုချစ်စမ်းမောင်က ဘာလို့အောင်မြင်ပြီး သူက ဘာမှမဖြစ်သလဲ. . . ဆိုတာရှင်းပါတယ်၊ လူတစ်ယောက်နဲ့တစ်ယောက် ထူးချွန်တဲ့နေရာတစ်နည်းပြောရရင် ပါရမီကွာလို့ပါ"

သူ့မှာတော့ အဲဒီပါရမီပါသည်လို့ သူ့ကိုယ်သူယုံကြည်သလို သူ့သီချင်းဖန်တီးမှုတွေကို ကြည့်ချင်းအားဖြင့် ဂီတချစ်သူတိုင်းကလည်း သူ့ကိုယုံကြည်မှုတစ်ခု ရှိမှာသေချာသည်။ အဲသည်ယုံကြည်မှုနဲ့ အရာအားလုံးကို သူကျော်လွှားခဲ့သည်။ သူက ကျိုးကြောင်းရင်းမြစ် မခိုင်လုံသည့် ဝေဖန်မှုတွေကို ဂရုစိုက်ပုံမရ။ ဂရုသာစိုက်ခဲ့လျှင်လည်း ယခုနေ့လို တွေ့ဆုံမေးမြန်းခန်းကဏ္ဍတွေ ရှိလာမည်မဟုတ်။ ဝေဖန်မှုတွေကို ငြင်းဆန်လို့ရလောက်အောင် သူ့တာက လုံသည်။ သူ့ကိုယ်သူယုံကြည်စိတ်ချစွာဖြင့် demo albumလေး လုပ်ခဲ့သည်။ အဲသည်အကြမ်းထည်ကို ပြကြည့်ရာက Ezy က ကိုကျော်ဇင်သိန်းက သူ့ကို ကမ်းလှမ်းလာသည်။ ၂၀၀၆၊ ဒီဇင်ဘာ ၂၃ရက်နေ့မှာ ပွဲဦးထွက်တေးအယ်လ်ဘမ် 'ရင်ဘတ်ထဲက အိပ်မက်ဟောင်း' ထွက်ခဲ့သည်။ ဒုတိယအယ်လ်ဘမ်ကတော့ ၂၀၁၀ မှာ၊ title က 'နာရီလက်တံ'

"ဒီအယ်လ်ဘမ်ကိုလုပ်တော့ ကျွန်တော်အရမ်းကိုစိတ်လှုပ်ရှားခဲ့ရတယ်။ ကျွန်တော်အရမ်းကို ယုံကြည်ထားတဲ့ သီချင်းတွေ လုပ်ခွင့်ရခဲ့တယ်လေ။ ဒီ 'နာရီလက်တံ' အတွက် Pro က ကိုကျော်ဇေယျနဲ့ ကိုအောင်မင်းသိဏ်းတို့ကို ကျေးဇူးတင်မိတယ်။ ပထမ အယ်လ်ဘမ်နဲ့စာရင် 'နာရီလက်တံ' ကိုတော့ ပိုအားရလာတယ်။ ဒါပေမဲ့ ပထမအယ်လ်ဘမ်မှာ အပြည့်အဝကိန်းဝပ်ခဲ့တဲ့ အနုပညာ ရိုးသားမှုလေးတော့ နောက်ဘယ်တော့မှ ပြန်မရ နိုင်တော့ဘူးဗျ"

သီချင်းအများကြီးရှိတဲ့အထဲမှာ 'ဒီဇင်ဘာည'



Asian Free Media Group
MEDIA GROUP

က လူငယ်ထုကြားမှာ စွာထွက်ကာ ရေပန်းစားခဲ့သည်။ ဒီခံစားချက်က ပီတိဖြစ်စရာ။

"ဟုတ်တယ်ဗျ။ ဒီဇင်ဘာညကလူတော်တော်သိသွားတယ်။ ကျွန်တော်ပျော်တာပေါ့. . ကိုယ်တိုင်ရေးဆိုထားတဲ့ သီချင်းလေးတစ်ပုဒ်ဟာ တစ်နိုင်ငံလုံးက ဂီတပရိသတ်တွေ သိသွားတယ်ဆိုတဲ့ ခံစားချက်က နည်းနည်းနောနောမှ မဟုတ်တာ။ အဲဒီတုန်းက ဗီစီဒီခေတ်လေ။ အရုပ်မှမပါရင် သီချင်းသိပ်နားမထောင်တဲ့ အချိန်ကိုး၊ 'ရင်ဘတ် ထဲကအိပ်မက်ဟောင်း' က Audio CD ပဲ ထွက် သေးတဲ့အချိန်မှာ City FM5 အခွေထဲမှာ 'ဒီဇင်ဘာည' သီချင်းက အရုပ်ရောအသံပါ ထွက်လာခဲ့တယ်လေ၊ အဲဒီအချက်က လူပိုသိသွားစေတဲ့အချက်ပါပဲ။ ကျွန်တော်ပြောတာကို 'ရင်ဘတ်ထဲက အိပ်မက်ဟောင်း နားထောင်ဖူးတဲ့ ပရိသတ်တွေ သိပါလိမ့်မယ်၊ နှမြောစရာကောင်းတာက 'ရင်ဘတ်ထဲက အိပ်မက်ဟောင်း' ဟာ music video အဖြစ် အရုပ်နဲ့ ထွက်မလာခဲ့ဘူး"

လူတိုင်းမှာအကြိုက်ဆုံးတွေရှိသလို သူ့မှာလည်းအကြိုက်ဆုံးတွေရှိသည်။ ဒါပေမဲ့ သိပ်တော့ များများစားစားမဟုတ်ခဲ့။

"တေးရေးထဲမှာ ကိုအယ်လ်ဖြူကြိုက်သလို အဆိုထဲမှာတော့ ကိုစည်သူလွင်နဲ့ မတင်ဇာမော်ကြိုက်တယ်ဗျ။ ဂစ်တာသမားထဲမှာ ကျွန်တော့်အကြိုက်က ကိုရန်နိုင်ပေါ့။ Band ကိုပြောရရင် ကျွန်တော့်သီချင်းတွေကို အမြဲတီးခတ်ပေးနေတဲ့ SoUndSqUare Band ပေါ့ဗျာ၊ ကျွန်တော့်ကို စိတ်ရှည်တာ ဒီလူတွေပဲ ရှိမယ်ထင်တယ်ဗျ"

Maroon 5, Coldplay, Keane, Travis, Muse, The Rasmus, Bruno Mars စသဖြင့် သူ့အကြိုက်တွေကို ပြောပြခဲ့သေးသည်။ အကြိုက်နှင့်လေးစားမှုက မတူ။ ထူးအိမ်သင်ကတော့ သူ့အတွက် အမြဲလေးစားသမှုရှိရသည့် ပုဂ္ဂိုလ်။ ဒါကြောင့်ပဲ ထူးအိမ်သင်ချစ်သူတွေ ဝိုင်းဝန်းပြုလုပ်ကြသည့် အမှတ်တရနေ့မှာ သူ့ကို ဂစ်တာတစ်လက် နှင့် တွေ့ရဖူးသည်။ music အတွက် ဘယ်လို အချိန်သီးသန့်ပေးထားသလဲ မေးမိလို့ သူသဘောကျတာ ရယ်သည်။

"ဗျာ. . . သီးသန့်အချိန်၊ နောက်သလို ဖြစ်နေတယ်ဗျာ။ ကျွန်တော့်ခေါင်းထဲမှာ အချိန်ပြည့် music အကြောင်းပဲ စဉ်းစားနေတာ၊ လမ်းလျှောက်ရင်းလည်း သီချင်းဆိုရင် ဆိုနေမိတတ်တယ်၊ ညာလက်ကို ဂစ်တာ fretကိုလုပ် ဘယ်လက်က chords တွေကိုင်ပြီးလည်း တီးရင်တီးနေတတ်တာ၊ အရမ်းပင်ပန်းစားရင်းနဲ့လည်း လက်ဟန်ခြေဟန်တွေ လုပ်လုပ်နေမိရတာနဲ့ အဲဒီလို အချိန်ပြည့် သီချင်းဂီတက ကျွန်တော့်ကိုလွှမ်းမိုးနေတာ၊ သီးသန့်အချိန် ထားစရာမလိုတော့တဲ့ အထိပါပဲဗျာ။ ဂီတဆိုတဲ့ အရာက ကျွန်တော့်ဘဝမှာ အမိကအရေးပါတယ်ဆိုတာထက် ကျွန်တော့်

## ကျွန်တော်သာ တန်ခိုးရှင်ဖြစ်လို့ကတော့ ဂီတလောကကို ဒုက္ခလှလှပေးနေတဲ့ ခိုးကူးခွေတွေကို ဖယ်ထုတ်ပစ်မှာပေါ့။ နောက်ပြီး ပရိသတ်တွေရဲ့ ရင်ထဲကို ကျွန်တော်တို့ ကြိုးစားထားသမျှကို တန်ဖိုးထားတဲ့စိတ်ကလေး ထည့်ပေးချင်တယ်။



ဘဝကိုက ဂီတနဲ့တစ်ထပ်တည်းပဲလို့ ပြောရတော့မယ်ဗျ။ ကျွန်တော့်အချိန်တွေအားလုံး ဂီတအတွက်ပဲ ပေးဆပ်ထားတယ်"

မြန်မာပြည်က Underground Band တွေကို အားလုံးမဟုတ်တောင် တချို့ Band တွေ သူသဘောကျသည်။ သူငယ်ငယ်က Underground Show တွေ အမြဲသွားသည်။ စာသားသဲသဲကွဲကွဲမရှိ၊ အော်ဟစ်ဆူညံပေါက်ကွဲနေသည့် သီချင်းတွေနဲ့ ပတ်သက်ပြီး သူ့အမြင်ကရှင်းသည်၊ ခုနောက်ပိုင်း Underground Band တွေဟာ သူကြည့်ခဲ့ရတုန်း ကလောက် မမိုက်တော့ဘူးလို့ သူက ကောက်ချက်ချသည်။ "ဒီလို စာသားသဲသဲကွဲကွဲမရှိတဲ့ ဆူညံပေါက်ကွဲနေတဲ့ ဆိုဟန်တွေ ကျွန်တော် ဆိုတတ်တယ်ဆိုရင် ခင်ဗျား ဘယ်လိုမြင်မလဲ၊ တစ်ခါလောက်တော့ ဆိုပြချင် သေးတယ်ဗျ" လို့ သူက ရယ်ရယ်မောမောပြောပြခဲ့သည်။ လက်ရှိ ဂီတလောကအပေါ် သူ့အမြင်က ပိုလို့တောင် ရှင်းနေသည်။

" စိတ်ပျက်စရာအကောင်းဆုံး အခြေအနေတွေပေါ့ဗျာ၊ ကျွန်တော်အပါအဝင် ခေတ်ပျက်နေတယ်လို့ ဂီတသမား တော်တော်များများက လက်ခံထားကြတယ်ဗျ"

သူက duet သီချင်းဆိုရတာကိုမကြိုက်ခဲ့၊ ဆိုဖို့ဝေးလို့ နားပင်ထောင်ချင်သူမဟုတ်။ နောက်ပိုင်းမှာ ဂရေဟမ်နှင့်တင်ဇာမော် ဆိုထားသည့် အချစ်စွမ်းအား (တေးရေး-ထွဏ်းခမ်) သီချင်းလေးကို စပြီသွားရာကနေ duetသီချင်းတွေကို အာရုံရလာပြီး ဝိုင်းစုနိုင်သိန်း၊ ချမ်းချမ်းတို့နှင့် ဆိုဖူးသည်၊ နောက်ထပ်အခွင့်အရေး ရလျှင်လည်း duet သီချင်းလေးတွေ ဆိုမည်တဲ့။ တကယ်လို့များ တကယ်လို့များပေါ့။ သူသာ တန်ခိုးရှင်ဖြစ်မည်ဆိုလျှင် ဂီတလောကထဲက ဘာတွေကို ဖယ်ထုတ်ပြီး ဘာတွေကို ထပ်ပေါင်းထည့်ချင်မှာလဲ ဆိုတာ နည်းနည်းတော့ စိတ်ဝင်စားစရာ ကောင်းလှသည်။

"ကျွန်တော်သာ တန်ခိုးရှင်ဖြစ်လို့ကတော့ ဂီတလောကကို ဒုက္ခလှလှပေးနေတဲ့ ခိုးကူးခွေတွေကို ဖယ်ထုတ်ပစ်မှာပေါ့။ နောက်ပြီး ပရိသတ်တွေရဲ့ ရင်ထဲကို ကျွန်တော်တို့ ကြိုးစားထားသမျှကို တန်ဖိုးထားတဲ့စိတ်ကလေး ထည့်ပေးချင်တယ်။ ဒါဆို ကျွန်တော်တို့ရဲ့ ဖန်တီးမှုတွေကို အသိအမှတ်ပြုပြီး မူရင်းခွေတွေ အားပေးကြလိမ့်မယ်။ ပြောသာပြောနေရတာ၊ ယုတ္တိဗေဒအရကြည့်ရင် ဒီတန်ခိုးရှင်သာဖြစ် မယ်ဆိုရင်. . . ဆိုတာကြီးက တော်တော်ကြောင်တာပဲဗျ။ ကျွန်တော်ကလည်း ဘယ်တော့မှ တန်ခိုးရှင်ဖြစ် မလာနိုင်သလို ခိုးကူးတွေကိုလည်း တားဆီးနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ မေးသူရှိတော့လည်း လူမုန်းခံပြီး ဖြေနေရတာပေါ့။ ဒါလောက်ပါပဲဗျာ"

သူ့အကျင့်က အရှေ့ကို အများကြီး ကြိုတင်တွေးထားလေ့မရှိ၊ ရှိလျှင်လည်း ဘယ်သူ့ကိုမှ သူပြောပြလိမ့်မည်မဟုတ်။ လောလောဆယ် သူ့မှာ သတင်းကောင်းတစ်ခုနှင့် သတင်းဆိုးတစ်ခု ပြောဖို့ရှိနေပါသည်။

"သတင်းကောင်းက ကျွန်တော့်ရဲ့အမာခံပရိသတ်တွေ စောင့်ရကျိုးနပ်အောင် နောက်အယ်လ်ဘမ်သစ်ကို အကောင်းဆုံးဖြစ်အောင် လုပ်နေပါတယ်၊ အဲ. . . သတင်းဆိုးကတော့ အဲဒီအယ်လ်ဘမ်ဟာ ကျွန်တော့်ရဲ့နောက်ဆုံး solo album လည်း ဖြစ်ရင်ဖြစ်သွားနိုင်ပါတယ်ဗျာ"

**Zigzag**

Asian Fame Media Group
MEDIA GROUP



# BEYOND THE WOMEN

## ဒေါ်ယုဇော်

ဒေါ်ထူးလို့ပြောလိုက်ရင် ဖဆပလခေတ်တုန်းက ယောက်ျားတွေတောင် လိုက်မမီအောင် အလုပ်လုပ်တဲ့နေရာမှာ ထူးချွန်ထက်မြက်သူ၊ အဲဒီခေတ် ရန်ကုန်မြို့ပေါ်မှာ နိုင်ငံခြားနဲ့ ဖက်စပ်လုပ်နိုင်တဲ့ ကုမ္ပဏီအနည်းငယ်လေးထဲမှာ ပါဝင်အစွမ်းပြနိုင်သူ၊ အဲဒီလို ထူးမျိုးဆက်က ဆင်းသက်လာတဲ့ ဒေါ်ယုဇော် (ဦးဇော်ညွှန့်+ဒေါ်ထူးတို့ရဲ့ ပဋ္ဌမမြောက်သမီး) ကို ရတီမဂ္ဂဇင်းရဲ့ Beyond the Women ကဏ္ဍအတွက် တင်ဆက်ခွင့်ရခြင်းဟာ ဂုဏ်ယူစရာပါ။ ချစ်စနိုးနဲ့ အန်တီမဂျစ်တူးလို့ခေါ်ကြတဲ့ ဒေါ်ယုဇော်ဟာ အလှဖန်တီးရှင် အားလုံးနီးပါးရဲ့ မေတ္တာကို သိမ်းပိုက်ထားနိုင်သူ တစ်ယောက်ပါ။ ကျောသား ရင်သား မခွဲခြားတတ်တဲ့ သူမကို လူချစ်လူခင်များတာ အံ့ဩစရာမဟုတ်သလို၊ လူမှုရေးပိုင်းတွေမှာလည်း စာနာမှုဝေတတ်သူဖြစ်ပြန်လေတော့ လူတော်တင်မကဘဲ လူကောင်းဆိုတာ သူလိုလူမျိုးပေါ့လို့ ညွှန်းရမှာပါပဲ။

Asian Fame Media Group

စိတ်ထားကောင်းရင် ကံကောင်းတယ်ဆိုတာ အန်တီဂျစ်တူးကို နမူနာပေးရမယ်ထင်ပါတယ်။ ကျော်ကြားခဲ့တဲ့ ဒေါ်ထူးရဲ့သမီး၊ ကိုယ်တိုင်က လည်း အောင်မြင်နေတဲ့ အမျိုးသမီးလုပ်ငန်းရှင်၊ ခင်ပွန်းဒေါက်တာမျိုးသန့်ကလည်း ပါရမီပြည့်ဖက် အလွန်ပီသသူ၊ သမီးများကလည်း ပညာရေးမှာ အလွန်ထူးချွန်ကြသူတွေ (သမီးကြီးက NTU မှာ Double MBA ဘွဲ့အတွက် တက်တုန်းက (ADB Bank-Japan) Asian Development Bank က ပညာသင်ဆု ချီးမြှင့်ခံခဲ့ရသူ၊ သမီးငယ်လေး ဆိုရင် ဟားဗတ်စ်တက္ကသိုလ်ကတောင် ပညာသင် ဆုပေးရသူ)၊ ဒီလို ဂုဏ်ပုဒ်တွေနဲ့ ပြည့်လျှံနေတဲ့ အမျိုးသမီးကို မေးထားတဲ့ အမေးနဲ့ သူမရဲ့ အဖြေတွေကို ရတီစာဖတ်သူတွေ စိတ်ဝင်စားကြ မယ်လို့ ယုံကြည်ပါတယ်။

---

**အန်တီတို့ရဲ့ Zar & Zar Co.,Ltd က ဘယ်အချိန်မှာစပြီး တည်ထောင်ဖြစ်ခဲ့တာပါလဲ။**

Zar & Zar Co.,Ltd ကို ၁၉၉၀ ခုနှစ်မှာ စပြီးတည်ထောင်ခဲ့တာ။ အဲဒီတုန်းကတော့ ဆေးကုမ္ပဏီသက်သက်ပဲပေါ့။ နောက်တော့ အန်တီသမီးကြီးက ကျောင်းပြီးသွားတော့ သူက Cosmetic တွေ၊ Skin Care တွေပါ ချဲ့ချင်တယ် ဆိုတာနဲ့ ၂၀၁၁ ခုနှစ်မှာ Beauty Bakery ကို စပြီးလုပ်တယ်။ အခုဈေးကွက်ထဲမှာ ရေပန်းစား နေတဲ့ ONAMI အဆီချဝတ်စုံကတော့ ၂၀၁၂ ခုနှစ်မှာစပြီး တင်သွင်းဖြစ်ခဲ့တာပါ။

**အန်တီတို့ကုမ္ပဏီက ကျန်းမာရေးနဲ့ပတ် သက်တဲ့ ပစ္စည်းတွေကိုပဲသွင်းတာ သတိထားမိ ပါတယ်။ လူတိုင်း ထားရှိရမယ့် ကျန်းမာရေး ခံယူချက်လေးတွေကိုလည်း ရှင်းပြပေးပါဦး။ ပြီးတော့ အမျိုးသမီးတစ်ယောက်အတွက် ကျန်းမာရေးက ဘယ်လောက်အထိ အရေးကြီး ပါသလဲ။**

လူတစ်ယောက်အတွက် ကျန်းမာရေးဆိုတာ အရေးကြီးဆုံးပါပဲ။ မိန်းမသားတစ်ယောက် အတွက်တင်မဟုတ်ဘဲ လူတိုင်းအတွက် အရေး ကြီးတာပါ။ မိန်းမတစ်ယောက်အတွက် အလှအပ ဆိုတာလည်း ကျန်းမာရေးအခြေခံပါပဲ။ ကျန်းမာ နေမှ အရာရာကို စွမ်းဆောင်နိုင်မှာလေ။ နောက် ပြီး အိမ်ထောင်ရှင်မိန်းမတစ်ယောက်မှာ ကျန်းမာရေးအခြေခံဗဟုသုတက ပိုပြီးရှိထားရ မယ်။ ဘာလို့လဲဆိုတော့ သူကပဲ မိသားစုကို စောင့်ရှောက်ရတာ။ အိမ်တစ်အိမ်ရဲ့တာဝန်မှာ ပြင်ဆင်စီမံချက်ပြုတ်ရတာက မိန်းမပဲလေ။ ကျန်းမာရေးအတွက် ဘာစားရမယ်၊ ဘာသောက် ရမယ်၊ ဘယ်လိုဟာတော့ ရှောင်ရမယ်ဆိုတာ လောက်တော့ အဲဒီအမျိုးသမီးက သိထားရ မယ်။

**အန်တီ့အနေနဲ့ရော ကိုယ့်ရဲ့ကျန်းမာရေး အတွက် ထူးထူးခြားခြား ဘယ်လိုတွေ ဂရုစိုက်ဖြစ် ပါသလဲ။**

အန်တီကတော့ ပန်းစိုက်တယ်။ နောက်ပြီး စောစောအိပ်တယ်။ စောစောထတယ်။ ပန်းစိုက် တာက အန်တီ့ရဲ့ဝါသနာလေ။ ဒီတော့ ကိုယ့် ဝါသနာလည်း ဖြစ်၊ စိတ်အပန်းဖြေတာလည်း ဖြစ်အောင် ကိုယ်ကြိုက်တဲ့ပန်းလေးတွေ စိုက် တယ်။ ပြုစုတယ်။ မနက်စောစောထပြီးရင် အန်တီက ပန်းခြံလေးထဲမှာ ၂ နာရီလောက် အချိန်ပေးပြီး လုပ်တယ်။ ဒါက စိတ်ဖိစီးတာလည်း လျော့စေတယ်။ ကိုယ်လက်လှုပ်ရှားမှုလည်း ဖြစ် တယ်။ တခြားတော့ သိပ်ပြီး ထူးထူးထွေထွေ မလုပ်ဖြစ်ပါဘူး။

**အခုနောက်ပိုင်းမှာ နှလုံးအစားထိုးတာတို့ ခွဲစိတ်တာတို့က လွယ်ကူလာတယ်နော်။ အန်တီ တို့ Zar & Zar က နှလုံးအဆို့ရှင်လှူတယ်လို့ လည်း သိရပါတယ်။ အဲဒီအကြောင်းနဲ့ ပတ်သက် ပြီးတော့လည်း ပြောပြပေးပါဦး အန်တီ။**



Asian Fame Media Group

အခုခေတ်မှာတိုးတက်လာတော့ နှလုံးရောဂါဆိုတာ အရင်လောက် ကြောက်စရာကောင်းတဲ့ ရောဂါ မဟုတ်တော့ဘူး။ စောစောကုရင် မြန်မြန် ပျောက်ပါတယ်။ အန်တီတို့ Zar & Zar က နှလုံးအဆို့ရှင်စက်ကို သွင်းဖြစ်တယ်။ အဲဒီတော့ ဒီစက်ကို ဆရာဝန်ကြီးတွေကဝယ်ပြီး လူနာအတွက် သုံးကြတယ်ပေါ့။ အဲဒီလိုကိစ္စတွေနဲ့ အန်တီလည်း ဆရာဝန်ကြီးတွေကတစ်ဆင့် တချို့လူနာတွေအကြောင်း ကြားရတယ်။ တချို့က ငွေကြေးမတတ်နိုင်လို့ ဒီလိုအဆို့ရှင် မလဲနိုင်ဘူးဆိုတာတွေပေါ့။ ဒီပစ္စည်းက ၄ သိန်းခွဲနဲ့ ၅ သိန်းကြားရှိတော့ တချို့လူနာတွေက မဝယ်နိုင်ကြဘူး။ ဒါနဲ့ အန်တီလည်း ဒီလိုလူနာမျိုးတွေကို နှလုံးအဆို့ရှင် စက်လှူဖြစ်တယ်။ ဆရာဝန်ရဲ့ထောက်ခံချက်ရယ်၊ ရပ်ကွက်ကနေ အမှန်တကယ် သူမတတ်နိုင်ဘူးဆိုတဲ့ ထောက်ခံချက်ရယ်နဲ့ အန်တီတို့ဆီမှာ Form လေးဖြည့်ရင် အန်တီက လှူဖြစ်တယ်။ အန်တီတို့က စက်လှူတော့ ဆရာဝန်ကြီးတွေကလည်း ခွဲစိတ်ခကို လှူပေးတယ်။ တခြားဆေးဖိုးပဲ လူနာရှင်ဘက်က ကျခံပေးရတယ်။ အခုဆိုရင် အန်တီတို့လှူပြီးတာ စစ်ဆေးရုံမှာ ၂၉ ယောက်၊ ရန်ကုန်ဆေးရုံကြီးမှာ ၁၇ ယောက် စုစုပေါင်း ၄၆ ယောက် ရှိသွားပြီ။

**အန်တီက Miss Red Ribbon လိုပွဲတွေလည်း ဦးဆောင်စီစဉ်ဖြစ်တော့ အဲဒီလိုပွဲတွေလုပ်ဖြစ်ခဲ့ပုံကို သိချင်ပါတယ်။**

အန်တီတို့အမေခေတ်ကတည်းက အမေတို့ကဦးဆောင်ပြီး ဇာဇာရတနာတို့ကို ပွဲတွေစီစဉ်ပေးတယ်။ အဲဒီခေတ်က 'မိုးကြိုးငှက်ငယ်လေး' ဆိုတာရှိတယ်၊ အန်တီ့အမေက ကြို့ပင်ကောက်အထိ အဲဒီအဖွဲ့ကိုခေါ်သွားပြီး ပွဲတွေလုပ်ပေးတာ။ ကြို့ပင်ကောက်က အမေ့ဇာတိမြို့လေ။ ဒီလိုပွဲလုပ်တာ တခြားရည်ရွယ်ချက်တော့ မရှိပါဘူး။ အန်တီ့အနေနဲ့တော့ ယောကျ်ားရယ်၊ မိန်းမရယ်၊ မိန်းမလျာရယ်မဟုတ်ဘူး။ အားလုံးအတူတူပူးပေါင်းပြီး အလုပ်တစ်ခုလုပ်ကြတာပဲ။ အားလုံးက စေတနာထားပြီး လုပ်ကြတာပဲလေ။ Miss Red Ribbon ပွဲက HIV ဆေးရုံကို လှူချင်လို့ လုပ်ခဲ့တဲ့ပွဲပါ၊ အလှဖန်တီးရှင်တွေကလည်း သူတို့လည်း အလှူထဲပါချင်ကြတယ်။ ဒါနဲ့ အန်တီက စီစဉ်ပေးဖြစ်ခဲ့တယ်။ ပထမနှစ် Red Ribbon ပွဲမှာ သိန်း ၉၀ ကျော်လှူနိုင်ခဲ့တယ်။ ဒုတိယနှစ်ကျတော့ သိန်း ၁၃၀ ကျော်လောက် လှူနိုင်ခဲ့တယ်။ အရမ်းပီတိဖြစ်ရပါတယ်။

**အန်တီဟိုတစ်လောကလည်း အမျိုးသားဇာတ်ရုံမှာ လုပ်သေးတယ်နော်။**

ဟုတ်တယ်။ June 8 ရက်နေ့က အမျိုးသားဇာတ်ရုံမှာလုပ်ခဲ့တာ။ အဲဒါကကျတော့ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်အဖွဲ့ကလုပ်တဲ့ သက်ကြီးဆရာဝန်ပူဇော်ပွဲအတွက် လုပ်ပေးတာ။ အမျိုးသမီးဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါ်ခင်မာအေးနဲ့အဖွဲ့က အန်တီနဲ့ တိုင်ပင်ပြီး လုပ်ခဲ့တာ။ အန်တီက ဒီပွဲအတွက် သိန်း ၅၀ မတည်ဖြစ်ခဲ့တယ်။ ဘာလို့လဲဆိုတော့ အန်တီ့အမျိုးသားကလည်း ဆရာဝန်၊ အန်တီယောက္ခမကလည်း ဆရာဝန်မကြီးပဲ၊ အခုဆိုရင် အသက် ၈၅ နှစ်ရှိပြီ။ အဲဒီတော့ ဒီလိုသက်ကြီးဆရာဝန်ကန်တော့ပွဲဆိုတော့ အန်တီက ကိုယ့်မိဘအရွယ်တွေကို ကိုယ့်မိဘလိုပဲဆိုပြီး သက်ကြီးပူဇော်ပွဲအတွက် မတည်ဖြစ်ခဲ့တာ။ ပွဲလုပ်တော့လည်း အလှဖန်တီးရှင်တွေက အစစအရာရာ ကူညီပေးကြတယ်။ သူတို့က မေတ္တာနဲ့ ကူညီကြတာဆိုပေမယ့် တင်ဆက်မှုတွေမှာ သေချာကို အားစိုက်ပြီး လုပ်ပေးကြတာ။ လာကြည့်ကြတဲ့ ပရိသတ်တွေအားလုံး သဘောကျကြတယ်။ ပွဲမှာ အလှဖန်တီးရှင် ၇၀ ကျော်ပါပြီး ကူညီပေးခဲ့ကြတယ်။ အလှူငွေ သိန်း ၂၄၀ ကျော်ရတယ်။ အရမ်းကို ကျေးဇူးတင်ရပါတယ်။ နောက်ပြီး အန်တီက အဲဒီဆရာဝန်အဖွဲ့တွေနဲ့ပဲ ကြို့ပင်ကောက်မြို့မှာသွားပြီး ကုသိုလ်ဖြစ်ဆေးကုပေးတာ ဒီနှစ်နဲ့ဆို သုံးကြိမ်မြောက်ဖြစ်ပြီပေါ့။ ဒီနှိုဝင်ဘာ ၂၉ တုန်းကတောင် သွားခဲ့သေးတယ်။ အန်တီက ဆေးတွေရော၊ ဆရာဝန်ကြီးတွေရဲ့ နေရေး၊ စားရေးအားလုံးတာဝန်ယူပြီး အထူးကုဆရာဝန်ကြီးတွေ အယောက် ၄၀ ကို ကြို့ပင်ကောက်ကို ခေါ်သွားတယ်။ ဟိုမှာတော့ အန်တီ့မိဘတွေ လက်ထက်ကတည်းက ရှိခဲ့တဲ့ 'ထူး' ဆန်စက်မှာ ဆေးခန်းအဖြစ် ဖွင့်လိုက်တယ်။ ကြို့ပင်ကောက်မြို့ပေါ်က လူတွေရော၊ ပတ်ဝန်းကျင်ကရွာတွေရော၊ လူ ၁၀၀၀ ကျော်လောက် ဆေးလာကုကြတယ်။ အထူးကုအစုံပါတော့ ရောဂါပေါင်းစုံအတွက် ကုသပေးနိုင်တယ်။

> တချို့နိုင်ငံတွေမှာဆိုရင် အမျိုးသမီးတွေကို ရှေ့တန်းမတင်ဘဲ နောက်ပို့ထားတာတွေရှိတယ်။ အန်တီတို့နိုင်ငံမှာက ဒီလိုတွေ မရှိဘူး။ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး အလုပ်လုပ်ကြတယ်။ ဒါကို အမျိုးသားတွေကလည်း ဘယ်လိုမှ မနေဘဲ အရည်အချင်းရှိတဲ့ အမျိုးသမီးဆိုရင် သူ့အရည်အချင်းကို အသိအမှတ်ပြုပေးတာပါပဲ။

**ဒီလိုပွဲတွေလုပ်တဲ့အခါမှာရော အခက်အခဲဆိုတာတွေ တွေ့ခဲ့ရပါသေးလား။**

အခက်အခဲကတော့ အများကြီးတွေ့ရတာပဲ။ ၂၀၁၂ မှာ လုပ်ခဲ့ရတဲ့ Miss Red Ribbon ပွဲတုန်းကဆို တွေ့ရတဲ့အခက်အခဲတွေ အများကြီးတွေ့ရတယ်။ အဲဒီတုန်းက အခုလိုလည်း ပွဲတွေကို လွတ်လွတ်လပ်လပ် လုပ်ခွင့်မရသေးဘူးလေ။ ပွဲလုပ်ပြီးမှလည်း ထိုးနှက်ချက်တွေ အတားအဆီးတွေ အများကြီးပဲ တွေ့ခဲ့ရတယ်။ ဒါပေမဲ့ ကိုယ့်စေတနာကြောင့်ပါပဲ။ နောက်ဆုံးမှာတော့ အားလုံးအဆင်ပြေသွားခဲ့တယ်။

**ကိုယ်က အများအကျိုးကို စိတ်ကောင်းစေတနာနဲ့ နှစ်လုပ်ပေးပေမယ့် တစ်ခါတစ်ရံမှာ အရာမထင်ဘူးလို့ ခံစားရတဲ့အချိန်တွေ၊ စိတ်ပျက်စိတ်ညစ်ရတဲ့အချိန်တွေ ကြုံဖူးမယ်ထင်ပါတယ်။ ဒီလိုအချိန်မှာ အန်တီဘယ်လိုသဘောထားမျိုးတွေနဲ့ ဖြစ်ကျော်ခဲ့ပါသလဲ။**

အန်တီကတော့ တချို့ဟာတွေဆို လျစ်လျူရှုလိုက်တယ်။ လူတွေက အမျိုးမျိုးရှိတယ်လေ။ ကိုယ်လုပ်တာကို အားပေးကြတာရှိသလို၊ အားမပေးတဲ့လူတွေလည်း ရှိကြတာပဲ။ ဒါပေမဲ့ ကိုယ်က စေတနာမှန်နေရင် ပြီးတာပါပဲ။ ကိုယ့်စေတနာမှန်တော့ သူတို့လည်းသိလာပြီး အသိအမှတ်ပြုလာ ကြရတာပါပဲ။

**အခုနောက်ပိုင်းမှာ Gender Equality ဆိုပြီး ပြောလာကြတာ ကြားရတယ်။ လက်ရှိမြန်မာနိုင်ငံမှာရော တကယ် Gender Equality ဆိုတာ ရှိပါသလား။**

အန်တို့အမြင် ပြောရရင် မြန်မာပြည်မှာ Gender Equality ရှိပါတယ်။Sex Discrimination မရှိသလောက်ပါပဲ။ ဘာလို့လဲဆိုတော့ မြန်မာပြည်မှာ လုပ်ငန်းလုပ်နေတဲ့ အမျိုးသမီးတွေအများကြီးပါပဲ။ တချို့အမျိုးသမီးတွေဆို အမျိုးသားတွေထက်တောင် ဦးဆောင်နေနိုင်သေးတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အမျိုးသမီးတွေကို ရှေ့တန်းမတင်ဘဲ နောက်ပို့ထားတာတွေရှိတယ်။ အန်တီတို့နိုင်ငံမှာက ဒီလိုတွေ မရှိဘူး။ အမျိုးသားတွေနဲ့ ရင်ပေါင်တန်းပြီး အလုပ်လုပ်ကြတယ်။ ဒါကို အမျိုးသားတွေကလည်း ဘယ်လိုမှမနေဘဲ အရည်အချင်းရှိတဲ့ အမျိုးသမီးဆိုရင် သူ့အရည်အချင်းကို အသိအမှတ်ပြုပေးတာပါပဲ။

**တချို့နိုင်ငံတွေမှာ Third Gender ဆိုပြီး ရှိလာပေမယ့် ဒီမှာတော့ မိန်းမလျာတွေအတွက် နေရာမရှိသေးသလိုပဲ။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့လည်း အန်တို့အနေနဲ့ ဘယ်လိုသုံးသပ်မိပါသလဲ။**

နေရာမရှိတာက အရင်တုန်းကတော့ ဟုတ်လိမ့်မယ်။ အန်တို့အမြင်ပေါ့လေ။ အခုကတော့ နေရာရှိလာပါပြီ။ နေရာပေးလာကြပြီပေါ့။ အရင်တုန်းကတော့ ကမ္ဘာနဲ့အဆက်အသွယ် သိပ်မရှိသေးလို့လည်း ပါလိမ့်မယ်။ အခုကတော့ ကမ္ဘာ

နဲ့ရင်ပေါင်တန်းလာတဲ့အတွက် လူတော်တော်များများရဲ့ အမြင်တွေပြောင်းသွားပါပြီ။ Third Gender ဆိုပြီး တသီးတသန့်နေရာမပေးသေးပေမယ့် လူတွေရဲ့အမြင် ပြောင်းလာတာကိုပဲ ကောင်းတဲ့ပြောင်းလဲမှုလို့ အန်တီတော့ ယူဆတယ်။

**မိန်းမလျာတွေအတွက် အခွင့်အရေးဆိုတာ ရော ရှိထားသင့်ပါသလား။**

မိန်းမလျာတွေရဲ့ အခွင့်အရေးဆိုတာ အန်တီ့အမြင်တော့ သီးခြားမရှိပါဘူး။ သူတို့က လူ့အခွင့်အရေးအတိုင်း အများနဲ့တန်းတူရရင် ရပါပြီ။ သူတို့ကို ခွဲခြားနှိမ်ချတာတွေ မလုပ်ရင် ရပါပြီ။ အန်တီ့သဘောဆိုရင်တော့ ယောကျ်ား၊ မိန်းမ၊ မိန်းမလျာအားလုံးက လူတွေပါပဲ။ အလှဖန်တီးရှင်တွေပဲဖြစ်ဖြစ် တခြားအကတွေ အနုပညာတွေနဲ့ အသက်မွေးဝမ်းကျောင်းနေတဲ့သူတွေပြည်မှာ အဲဒီလိုလူတွေ အများကြီးပါပဲ။ ပရဟိတစိတ်ဆိုတာလည်း ကိုယ်ကျိုးစွန့်နိုင်တဲ့ သူတွေမှာမှ ရှိတတ်တာပါ။ အတ္တစိတ်က များနေရင် ဘယ်လိုမှ သူများအကျိုးကြည့်ဖြစ်မှာ မဟုတ်တော့ဘူး။ လူဆိုတာလည်း လောဘစွက်တတ်တာကိုး။ ဘယ်တော့မှလည်း အလိုမပြည့်တတ်ဘူးလေ။ ဒါတွေပြည့်မှ သူများအကျိုးလုပ်မယ်ဆိုရင်တော့ အခွင့်အရေးနည်းသွားလိမ့်မယ်။ ကိုယ့်အတွက်လည်းလုပ်ရင်း တစ်ဖက်ကလည်း သူများအကျိုးလုပ်ရင်တော့ ပိုကောင်းတာပေါ့။

**အန်တီ့အနေနဲ့ရော လူမှုရေးလုပ်ငန်းတွေကို ဘယ်အချိန်တည်းက စိတ်ဝင်စားခဲ့တာပါလဲ။**

အန်တီက ငယ်ငယ်ကတည်းက ဝါသနာပါတာပါ။ အန်တီတို့မိဘတွေကလည်း အလှူအတန်းတွေ အရမ်းရက်ရောတယ်။ ဒီတော့ အန်တီတို့ မောင်နှမတွေကလည်း မိဘတွေလှူမိန်းမတစ်ယောက်မှာ အောင်မြင်ဖို့အတွက် အရေးအကြီးဆုံးက စာရိတ္တကောင်းရမယ်။ ရိုးရိုးသားသားနဲ့ ကြိုးစားရမယ်။ ကိုယ် ကိုးကွယ်တဲ့ ဘာသာတရားကိုလည်း လေးစားရမယ်။ မိန်းမတွေအတွက် ဘာသာရေးအသိက အရေးကြီးတယ်။ လူမှုရေးလည်း သိရမယ်။ အထူးသဖြင့် ၃၈ ဖြာ မင်္ဂလာတရားနဲ့ညီအောင် နေဖို့လိုတယ်။ ၃၈ ဖြာ မင်္ဂလာဆိုတာ အန်တီတို့ဗုဒ္ဓဘာသာအရဆိုရင် မင်္ဂလာသုတ်တော်လာတွေပေါ့။ လူမိုက်မပေါင်းရဘူး။ လူလိမ္မာကို ပေါင်းရမယ်။ သိလိုလုံ့ရမယ်။ ဒါတွေပေါ့။

**ရန်ကုန်နေရတဲ့ မိန်းမသားတွေမှာ အထောက်အပံ့မရှိရင် ပိုလို့ခက်ခဲတတ်ပါတယ်။ အဲသလို မိန်းမသားတွေအတွက် အန်တီ အကြံပြုအားပေးစကားဆိုပေးပါ။**

အထောက်အပံ့ဆိုတာမှာ အန်တီ့အနေနဲ့





ပဲ ဖြစ်ဖြစ်ပေါ့။ သူတို့တွေကို ဒွိဟစိတ်ပိုင်ဆိုင်သူအမျိုးသားများလို့ ခေါ်တယ်။ သူတို့တွေအားလုံးက ရိုးရိုးသားသားနဲ့ ရှာဖွေပြီး ကြိုးစားနေကြတဲ့သူတွေပါ။ အန်တီကတော့ သူတို့ကိုချစ်တယ်။ တချို့ဆို မိဘတွေ၊ မိသားစုတွေကိုတောင် ပြန်ပြီးထောက်ပံ့နေကြရတာပါ။ မိဘ၊ မောင်နှမသားချင်းကို လုပ်ကျွေးတဲ့သူတွေမှာ သူတို့ကို တော်ရုံမပီကြပါဘူး။ ဒါကြောင့် အန်တီက အမြဲတမ်း သူတို့ကို အားပေးတယ်။ ပွဲတွေလုပ်ရင်လည်း ပျော်ပျော်ပါးပါး အတူတူလုပ်ကြတယ်။

**အန်တီက ပရဟိတအလုပ်တွေလည်း အားတက်သရောလုပ်တာ တွေ့ရပါတယ်။ အတ္တဟိတပြည့်မှ ပရဟိတလုပ်နိုင်မယ်ဆိုတဲ့ စကားကို အန်တီလက်ခံပါသလား။**

အတ္တဟိတပြည့်မှ ပရဟိတလုပ်နိုင်မယ်ဆိုတာက မှန်သင့်သလောက်တော့ မှန်ပါတယ်။ ဒါပေမဲ့လည်း တချို့ဆို ကိုယ်ကျိုးစွန့်ပြီး ပရဟိတလုပ်နေတဲ့သူတွေ ရှိပါတယ်။ အခုလက်ရှိ မြန်မာနေတာ တွေ့နေရတော့ ကိုယ်တွေပါလှူတာကို ဝါသနာပါသွားကြတာပဲ။ နောက်ပြီး ကြို့ပင်ကောက်မြို့၊ အလယ်ကုန်းကျေးရွာမှာ တိုက်နယ်ဆေးရုံတစ်ရုံ လှူဖြစ်ခဲ့ပါတယ်။

**အန်တီ့ မိဘတွေ ဆိုလို့ အန်တီတို့ရဲ့ ထူးခြားဆက်အကြောင်းလည်း ပြောပြပေးပါဦး။**

အန်တီ့အဖေက ဦးဇော်ညွန့်၊ အမေက ဒေါ်ထူးပါ။ အန်တီတို့အဖေက ဂျပန်ခေတ်တုန်းက ပါဝင်လှုပ်ရှားခဲ့လို့ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့် ရခဲ့တယ်။ အမေက လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့်ရခဲ့တာ။ နောက်ပြီးအမေက လူမှုထူးချွန်ဆု တတိယအဆင့်လည်း ရခဲ့သေး တယ်။ အဖေနဲ့အမေက နှစ်ယောက်လုံးက အောက်ခြေက တက်လာကြပြီး အရမ်းကြိုးစားကြတယ်။ နှစ်ယောက်လုံးရဲ့ ဇာတိက ကြို့ပင်ကောက်ကပါ။

**မိန်းမတစ်ယောက်အောင်မြင်ဖို့အတွက် ဘယ်လိုအကြောင်းအချက်တွေ လိုပါသလဲ။**

ပြောရရင်တော့ ကိုယ့်ရဲ့ခင်ပွန်းနဲ့ တိုင်တိုင်ပင်ပင်လုပ်စေချင်တာပါပဲ။ အရာရာတိုင်ပင်ပြီး နှစ်ဦးသဘောတူမှ ကိစ္စတစ်ခုကို ဆုံးဖြတ်ပေါ့။ အန်တီ့အမျိုးသားဆိုရင် အန်တီ့ကို အများကြီးပံ့ပိုးပေးတယ်။ ရာနှုန်းပြည့်ကို ပံ့ပိုးပေးတယ်။ ပြီးတော့ အန်တီက ကိုယ့်ရဲ့အမျိုးသားကို အမြဲဦးစားပေးတယ်။ ဘယ်လိုကိစ္စတွေမဆို နှစ်ယောက်အတူတူ တိုင်ပင်ပြီးမှ ဆုံးဖြတ်တယ်။ သမီးတွေကိစ္စဆိုလည်း အမြဲတိုင်ပင်ဖြစ်တယ်။ မတိုင်ပင်ဘဲလုပ်တဲ့ ကိစ္စတွေဆို အမှားတွေ၊ အလွဲလေးတွေ ဖြစ်တတ်တယ်။ ဒါကြောင့် ဘယ်လိုကိစ္စတွေပဲရှိရှိ တိုင်ပင်ပြီးမှ ဆုံးဖြတ်တယ်။

**မိဘတွေမှာ အမျိုးမျိုးရှိကြပါတယ်။ အန်တီ့အနေနဲ့ ကိုယ့်သားသမီးအတွက် ဘယ်လိုမိဘမျိုး ဖြစ်ချင်ပါသလဲ။**

အန်တီကတော့ ချုပ်ကိုင်တာမျိုး မလုပ်ဘူး။ သူတို့ကို လွတ်လွတ်လပ်လပ်ပဲ ဆုံးဖြတ်ခွင့်ပေးထားတယ်။ ကိုယ့်ဘဝကို ကိုယ်တိုင်ရပ်တည်နိုင်

အောင်ပဲ အန်တီက လမ်းကြောင်းပေးတယ်။ သူများကို အားကိုးတာကို မကြိုက်ဘူး။ တစ်နေ့ကျရင် အန်တီတို့က ဒီလောကမှာ မရှိတော့ရင် သူတို့ပဲ ကျန်ခဲ့မှာ။ ဒါကြောင့်အခုကတည်းက အရာရာမှာ ကိုယ့်အားကိုယ်ကိုးနိုင်အောင်ပဲ သင်ပေးတယ်။ သူတို့အမှားအယွင်းမဖြစ်အောင် ဘေးနားကနေ ထိန်းပေးတာပဲလုပ်ပါတယ်။

**သမီးကြီးက MBA ကို စင်ကာပူနဲ့ ဂျပန်ကနေ Double MBA ရထားတယ်။ သမီးအငယ်ကလည်း ဟားဗတ်စ်တက္ကသိုလ်တက်ခွင့်ရနေတဲ့သူဆိုတော့ ဒီလိုသမီးတွေကို ပညာရေးမှာ ထူးချွန်အောင် ဘယ်လိုလမ်းကြောင်းပေးခဲ့ပါသလဲ။ တခြားလူမှုရေးတွေမှာရော ဘယ်လိုလမ်းညွှန်မှုတွေ ပေးပါသလဲ။**

အခုခေတ်ကလေးတွေက ဘောင်ခတ်ပေးလို့ မရဘူး။ သူတို့ဖြစ်ချင်တာကို မတိမ်းမစောင်းနဲ့ ကိုယ်က ဘေးကနေလိုက်ကာပေးပြီး မကောင်းတဲ့ဘက်မရောက်အောင်ဘဲ လုပ်လို့ရတယ်။ အန်တီကတော့ သမီးတွေကို ငယ်ငယ်တည်းက ပညာရေးနဲ့ ပတ်သက်ရင် အလေးထားတယ်။ နောက်ပြီး အင်္ဂလိပ်စာကို ထူးချွန်အောင် လုပ်ပေးတယ်။ သမီးကြီးဆိုရင် နှစ်နှစ်ခွဲတည်းက English စာသင်တဲ့ Teacher နီလာ၊ Teacher Roser ဆီပို့တယ်။ သမီးကြီး က TTC ကျောင်းတက်တယ်၊ ဒါပေမဲ့ ကျောင်းပိတ်ရက်တွေမှာ Teacher နီလာ၊ Teacher Roser ဆီမှာ တက်နိုင်းတယ်။ သမီးငယ်ကတော့ မြန်မာကျောင်းကို ၄ တန်းအထိပဲ တက်ဖြစ်လိုက်တယ်။ သမီးကြီးက ဒီမှာ ၁၀ တန်းအထိတက်ပြီးမှ စင်ကာပူနဲ့ဂျပန်မှာ MBA တက်တာ။ ဒါပေမဲ့ အန်တီက သမီးတွေကို ပညာရေးမှာ အင်္ဂလိပ်စာကို အလေးထားပြီး သင်ကြားပေးခဲ့ပေမယ့် မြန်မာစာကိုလည်း အားမနည်းအောင် လုပ်ပေးခဲ့တယ်။ အထူးသဖြင့် မြန်မာမိန်းကလေးတစ်ယောက်မှာ ရှိရမယ့် ယဉ်ကျေးလိမ္မာရေးတွေပေါ့။ ကိုယ့်ရဲ့ဘာသာအရ မိန်းကလေးက ဘုရားကျောင်းကန်နဲ့ မစိမ်းအောင် ဘာသာရေးကြည်ညိုအောင် သူတို့ကိုသင်ပေးတယ်။ သမီးတွေကို သူတို့အားလပ်ရက်တွေမှာ သီလရှင်ဝတ်ပေးတယ်။ အန်တီခံယူချက်ကတော့ မိန်းကလေးတစ်ယောက်အတွက် အဓိကက ဘာသာရေးအသိစိတ်ပါပဲ။ ဘာသာရေးစိတ်ဓာတ်လေးကောင်းနေရင် သူ့အတွက် လုံခြုံပြီပဲ။ သမီးတို့က နိုင်ငံခြားမှာ ကျောင်းသွားတက်ကြပေမယ့် သူတို့က ဟိုမှာလည်း မြန်မာ Community နဲ့ အမြဲထိတွေ့ကြတယ်။ ဟိုမှာရှိတဲ့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေလည်း သွားတက်ကြတယ်။ အခုသမီးငယ်ဆိုရင် West မှာ ကျောင်းတက်နေပေမယ့် ဟိုကဘုန်းကြီးကျောင်းကို အမြဲသွားတယ်။ ဘုန်းကြီးကျောင်းသွားရင် မြန်မာအစားအစာ စားရတယ်လေ။ သူတို့က မြန်မာအစားအစာကို အရမ်းကြိုက်ကြတယ်။ သူတို့က ဒီမှာမွေးပြီး ဒီမှာကြီးကြတော့ ဒီမြေကိုလည်း လွမ်းကြတယ်။ ဒီက အစားအစာတွေလည်း လွမ်းကြတယ်။ ငါးပိချက်တို့၊ ချဉ်ပေါင်ကြော်တို့ သူတို့ကြိုက်ကြတယ်။ ငယ်ငယ်ကတည်းက နိုင်ငံခြားမှာ နေခဲ့ရင်တော့ ဒီက Culture တွေ ပျောက်ကုန်လိမ့်မယ်။ သူတို့ကတော့ ဒီမှာပဲ ကြီးကြတော့ မြန်မာ Culture တွေတော့ မပျောက်ပါဘူး။

**အန်တီက လေးစားအားကျတဲ့ သူဆိုရင်ရော ဘယ်သူဖြစ်မလဲ။**

ဒါဆိုရင်တော့ အန်တီတို့ရဲ့ ထူးမျိုးဆက်ကို စခဲ့တဲ့ အန်တီ့ရဲ့အဖေနဲ့အမေပါပဲ။ အန်တီ့အဖေနဲ့အမေက စေတနာ သဒ္ဓါတရားလည်း အရမ်းရှိတယ်။ သူတစ်ပါးကိုလည်း အရမ်းကူညီချင်ကြတယ်။ မျိုးချစ်စိတ်လည်း အရမ်းပြင်းထန်ကြတယ်။

**ကိုယ့်ရဲ့ဘဝမှာ မဖြစ်မနေ လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ကိစ္စဆိုရင် ဘာဖြစ်မလဲအန်တီ။**

အန်တီအမြဲလုပ်ချင်တဲ့ကိစ္စ ရှိတယ်။ အဲဒါက အန်တီတို့မြန်မာလူမျိုးတွေရဲ့ ဘဝအဆင့်အတန်း မြှင့်တင်ပေးဖို့ပါပဲ။ အန်တီလုပ်နိုင်သလောက် လုပ်ပေးချင်တယ်။ လုပ်တဲ့အခါလည်း ယောကျ်ားရယ်၊ မိန်းမရယ်၊ မိန်းမလျာရယ် မခွဲဘဲ အားလုံးအတွက် လုပ်ပေးချင်တယ်။ အဲဒီလိုကိစ္စတွေကိုတော့ မဖြစ်မနေလုပ်ဖို့ ဆုံးဖြတ်ထားတယ်။

**ဖြိုးစုပိုပို**



ဖခင်ဦးဇော်ညွန့် လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့် ရယူခဲ့စဉ်က



မိခင်ဒေါ်ထူး လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယအဆင့် ရယူခဲ့စဉ်က



Asian Fame Media Group



# သုန်းမောင်မော်

## တာဝတ်သူကြီး

ဝတ္ထုတိုရသ

Asian Fame Media Group

လွန်ပြီ။ ဒီလောက်ဆိုရင်တော့ မောင်လွန်လာပြီလို့ ကျွန်မ ထင်သည် . . .။

ကျွန်မရေးသမျှ ဝတ္ထုလေးတွေကို မဂ္ဂဇင်းတွေဆီမပို့ခင် မောင့်ကို အရင်ပေးဖတ်ခဲ့သည်။ ဝေဖန်ခိုင်းသည်။ ပြင်သင့်တာပြင်ဖို့ အကြံဉာဏ်တောင်းသည်။ အမြဲတမ်းလိုက်နာခဲ့သည်၊ ပြုပြင်ခဲ့သည်၊ ပြောသမျှ ခေါင်းငုံ့နားထောင်ခဲ့သည်။

ဒါပေမဲ့ ခုကိစ္စကတော့ တော်တော့ကို လွန်လွန်းသွားပြီ။ ကျွန်မရဲ့ သိက္ခာကို ရစရာမရှိအောင် ပွန်းပဲ့သွားစေခဲ့ပြီလို့ ကျွန်မထင်သည်၊

သူလား. . .။ အဲဒီမောင်ဆိုတဲ့ သူကလား. . .။

(၁)

"ရတီရေ. . . ဧည့်သည်"

နောက်ဆုံး အနေနဲ့ နဖူးပေါ်မှ ဆံမြိတ်စကို ဘီးနဲ့ တစ်ချက်ခုတ်လိုက်သည်။ ကြည့်မှန်ခပ်သေးသေးမှ ဘယ်ညာပါးပြင်နှစ်ဖက်အား ခပ်မြန်မြန်လေး တစ်ချက်စီလှမ်းကြည့်ပြီး အခန်းရှေ့ထွက်လိုက်သည်။

ရှပ်အင်္ကျီဖြူဖြူ၊ ကချင်ပုဆိုးကွက်စိပ်ကလေး ဝတ်ဆင်ထားတဲ့ သူက အဆောင်ဧည့်ခန်းမှာ ခေါင်းကလေးငုံ့ကာဖြင့် ခပ်ငြိမ်ငြိမ်လေး ထိုင်နေသည်။

အနားရောက်သည်နှင့် ပထမဆုံးရလိုက်တာက ချိုအီသင်းထုံနေတဲ့ မွှေးရနံ့။ ဆက်တီခုံမှာ ထိုင်လိုက်တော့ ဖြူဖွေးစီရီနေတဲ့ သွယ်တန်းတန်းသွားတန်းကလေးများ ပေါ်အောင် သူကပြုံးပြသည်။

''ညီမ ရှိနေလိမ့်မယ်လို့ ကျွန်တော် မထင်ဘူး"

ဘာကြောင့်လဲ. . .၊

"လာနိုင်ပါတယ်လို့ ကျွန်မ သေသေချာချာ ပြောဖြစ်ပါတယ်"

"ဟုတ်ကဲ့. . . ကျွန်တော်က ဟို. . . ကိစ္စကြောင့် စိတ်ဆိုးနေမယ် ထင်နေတာ"

"အိုး. . ရှင်ကလည်း ကျွန်မ ကလေးမဟုတ်ဘူး။ ပြီးတော့ ကျွန်မက ကျေးဇူးတောင်တင်နေတာ"

"ဟုတ်တယ်လေ၊ ကျွန်မလို ခုမှ ပထမဆုံး စာမူလေးတစ်ပုဒ် ပါလာဖူးတာ၊ သူ့လို ကဗျာဆရာ (ထားပါတော့) ဝေဖန်ရေးဆရာက တခုတ်တရ စာမျက်နှာပေါ်က ဝေဖန်လာတာ ကျေးဇူးတောင် တင်ရမှာမဟုတ်လား။

"ပြီးတော့ ဟိုက်တိုက်ဆိုင်ဆိုင်နော်၊ မန်းရတနာမှာမှ ကျောချင်းကပ်လျက်ထိုင်မိကြတယ်"

"ဟင်း. . . ဟင်း. . . ဟင်း"

ရတ်တရက် ကိုယ့်ကိုယ်ကိုယ် အံ့ဩသွားရတယ်၊ ဖျတ်ခနဲ ပါးစပ်ကို လက်ဝါးလေးနဲ့အုပ်မိကာ မဒို့တရို့ရယ်မိလိုက်သည်လေ။ ကျွန်မက. . . နဂို ကျွန်မက. . .။

(၂)

အဲဒီနေ့က လဆန်း ၃ ရက်နေ့. . .။ အိမ်က ငွေပို့လိုက်ပြီ ဖုန်းဆက်ခဲ့လို့ ပွဲရုံမှာ ငွေသွားထုတ်တာ။ တစ်ဆက်တည်း ထွန်းဦးစာပေမှာ အသစ်ထွက်တဲ့ မဂ္ဂဇင်းတွေ သွားငေးတာ. . .။ မထင်မှတ်ဘဲ Hello Friend မဂ္ဂဇင်းလေးတွေ့ လိုက်တော့ ဝမ်းသာအားရ ကောက်ကိုင်လိုက်တယ်။ လှုပ်ရှားတုန်ရီနေတဲ့ စိတ်နဲ့ မာတိကာကို ကြည့်လိုက်တော့ ကျွန်မ နာမည်မတွေ့ရဘူး။ အင်း. . . နှစ်လပဲ ရှိသေးတာပဲ ဖြည်းဖြည်းပေါ့. . . လို့ တွေးရင်း နောက်စာမျက်နှာများကို တဖြည်းဖြည်းလှန်ကြည့်နေမိတယ်၊ တစ်ဝက်လောက်ရောက်တော့ ဖတ်မိလိုက်တဲ့ စာသား အချို့ကြောင့် စိတ်ထဲ ဝေဇဝါ ဖြစ်သွားတယ်။

"ချစ်သူ့နှောင်ကြိုး သူမနှင့်မာယာ" ဆိုတဲ့ စာတန်းကလေး။ အောက်နားက ကလောင်အမည် ကြည့်လိုက်တော့ "တန်ခူးလေပြေ" တဲ့။ တစ်ခါမှ မကြားဖူး။ အမျိုးသမီး ထင်ပါရဲ့။ ဒါပေမဲ့ လုံးဝရင်းနှီးနေတာက ရှေ့ကစာမူနာမည်။ 'ချစ်သူ့နှောင်ကြိုး' ဆိုတဲ့ စကားလုံး . . .။ အဲဒီစကားလုံးက ပြီးခဲ့တဲ့ ၂ လက ဒီ Hello Friends မှာ ပဲ ပါခဲ့တဲ့ ပထမဆုံးဝတ္ထုတိုလေးရဲ့ အမည်။

စာမူ ပထမဆုံးအပိုဒ်ကို ဖတ်မိတော့ ဘာခုမခံစားရသေးဘူး။ စာရေးသူက 'ကြိုး' တွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးဖွင့်ဆိုထားတာ။ သံယောဇဉ်ကြိုး၊ ချစ်ခြင်းမေတ္တာကြိုး၊ နှောင်ကြိုးအမျိုးမျိုး။ ဒုတိယအပိုဒ်ရောက်တော့ ကျွန်မ မျက်လုံးပြူးသွားတယ်။ "မတ်လထုတ် Hello Friends မှာ စာရေးသူ 'ရတီပွင့်ဦး' ရဲ့ ဝတ္ထုလေးတစ်ပုဒ် ဖတ်ရပါတယ်။ 'ချစ်သူ့နှောင်ကြိုး' တဲ့. . . ဆိုပြီး . . .။ ကျွန်မဝတ္ထု။ ဖျတ်ခနဲ မာတိကာမှာ စာမျက်နှာ တိုက်ဖတ်ကြည့်မိတော့ 'စာပေဝေဖန်ရေး' တဲ့၊ ခေါင်းစဉ်က . . .။ တချို့မဂ္ဂဇင်းတွေက ရှေ့ဘက်မာတိကာမှာသာ စာမူအမျိုးအစားကို ခေါင်းစဉ်တပ်ထားတာ၊ အတွင်းက စာမူထိပ်မှာတော့ ဘာခေါင်းစီးမှ မတပ်ဘူးလေ။ ဝတ္ထုတိုလား. . . အက်ဆေးလား. . .။ ဘာလား. . . ညာလား. . . ပေါ့. . ။

ဒါနဲ့ ချက်ချင်းပဲ အဲဒီ မဂ္ဂဇင်းလေးဝယ်ပြီး အဆောင်ကို ပြန်သွားတယ်၊ တခြားလိုအပ်တာတွေတောင် ဝယ်မသွားဖြစ်တော့ဘူး၊ အဆောင်ရောက်တော့ တောက်လျှောက် အခန်းထဲဝင်သွားပြီး အဲဒီစာမူကို ဖတ်တယ်၊ ရင်တွေ တထိတ်ထိတ် ခုန်လို့ပေါ့. . .။

အို. . . စာရေးသူက တော်တော်လေး ကာကွယ်ထားတာပါလား။ သူရေးပုံက ယောက်ျားတွေဘက်က အပြင်းအထန်ကာကွယ်ထားတာ။ ယောက်ျားလေး တစ်ယောက်များလား။ ကလောင်အမည်ကတော့ 'တန်ခူးလေပြေ' တဲ့။

ဒီလိုနဲ့ ကျွန်မသူငယ်ချင်း နှစ်ယောက်ကို 'မန်းရတနာ ကဖေး' မှာ လက်ဖက်ရည်လိုက်တိုက်တယ်။ ဒုတိယ အကြိမ်မြောက်ပေါ့။

(၃)

"အံ့ပါရဲ့တယ်၊ ကိုယ့်ဝတ္ထုကို ပယ်ပယ်နယ်နယ် ဝေဖန်ထားတာတောင် ရှင့်မို့ ပျော်နေတယ်"တဲ့။ သူငယ်ချင်းမိမိုးက ပြောတယ်။

"မိုးရယ်. . . ရတီက ခုမှ ဝတ္ထုတိုလေး တစ်ပုဒ်စပါဖူးတာလေ. . အဲ့ဒီတစ်ပုဒ်ကို ဝေဖန်ရေးဆရာက မဂ္ဂဇင်းစာမျက်နှာပေါ်မှာ ဝေဖန်တော့ လူတွေ သတိထားမိတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်. . ."

"ပြီးတော့. . . အဲ့ဒီစာရေးဆရာမက သူတို့အဖြစ်နဲ့များ သွားတူလို့လား မသိပါဘူး. . ယောက်ျားမာယာနဲ့ မိန်းမမာယာကို ဒက်ဖနေးရှင်းဖွင့်ပြီး ယှဉ်ပြထားလိုက်တာ . . . ဟီဟီ. ."

ဆတ်စလူးမဒီဖြူက တဟီဟီနဲ့ ဝင်ပြောပြန်တယ်။ ကျွန်မတို့သူငယ်ချင်းသုံးယောက်က ဒီ 'မန်းရတနာကဖေး' မှာပဲ မကြာခဏ ထိုင်ဖြစ်ကြတယ်။ ကျွန်မတို့ Botany မေဂျာ အခန်းနဲ့ နီးသလို စကားပြောတိုင်း တဟီဟီနဲ့ ရယ်ပြောပြောတတ်တဲ့

Asian Fame Media Group
MEDIA GROUP



> **ကောင်လေးမှာ တရားဝင် ချစ်ခွင့် မပန်လာသေးတော့ ကျွန်မကလည်း ချစ်ပါတယ် ရှင်ဆိုပြီး အဖြေမပေးလိုက်ရတဲ့ အကြောင်းကို ရိုးရိုးလေး ဖွဲ့ထားတာပါ။ ပွင့်လင်းစွာ မပွင့်လင်းတဲ့ ယောက်ျားတွေရဲ့ အချစ်က ပွင့်ပွင့်လင်းလင်း ပွင့်လင်းလို့မရတဲ့ မိန်းမတွေအတွက် တင်းကျပ်စွာ ချည်နှောင်ထားတဲ့ နှောင်ကြိုးတစ်စနှင့် တူပါတယ်လို့ ဖွင့်ဆိုထားတာ...**

မိဖြူမကြောင့်ပေါ့။ မန်းရတနာ စားပွဲဝိုင်းတွေက တစ်ဝိုင်းနဲ့တစ်ဝိုင်း တော်တော်လှမ်းတယ်လေ။

"ဟီဟီဟီ. . . ဘာတဲ့. . . ယောက်ျားတွေက အကြောင်း အမျိုးမျိုးကြောင့် ရင်ထဲကအချစ်ကို မျိုသိပ်ထားတတ်ပြီး အခွင့်အရေး မယူတာ ယောက်ျားပီသတာပါတဲ့ . . . ဟီဟိ . . . ကြိုးရှည်ရှည်နဲ့ လှန်တာ မတွေ့ဘူးတဲ့ ဟီဟီဟီ . . . "

'ချစ်သူနှောင်ကြိုး'ဆိုတဲ့ ကျွန်မဝတ္ထုက ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်နေတယ် ဆိုပြီး ဖွင့်မပြောဘဲ ပျောက်ကွယ်သွားတဲ့အကြောင်း. . .။ ကောင်လေးမှာ တရားဝင် ချစ်ခွင့်မပန်လာသေးတော့ ကျွန်မကလည်း ချစ်ပါတယ် ရှင်ဆိုပြီး အဖြေမပေးလိုက်ရတဲ့ အကြောင်းကို ရိုးရိုးလေးဖွဲ့ထားတာပါ။ ပွင့်လင်းစွာ မပွင့်လင်းတဲ့ ယောက်ျားတွေရဲ့ အချစ်က ပွင့်ပွင့်လင်းလင်း ပွင့်လင်းလို့မရတဲ့ မိန်းမတွေအတွက် တင်းကျပ်စွာ ချည်နှောင်ထားတဲ့ နှောင်ကြိုးတစ်စနှင့် တူပါတယ်လို့ ဖွင့်ဆိုထားတာ. . .၊ သာမန် ချစ်မေတ္တာဘွဲ့ဝတ္ထုလေး။ ဝေဖန်ရေးသမားတွေ ဝေဖန်ကြတာ များသောအားဖြင့် ဘဝသရုပ်ဖော် ဝတ္ထုများကိုပါ။ ရိုးရိုးသာမန်ဝတ္ထု ဖြစ်တဲ့ ကျွန်မဝတ္ထုကို ဒီစာရေးသူက ဘာကြောင့်များ။ ဘာကြောင့်များ. . .။

"တစ်ဆိတ်. . . ကျေးဇူးပြုပြီး ထိုင်ခွင့်ပြုပါ ခင်ဗျာ"

ရုတ်တရက် ခပ်ကြကြ လုံးလုံး အသံတစ်သံ ကြားလိုက်ပြီး အရိပ် တစ်ရိပ် စားပွဲဆီးလာရပ်တာမို့ ကျွန်မတို့အသံတွေ ကိတ်သွားရသည်။ မော့ကြည့်လိုက်တော့ မချော ပေမယ့် ရည်မွန်သော အသားညိုညို လူရွယ်တစ်ယောက်။

"ကျွန်တော် 'အံ့ဖွယ်လူ' ပါ၊ ကဗျာရေးပါတယ်. . . " ဆိုပြီး မိတ်ဆက်လာတော့ ကျွန်မ ရင်ထဲ ထိတ်ခနဲခုန်သွားရသည်၊ ကျွန်မ နှစ်သက်တဲ့ ကဗျာဆရာတစ်ယောက် . . .၊ 'Hello Friends' မှာ မကြာ ခဏပါနေတဲ့ ကဗျာဆရာ။

"ကျွန်တော် စောစောကတည်း က ဟိုဘက်စားပွဲမှာ ထိုင်နေတာ၊ ဒီကညီမတို့ မရောက်ခင်ကတည်းက . . ဟို. . . 'ရတီပွင့်ဦး' ဆိုတာ . . . "

"ဟုတ်ကဲ့. . . ကျွန်မပါ"

ကလေးတွေလို လက်ညှိုး ကလေးထောင်ပြီး ပြောလိုက်မိသည်။ မိုးက ဖျတ်ခနဲမျက်စောင်း ထိုးသည်။ မိဖြူက ဘာမှန်းမသိ တဟီဟီနဲ့ ရယ်သည်။

"ဪ . . . " ဆိုပြီး သူက ဘာမှမပြောသေးဘဲ ကျွန်မကို ခပ်စူးစူးလေး စိုက်ကြည့်သည်၊ သူ့အကြောင်းကို မခံနိုင်သလို ရုတ်ခနဲ ခေါင်းကိုငုံ့ပိလိုက်ပြီး ဖျတ်ခနဲ ပြန်၍ မော့လိုက်သည်၊ ဘယ်လိုဖြစ်တာလဲ. . . ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩသွားရသည်၊ 'ရတီပွင့်ဦး' ဆိုတဲ့ ကျွန်မက ဒီလိုရှက်တတ်တဲ့သူ မဟုတ်ဘူးလေ၊

"တွေ့ရတာ ဝမ်းသာပါတယ်"

"တန်ခူးလေပြေ ဆိုတာလည်း ကျွန်တော်ပါပဲ" လို့ ပြောပြီး လက်တစ်ဖက်ကမ်းလာတယ်။

"ရှင်" ဆိုပြီး ရုတ်တရက် ကျွန်မ ဆွံ့အကြောင်ငေးသွားရသည်။ နောက်တော့ တွန့်ဆုတ်စွာနဲ့ စကားတစ်ခွန်းပြောလိုက်မိတယ်။ "ဟုတ်ကဲ့" လို့။ ကမ်းလာတဲ့ သူ့လက်ကိုတော့ မဆုပ်ကိုင်လိုက်ဘူး။

"အမှန်က ကျွန်တော်က ကဗျာပဲရေးတာပါ. . .။ စကားပြေ ရေးမိတာ ဒါပထမဆုံး. . .။ ဒါက လည်း 'Hello Friends' မှာ ညီမဝတ္ထုဖတ်မိလို့၊ ပြီးတော့ အဲဒီတာ ကိုမင်းမင်းက 'ရတီပွင့်ဦး' ဆိုတာ မင်းတို့မန္တလေးတက္ကသိုလ်က ဆိုလို့ . . . "

ဒီလိုနဲ့ သူနဲ့ ကျွန်မ စတွေ့ခဲ့သည်။ ကျွန်မ အဆောင်ကိုလာလည်ပါရစေဆိုလို့ ခွင့်ပြုခဲ့သည်။ နောက်တော့ ကျွန်မတို့ ရင်းနှီးလာသည်၊ အဲဒီမှာ သူက. . .။ အဲဒီစာဖတ်သူကြီးက. . ။

(၄)

"ဒီမှာ ရတီ. . . မင်းရဲ့ ဒီဝတ္ထုက စကားပြေ စကားပြောတွေ ရောနေတယ်၊ ပြန်ပြင်လိုက်ဦး. . စကားပြောဆိုလည်း စကားပြောနဲ့ပဲ တောက်လျှောက်ရေး. . .။ စကားပြေဆိုလည်း စကားပြေချည်းပေါ့၊ ကိုယ်က ကဗျာပဲရေးတယ်ဆိုပေမယ့် စာကိုတော့ တကယ်ဖတ်လာတာနော်၊ စာဖတ်သက် အနည်းဆုံး နှစ်ပေါင်း ၂၀ လောက်ရှိပြီ"

တစ်ခါတစ်ခါ သူ့ကို ကျေးဇူးတင်သည်။ တစ်ခါတစ်ခါတော့ ဒေါသတွေအတုံးလိုက်ထွက်ရပြန်သည်။ စာရေးဖို့ အမြတ်နိုး တိုက်တွန်းတတ်သလို ရေးပြီးတဲ့ စာတွေကိုလည်း မညှာမတာ ဝေဖန်တတ်သည်။ ဘယ်တော့မှ အပြောလွတ်ခဲ့ရတဲ့ ဝတ္ထုဆိုတာ မရှိခဲ့။ ဝေဖန်ပြီး

Asian Fame Media Group
MEDIA GROUP

ရင်လည်း ကိုယ်က စာတွေ တကယ် ဖတ်လာတာနော်နဲ့ ပြောတတ်သေးတဲ့ စာဖတ်သူကြီး။

ခါတိုင်းတော့ ဘယ်သွားသွား မိုးတို့၊ မိဖြူတို့နဲ့ မခွဲတတ်ခွဲတွဲ. . ။ နောက်တော့ ဆုံကြပြီဆို သူနဲ့ကျွန်မက စာအကြောင်းပေအကြောင်း ပြောလိုက်၊ ဆိုလိုက်၊ ငြင်းခုံလိုက်ဆိုတော့ ဟိုနှစ်ယောက်က စိတ်မရှည်စွာ ထွက်သွားကြပြီ သူနဲ့ကျွန်မပဲ ကျန်ကျန်နေခဲ့တော့ အဖွဲ့ကွဲသလို ဖြစ်သွားသည်၊

သူနဲ့ရင်းနှီးပြီးမှ ကျွန်မရဲ့စာအရေးအသားတွေ တိုးတက်မှုရှိလာတာတော့ ဝန်ခံပါသည်။ သူကလည်း ကျွန်မနဲ့ သိကျွမ်းပြီးမှ ကဗျာတွေ အရေးနည်းသွားပြီး စကားပြေအရေးများလာသည်တဲ့။ ဒါပေမဲ့ သူရေးတဲ့ စကားပြေက ဝတ္ထုလည်းမဟုတ် ဆောင်းပါးလည်းမဟုတ်။ ဝေဖန်ရေးဖြစ်နေခဲ့သည်။ 'အုံ့ဖွယ်လူ' ဆိုတဲ့ ကဗျာဆရာပျောက်သလောက်ဖြစ်သွားပြီ 'တန်ခူးလေပြေ' ဆိုတဲ့ ဝေဖန်ရေးဆရာက စာမျက်နှာပေါ်မှာ ခပ်စိပ်စိပ်တွေ့လာရ သည်။

'တန်ခူးလေပြေ' ဆိုတဲ့ နာမည်ကြီးက မိန်းမနာမည်ကြီး၊ ဘာအဓိပ္ပာယ်နဲ့ ပေးလိုက်တာလဲ ကိုအုံ့ဖွယ်"

ကျွန်မက သူ့ကို ကိုအုံ့ဖွယ်လို့ ခေါ်ပါသည်။ ကျွန်မအတွက် ကီစ္စတော်တော်များများမှာ သူက အုံ့ဖွယ်တစ်ပါးဖြစ်ခဲ့သည်လေ။

"ကျွန်တော်က တန်ခူးလမှာ မွေးတာလေ။ စာရေးဆရာတွေ ရေးတဲ့စာအကြောင်းကို လေပြေအေးနဲ့ ဝေဖန်ပြခြင်းလို့ 'တန်ခူးလေပြေ' လို့ပေးလိုက်တာ"

"တော်သေးတာပေါ့ ကိုအုံ့ဖွယ်ရယ်၊ လေပြေလေးနဲ့မို့ ကျွန်မရဲ့ ချစ်သူနှောင်ကြိုးကို များ ဝေဖန်လိုက်တာ၊ မုန်တိုင်းတိုက်သလိုပဲ"

"ဟား ဟား ဟား ဟား. . ။ အဲဒီဝတ္ထုမှာ ရတီက ယောကျ်ားတွေကိုများ ကြိုးရှည်ရှည်နဲ့ လှန်တတ်တဲ့ နွားကျောင်းသားတွေနဲ့ နှိုင်းထားတာကိုး. . ."

"ကျွန်မအထင်တော့ ဝေဖန်တယ်ဆိုတာ သမာသမတ်လည်း ကျရမယ်လို့ ထင်တယ်။ ဟိုလေငါနဲ့မတူ ငါ့ရန်သူလို့မဖြစ်စေချင်ဘူး။ ရှင်က ယောကျ်ားဆိုတော့ ယောကျ်ားတွေ မကောင်းပြောတော့ ဒေါသထွက်မယ်၊ မိန်းမတွေ မကောင်းပြောရင် သဘောကျမယ်၊ ဒီလိုမျိုး . . . ဘယ်လိုပြောရမလဲ၊ ဝေဖန်ရေးဆရာဟာ အနည်းဆုံးတော့ ဆန္ဒစွဲလို့ခေါ်ရမလား. . .၊ အဲဒါမျိုးကင်းရမယ်လို့ ကျွန်မထင်တယ်. . . သဘောတူလား "

"ခု နောက်ပိုင်း ကျွန်တော့်စာတွေကို ကြည့်လေ. . . မဂ္ဂဇင်းဆိုလည်း ဝတ္ထုဆိုလည်း ဒီစာရေးဆရာချည်းပဲ ကွက်ပြီး မရေးဘူး၊ ရေးသင့်တဲ့ စာပါမှ . . . ရေးသင့်တဲ့ ဝတ္ထုမှပဲ ရေးတော့တယ်လေ. . .၊ ဒါပေမဲ့ ခြွင်းချက်တော့ရှိတာပေါ့"

ခြွင်းချက်. . .။ အဲဒီစကားပြောတော့ သူ့အသံက ချိုမြနေတယ်လို့ ကျွန်မထင်တယ်. . . အကြည့်ကလည်း ငွေးငွေးလိုက်တာ။

အဲဒီကာလ အပိုင်းအခြားလေးလည်း ကျွန်မတို့ နှစ်ယောက်အတွက်တော့ မှော်ဆန်ရင်ဖွယ်အတိပြီးခဲ့၏။ မဟာရတနာ၊ Rubby၊ ယုနီဆန် မိန်းဆေးတစ်ဝိုက်က ကဖေးဆိုင်တွေမှာ ကျွန်မတို့နှစ်ယောက် ခြေရာများထပ်နေခဲ့သည်၊ မဂ္ဂဇင်းတိုက်တွေကို စာမူပို့တဲ့အခါ စာတိုက်ကြီးသို့ သူ့ဆိုင်ကယ်လေးနဲ့ လိုက်ပို့ပေးသည်။ မော်တော်ဆိုပ်သို့ ပါးခဲ့တဲ့ ပစ္စည်းသွားယူတဲ့အခါ၊ ပွဲရုံမှာ ငွေသွားထုတ်တဲ့အခါ ဗန်းမော်တိုက်ထဲက ဓာတ်ဆရာထံမှာ တစ်လတစ်ခါ ဓာတ်သွားမေးတဲ့အခါ ဈေးချိုမှာ ပစ္စည်းသွားဝယ်တဲ့အခါ . . . အခါများစွာ သူ့ဆိုင်ကယ်နောက်မှ ပါပါသွားတော့ သူငယ်ချင်းတွေက ပြောလာသည်။ အဆောင်သူတွေက စပ်စုကြသည်။

"မိုးရိုးပါကွယ်၊ ငါတို့က စာပေမောင်နှမတွေလေ" လို့ ပြောတိုင်း မိုးက မျက်စောင်းထိုးသည်။ မိဖြူက တဟီးဟီးနဲ့ ရယ်သည်။

တစ်နေ့တော့ ကျူရှင်တစ်ခုမှာ စာသင်နေကြတုန်း အပြေးအလွှား သူရောက်လာသည်။ မိန်းရှေ့မှာ ဖိုင်နယ်ကအစ်ကိုကြီးတွေ ဦးဆောင်ပြီး ဆန္ဒပြနေကြတယ်ဆိုပြီး. . ။ မှတ်မှတ်ရရ. . အဲဒီနှစ်က ကျွန်မတို့ တတိယနှစ်၊ ၁၉၉၆ ခုနှစ်၊ ၁၁ လပိုင်း၊ ၁၁ ရက်နေ့၊ ဗုဒ္ဓဟူးနေ့ကြီး . . ။ ဘာအကြောင်းကြောင့် ပြရတာလဲ ဒီဆန္ဒကလို့မေးတော့ သေချာဂယနက သူမဖြေနိုင်။ ကိစ္စတစ်ခုကြောင့် ပြဿနာရှိလာတာကို မတုန်မလှုပ် ရေငုံနှုတ်ပိတ်နေကြတော့ ဆေးကျောင်းသားတွေက မိန်းမထဘီတွေပို့ခဲ့ပြီး "မင်းတို့ . . . မိန်းထဲကကောင်တွေ ထဘီသာဝတ်ထားကြ" လို့ ပြောလို့တဲ့။

နောက်သုံးရက်လောက်ကြတော့ ကျွန်မတို့တက္ကသိုလ်တွေ ပိတ်သွားသည်။ ကျောင်းသူ၊ ကျောင်းသားတွေ အလျှိုလျှို သူ့နယ်၊ ကိုယ့်နယ်ပြန်ကုန်ကြသည်။ ကျွန်မကတော့ မပြန်ဖြစ်လိုက်။ သူကလေ. . အဲဒီမောင်ကလေ၊ မခွဲနိုင်လို့တဲ့။ ကျွန်မကို ချစ်မိနေတာ ကြာလှပြီတဲ့။ ကျွန်မကလည်း. . ရွာကိုမပြန်ချင်တော့။ မပြန်ချင်တဲ့အကြောင်းကလည်း အခိုင်အမာ. . . ။ နောက် ၁၀ ရက်ကြာတော့ ကျွန်မတို့ လက်ထပ်လိုက်ကြသည်. . ။



(၅)

"သမီးအသက်လည်း နှစ်ဆယ်ပြည့်ခဲ့ပြီ. . ။ တက္ကသိုလ်ကျောင်းသူကြီးလည်းဖြစ်နေပြီ. . ။ ပြီးတော့ သမီးမေမေဆုံးသွားတာလည်း ဆယ်နှစ်ပြည့်ခဲ့ပြီပဲ ဒီတော့ သမီးအန်တီလေးနဲ့ ဖေဖေ ဆေးပေးမီးယူလေး လက်ထပ်လိုက်ချင်ပြီကွယ်"

ဖေဖေ့အသက်က ခုမှ ၅၂ နှစ်ရှိသေးတယ်။ ဆေးပေးပြီး မီးယူရအောင်က အန်တီလေးက လေးဆယ် . . ။ ကိုယ့်အမေရဲ့ညီမဆိုပြီး ချစ်ခင်ခဲ့ပေမယ့် အမေလို့တော့ မခေါ်ချင် . . . ။ ဒီရွာမှာမွေး၊ ဒီရွာမှာ ကြီးခဲ့ကြတော့ တစ်ရွာလုံးသိခဲ့ကြတဲ့ တစ်အိမ်တည်း အတူနေညီအစ်မ. . ။မေမေ ကောင်းကောင်းမမာခင် တရှောင်ရှောင်ဖြစ်လာကတည်းက အန်တီလေးနဲ့ ဖေဖေ့ကို ရွာသူရွာသားတွေ စောင်းမြောင်းမြောင်းပြောဆို သမုတ်ခဲ့ကြတာ။ ဆယ်နှစ်သမီးအရွယ် ကျွန်မက ဆတ်ဆတ်ထိမခံ အော်ဟစ်ခဲ့တယ်။ တကယ်လည်း မေမေဆုံးရော အဟုတ်ကြီးယူဖြစ်သွားတော့ တစ်လျှောက်လုံးကာကွယ် ပြောဆိုခဲ့တဲ့ ကျွန်မမျက်နှာ ဘယ်သွားထားရမှန်း မသိ။

တက္ကသိုလ် ပထမနှစ်တက်နေတုန်း ယူသွားကြတာဆိုတော့ အဲဒီနှစ်က ကျောင်းပိတ်ရက်မှာ တစ်ပတ်လောက်တော့ ပြန်ဖြစ်လိုက်ပါတယ်။ ဒုတိယနှစ်မှာတော့ လုံးဝမပြန်ဖြစ် . . ။ ဟော. . ။ ခုတတိယနှစ်တက်တုန်းတန်းလန်း ကျောင်းတွေပိတ်လိုက်ပြန်တော့ လုံးဝကို မပြန်ချင်တော့ . . ။ ဒီကြားထဲ သူက. . အဲဒီမောင်ကလည်း မခွဲချင်တော့ဘူးဆိုတော့ ကျွန်မချက်ချင်း ခေါင်းညိတ်ခဲ့သည်။

"ရတီက စာပဲရေးနော်. . မောင် ၉ တန်း၊ ၁၀ တန်း ကလေးတွေကို Guide လိုက်သင်မယ်"

မောင်တို့ တစ်မိသားစုလုံးနီးစာရေးတွေ ကျောင်းဆရာမတွေဆိုတော့ အဆက်အသွယ် သိပ်ရှာစရာမလိုဘဲ မောင်က ကျူရှင်ဆရာဖြစ်သွားသည်။ ကျွန်မတို့ အိမ်ထောင်ဦးအစကတော့ သိပ်အဆင်မပြေလှ. . ။ ကျွန်မ အဖေတို့ကလည်း သူတို့ကိုအခွဲ့တိုက်တာဆိုပြီး ကောင်းကောင်းမထောက်ပံ့။ မောင်တို့ဘက်ကလည်း တစ်အိမ်လုံး အစိုးရဝန်ထမ်းတွေဆိုတော့ ရုတ်တရက် ချက်ချင်းကြီးပြုလုပ်ဖြစ်တဲ့ မင်္ဂလာပွဲကို သပ်သပ်ခပ်ခပ် မလုပ်ပေးနိုင်၊ အိမ်ထောင်ကွဲဖြစ်တဲ့ မောင့်အစ်ကို တစ်ယောက်က တာဝန်ယူပေးခဲ့သည်။ ဒါတောင် ခန်းမတွေ ဘာတွေမှာ မင်္ဂလာဆောင်တာမဟုတ်၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှာ မင်္ဂလာဦးဆွမ်းလေးကပ်ပြီး မောင့်မိသားစု အသိအကျွမ်း အနည်းငယ်သာ ဖိတ်ခဲ့သည်၊ ကျွန်မ ဘက်က အဖေနဲ့အန်တီလေးတို့က လွဲလို့ ရွာကမည်သူ့ကိုမှ အသိမပေး ခဲ့။

ဒါပေမဲ့ ကျွန်မတို့ပျော်ခဲ့ကြသည်။ ကျောင်းသားစိတ်တွေလည်း မပျောက်ကြသေးတော့ မိန်းနွားလေးက မဟာမြိုင်ရပ်ကွက်ထဲမှာပဲ အိမ်ခန်းခပ်သေးသေးလေး ငှားနေခဲ့သည်။ မောင် ကျူရှင် Guide ပြသိပြချိန်ကလွဲလို့ ကျွန်မ တို့နှစ်ယောက် ခေါင်းချင်းဆိုင်ပြီး စာတွေဖတ်သည်၊ ငြင်းခုံကြသည်၊ ယိုးဆန်မှာ သွားထိုင်သည်။ လူတွေ မရှိကြတော့တဲ့ မိန်းတကွဲကွင်းထဲ လက်ချင်းတွဲကာ လမ်းလျှောက်ကြသည်။ လမ်းလျှောက်ရင်းမောင်က ကဗျာလေးတွေရွတ်ပြသည်၊ ကျွန်မက မျက်လုံးစင်းကာ နားထောင်သည်။ ပြီးရင် လက်ခုပ်လေးတီးပြီး မောင့်ကို ဂုဏ်ပြုသည်။

စာတွေရေးပါ. . ရေးပါဆိုပြီး တဖွဖွ ပြောတဲ့မောင့်ကြောင့် ကျွန်မ စာတွေရေးဖြစ်ပါသည်။ မဂ္ဂဇင်းတွေကိုမပို့ခင် အိမ်က အယ်ဒီတာက အရင်ဆုံးတည်းဖြတ်သည်။

"ရတီ့ စာတွေက အပြောတွေများနေတယ်ကွာ မပြောဘဲနဲ့ပြရမယ်ဆိုတာ ခေါင်းထဲ အမြဲထည့်ထား. . မောင်က စာတွေတကယ် ဖတ်ခဲ့တာနော်"

ကျွန်မ ဝတ္ထုလေးတစ်ပုဒ်ပြီးပြန်ရင် မောင်က ဝေဖန်ပြန်၊ နောက်ဆုံးကျတော့ မောင်က စာတွေ တကယ်ဖတ်ခဲ့တာနော်နဲ့ မဏ္ဍပ်တိုင်က လည်း တက်ပြတတ်သည်။ မောင်လည်း ခုနောက်ပိုင်း ကဗျာတွေဘာလို့ မရေးတာလဲ၊ မဖတ်ရတာ ကြာပြီကွာဆိုရင် မောင်က "ကလေးတွေကို စာသင်ဖို့ စာတွေပြန်ဖတ်ရတယ်. . ပြီးတော့ ရတီဖတ်သင့်တဲ့ စာတွေကိုလည်း မောင်က လိုက်ရှာဖတ်နေရတယ်လေ" နဲ့ ဆင်ခြေပေးသည်။

ကဗျာတွေ မရေးဖြစ်တော့ပေမယ့် မောင်ပြောသလို စာတွေပိုဖတ်ဖြစ်တော့ မောင်က" Hello Friends" မှာပဲ ဖတ်ညွှန်းလိုမျိုး လစဉ် တိုင်ပင်ရေးဖြစ်လာသည်၊ ကျွန်မလည်း မဂ္ဂဇင်းစာမျက်နှာပေါ်မှာ အနည်းငယ်လူသိလာသည် ဆိုပါတော့. . ။

အိပ်မက်ထဲမှာ မောင်က ကျွန်မကို ပွစိပွစိနဲ့ ပြောဆိုနေတယ် . .

"ဘယ်လိုလဲ ရတီ။ မင်း စာရေးသက်က ၁၅ နှစ်လောက် ရှိလာပြီနော်။ တစ်ခါလာလည်း ဈေးသည်တွေအကြောင်း တစ်ခါလာလည်း ဈေးဝယ်တွေအကြောင်း အကြောင်းအရာတွေ ထပ်မနေဘူးလားကွာ . ."

ထပ်မှာပေါ့ . . ထပ်တော့မှာပေါ့။ တစ်နေ့တစ်နေ့ ဒီဈေးဆိုင်ထဲမှာပဲ ဈေးရောင်းလိုက်၊ သမီးနှစ်ယောက် ဝေယျာဝစ္စတွေ လုပ်လိုက်၊ ချက်လိုက်၊ ပြုတ်လိုက်၊ ကုန်စုံဆိုင်လေး အတွက် ဈေးချိုကိုပြေးလိုက်ရနဲ့ စာဖတ်ချိန်ကိုလည်း ကောင်းကောင်း မရ. . ။ ရေးပါ ရေးပါလို့ တတွတ်တွတ်ပြောနေတော့ ရေးဖြစ်ပြန်ရင်လည်း ကိုယ့်ဆိုင်မှာ ဈေးလာဝယ်ရင် ပြောကြ၊ ဆိုကြ၊ ရင်ဖွင့်ကြတဲ့ အကြောင်းတွေပဲ ရေးဖြစ်လိုက်တယ်လေ။

"ဩော်. . မောင်ရယ်. . ဈေးသည် ဈေးဝယ်တွေ အကြောင်း နောက်ခံထားပေမယ့် ပေးချင်တဲ့ မက်ဆေ့ကတော့ ကွဲပါတယ်ရှင် ဒါဆို ပင်လယ်အကြောင်း မကြာခဏ ရေးနေတဲ့ ဆရာမ မိချမ်းဝေတို့ ဘူတာရုံ အကြောင်းခဏခဏ ရေးတတ်တဲ့ ဆရာရဲသျှမ်းတို့ အညာကျေးလက် က အကြောင်းတွေပဲ ရေးတဲ့ ဆရာမခင်ခင်ထူးတို့ဆို ဘယ့်နှယ်လုပ်မလဲ။ လက်တလော ဘယ်မဂ္ဂဇင်းပဲ ကောက်ကိုင်ကိုင် သူတို့စာတွေနဲ့ လွတ်လို့လား၊ ကဲ. . ."

"အမလေး. . လေး. . ဒေါ်ရတီ၊ သူတို့တစ်တွေက မိချမ်းဝေ၊ ခင်ခင်ထူး၊ ရဲသျှမ်းဆိုတာ ဖြစ်ပြီးတော့မှ အဲဒီလိုတွေရေးတာကွ. . မင်းက. . ခုဘာဖြစ်သေးလို့လဲ. . 'ရတီပွင့်ဦး' ဆိုရင် ဘာဝတ္ထုလို့များ နာမည်တပ် ပြောလို့ရသေးလို့လား။ ပြောစမ်းပါဦး"

"မပြောတော့ဘူး. . မပြောတော့ဘူး. . ကလေးတစ်ယောက် ရပြီးချိန်မှာ ရှင့်ကျူရှင်လခနဲ့ စားမလောက်တော့လို့ တစ်ပဲခြောက်ပြားစာမုန့်လေးနဲ့ မဝတ်လောက်တော့လို့ ကျွန်မမှာ ဝတ်ထားသမျှ ရွှေနဲ့တူတာတွေ အကုန် ချွတ်ရောင်းပြီး ဒီကုန်စုံဆိုင်လေး ထောင်လိုက်ကတည်းက ဘယ်မှာလဲ စာရေးချိန် . . ဘယ်မှာလဲ. . စာဖတ်ချိန်. . တွေးချိန်. . ။ ရင်ထဲက ဝါသနာလေး အညွန့်မတုံးသေးလို့သာ တစ်ပုဒ်တလေ ထွက်ထွက်လာတာလေ။ မပြောတော့ဘူး. . မပြောတော့ဘူး . . ."

"မပြောတော့ဘူး. . မပြောတော့ဘူး"

ဗလုံးထွေးနဲ့ ပါးစပ်က အော်ဟစ်ရင်း အိပ်မက်မှ နိုးလာတယ်. . ။ ဒါပေမဲ့ ပြောကိုပြောဦးမယ် ဒီကိစ္စကိုတော့ . . ။

ခုဆို အသက်က လေးဆယ်တန်းထဲရောက်လာပြီ လုံးချင်းဆိုလို့ အတိုလေးတွေသာ စုပြီးထုတ်ခဲ့ဖူးတာ။ ဘယ်မဂ္ဂဇင်း ဘယ်ဂျာနယ်ကမှ 'ရတီပွင့်ဦး' ရဲ့ စာမူလေး ချီးမြှင့်ပါဦး ဆိုတာ မရှိသေးဘူး။ ပြီးခဲ့တဲ့နှစ်လကမှ 'Hello Friends' မဂ္ဂဇင်း အယ်ဒီတာက ၁၈ နှစ်ပြည့် အထူးထုတ်အတွက် ဝတ္ထုလေး ရေးပေးပါဦး ဆိုလို့ ရေးလိုက်တာ. . ။ တကယ်ကို အားသွန်ခွန်စိုက် ရေးလိုက်တာပါ။ အရင်ရေးဖူးခဲ့တဲ့ လေးငါးပုဒ်စာ အနှစ်တွေကို စုပြီး ရေးလိုက်တာ၊ ဟော. . ခုမနက်တော့ မဂ္ဂဇင်းထွက်ရက်ဆိုပြီး ထွန်းဦးစာပေကို

အပြေးကလေး သွားလိုက်မိပါတယ်။ စာအုပ်တော့တန်းတွေပါရဲ့ အထဲမှာ ကိုယ့်စာမူ ပါမလာဘူးလေး. .။ မာတိကာ အရင်မကြည့်မိဘဲ စာရွက်တွေပဲ တဖျပ်ဖျပ် အပြန်ပြန်လှန်နေမိတော့ ဘေးက စာအုပ်ဝယ်သူတွေတောင် သတိထားမိတဲ့အထိ။

အိမ်ရောက်တဲ့ အထိတောင် ဆိုင်းမနေနိုင်ဘူး ထွန်းဦးဆိုင်ထဲကပဲ အယ်ဒီတာကိုမင်းမင်းဆီ ဖုန်းလှမ်းဆက်လိုက်တယ်. .။

ဟောဗျာ. . ဆရာမယောက်ျား ကိုအံ့ဖွယ်ပဲ စာမူကိုပြန်တောင်းသွားတယ်လေ။ အထူးထုတ်မှာ မထည့်ချင်ဘူးတဲ့။ ပြန်ပြင်ရဦးမယ်ဆိုပြီး . . . "



ဒူးတွေ တဆတ်ဆတ် တုန်သွားပြီး ရိပ်ခနဲတောင် မူးဝေသွားပါရဲ့. . ဒီစာမူကို သူ့ကိုမပြခဲ့မိသလို 'Hello' က အထူးထုတ်အတွက် စာမူတောင်းတာကိုတောင် အသိမပေးခဲ့၊ ဒင်းက ဘယ်လိုသိပြီး ဘာအတွက်နဲ့ စာမူကို ပြန်တောင်းလိုက်ရတာပါလိမ့်။

ဖျတ်ခနဲ မျက်စိနှစ်လုံးမှင့်တာနဲ့ ပထမဆုံးမြင်ရတာက ခုတင်ခြေရင်းက တိုင်ကပ်နာရီ၊ လက်တံတိုက နံပါတ် ၂ နေရာမှာ။ ခန္ဓာကိုယ်ကို စောင်းမိတော့ ဒင်းက နံပါတ် ၂ ထိုင်ခုံမှာ၊ စာတွေဖတ်တုန်း. .။ နံပါတ် ၃ ထိုင်ခုံကိုတောင် မထိုင်သေး။

"မောင်ရယ်. . ထိုင်ခုံ ၁ လုံး ဆိုတော်ရောပေါ့။ အိပ်ခန်းက ကျဉ်းရတဲ့ အထဲ မောင့် ထိုင်ခုံတွေက နေရာယူလိုက်တာ"လို့ကျွန်မ ပြောခဲ့ဖူးတယ်။

"ဒါက မောင့်အလုပ်. . မောင့်ကျွန်းမာရေးနဲ့လည်း ဆိုင်တယ်လေကွာ။ မောင်က ဖတ်ညွှန်းရေးတာဆိုတော့ သူများတွေထက် ပိုဖတ်ရတယ်၊ ပိုမှတ်ရတယ်၊ ဒါကြောင့်"

သူက ပထမဆုံး ဒရင်းဘတ်လို ခပ်လျှောလျှောထိုင်ခုံ နံပါတ် ၁ မှာ အရင်ထိုင်ပြီး စာတွေဖတ်တယ် . . . ၁ နာရီ ၂ နာရီလောက်ကြာတော့ ပုံမှန်ထိုင်ခုံ နံပါတ် ၂ မှာ နောက်ထပ် ၁ နာရီလောက် ထပ်ဖတ်ပြန်တယ်။ နောက်စာရေးတော့မယ်ဆိုမှ စားပွဲနဲ့ကုလားထိုင်မှာ ထိုင်ရေးတော့တာ။ အဲဒီတော့ ကျွန်မတို့အိပ်ခန်း ကျဉ်းကျဉ်းလေးမှာ သူ့ထိုင်ခုံသုံးခုက တစ်ဝက်လောက် နေရာယူထားတယ်။

ကျွန်မဖြင့် ခုနောက်ပိုင်း ဝတ္ထုရေးဖြစ်ရင် စားပွဲ၊ ကုလားထိုင်မှာ ထိုင်ပြီးရေးရမယ် ဆိုတာတောင် ခပ်မေ့မေ့. .။ ဒီအတိုင်း အိမ်ရှေ့ဈေးရောင်းရင်း နည်းနည်းလောက်ကောက်ရေးလိုက် အိမ်နောက်ဖေးထမင်းဟင်းချက်ရင်း ရေးလိုက်သမီးနှစ်ယောက် ဝေယျာဝစ္စနဲ့ သူ့ဝေယျာဝစ္စတွေလုပ်ရင်း ရေးလိုက်နဲ့။ တစ်ပုဒ် တစ်ပုဒ်ကို တစ်လလောက်တောင် ရေးယူရတယ်၊ အရင်လို ပုံမှန်ကျောင်းသုံး ဗလာစာအုပ်နဲ့တော့ ရေးလို့မရတော့ဘူး၊ လက်က ဒီအတိုင်းကိုင်ရေးရတော့ ကတ်ထူအမာစား စာအုပ်နဲ့မှ. .၊

ထိုင်ခုံ နံပါတ် ၂ မှာ ခပ်မတ်မတ်ထိုင်ပြီး စာဖတ်နေတဲ့ မောင့်ကို အသာခိုးကြည့်ရင်း ဟိုတစ်ချိန် ကျွန်မအဆောင်ကို လာလည်စဉ်က ပုံရိပ်ကလေးကို ပြန်ပြီးမြင်ယောင်လာသည်။

လည်ကတုံး အင်္ကျီဖြောင်ရောင်စုံလေးတွေကို ကချင်ပုဆိုး အကွက်စိပ်လေးတွေနဲ့ တွဲဝတ်ပြီး သန့်ပြန့်မွှေးကြိုင်စွာနဲ့ ကျွန်မအဆောင်ကို ရောက်ရောက်လာတတ်တယ်၊ ကျွန်မစိတ်ထဲ မောင်ဟာ ကျွန်မကြားဖူးတဲ့ ကဗျာဆရာတွေနဲ့ မတူဘဲ ကုမ္ပဏီတစ်ခုက မန်နေဂျာပေါက်စလေးနဲ့ တောင် တူလှတယ်လို့ အတွေးဝင်ခဲ့သေးတယ်၊ ကျွန်မကလည်း သူလာမယ့်ရက်ဆို ရေချိုးခေါင်းလျှော်ပြီး သနပ်ခါး (သူက ကြိုက်တယ်ဆိုလို့) ပါးကွက်ကြားလေး (ကြိုးကြိုးစားစား) လူးလို့ ကြိုရတယ်ပေါ့။

ဟော အိမ်ထောင်ကျပြီးတော့ မှပဲ ကွမ်းတွေ တဖွတ်ဖွတ်ဝါး . . ညညပြန်လာပြီဆို ယမကာနံ့လေးက သင်းလို့. .၊ 'အမေနဲ့သမီးတွေဖို့' ဆိုပြီး စားစရာတစ်မျိုးမျိုးတော့ အထုပ်လေးနဲ့ ဆွဲပြီးပြန်လာတတ်လို့ သူ့အပေါ် ထွက်လာတဲ့ဒေါသတွေ တော့ ပြေသွားပါရဲ့. .။ ဒါပေမဲ့. . အချစ်. .။ အဲဒီ အချစ်ဆိုတာကတော့ ရင်ထဲနှလုံးသားထဲမှာရော . . အသွေးအသားထဲက ပါ တစ်နေ့တခြား နည်းလာခဲ့တယ်။

"အဟေးဟေး. . အဲဒီတုန်းကလေ ကိုယ် မင်းအဆောင်ကို လာတော့မယ်ဆို ကိုယ့်မှာ သွားတွေ တစ်ကြိမ်မက တိုက်ရ. . ရေတွေချိုး၊ ခေါင်းတွေလျှော်နဲ့ ပင်ပန်းလိုက်တာ. . အဲ ပြန်ပြီဆိုမှပဲ ကိုယ့်မှာ ကွမ်းတွေအားရပါးရဝါးရတယ်၊ ဘော်ဒါတွေနဲ့ ယမကာလေးမှီဝဲရင်း မင်းအကြောင်း စားမြုံ့ပြန်ရတယ်" တဲ့။

ကြည့်စမ်းပါဦး ထိုင်ခုံနံပါတ် ၂ မှာ ခပ်မတ်မတ်ထိုင်ပြီး စာဖတ်နေတဲ့ သူ့သဏ္ဌာန်က ဝက်တစ်ကောင်ကို မျက်မှန်တပ်ပေးထားသလို ပုံပုံကြီး ထိုင်လို့။ ၅ ပေ ၅ လက်မလောက်ပဲ ရှိမယ်ထင်ရတဲ့ သူ့အရပ်က အထက်ကို ဆက်မတက်တော့ဘဲ ဘေးကိုပဲ ဖောင်းကားထွက်လာတဲ့ အသားဆိုင်တွေကြောင့် ဖားပြုပ်ကြီးတစ်ကောင်အလား. .။ လွန်ခဲ့တဲ့ (၁၅) နှစ်က ပိန်သွယ်သွယ် ရင်ခုန်ဖွယ်သဏ္ဌာန်နဲ့များ တခြားစီ. .။

တကယ်တော့ သမီးရည်းစားဘဝဆိုတာ တစ်ယောက်နဲ့တစ်ယောက် မူရာမာယာတွေနဲ့မာန်တွေဆောင်ပြီး မုသာဝါဒတွေ ပြိုင်ကြတဲ့ ပွဲလို့များ ခေါ်ရလေမလား။ကိုယ့်ရဲ့ မကောင်းတဲ့ စရိုက်တွေကို ဖုံးကွယ်ထားပြီး အကောင်းဆုံး အလန်းဆုံး စတိုင်တွေနဲ့ တွေ့ရတိရလို့လေ။

အိပ်ရာထက်က ဖြုန်းခနဲထ ထိုင်လိုက်တဲ့ ကျွန်မကို ကြည့်ပြီး ပါးစောင်မှာ ခဲထားတဲ့ ဆေးလိပ်တိုတောင် ပြုတ်ကျလို့. .။ သူ့မှာ. .။

"ဟ. . ဟ. . လန့်လိုက်တာကွာ. . မင်းကလည်း. . ဘယ်လိုဖြစ်တာလည်း. . အိပ်မက်ယောင်တာလား. ."

ကျွန်မဘာမှ မဖြေသေးဘဲ သူ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်တယ်. .၊ ပြီးတော့မှ သွားကြားထဲက ထွက်ခဲ့တဲ့လေသံဖြင့် အံကိုကြိတ်ပြီး ခပ်လေးလေးနဲ့ ဖြည်းဖြည်းချင်းပြောလိုက်တယ်. .။ တစ်လုံးချင်း. .၊

"စာ. . ရေး. . မ. . လို့"

ဟုတ်တယ်၊ ရေးမယ်. .။ ဒီညမအိပ်ဘဲနဲ့ကို ရေးလိုက်ဦးမယ်. .။ ဘာအကြောင်းလဲ ရှင်သိချင်လား။ ရှင့်အကြောင်း. .။ စာဖတ်သူကြီးအကြောင်းလေ. .။ ကျွန်မပြောချင်တာတွေကို ဝတ္ထုထဲကနေပဲ ပြောတော့မယ်။ ကျွန်မက စာရေးဆရာမ။ စာဖတ်ဆရာ မဟုတ်ဘူး. .။ပြီးရင်လည်း ရှင်ကြိုက်သလို ဝေဖန်နိုင်တယ်. .၊ ရှင်ပင်တိုင်ရေးတဲ့ "Hello Friends" ကိုပဲ ပို့လိုက်ဦးမယ်. .။ ဘာလဲ. .။ ဝတ္ထုခေါင်းစဉ် သိချင်သေးလား. .။ ပြောပြမယ် . .။ စာဖတ်သူကြီးတဲ့. . စာဖတ်သူကြီး။ ။

**လွန်းမောင်မောင်**




ရည်ညွှန်းဖွဲ့သီချစ်သူဆီ

# ဓမ
# ကိုသျှား

Asian Fame Media Group
MEDIA GROUP

(က)

တကယ်ကို ပါးလျတိုးတိတ်စွာ။ မေ. . .။ သိမ်မွေ့နူးညံ့မှုအပြည့်အမောက်နဲ့။ မေ. . .။ အရာရာဟာ အိပ်မက်တစ်ခုလိုလို၊ အိပ်မက်တစ်ခုဟာ အရာရာလိုလို။ မေ. . .။ ဖွဖွညင်သာတီးတိုးစကား ရင်နဲ့ဆတ်ဆတ်ကြားရတယ်။ မေ. . .။ ပဝါဖြူလွလွလေးတစ်စ လေစီးသုန်သုန်မှာ တုန်ယင်မျောလွင့်လာသလို၊ သူတော်စင်ဝိညာဉ်ဖြူမလေး ကိုယ်ထင်ပြနေသလို၊ ဝင်လာခဲ့၊ ဆိုနင့်ကြေကွဲရှုမှုတွေပေါ် ထိုးစိုက်ထားတဲ့ မှောင်အတိကျ နေ့စွဲတွေထဲ မေ ဝင်လာခဲ့ပေါ့။

အာရုံမှောက်မှား၊ ဂယောင်ချောက်ချား၊ တွေပြားတယ်၊ ဘဝတသံစုံမြည်တယ်၊ ဘဝမှာ ဘာမှလည်းမရေရာ၊ အပေအတေဆန်တယ်၊ ဂျစ်ကန်တယ်၊ မိုက်ကန်းတယ်၊ မြေပုကြင်းမှောင့် ရှင်သန်နေထိုင်ရမှုထဲ လှိုင်းကြီးလေထန်တယ်။ တစ်လောကလုံး ကြက်မျှမကျလူးလာခေါက်ပြန်နေကြ၊ ငါကတော့ ရောင်းရန်မဟုတ် အရုပ်ကလေးလို စိတ်ကူးနဲ့ အကြိမ်ကြိမ်မွေ့ဖက်နေမိပေါ့။

ယိမ်းထိုးလောင်ကျွမ်းနေတဲ့ လမ်းပေပဲ။ သွေးညှီနံ့တွေ တစ္ဆပ်စွပ်။ ကျွန်တော်ဟာ ရိက္ခာဖြတ်တောက်ခံရတဲ့ စစ်ရှုံးသူ။ ကျွန်တော်ဟာ ကိုယ့်ငိုသံ ကိုယ်ဘာသာမပြန်တတ်တဲ့ သစ်ရွက်ကြွေ။ သူ့ဘဝမြို့ကြီးပြကြီးမှာ ကျွန်တော့်ချစ်မေတ္တာ ဆင်ခြေဖုံးဆန်ခဲ့သလား။

အချစ်ဟာ ဇာတ်သဘင်တစ်ခုဆိုရင် ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာ ဘယ်သူ ကန့်လန့်ကာလဲ (ဝင်းမြင့်)။ ပင်လယ်ကူးသင်္ဘောကြီးနဲ့ တူတဲ့မင်းကို တံငါလှေလေးနဲ့တူတဲ့ ငါက လှမ်းခေါ်တယ်။ တော်ဝင်ညစာစားပွဲကြီးတဲ့တူတဲ့မင်းကို ထမင်းကြမ်းခဲလေးနဲ့တူတဲ့ ငါက လှမ်းခေါ်တယ်။ (မောင်သိန်းဇော်)။ အို့ကွယ် . . . ရာဇဝင်ထဲမှာ မောင့်ကို ထားရစ်ခဲ့ (ပိုင်စိုးဝေ)။

လမ်းဘေးဓွေးတစ်ကောင်ကို အမဲရိုးပစ်ကျွေးတဲ့ စာနာမှုလောက်တောင် ယောင်ယမ်းပုံကျမလာ။ လူတွေက စစ်တိုက်ဖို့နဲ့ သိမ်းပိုက်ဖို့ပဲ သိတယ်။ လူတွေက ကိုယ်နဲ့စိတ်တစ်ခုခုကို အခမ့်ပြုဖို့ပဲ တွေးတယ်။ နားထဲက ရေတံခွန်စီးကျသလိုလေတွေ။ ကိုယ့်ကိုယ်ကိုယ် သတိမထားမိလိုက်ဘဲ မျက်ရည်တွေ အလိုအလျောက် စီးစီးကျလာတယ်။ ကိုယ်နာကျင်ရတာကို ကိုယ်ပြန်သာယာတဲ့ ရောဂါရဲ့အမည်။ သူတစ်ပါး နာကျင်တာကို အရသာခံချင်တဲ့ လူတွေ၊ ခွေးတွေ၊ စိတ်ရောဂါသည်တွေ၊ အရူးတွေ၊ အဲဒီလို လက်ညှိုးငေါက်ငေါက်ထိုး ဆဲဆိုနေလိုက်ချင်တော့တယ်။

ငါ မင်းဆီ ရောက်လာခဲ့တယ်။ ဥက္ကာပျံအပိုင်းအစတွေ လွင့်စင်လာသလို၊ ကျောက်ဆောင်ကို အရှိန်ပြင်းပြင်း ဝင်ဆောင့်တဲ့သင်္ဘောလို၊ နံရံကို ပစ်ပေါက်လိုက်တဲ့ ဂစ်တာလို ငါ မင်းဆီ အရောက်လာခဲ့ပါတယ်။ မင်း ငါ့ဆီ ရောက်လာခဲ့တယ်။ သိဒ္ဓတ္ထဆီ ယသော်ဓရာရောက်ရှိလာသလို၊ မောင်ချောနွယ်ဆီ မမမြင့်ရောက်ရှိလာသလို မဟုတ်ပေမယ့် မင်း ငါ့ဆီ အရောက်လာခဲ့ပါတယ် မေ။

(ခ)

ရေနစ်တယ်၊ မြေမျိုခံရတယ်၊ တစ်စစီကြွေတယ်၊ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုဟာ မေ ဖြစ်ခဲ့ပြီပဲ။ ယဉ်ယဉ်ကျေးကျေးလေးတော့ တမ်းတမိတာပေါ့။ လူ့ဘုံခန်းဝါထဲ ငိုတဲ့အခါ ငိုမယ်၊ ရယ်တဲ့အခါ ရယ်မယ်၊ ဖြစ်သမျှအကြောင်းအကောင်းတရားနဲ့ ကိုယ့်ဒုက္ခကိုယ် အဖန်တလဲလဲ ဖြေတွေးနေရတယ်။

မေ့လက်ဖဝါးလေးကိုမှ ရှုးရှူးသွပ်သွပ် မဆုပ်ကိုင်ရရင် ကျွန်တော် ရူးလို့ပဲဖြစ်မှာ၊ တီတီတာတာပြောတတ်တဲ့ မေ့နှုတ်ခမ်းလေးတစ်စုံကိုမှ မစွဲလမ်းရင် ကျွန်တော့်နှလုံးသားကန်းနေလို့ပဲဖြစ်မှာ။ မေ . . . အပြင်မှာ အရမ်းပူပြင်းခြောက်သွေ့လွန်းလို့၊ အသက်အန္တရာယ်စိုးရိမ်နေရလို့ မေ့နှလုံးအိမ်ထဲမှာ မောင့်ကိုတစ်ညလောက် သိပ်ပါ။ နိုးသားမားပြတွေ ရိုက်နှက်လုယူသွားမှာစိုးလို့ မောင့်ကဗျာလေးတွေကိုလည်း မေ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားပြီး ရင်ဝယ်သားကဲ့သို့ ချစ်ပါ။

ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် တာမှမတွေ့ဘူး။ စိတ်ယဉ်ကျေးမှု၊ ခေတ်စနစ်အပေါ် တုံ့ပြန်ပုံ၊ လူမှုအမြင်၊ အတွေးအခေါ်၊ ဘဝကို ချဉ်းကပ်စိတ်၊ ဘာတစ်ခုမှ မတူဘူး၊ တူတာဆိုလို့ တစ်ယောက်ကိုတစ်ယောက်ချစ်တဲ့ အချစ်ပဲရှိတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ချစ်ခြင်းဟာ ခလုတ်ကန်သင်းများပြီး ကျွန်တော်တို့ဘဝတွေဟာ ခြေပါးကင်းပါးပေါ်ခဲ့တယ်။

တစ်ခါတလေကျတော့လည်း စစ်မြေပြင်မှာ ရဲဘော်ရဲဘက်အားလုံး အတုံးအရုံးကျရှုံးနေချိန် အလောင်းတွေအလယ် တစ်ယောက်တည်း ရှင်ကျန်ရစ်ခဲ့ရတဲ့ စစ်သူရဲကောင်းလို ငါ သွေးလေချောက်ချား။ ငါ့အသက်ကို ရန်သူ့ လက်အပ်လိုက်ရတော့မလား၊ ငါ့အရှုံးဟာ ငါ့ရှင်သန်မှုကို ငါ့ခန္ဓာထဲကနေ ဆွဲထုတ်ယူသွားတော့မလား။ ငါ ထိတ်လန့်တုန်လှုပ်တယ်။ မေ. . .။

ညတွေ. . .။ ငါ့ညတွေ. . .။ ငါ့မျက်လုံးထဲက အိပ်စက်ခြင်းကို နတ်မိစ္ဆာတွေရဲ့ လက်သည်းချွန်တွေနဲ့ ဖောက်ထုတ်ယူငင်ခံထားရတဲ့ ငါ့ညတွေ။ ငါဟာ တစ်ယောက်တည်း။ ငါ့ကိုယ်ငါ အထင်တွေကြီးလို့၊ ငါ့ကိုယ်ငါ ပထမတန်းစားကဗျာဆရာတစ်ယောက်လို ယုံကြည်ချက်ဟာ ခေါင်ခိုက်လို့။ တကယ်တော့ ငါဟာ ကြောက်လွန်းလို့ တိမ်ဝင်နေတဲ့ အသံလေးတစ်စပါ။

အလိုလိုမှ ညံ့နေရတဲ့အထဲ ခပ်ညံ့ညံ့ကဗျာတွေ ကျွန်တော်မရေးချင်ဘူး။ အလိုလိုမှ ညံ့နေရတဲ့အထဲ ခပ်ညံ့ညံ့ကဗျာတွေ ကျွန်တော် မဖတ်ချင်ဘူး။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုအဆက်ဆက်ဟာ ကျောက်ခေတ်နဲ့ မတူတာဆိုလို့ လူတွေပို ယဉ်ကျေးချင်ယောင်ဆောင်လာတာတွေပဲ ရှိတယ်။ လူတွေ ငြိမ်းချမ်းရေးကို အာခေါင်ကွဲအောင် အော်ဟစ်စာလုံးပေါင်းပြနေတာပဲ ရှိတယ်။ တွန်းကြမယ်။ တင်ကြမယ်။ အင်အားကြီးတဲ့ မျိုးနွယ်စုက အင်အားနည်းတဲ့ မျိုးနွယ်စုတွေကို တိုက်ခိုက်သိမ်းပိုက်သလို အခုလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ကျွန်ပြုချင်စိတ်တွေ ဝဖီးနေ။ ဒါပါပဲ။ လူတွေတည်ဆောက်နေတဲ့ ယဉ်ကျေးမှုဆိုတာ ဒီလောက်ပါပဲ။

(ဂ)

အလျှံညီးညီးလမ်းမတွေပေါ်မှာ ခေါင်းငိုက်စိုက်ချလျှောက်ရင်း . . .။ ငါ့ညနေခင်းတွေဟာ မင်းလက်ထဲမှာ ပြောင်းဆန်အောင်



Asian Lamb Media Group

ပွင့်ဝေသွားခဲ့။ ငါ မေ့မိ၊ ငါ့ဘဝကို ငါ မေ့သွားမိကြောင်း ငါ ဝန်ခံပါတယ်။ မင်းစိတ်ထဲ ငါ့အိမ် ငါ့ရာလို့။ မင်းဘဝထဲ ခွေးလေခွေးလွင့်လို . . ။ ငါ သွေးကြောင်နေတယ်။ အနာဂတ်က ငါ့ကို တာဝန်ယူဖို့ ငြင်းပယ်တယ်။ ငါ့အတွေးတွေက မင်းနဲ့ဝေးလေ ကစဥ့်ကလျားဆန်လေပဲ။ မင်း ကိုယ်နဲ့သင်းသင်းလေးကရော ငါ့ကိုယ်ကျင့်သီလ မမှောက်မှားစေဖို့ ဘယ်အတိုင်းအတာထိ အာမခံနိုင်သလဲ။ မင်းကိုမမြင်ရရင် ငါ့အချစ်က ငါ့ကို ပြန်ရန်မူတယ်။

ကျွန်တော် သီဆိုရာ သီချင်း၊ 'လမ်းဘေးက ကဖေးလေး ငါ ထိုင်ငေး. . . အဆွေးဆုံးအတွေးများ ငါခံစား' (ထူးအိမ်သင်)။ ခေါင်းမော့တော့ ခလုတ်တိုက်တယ်။ ခေါင်းငုံ့တော့ ကားတိုက်မယ်။ အဖျား။ သိမ်ငယ်မှုန်းကျပ်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှု။ ဆိုနင့်နင့်နာကျင်။ မျက်ရည်။ အခုလောလောဆယ် ကျွန်တော့်စိတ်ထဲ ထိုးစိုက်ပုံဆင်းနေတဲ့ ကိုယ်စားပြုမှုတွေ။ သွေးကြောပိတ်ဆို့တယ်။ ဘာလိတ်ခားနဲ့ လိုးဖြတ်ပစ်ရမယ် ထရေစီအီမင်။ ကယ်ပါပေါ်လီယာနာ။ ညီမလေး . . . ကိုယ့်ကိုကယ်ပါ ပေါ်လီယာနာရယ်။

တုန်ယင်အဖျားတက်။ ခန္ဓာကိုယ်လား မီးခဲလား ခွဲမရတော့ဘူး။ မေ့နာမည်ကို ရေတော်သလို တတွတ်တွတ် သွေးရူးသွေးတမ်း အော်ခေါ်တမ်းတလို့။ ရှုံးမယ်ဆိုတာ ကြိုတင်သိနေရက်နဲ့ ဒီတိုက်ပွဲကို ကျွန်တော် ဆက်တိုက်ခဲ့တယ်။ နောက်ဆုံးတော့ ကျွန်တော်ပဲ သိမ်းပိုက်ခံလိုက်ရပေါ့။

ပြက္ခဒိန်ထဲ ခရေပွင့်အမှတ်အသားတေးမှတ်ထားတဲ့ မျော်ရှင်ဖွယ်ပြုသဒါးနေ့တွေဟာ မေပဲ။ ကျွန်တော့် တနင်္ဂနွေကနေ စနေထိ ခေါင်းငိုက်စိုက်ချထားမိတာ ခေမဲ့။ မေ. . . ။

မေဟာ လူသားစင်စစ်တစ်ယောက်လား။ မေဟာ ဟောဒီလူလောကမှာ အမှန်တကယ်ရှိနေသလား။ မေဟာ ကျွန်တော့်စိတ္တဇရဲ့ ဝတ္ထုရိနတ်သမီးလား။ ပုံရိပ်ယောင်ဖြစ်နေခဲ့တယ်ဆိုလည်း ကျွန်တော့်အတွက်တော့ တကယ့်အရှိတရားအစစ်အမှန်။ စိတ်ကြွေတယ်။ လေလွင့်တယ်။ စိတ်ရှိလက်ရှိ မီးခိုးအူတယ်။ နွေတွေချည်းပဲ။ နွေတွေချည်းပဲ၊ နွေတွေချည်းပဲ။ နွေတွေ နွေတွေ နွေတွေ နွေတွေဝေပေါ့။ သစ်ရွက်ခြောက်တွေ တဝုန်းဝုန်း။ ခွေးတွေကလည်း လူမမြင်ခင်ကတည်းက ဟောင်မယ်ဆိုတာချည်းပဲ။ ဖျို့တက်လာတဲ့ တမ်းတစိတ်ကလည်ချောင်းမှာ ငါးရိုးစူးသလို နင်နေမျက်နေ။

ရေအိုးကို လုံခြုံစွာ ဖုံးအုပ်သန့်စင်ပါ။ ယင်နားစာကို မစားပါနဲ့။ လွင့်ပစ်လိုက်တဲ့ ဖဲချပ်တွေလို နာကျင်ရှုံးနိမ့်မှုတွေဟာ တင္ဝေ့ဝေ့ စီးမျောရင်း။ လူ့သမိုင်းမှာ အမှားကို ဘယ်သူစထွင်ခဲ့သလဲ။ ဖုန်းခွက်ထဲက ကတီအခွံတွေလည်း မေ့ဆေးမလုံမလောက် ဖြားယောင်းခံရ။ ကျွန်တော်ဟာ အမေ့လိုပဲ အမွေနဲ့ လွှဲချော်ခဲ့ရပါတယ်။ (ဆူးရှင်)

(ဃ)

ထွတ်ထွတ်ကလေး လှတယ်လို့ ရှုရှုကလေးရယ်လို့ လှမ်းတဲ့မေ။ ညက်ညက်သားနားတော့ မနေကြည့်လို့ ကျမ်းနှင့်မသေ့ မြင်မြင်သူမြင်ရခိုက် ကြိုက်လို့ပဲ သေသေယဉ်ပေစွ ကြော့ကြော့ဆုံး လှလှရဲ့ လုခေါင် မြိတ်လွတ်တယ် မြေရောင်နဲ့ (ဦးပုည)။

မေသာ မရှိခဲ့ရင် လူသားဆန်မှုဆိုတဲ့ စကားလုံးကို ကျွန်တော့် အဘိဓာန်မှာ ရေးထိုးမိလိမ့်မယ် မထင်ဘူး။ ကျွန်တော့်ရဲ့ တစ်ဦးတည်း မူပိုင်မာသာထရီဆာ. . . ။ ကျွန်တော်အရှင်လတ်လတ်ကြီး ချစ်ခဲ့မိပေါ့. . . ၊ ငါ မကျူးလွန်တဲ့ ပြစ်မှုအတွက် မမျှတတဲ့ ပြစ်ဒဏ်ကို ငါ့အပေါ် စီရင်ချက်မချလိုက်ပါနဲ့။

ငါ့နှလုံးသားနဲ့ အလျော်ပေးပါ့မယ်။ မင်းတို့အပေါ် ရက်စက်ခဲ့သမျှအားလုံးအတွက် မကျေနိုင်မှန်းသိပေမယ့် ငါ့နှလုံးသားကို လျော်လိုက်ပါ့မယ်. . . ။ မေ. . . ။ မေ. . . ။ မေ. . . ။

ငါ့ဆီ တရားနဲ့ လာသူကို ငါက တရားနဲ့ပဲ ကြိုတယ်။ ငါ့ဆီ ဓားနဲ့ လာသူကို ငါက ဓားနဲ့ပဲ ကြိုမယ်။ မေ. . . ။ ဟောဒီ ယုတ်မာဆိုးသွမ်းပြီး ရမ်းကားလွန်းလှတဲ့ လူ့အဖွဲ့အစည်းကို သရော်လှောင်ပြောင်လိုတာ မောင့်ဗီဇပါ။ လိမ်တယ်။ ညာတယ်။ ကောက်ကျစ်တယ်။ ယုတ်မာတယ်။ အောက်တန်းကျတယ်။ ရွံစရာအတိပြီးတဲ့ မစင်ပုပ်တွေသာ ကမ္ဘာကြီးကို မောင်းနှင်နေလေပေ့ါ။ နာနာဘာဝတွေ၊ သွေးစုပ်ဖုတ်ကောင်တွေ၊ သူခိုးကြမ်းပိုးတွေ၊ မိန်းမပျက်တွေနဲ့ ခွေးအတွေ၊ ဆင်ခြေဖုံးစိတ်ဓာတ်တွေ၊ မင်းဆိုးမင်းညစ်အဆက်ဆက်။ တကယ်တော့ ငါက စစ်ကို မသိ၊ ငြိမ်းချမ်းရေးကို မသိ၊ ဘာကိုမှ မသိတဲ့ သူရူးတစ်ယောက်ပါ။

ကျွန်တော်ဟာ တာဝန်မကျေဆုံး တာဝန်ရှိသူတစ်ယောက်ပေါ့။ ခေါင်းရှောင်ခဲ့တယ်။ ခေါင်းရှောင်နေတယ်၊ ခေါင်းရှောင်နေဦးမယ်။

အဆင်မပြေသူတစ်ယောက်ကိုမှ ကြောက်စရာကောင်းတယ်ဆိုတာ တရားမဲ့လွန်းပါတယ် (အောင်ချိမ့်)

သွားပုပ်လေလွင့်တွေကို မင်းပဲ ယုံ။ မနာလိုလို့ သွေးထိုးတာကို မင်းပဲ ခေါင်းထဲထည့်။ ပြီးရင် ငါ့ကို သံသယတွေနဲ့ ဓားပေါက်လာလာ ကျင့်ပါ မမမေ၊ ငါကတော့ ငါ့ချစ်ခြင်းသစ္စာကိုပဲ ယုံတယ်။ မင်းကို စောင့်မျှော်နေရတဲ့ လမ်းတွေကိုပဲ ယုံတယ်။ တစ်ယောက်ကို တစ်ယောက် ချစ်လွန်းလို့ နာကျင်ကြေကွဲရတာလောက် ဆိုးရွားတဲ့ ကျိန်စာမရှိဘူးမေ. . . ။

ဘယ်ဆုတောင်းရဲ့ ဒုက္ခနိဗ္ဗာန်လဲ၊ ငါတို့ချစ်ခြင်းဟာ ရှည်လျားပြီး လျှာဝဟာ သိပ်တိုတယ်လို့ ငါ ရှုခဲ့တာ။ အခုတော့ ဘဝဆိုတာဘာမှန်း မသိပေမယ့် အချစ်ဟာ ဘယ်တော့မှ ဆေးမမီတော့ဘူး။ မင်းက ငါ့ကို

မေသာ မရှိခဲ့ရင် လူသားဆန်မှု
ဆိုတဲ့ စကားလုံးကို ကျွန်တော့်
အဘိဓာန်မှာ ရေးထိုးမိလိမ့်မယ်
မထင်ဘူး။ ကျွန်တော့်ရဲ့ တစ်ဦး
တည်း မူပိုင်မာသာထရီဆာ. . . ။
ကျွန်တော်အရှင်လတ်လတ်ကြီး
ချစ်ခဲ့မိပေါ့. . . ။

(င)

Till a' the seas gang dry, my dear,
And the rocks melt wi' the sun:
I will luve thee still, my dear,
While the sands o' life shall run.

(Robert Burns)

ဘယ်လို. . . ဘယ်လို. . . မင်းက ငါ့ကို မယုံဘူးပေါ့၊ ဟုတ်လား မေ။ ဟောဒီကျေးတောသားလူမိုးလူကောင်းလေးကို လေ။ မင်းက မယုံရဲဘူးပေါ့၊ စဉ်းစဉ်းစားစားလည်း ပြောပါဦးမေရယ်။ ကောင်းကင်တစ်ခုအောက်မှာ ဘာမှ ကာယကံ၊ ဝစီကံနဲ့လုပ်ကြံခဲ့တယ်။

အက်(ဒ်)ဝပ်မန့်(ချ်)ရဲ့ အော်သံပန်းချီကားထဲက လူဟာ ငါပဲ။ အဲဒီလူရဲ့အော်သံဟာ ငါ့ရင်ခေါင်းကို ထိုးခွဲထွက်ပေါ်လာတာ။ ငါ့စိတ်တွင်းပိုင်းကနေ သွေးတွေ ရစရာမရှိအောင် ဒလဟောပန်းထွက်နေတယ်။ ငါ အော်ရယ်လိုက်တယ်။ မီးတောင်ပေါက်ကွဲသလို ငါ တဝုန်းဝုန်း အော်ရယ်ပစ်လိုက်မိတယ်။

မင်း ငါ့ကို ချစ်တယ်ဆိုတာ ဘာလဲ မေ။ ငါကရော. . . ။ တိကျသေသပ်တဲ့မင်းရဲ့ ပါးလှပ်လှပ်နှုတ်ခမ်းတစ်စုံဟာ အချစ်လား။ သိမ်ငယ်မှုန်းကျပ်လွန်းလို့ ငါ ဆုပ်ကိုင်အားတင်းချင်တဲ့ မင်းလက်ဖဝါး



Asian Fame Media Group



လေးတွေဟာ အချစ်လား၊ ငါ့ဘဝနဲ့ ဘယ်လိုမှ တွေးခေါ်လို့ မမီနိုင်တဲ့ မင်းအသိဉာဏ်ဟာ အချစ်လား။ မသိဘူး။ ငါ မသိဘူး။ ငါ ဘာကိုမှ မသိတော့ဘူး။

မင်းခန္ဓာကိုယ်ရဲ့ ဘယ်အစိတ်အပိုင်းမှာ ငါ့အချစ်ဟာ ခွေသွားစိပ်လို လှည့်ပတ်နေရသလဲ၊ ငါ မညာခဲ့ဘူး။ ငါ့ကို မညာပါနဲ့၊ မြစ်က မြစ်မို့ မြစ်လို တွေ့တောက်စီးဆင်းတာကို ငါ မင်းနဲ့ မခိုင်းနိုင်းရက်ပါဘူး မေရဲ့၊ တရားထိုင်ပါ။ မေ...၊ မင်းဆီ တရားသဖြင့် ဆိုက်ရောက်လာတဲ့ ချစ်ခြင်းရထားကို လမ်းချော်တိမ်းမှောက်အောင် မလုပ်ကြဲပါနဲ့။

(၉)

မေက ခေတ်စနစ်အလို ကျ လိုက်လျောညီထွေ ကြီးခဲ့ရတချင်တဲ့ ခေတ်ပညာတတ်တစ်ယောက်။ ကျွန်တော်က ခေတ်ကို ထိုးခွဲဆန်တက်နေတဲ့ ကဗျာဆရာ...။ ကမ္ဘာကျော်အလွမ်းအဓမ္မ ဇာတ်တွေဟာ ကျွန်တော်တို့ချစ်ခြင်းနဲ့ ယှဉ်ရင် တတိယတန်းစားပြက်လုံးတွေဖြစ်နေ...။

မေ...မင်းလည်း မိန်းမတွေထဲက မိန်းမတစ်ယောက်ပဲ...။ ဘဝမှာ ပြည့်ပြည့်စုံစုံနေချင်မယ်။ မင်းကို ဂုဏ်တင့်စေမယ့် ယောကျ်ားတစ်ယောက်ကို လက်ထပ်ချင်မယ်။ လူတွေကို အပေါ်စီးကနေ ကြည့်နိုင်ဖို့ ပညာတွေတတ်အောင် တတ်သထက် ပိုတတ်အောင် သင်ယူမယ်... (တကယ်တော့ ပညာဆိုတာ လူတွေကို အပေါ်စီးက ဆက်ဆံရအောင် သင်ယူထားတဲ့အရာ မဟုတ်တာ မေ သိပါရဲ့...)။

မေ...အောင်မြင်ပါစေ။ မင်းဘဝလေး သာယာလှပပါစေ။ ငါ မနာလိုဖြစ်မိပေမယ့် မင်းအတွက် မင်းအိမ်က ရည်ရွယ်ထားသူကို လက်ထပ်လိုက်မှာပဲ မဟုတ်လား။ မင်းသားသမီးတွေကျရင် ငါ့လို ခေါင်းခဲမာမာ ကဗျာဆရာမဖြစ်စေဖို့ မင်း သွန်သင်ဆုံးမပါ။

မေ့ဘဝမှာ မေချစ်တဲ့သူနဲ့ပဲ နေချင်တယ်။ ဘာပဲဖြစ်ဖြစ် ဘယ်အခြေအနေပဲဖြစ်ဖြစ် မေ မောင့်ကို ချစ်နေမယ်။ မေတို့ အရင်ဘဝက ဘာဖြစ်ခဲ့ကြလဲမသိဘူးနော်။ မေ့စိတ်ထဲမှာ အဲဒီလိုပဲ ခံစားနေရတယ်။ မေက ကျိန်စာမိနေသလိုပါပဲ မောင်ရယ်။ မောင့်ကိုလည်း ဘာကြောင့် ယုံကြည်သွားမိမှန်း မသိပါဘူး။ ဒီလောက်ရယ်စရာပြောတတ်တာ ရယ်စရာပြောကြရအောင် (မေ)။ မေ...။ မေ...။ မေ...။

မထိုက်တန်သူဆိုတာ လွှင့်ပျော့ရမှာပါပဲ (ဒတ္တ)။ ကျွန်တော်က သူရဲကောင်းတစ်ယောက်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကြောက်စရာအကောင်းဆုံးအရှုံးတွေနဲ့ ရင်ဆိုင်တွေ့ရင်တောင် ခြသေ့်ခံခံပြီးမှ လှည့်ပြန်တတ်တဲ့ကောင်ပါ (တာရာမင်းဝေ)။

စော်ကားခံရမယ်ဆိုရင်တောင် ထိုက်ထိုက်တန်တန်ပဲ ဖြစ်ချင်တယ် (လူသန်း)။

ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
ကြေးဝါရောင်ခေါ် တလား၊
(နိုင်မွန်အောင်သွင်)

ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ မေ...။ မေ...။ မေ...။ မေ...၊ မေ...။ မေ...။ ငါ့ကို သတ်ပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ မေ...။ မေ...၊ မေ...။ မေ...။ မေ...။ မေ...။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကိုအသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်း ပါ။ ငါ့ကို သတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို သတ်ပါ။ ငါ့ကို ...။ ငါ့ကို ...။ ငါ့ကို ...။ ငါ့ကို ...။ မေ...။ မေ...။

မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...၊ အသက်ပြန်သွင်းပါ။

ငါ့ကိုသတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ၊ ငါ့ကိုမြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကိုသတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကို တူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကိုသတ်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကို မြေမြှုပ်ပါ။ ငါ့ကိုတူးဖော်ပါ။ ငါ့ကို အသက်ပြန်သွင်းပါ။ ငါ့ကိုသတ်ပါ။မေ...။

မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...၊ မေ...။ မေ...။
မေ...။ မေ...။

**ကိုသွား**

Asian Fame Media Group

ဒါရိုက်တာ ကြည်ဖြူသျှင်၏

# မမပြုံး ပြုံးစမ်းပါ

မောင်အိမ်စံ



(၁)

"မမပြုံး ပြုံးစမ်းပါ" သည် ၈ဂ မျိုးဆက်ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ဝတ္ထုကို ကြည်ဖြူသျှင် ရိုက်ကူးထားသော ဗီဒီယိုဇာတ်ကား တစ်ကားဖြစ်သည်။ ဇာတ်ကားအဖွင့် ခေါင်းစီးတိုးရာတွင် 'သံတိုင်ကြားက ပေါက်ဖွားလာတဲ့ အနုပညာခံစားမှု' ဟုဖော်ပြပြီး ဇာတ်ကားအဖွင့်တွင်မူ 'သံတိုင်ကြားကနေ မင်းကိုနိုင်ဆိုတဲ့ နိုင်ငံရေးသမား တစ်ယောက်၊ တိတ်တဆိတ် မွေးဖွားပေးလိုက်တဲ့ ဇာတ်လမ်းလေးကို မောင်သူရ (၁) ဇာဂနာက လူလားမြောက်အောင် ပျိုးထောင်ပေးခဲ့တာပါ' ဟု ရေးထိုး ထားသည်။ မင်းကိုနိုင် ဝတ္ထုကို ဇာဂနာ ဇာတ်ညွှန်းရေးပြီး ကြည်ဖြူသျှင်ရိုက်ကူးထားသော ဗီဒီယိုဇာတ်ကားတစ်ကား ဖြစ်ပါသည်။

သရုပ်ဆောင်များမှာ နေတိုး၊ မိုးဟေကို၊ ကင်းကောင်၊ ခင်သန်းနွယ်၊ ဝင်းမင်းသန်း၊ အောင်ဇော်ဝင်း၊ ဇင်မျိုး၊ ဇော်ဝင်းမောင်တို့ ပါဝင်သရုပ်ဆောင်ထားသည်။ တယ်သူ့ကိုမှ ဒုက္ခရောက်အောင် မလုပ်သော၊ ပျော်ပျော်ရွှင်ရွှင် နောက်နောက်ပြောင်ပြောင်ဘဝကို ဖြတ်သန်းနေသည့် ကျော်ကျော်ဆိုသည့် လူငယ်တစ်ဦး၏ ဘဝဖြတ်သန်းမှုကို ရိုက်ကူးပြသထားသည့် ဇာတ်ကား တစ်ကား ဖြစ်ပါသည်။

> **သံတိုင်ကြားကနေ မင်းကိုနိုင်ဆိုတဲ့ နိုင်ငံရေးသမားတစ်ယောက်၊ တိတ်တဆိတ် မွေးဖွားပေးလိုက်တဲ့ ဇာတ်လမ်းလေးကို မောင်သူရ (၁) ဇာဂနာက လူလားမြောက်အောင် ပျိုးထောင်ပေးခဲ့တာပါ**

(၂)

ဖခင်ဆုံးပြီး မိခင် ခင်သန်းနွယ်နှင့် အတူနေသော ကျော်ကျော် (နေတိုး) သည် သူငယ်ချင်းများ ဖြစ်ကြသော ဇော်ကြီး (ဇော်ဝင်းမောင်)၊ အောင်ဇော်(ကင်းကောင်)၊ မြင့်ဝေ (အောင်ဇော်မင်း) တို့နှင့် ပျော်ပျော်ရွှင်ရွှင်နေရင်း ဆယ်တန်းကို ငါးကြိမ်မြောက် ဖြေဆိုထားသည်။ ကိုယ်ပိုင်လုပ်ငန်းအဖြစ် ကားရေဆေး၊ ဆီထိုးလုပ်ငန်းတစ်ခုလုပ်ပြီး မိခင်၏ စတိုးဆိုင်လုပ်ငန်းကို အချိန်ပိုင်းကူညီနေသည်။ မိခင်က ဆယ်တန်းအောင်အောင် ကြိုးစားနိုင်းသော်လည်း ပညာရေးထက် စီးပွားရေးကို ဦးစားပေးသည်။ တစ်နေ့ မမပြုံး(မိုးဟေကို) စီးလာသောကားနှင့် မတော်တဆ တိုက်မိရာမှ မမပြုံးကို တွေ့သည်။ မြင်လျှင်မြင်ချင်း စိတ်ဝင်စားသွားသဖြင့် မမပြုံးနှင့်နီးစပ်ရန် ကြိုးပမ်းသည်။ မမပြုံးမိသားစုတွင်မူ ဖခင်က နောက်အိမ်ထောင် ပြုသွားပြီး အရက်သမားဖြစ်နေသည်။ ညီမ

Asian Frame Media Group

စိုးစိုး(ဝင်းမင်းသန်း) မှာ ဇင်မျိုးနှင့် လိုက်ပြေးပြီး၊ ဇင်မျိုးက အရက်သမား ဖြစ်ကာ နှိပ်စက်သဖြင့် လင်မယားကွဲကာ မိခင်အိမ်သို့ ကလေးတစ်ယောက်နှင့် ပြန်ရောက်နေသည်။

မမပြုံးသည် မဟာဝိဇ္ဇာဘွဲ့ရပြီးသား ဖြစ်သည်။ ယခု လောလောဆယ် အသက်မွေးသည်မှာ ကျူရှင်ပြသည်။ စက်ချုပ်သည်။ ဖခင်နှင့်မတ်ကိုကြည့်ပြီး ယောကျ်ားများ၏အချစ်ကို မယုံတော့သဖြင့် ချစ်သူမရှာ၊ အိမ်ထောင်မပြုဘူးဟု ဆုံးဖြတ်ထားသူဖြစ်သည်။ ဖခင်အရက်မူးပြီး အိမ်ကိုလာရစ်၊ ဇင်မျိုးက ပြဿနာလာရှာ၊ ပတ်ဝန်းကျင်တွင် အရှက်ရသဖြင့် မမပြုံးတို့မိသားစု အိမ်ပြောင်းလာရာ၊ ကျော်ကျော်တို့ ရပ်ကွက်သို့ ရောက်လာသည်။ ကျော်ကျော်ကို နောက်နောက်ပြောင်ပြောင် နေသဖြင့် လက်ကြောမတင်းသူဟု ထင်ပြီး ကျော်ကျော်အရောဝင်သည်ကို လက်မခံခဲ့ပါ။ နောက်မှ ကျော်ကျော်၏ နှလုံးသားကို သိလာသည်။ ကျော်ကျော် ၁၀ တန်းကျသည်။ မမပြုံးက ပြန်ဖြေရန်ပြောပြီး သူကိုယ်တိုင်သင်ပြပေးရာ ကျော်ကျော် ဆယ်တန်းအောင်သည်။ အရက်၊ ဘီယာသောက်သော ကျော်ကျော် အသည်းရောဂါ ဖြစ်နေသည်ဟု သိလာရသည်။ ကျော်ကျော်အပေါ် နားလည်ပြီး၊ သူ့အချစ်ကို လက်ခံလိုက်ပြီး မကြာမီ ကျော်ကျော်ဆုံးသည်။

ဇာတ်လမ်းက ဤမျှသာ ဖြစ်သည်။

(၃)

မင်းကိုနိုင်သည် သူ့ဝတ္ထုကို ဇာတ်လမ်း အသားပေးဝတ္ထုအဖြစ် မဖန်တီး၊ မရေး။ သူက ဤလောကကြီး သာယာလှပရေးကို အနှောင့်အယှက် အဟန့်အတားမလုပ်ဘဲ ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနေကြသော လူငယ်များကို သူ့ဝတ္ထုတွင် ပြသည်။ တစ်ဖက် စက်နှင့်လိုမ့်ထုတ်ထားသောဘွဲ့၊ မဟာဘွဲ့၊ ဒေါက်တာဘွဲ့ရများ၏ ဒုက္ခကိုလည်း မမပြုံးကို ကိုယ်စားပြုပြီး ပြသည်။ သူသည် ဇာတ်လမ်းပြောချင်၍ ဝတ္ထုရေးသူ မဟုတ်။ နိုင်ငံရေးသမား ပီပီ ကျွန်တော်တို့ လူ့အဖွဲ့အစည်း၏ အုပ်ချုပ်ရေး၊ ပညာရေး၊ စီးပွားရေး တို့ကို ပြချင်၍ ဤဝတ္ထုကို ရေးခြင်းဖြစ်သည်။ မင်းကိုနိုင်၏ဝတ္ထုကို ကျွန်တော် မဖတ်ဖူးပါ။ သို့ရာတွင် ဝါရင့်ရုပ်ရှင်သမားတစ်ဦး ဖြစ်သူ ဇာဂနာကမူ မင်းကိုနိုင်၏ဝတ္ထုကို ဟာသဇာတ်ကွက်လေးများဖြင့် ဇာတ်ညွှန်းရေးကာ ပရိသတ်ကြိုက်စေရန် ဖန်တီးထားပါ၏။

အဖွင့်ဇာတ်ကွက်သည် ကျော်ကျော် သွေးအိုင်ထဲတွင် လဲနေသော ဇာတ်ကွက်ဖြစ်သည်။ ပရိသတ်က ကျော်ကျော်သေပြီဟု ထင်ပြီးမှ နောက်မှန်းသိရသည်။ ကျော်ကျော်တို့ သူငယ်ချင်းလေးယောက် ပျော်ပျော်ရွှင်ရွှင်နေကြပုံများကိုလည်း ကြည်ဖြူသျှင်သည် ရိုက်ပြခဲ့ပါ၏။

မမပြုံး၏ ဘဝကို ပြရာတွင် နောက်အိမ်ထောင်မပြုဘူးပြီး အစဉ်မူးနေသော ဖခင်က မိခင်ထံ ဆွဲကြိုးလာတောင်းပုံ၊ ညီမဖြစ်သူစိုးစိုး၏ ယောကျ်ား ဇင်မျိုးအစဉ်မူးနေပုံ၊ လင်မယားရန်ဖြစ်ပြီး ကွဲသွားပုံ၊ မိခင်အိမ်ရောက်လာပုံ၊ မိခင်အိမ်၌ ဇင်မျိုးလာပြီး အနှောင့်အယှက်ပေးပုံ တို့ကို ရိုက်ပြသည်။

ကျော်ကျော်၏ စိတ်ရင်းအမှန်ကို ဖော်ပြသော ဇာတ်ကွက်များမှာ အိမ်ပြောင်းလာစဉ် ကူညီပုံ၊ မီးပြတ်၍ ပြင်ပေးပုံ၊ အောက်စက် ပျက်၍ ပြင်ပေးပုံ၊ ဆီပုံးသယ်ပေးပုံ၊ ကလေး ဆေးခန်းလိုက်ပို့ပေးပုံ၊ လမ်း၌လဲကျနေသောလူနာကို ဆေးရုံပို့ပေးပုံတို့ ဖြင့် ရိုက်ပြသည်။

စာမေးပွဲအောင်စာရင်းထွက်သည့်နေ့တွင် ကျော်ကျော်တို့ ပျော်ရွှင်နေပုံနှင့် ပတ်သက်၍ ရိုက်ပြသည်မှာ ကျော်ကျော်၏ နှလုံးသားကို ပုံဖော်ပေးရာရောက်သည်။ မမပြုံးက ကျော်ကျော်ကို "စာမေးပွဲကျနေတာကို ဒီလောက်တောင် ပျော်နေတယ် ဟုတ်လား" ဟုမေးရာ ကျော်ကျော်ဖြေလိုက်ပုံက အလွန်လှသည့် အပြင် သူ၏စိတ်ထားကို ထင်းခနဲပေါ်လွင်စေခဲ့သည်။

"ဟာ မမကလည်း၊ ကျွန်တော့် သူငယ်ချင်းနှစ်ယောက်တောင် အောင်တာ ပျော်တာပေါ့"

ကြည်ဖြူသျှင် မမပြုံးကို စံပြမြန်မာအမျိုးသမီးတစ်ဦးအဖြစ် ပီပီပြင်ပြင် ရိုက်ပြနိုင်ခဲ့ပါသည်။

(၄)

ရုပ်ရှင်သည် ဖျော်ဖြေရေးအနုပညာဖြစ်သည်။ သို့ရာတွင် ချက်အောက်က ပြက်လုံးများဖြင့် တန်ဆာဆင်ထားသော ဗီဒီယို၊ ဇာတ်ကားများကမူ အရှင်းဆုံးပြောရလျှင် အဆင့်အလွန်နိမ့်သည်။ ဟာသတွင် ထိုပြက်လုံးများပါချင် တော့ပါမည်။ သို့ရာတွင် ဘဝထဲမှ ပြက်လုံးများက ခေတ်ကိုထင်ဟပ်စေခဲ့သဖြင့် ဘဝထဲမှ ပြက်လုံးများကို သုံးစွဲသင့်သည်။ 'မမပြုံး ပြုံးစမ်းပါ' မှ ဟာသဇာတ်ကွက်လေးများကမူ ဘဝထဲမှ ဇာတ်ကွက်လေးများ ဖြစ်သည်။ ဇာတ်ကောင်ကိုယ်တိုင်က အတည်ပေါက် နောက်တတ်သူဖြစ်၍ ဇာတ်ကောင်စရိုက်ကိုတောင် ပိုပြီးပေါ်လွင်လာသည်။ ဆိုပါစို့။ ပထမအောင်စာရင်းထွက်သည့်နေ့



Asian Fame Media Group

က မပြုံးကို ကျော်ကျော်က လက်ညှိုးတစ်ချောင်း ထောင်ပြခဲ့သည်။ "ဘာလဲ ဂုဏ်ထူးတစ်ဘာသာလား" ဟုမေးရာ "နောက်တစ်နှစ်ပေါ့" ဟု ပြန်ဖြေခဲ့သည်။ မပြုံးစာပြ၊ ကျော်ကျော်စာကြိုးစားပြီး ပြန်ဖြေသောနှစ် အောင်စာရင်းထွက်သောအခါလည်း ကျော်ကျော်က လက်ညှိုးတစ်ချောင်းကိုပဲ ထောင်ပြသည်။ သည်တစ်ခါတော့ သင်္ချာဂုဏ်ထူးနှင့် အောင်သည်။ အတည်ပေါက်နှင့် နောက်တတ်သော ကျော်ကျော်၏ စရိုက်ကိုပြပြသည်။ မမပြုံးလက်ကိုယူပြီး ကျော်ကျော် လက်တွေ့ဖြတ်ပြပုံကို မမပြုံးလက်ခံပုံ၊ နောက် မိမိ တစ်ယောက်တည်း ဖြတ်ကြည့်ပုံတို့ ဖြင့် သရုပ်ဖော်ပြသည်။

အဆိုပါအခန်းတွင် ပိုးဖလံများ မီးကိုတိုးပုံနှင့် ပတ်သက်၍ သဘောထားအမြင်မှာလည်း နိမိတ်ပုံဖြင့် ပြောပြထားခြင်းဖြစ်ပါသည်။

ဤဇာတ်ကားသည် လူငယ်တစ်ဦး၏ မြင့်မြတ်သော နှလုံးသားနှင့် ထိုနှလုံးသားမှ ပေါက်ဖွားလာသော သန့်ရှင်းစင်ကြယ်သော

**ရုပ်ရှင်သည် အပြောမဟုတ်။ အပြသာဖြစ်သည်ဟု ဆိုကြသည်။ ပြ၍မရသော စိတ္တဇနာမ်ကို မည်သို့ပြမည်နည်း။**



သည့်ပြကွက်ဖြစ်သည့်အပြင် ဇာတ်ညွှန်းတွင်လည်း continuity ကောင်းနေပြန်သည်။

ရုပ်ရှင်သည် အပြောမဟုတ်။ အပြသာဖြစ်သည်ဟု ဆိုကြသည်။ ပြ၍မရသော စိတ္တဇနာမ်ကို မည်သို့ပြမည်နည်း။ ထိုအခါ ဒါရိုက်တာ၏ ပညာသည် အရေးကြီးလာပြန်သည်။ ဤဇာတ်ကားတွင် ကြည်ဖြူသျှင်သည် ကျော်ကျော်အပေါ် စိတ်ညွှတ်ပြီး ပြန်လည်ချစ်မိနေသော မပြုံး၏အချစ်ကို ဖော်ပြရာတွင် ဖယောင်းတိုင်မီးကို ကျော်ကျော်ဖြတ်သည့်အခန်း၌ ဖယောင်းတိုင်မီးဖြင့်

အချစ်ကို ပုံဖော်ရိုက်ကူးထားသော ဇာတ်ကားတစ်ကားဖြစ်သဖြင့် အနုပညာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းလူ့ရာဝင် တန်ဖိုးမြင့်လာရေးတွင် တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနေသည့် ဇာတ်ကား တစ်ကား ဖြစ်သည်။

'မပြုံး ပြုံးစမ်းပါ' သည် အချစ်ဇာတ်ကား တစ်ကားဖြစ်သော်လည်း ဘဝထဲမှ ပေါက်ဖွားလာသော အချစ်၊ စားဝတ်နေရေးသုံးပါး ကြောင့် အချစ်ကို လျှစ်လျူရှုနေရသည့် မိန်းမတစ်ယောက်၏ အချစ်သာဖြစ်သည်။ ထို့အပြင် အခြား

ဇာတ်ကားများကဲ့သို့ တစ်ချစ်တည်း ချစ်နေသည်မျိုးမဟုတ်၊ ချစ်၊ ညား၊ ကွဲ ဇာတ်ကားမျိုးမဟုတ်။ ချစ်ရေးဆိုမည်ဟု ပရိသတ်ရော၊ မမပြုံးပါ ထင်နေသည်။ သို့ရာတွင် ကျော်ကျော်က 'မမပြုံးကို ချစ်တယ်' ဟု မပြောဘဲ "မမပြုံး ပြုံးပြပါလား" ဟု တောင်းဆိုသည်။ ကျော်ကျော်သည်လည်း ယနေ့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုနေသော လူငယ် (မျိုးဆက်) ဖြစ်သည်။

ခြုံ၍ပြောရလျှင် တည်းဖြတ်မှုကောင်းသည်။ စဉ်ဆက်ညီညွတ်မှုရှိသည်၊ သဘာဝယုတ္တိနိုင်လုံမှုရှိသည်။ Dialogue ကောင်းသည်။ ပညာတတ်မိန်းကလေးဘဝကို ဦးစားပေးနေရသူ မပြုံးအဖြစ် သရုပ်ဆောင်ရသော မိုးဟေကိုရော စိတ်ကောင်းရှိပြီး ပျော်ပျော်ရွှင်ရွှင်နေတတ်သူ ကျော်ကျော်အဖြစ် သရုပ်ဆောင်ရသော နေတိုးပါ သရုပ်ဆောင်ပီပြင်ကြပါသည်။ ဇာတ်ပို့ဖြစ်သော တင်းတောင်၊ အောင်ဇော်မင်း၊ ဇော်ဝင်းမောင်၊ ဇင်မျိုး၊ ဝင်းမင်းသန်းနှင့် ခင်သန်းနွယ်တို့ကလည်း ကြည်ဖြူသျှင် ကိုင်တွယ်ပုံကောင်း၍ သရုပ်ဆောင်ပီပြင်ကြပါ၏။

ခြုံ၍ဆိုသော် မြန်မာဗီဒီယိုဇာတ်ကားများထဲတွင် အနုပညာကို ပံ့ပိုးနိုင်သော ဇာတ်ကားတစ်ကားဟု ဆိုချင်ပါသည်။

မောင်အိမ်စံ

**ယခုလအညွှန်း**

၁။ မမှုန်းပါနဲ့ ခွင့်လွှတ်
၂။ ခွင့်လွှတ်တယ် မောင်
၃။ တို့မပေးကြေး



# အက်ဆေးဆိုင်ရာ စကားပြောခြင်း

လေးကိုတင်

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ခန်းမတွင် ၂၀. ၁၀. ၂၀၁၃ မှ ၂၂. ၁၀. ၂၀၁၃ အထိ ၃ ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားခဲ့သော စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ အက်ဆေး၊ ဘာသာပြန်စာပေနှင့် စာအုပ်ထုတ်ဝေဖြန့်ချိရေးကဏ္ဍများဆိုင်ရာ အကြောင်းအရာအမျိုးစုံ စကားဝိုင်းဖွဲ့၍ ဆွေးနွေးသွားခဲ့ပါသည်။

ပထမနေ့ (၂၀. ၁၀. ၂၀၁၃) ရက်နေ့တွင် ဝတ္ထုတိုနှင့် မြန်မာဂန္ထဝင်ကဗျာကို စကားဝိုင်းဖွဲ့ ဆွေးနွေးရာ၌ Moderator (သို့မဟုတ်) 'ဦးဆောင်ညွှန်းဆိုသူ'တစ်ယောက် နှင့် ပါဝင်ဆွေးနွေး ပြောဆိုသူလေးဦးပါဝင်ပါသည်။ ဒုတိယနေ့တွင်လည်းကောင်း၊ တတိယနေ့တွင်လည်းကောင်း ထိုအတူပင်ဖြစ်သည်။

(ဒုတိယနေ့ဆိုပါတော့) ရသစာတမ်း(Essay) စကားဝိုင်းဆွေးနွေးပွဲဖြစ်ရာ Moderator အဖြစ် ဆရာရဲသွေးဦးဆောင်ပြီး ပါဝင်ဆွေးနွေးသူများမှာ ဆရာ ကြည်နိုင်၊ ဆရာမောင်နှင်းပန်း၊ ဆရာမြေလတ်မောင်မြင့်သူနှင့် ကျွန်တော်လည်း ပါဝင်ခဲ့သည်။ ဆရာကြည်နိုင်က 'အက်ဆေးနှင့် ကျွန်တော်'ခေါင်းစဉ်ဖြင့်၊ ဆရာမောင်နှင်းပန်းက 'ရသစာတမ်းနှင့် ကျွန်တော့်ခံစားမှု' ခေါင်းစဉ်ဖြင့်၊ ဆရာမြေလတ်မောင်မြင့်သူက 'အက်ဆေးအစ မှန်တိန်းက' ခေါင်းစဉ်ဖြင့်၊ ကျွန်တော်က 'နိုင်ငံတကာအက်ဆေးသို့ တစေ့တစောင်း' ခေါင်းစဉ်ဖြင့် အသီးသီး ပါဝင်ဆွေးနွေးကြပါသည်။

ယနေ့ ၂၁ ရာစု မြန်မာစာပေလောကတွင် အက်ဆေး(ခေါ်) ရသစာတမ်း၏

Asian Fame Media Group
MEDIA GROUP

နေရာသည် ကဗျာ ဆရာ၊ ဝတ္ထုရေး ဆရာ၊ ဆောင်းပါးဆရာများ၏ တခုတ်တရ ကြိုးပမ်းအားထုတ်မှု ကြောင့်များစွာ ကျယ်ဝန်းပျံ့နှံ့လာ ပါသည်။ ယနေ့ မြန်မာမဂ္ဂဇင်း စာမျက်နှာတွင်လည်း အက်ဆေး၏ နေရာသည် မာတိကာ အရ ကဏ္ဍ တစ်ကဏ္ဍပင် ရရှိနေသည်။ (ဂျာနယ်တချို့တွင်လည်း နေရာ ယူနေသည်။ ဥပမာ 7 DAY JOURNAL ၊ LADIES နှင့်အချို့ ဂျာနယ်များ) ထို့ပြင်တဝ အက်ဆေး စာပေဆုများလည်း လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်က စတင်ပေါ်ပေါက် ခဲ့သည်။ ဦးစွာ ပထမဟုပြောလျှင် ၂၀၀၅-၂၀၀၆ ခုနှစ် ရွှေအမြုတေ စာပေဆုတွင် ရသစာတမ်းဆုကို စတင်ရွေးချယ် ပေးဆပ်ခဲ့ပါသည်။ ထိုနှစ်တွင် 'ဝင်းထွဋ်ဇော်'၏ 'ဘဝ ထဲသို့ ပြန်လည်ဝင်ရောက်ခြင်း' အက်ဆေးအား ဆုချီးမြှင့်ခဲ့သည်။

၁၉၆၀ ပြည့်ဝန်းကျင်တစ်ဝိုက် တွင် ရှုမဝရုပ်စုံမဂ္ဂဇင်း၌ 'အက်ဆေး ပြိုင်ပွဲ'ဟူ၍ ကြေညာပြီး ပြိုင်ပွဲများ ပြုလုပ်ခဲ့ပါသည်၊ ၁၉၆၄ ခုနှစ်တွင် ပုဂံစာအုပ်တိုက်မှ 'ကံ့ကော်မြိုင် စာတမ်းများ' စာအုပ်ထုတ်ဝေရာ ဆရာဇော်ဂျီ၏ အမှာစာနှင့်အတူ ပါဝင်ရေးသားကြသော အက်ဆေး ဆရာများ၏ စာတမ်းများသည် သမိုင်းဝင် အက်ဆေးနေရာကို အပီအပြင် ရယူသွားခဲ့သည်။ စာရေးဆရာ ၁၀ ဦး၏ စာတမ်း ၂၆ စောင်ပါဝင်ရာ 'ဇော်ဂျီ'၏ 'ပုဂံမြို့ဟောင်းနှင့် ကျွန်တော်'၊ 'မင်းသုဝဏ်' ၏ 'အိုးစည်သံ'၊ 'မင်းယုဝေ'၏ 'ဦးရာကျော်တောင်း မှု'၊ 'အောင်သင်း' ၏ 'ချိုတာကူးနှင့် ဂုဏ်ရည်မတူ'၊ 'တင်မိုး'၏ သချိုင်း ကုန်းမှာ'၊ 'မောင်ဖေသန်း'၏ 'စလောင်းဖုံးတစ်ချပ်'စသဖြင့် ခံစား ရေးဖွဲ့ဖော်ကျူးကြသည်။

၁၉၆၇ ခုနှစ်တွင် 'စိတ် ပင်လယ်စာတမ်း'စာအုပ် ထွက်လာ ခဲ့သည်။ စာရေးဆရာ ၁၅ဦး၏ စာတမ်း ၃၆ စောင်ပါဝင်ခဲ့သည်။ သိန်းသန်းထွန်း၊ ထင်လင်း၊ မင်း ကျော်၊ မောင်ကိုယု၊ မောင်ဇော်၊ တက္ကသိုလ်မင်းမောင်၊ မောင်ခင် မင်(ဓနုဖြူ)၊ အောင်သင်း အစရှိ သော ကဗျာဆရာ၊ စာရေးဆရာ၊ ဆောင်းပါးဆရာများ ပါဝင် ရေးသားခဲ့သည်၊

နောင်. . . မဂ္ဂဇင်းများတွင် အက်ဆေးများ ဖော်ပြလာကြပါ သည်။ (ဥပမာ ချယ်ရီမဂ္ဂဇင်းမှ 'ချယ်ရီရောင် အတွေးသစ်စာတမ်း ကဏ္ဍ'ဟူသော ခေါင်းစဉ်ဖြင့် စာရေး ဆရာမျိုးဆက်သစ်များ ပါဝင်ရေး သားခဲ့ကြသည်။ မောင်ဝဏ္ဏ၊ ငြိမ်း ကျော်၊ ချစ်ဝင်းမောင်၊ သုမောင်၊ တင်ချစ်ဝေ၊ မင်းလူ၊ မန်းတင့်မော် . . . အစရှိသော လူငယ်စာရေး ဆရာများ ဖြစ်သည်၊ နောက်ဆုံး အတွေးအမြင်၊ စာမော်ကွန်း၊ ငွေတာရီ မဂ္ဂဇင်းများစသဖြင့် ရွေး ချယ်ထည့်သွင်းသွားပါသည်။

၂၀ ရာစု မြန်မာအက်ဆေး များ၏ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက် ဝေစည်လာသော သမိုင်းဝင် အက် ဆေးများ ဖြတ်သန်းမှုများ ဖြစ်သည်။ ရသစာတမ်းအမည်နာမနှင့် အတူ ခိုင်ခိုင်မာမာ ဖြစ်တည်လာသော ဆယ်စုနှစ်များ သမိုင်းသည် ၁၉၆၀ ပြည့်မှ ၁၉၈၀ ပြည့်များ အလွန်အထိ ခရီးပေါက်အောင် ဖြတ်သန်းခဲ့ခြင်း ဖြစ်သည်။

◆

ကုန်သည်ကြီးများအသင်း၊ ခန်းမတွင်'မြေလတ်မောင်မြင့်သူ'က 'အက်ဆေးအစ မွန်တိုင်း'ကဟူ၍ ပါဝင်ဆွေးနွေးရာ အကိုးအညွှန်း များဖြင့် ပြောသွားခဲ့သည်၊ ထိုအထဲ တွင် 'အက်ဆေးဖွင့်ဆိုချက်' ဆိုပြီး 'ဗြိတိန်နိကာ စွယ်စုံကျမ်း'၌ [၁]'အကြောင်းအရာတစ်ရပ်ကို လွယ် ကူပေါ့ပါးသော စကားပြေ၊ မတို မရှည်ပဲ၊ စာရေးသူစိတ်တွင် ခံစားရ သည့်အတိုင်းရေး'ဟု ပြောသွား သည်။

ကံ့ကော်မြိုင် စာတမ်းအမှာ စာတွင်မူ. . . ဆရာဇော်ဂျီက "ကိုယ့်ပတ်ဝန်းကျင်၌ နေ့စဉ်လှုပ်ရှား သွားလာရင်း မြင်မိကြားမိသတိရမိ၊ တွေးမိသမျှတို့ကို ပရိသတ်၌ မြင် ယောင်ကြားယောင် ခံစားရမှု တစ်ခုခုဖြစ်လာအောင် . . . ခံစား မှုအသိ၊ စိတ်ကူးဉာဏ်ဖြည့်စွက်၍ ရသဟန်ရေးဖွဲ့သော စာတမ်းဟု ဖတ်ရှုနားလည်ရသည်။

ဆရာတိုက်စိုးကလည်း လိုတို ရှင်းပြောခဲ့သည်၊ 'ရင်ဖွင့်စာ'ဟူ သတတ်၊

ဆရာမြသန်းတင့်ကလည်း ဖွင့်ဆိုရှင်းပြသွားခဲ့သည်။

"ရသစာတမ်းဆရာဟာ စကား ပြေ အရေးအသားမှာ ကောင်းရမယ်။ ဒါက နံပါတ်တစ် အချက်၊ ရသစာ တမ်းဆရာဟာ စကားပြေ မကောင်း ရင် ဖြစ်ကို မဖြစ်ဘူး၊ ဒါက အနည်း ဆုံး လိုအပ်ချက်ပဲ၊ ဒါပေမဲ့ စကား ပြေ အရေးကောင်းရုံနဲ့ ရသစာတမ်း ဆရာမဖြစ်သေးဘူး၊ အကြောင်း အရာတစ်ခုကနေ အခြားအကြောင်း အရာတစ်ခုကို လိမ္မာပါးနပ်စွာ နှီးနွှယ်ဆက်စပ်ပြောတတ်ရမယ်"

စင်စစ် မြန်မာရသစာတမ်း များဖွံ့ဖြိုးလာသည်မှာ စာရေး ဆရာကြီးများ၏ ဦးဆောင်ပြောဆို မှုများကြောင့် မျိုးဆက်သစ်စာရေး ဆရာများသည်။ ခံစားသိ ခံစားမြင်၊ ခံစားစိတ်ကူးပြီး အမိအရ ရေးဖွဲ့ တင်ပြလာကြခြင်းဖြစ်သည်၊ မောင် ခိုင်လတ်၊ ကြည်နိုင်၊ နေဝင်းမြင့်၊ မောင်ရင့်မာ(ကျောင်းကုန်း)၊ မြေ လတ်မောင်မြင့်သူ၊ မင်းချမ်းမွန်၊ ရဲသျှမ်း၊ ကျော်ဝင်း၊ မောင်နှင်းပန်း၊ နိုင်မြင့်၊ နီပေါ်နီမော်၊ သစ္စာနီ၊ မောင် ကိုကို(အမရပူရ)၊ ခင်မြဖင်၊ ဗိုင်၊ ဝါနု၊ ပန်းရိပ်ဖြူ၊ ခင်သန္တာ၊ မြသွေးနီ၊ နန်းဧကရီရှင်၊ ကြေးမုံအေး၊ ငွေ ကြယ်စင်၊ နုနုထွဋ် အစရှိသော အက်ဆေးဆရာဆရာမများပေါ် ပေါက်ထင်ရှားလာကြသည်။

ယခုအခါ အက်ဆေးဆရာ ဆရာမများ၏ အက်ဆေးစုစည်းမှု စာအုပ်များ၊ အက်ဆေး(၁၀၀)၊ မြန်မာအက်ဆေးစုစည်းမှု စာအုပ် များ၊ ဘာသာပြန်အက်ဆေးစာအုပ် များစသဖြင့် ထုတ်ဝေလာကြ သည်။

ကျွန်တော်တို့ ယနေ့အက်ဆေး များ ခေတ်သည် 'ဂျွန်ဆန်' (John son) တို့ခေတ်က ရေးကြသည့် အက်ဆေးများကို ပြောသလို အက်ဆေးများကို ပြော၍ မရတော့၊ ဂျွန် ဆန်က [၂]'စိတ်ကူး တည့်ရာရေး တဲ့စာ၊ ပုံစံကလည်း မှန်မှန်ကန် ကန်မဟုတ်၊ ရောက်တတ်ရာရာရေး သည့် စာမျိုး'ဟုပြော၍ မရတော့ ပေ။

ထူးခြားသည်မှာ အက်ဆေး ဆရာများနှင့်အတူ အက်ဆေး စာရေးဆရာမများပါ ဝင်ရောက် ရေးဖွဲ့လာပါသည်။ (ဥပမာ 'ခင်မြဖင်'၏ 'ဝမ်းနည်းမှတ်တမ်း' (ရုပ်ရှင်တေးကဗျာ)၊ 'ဗိုင်'၏ 'လက်ပံပွင့်တောက်တမ်းချင်း' (မဟော်သဓာ)၊ 'ပန်းရိပ်ဖြူ' ၏ 'တန္ဆေ'(ရွှေအမြုတေ)၊ 'မြသွေးနီ'၏ 'အရုဏ်ဦးရဲ့ မနက်ဆေး'(မဟေသီ) 'ငွေကြယ်စင်'၏'နေရာ'(ရနံ့သစ်)၊ 'နန်းဧကရီရှင်'၏ 'ရာသီမသိဘာနဲ့ ညီမလဲ'(ပေဖူးလွှာ)'ကြေးမုံအေး'၏ 'ဘုတာရုံ'(နွယ်နီ)နောက်ဆုံး 'နုနု ထွဋ်' ၏ 'အတွေးသက်သက်' (The Idea)

ယနေ့ နိုင်ငံတကာစာပေ လောကတွင် အက်ဆေးနှင့် ပတ်သက်၍ နိုင်ငံအလိုက်စာအုပ်စာ တမ်းများ ထုတ်ဝေခဲ့ကြပါသည်၊ 'ချားလ်ရော'(Charles Show) ၏ American Essay (၁၉၅၅)၊ 'ဒဗလျူ အီး၊ ဝီလျံမ်' (W.E. Willams) ၏ A Book of English Essays (၁၉၅၉)၊ 'ဖရန်စစ်ဘေကွန်' (Francis Bacon) ၏ The Complete Essays of Francis Bacon (၁၉၆၃)၊ 'ဒေါရစ်လက်ဆင်' (Dorris Lessing) ၏ The Bite (၂၀၀၉)စသဖြင့် ထုတ်ဝေလာကြ ပါသည်၊ ထို့အတူပင် မြန်မာစာပေ လောကတွင်လည်း မဝေးလှသော အနာဂတ်ဝယ် မြန်မာအက်ဆေး ဆရာ၊ ဆရာမများ၏ အက်ဆေး စာအုပ်များ(တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ ဖြစ်စေ) ထွက်ပေါ်ထွန်း ကားလာမည်ဖြစ်ပါသည်၊

(စကားမစပ်) နိုင်ငံတော်စာပေ ဆုတွင်လည်း အက်ဆေးဆု တစ်ဆု ပါဝင်ရောက်ရှိလာရန် မျှော်လင့်မိ သည်။

(၁) The New Excyclopaedia Britarmica, Micropaedia.Vol I

(၂) စာတမ်းငယ်စာပေစာတမ်း (ဒုတိယတွဲ)၊ 'ကျော်အောင်'၏ '၄၅ ခုနှစ်နောက်ပိုင်းကာလ မြန်မာ စာတမ်းငယ်'

**လေးကိုတင်**



Asian Fame Media Group





ဆရာငြိမ်းကျော်
အမှတ်တရစာတမ်း

# အချစ်ယောင်ဆောင်ခဲ့သော ဝတ္ထုများ

နှင်းဝေငြိမ်း

မြန်မာစာပေလောကတွင် ခေတ်အလိုက်စာပေများ၊ စာပေအယူအဆများ၊ အတွေးအခေါ် သဘောတရားများနှင့် အောင်မြင်ကျော်ကြားမှုများ၊ စာပေပညာရှင်များ၊ စာရေးဆရာများက သက္ကရာဇ်များနှင့်အတူ အစဉ်တစိုက် လိုက်ပါလာတတ်သည်မှာ မဆန်းပေ။ ဆန်းသည်မှာ သက္ကရာဇ်များက မှတ်တမ်းပြုရာတွင် ကျန်ရစ်သူ၊ မေ့ကျန်ရစ်သူပြည်ဖုံးကားချသွားသူ တစ်စွန်းတစ်စ၊ တစ်ခွန်းတစ်ပါဒမျှ အပြောမခံရသူဟူသော စာပေကမ္ဘည်း အက္ခရာထက် အတင်မခံရသူထဲတွင် စာရေးဆရာငြိမ်းကျော် မပါဝင်ချေ။

စာရေးဆရာငြိမ်းကျော်သည် မြန်မာစာပေလောကတွင် ၁၉၇၀ နောက်ပိုင်းထင်ရှားအောင်မြင်ခဲ့သော စာပေ၊ သုတေသနပညာရှင်တစ်ဦးဖြစ်လေသည်။ လုံးချင်းဝတ္ထုလောက၌ အချစ်ဝတ္ထုရေးဆရာအဖြစ် ကျော်ဇောလှသည်။ ယနေ့ထိ မြန်မာစာပေလောကတွင် ရသစာပေ အကြောင်းပြောမည်ဆိုလျှင် စာရေးဆရာငြိမ်းကျော်သည် မပါမဖြစ်ပါရှိရပေလိမ့်မည်။

စာရေးဆရာငြိမ်းကျော်၏ ဝတ္ထုများကို တစ်အုပ်ချင်း၊ တစ်ပိုဒ်ချင်း၊ တစ်ကြောင်းချင်းညွှန်းပွဲဆိုရန် မဆိုထားနှင့် ဝတ္ထုခေါင်းစီးများကို စတင်ဖတ်ရသည်ကပင် စာရေးဆရာတစ်ယောက်၏ ဆွဲဆောင်နိုင်မှု စွမ်းဆောင်အားထုတ်မှုအနုပညာကို တွေ့နိုင်လေ၏။ ထိုထင်ရှားသော ခေါင်းစီးအနည်းငယ်ကို ရွေးပြချင်ပါသည်၊

‘နှလုံးသားမြန်မာ တောင်းတူးဖော်ချက်နေ သုံးသပ်ချက်အရင်ခံစာ’

‘အချစ်တော့လည်း သုစိမ်းတွေလိုပါပဲလား’

‘ဇမ္ဗူဒီပါလက်ယာတောင်စွန်းက လွမ်းတတ်တဲ့သူ’

‘ချစ်ခြင်းတရား၏ ကျေးဇူးမဲ့စကားကို ထာဝရမဆိုတတ်သော’

‘ပြောပြလိုက်ပါရှင်မေ့လွန်းမွှဲ့ရယ်’

‘မိုးမသောက်၊ မှောင်မိုက်၊ အရိပ်မပြေးမီ. . .’

‘သမုဒယမော်ကွန်းတွင် ရစ်စေသတည်း’

ထိုခေါင်းစီးစာတမ်းများကပင် ထိုခေတ်လူငယ်များ၏ စာဖတ်ချင်စိတ်ကို ဖြစ်ပေါ်လာစေသည်။ ဝတ္ထုပါအကြောင်းအရာတို့သည် လူငယ်မေတ္တာတွဲ၊ တဏှာသိုလ် နောက်ခံ အချစ်ဇာတ်လမ်း၊ ချစ်၊ ကြိုက်၊ ကွဲ၊ ညားဟုမည်သို့ပင် အမည်တပ်စေကာမူ ဝတ္ထုခေါင်းစီးသည် ဝတ္ထုတစ်ပုဒ် ဖတ်ဖြစ်စေရန် အဓိက စေ့ဆော်သော အကြောင်းတရားသာ ဖြစ်သောကြောင့် ထိုအချက်ကို ဝတ္ထုရေးဆရာက သိနိုင်စွမ်းနှင့် ပြည်းရုံးမှု အနုပညာကိုပင် အားထည့်ထားခြင်းဖြင့် ဝတ္ထုကို ဖတ်ဖြစ်သွားကြစေလိုသည့် စေတနာများစွာကို ဖန်တီးနိုင်ခဲ့လေ၏။

ထိုဝတ္ထုကို ဖတ်ဖြစ်ပြီဆိုပါက ဝတ္ထုပြီးလျှင် ဇာတ်လမ်းလည်းပြီးလေပြီ၊ ဇာတ်ကောင်လည်းပျောက်လေပြီ၊ စကားလုံးတို့လည်း မေ့လေပြီဟူသော အမေ့လျော့ခံဝတ္ထုမျိုးထဲတွင် မပါဝင်ပြန်။ အကယ်၍များ ထိုခေတ်ထိုအချိန်က ပြောင်းလဲမှုခေတ်ရေစီးနှင့် မီဒီယာကျယ်ပြန့်မှု၊ အတွေးအခေါ်သစ်၊ အင်တာနက်၊ ဖေ့စ်ဘုတ်၊ အွန်လိုင်း ၊ ဂျာနယ်၊ သတင်းစာတို့မပေါ်သေး၍ဟု ငြင်းဆိုလျှင်တော့ စောဒကမတက်လိုပါ။ သေချာတာ တစ်ခုကတော့ ထိုခေတ်ကလူငယ်များသည် ထိုဝတ္ထုတစ်ပုဒ်ကိုဖတ်ဖူးခဲ့ပြီဆိုပါက ယဉ်ကျေးသော ချစ်သူယဉ်ကျေးမှုနှင့် ကိုယ်ချင်းစာနာတတ်သော မိသားစုပတ်ဝန်းကျင်ကို ထူထောင်လိုစိတ်ပြင်းပြသွားလိမ့်မည်ကို ခံစားကျွမ်းဝင်နေမည်သာ ဖြစ်၏။“အကြောင်းအကျိုးမညီညွတ်မှု၏ လူ့ဘဝလောကမံ”တို့သည်လည်း ထိုအချစ်ဝတ္ထုဟု ခေါ်ဆိုထားသော ဝတ္ထုများထဲတွင်သာ တွေ့ရှိရလေသည်။

ဥပမာထုတ်နုတ်၍ တင်ပြလိုသေးသည်။ သို့သော် နာမည်ကြီးလှ



Asian Fame Media Group

ပြီး ဝတ္ထုကို အလွတ်နီးပါးရွတ်ပြနိုင်သော ဝတ္ထုများကိုမူ မတင်ပြလိုဘဲ အချစ်ဝတ္ထုဟု ခေါင်းစီးတပ်ပြီး အချစ်ဝတ္ထုမဟုတ်ခဲ့သော ဝတ္ထုတချို့ကိုသာ ရွေးချယ်ဖော်ပြလိုပါသည်။

ဆောင်းဦးပေါက်လျှင် ဝတ္ထုကို အရင်ဆုံးရွေးချယ်ပါသည်။

"ခိုင်ဦးဟူသော အမည်ကိုကြားလိုက်ရသည်နှင့် မောင်ရှမ်းက သူ့ကို ဖျတ်ခနဲလှမ်းကြည့်၏။ ရထားပြတင်းပေါက်မှဝင်လာသော လေကြောင့် လှုပ်ခါသွားသော ဆံပင်တွေကို သူသပ်တင်သည်။ နေကာမျက်မှန်လိုင်းပေါ်တွင် ဆံပင်တွေဖုံးနေ၏။

"နေစမ်းပါဦး ရှိန်မွှန် ခိုင်ဦးဆိုတာ"

"ငါသိချင်တွေ့ချင်တယ်လို့ မင်းကို သုံးလေးခါပြောဖူးတဲ့ ခိုင်ဦးပဲ"

"နှလုံးသားရာဇဝင်တော်ကြီးလား"

"အဲဒါလည်းပါမှာဘဲ"

"ခင်ဖြူချစ်ကကော"

"သူကနှလုံးသားရာဇဝင်တော်ကြီးနဲ့ တိုက်ရိုက်ပတ်သက်သူ၊ ခိုင်ဦးက သူ့ညီမ သွယ်ဝိုက်တဲ့နည်းနဲ့ ပတ်သက်သူ. . ."

"ခိုင်ဦးနဲ့ . . မင်းနဲ့က"

မျက်နှာနီသွားသည်။ ခေါင်းခါသည်။

ဝတ္ထုအဖွင့်စာမျက်နှာပင်ဖြစ်သည်။ ဝတ္ထု၏ အရေးအဖွဲ့အရ ခိုင်ဦး၊ ခင်ဖြူချစ်နှင့် ရှိန်မွှန်တို့၏ နှလုံးသားပတ်သက်မှုကို စတင်ဖော်ပြခဲ့သည်။ ဝတ္ထုရေးဆရာက ထိုအဖွင့်မှစ၍ သုံးပွင့်ဆိုင်ပုံစံလိုလိုနှင့် အစအဆုံးတစ်ပုဒ်လုံးကို ခေါ်ဆောင်သွားတော့သည်။ တကယ်တမ်းဝတ္ထု၏ အဓိကအကြောင်းအရာက ညီမပျောက်ရှာပုံတော်၊ မိဘအရင်းနှင့် ခွဲနေရပုံ၊ မောင်နှမနှစ်ယောက်လုံးတစ်အိမ်စီ ရောက်ခဲ့ရပုံ၊ အမေအရင်းကို မမုန်းတီးစေပဲ ဆင်းရဲနွမ်းပါးခြင်းနှင့် ပြည်တွင်းမတည်ငြိမ် မအေးချမ်းသော ဒေသကဆင်းရဲတွင်းနှင့် တောရွာ အစွန်က မိသားစုများ၏ ပေးကွာမှုအပြင် မွေးစားမိဘများ၏ စောင့်ရှောက်ကာကွယ်မှုနှင့် သံယောဇဉ်တရားတို့ကို ပြတ်ပြတ်ထင်ထင် ရေးပြသည်။ အချစ်ဟုအမည်တပ်ပြီး လူ့စိတ်နေသဘောသဘာဝတို့ကို ဖော်သည်။ လောကသည် မှော်ဆရာနှင့် တူ၏ ဟုတင်စား၏။ မြေအလှပ်ကအစ မျက်တစ်ရွှေ့နှုတ်ခမ်းတစ်မဲ့၊ အနစ် နာခံမှုမှာထောင့်ငါးရာသည် ငါးရာနှစ်ဆယ့်ရှစ်ကို မကျော်လွှားနိုင်ခဲ့ကြောင်း ပေါ်လွင်လှလေ၏။

ဒုတိယတစ်ပုဒ်က 'အချစ်ရပ်ဝန်းဒေသ'

ချစ်သူပျောက်ရှာသော ဝတ္ထုဟုဆိုပေမည်။ ပျောက်သွားသော ချစ်သူကိုရှာရာ မြို့တွေ၊ ရွာတွေအနှံ့မှာ ကြုံတွေ့ရသော လူအမျိုးမျိုး စိတ်အထွေထွေနှင့် ဒေသဝန်းကျင်အဖွဲ့ဝတ္ထု ထမင်းဆိုင်လည်း ထမင်းဆိုင်မို့၊ ကားဂိတ်လည်း ကားဂိတ်၊ တည်းခိုရာနေရာမှာလည်း တည်းခိုရာနေရာမို့ လူတို့၏ စိတ်တွေကို အနှစိတ်၊ အနုစိတ်ရွေးချယ်ပြရင်း၊ သူ၏ အချစ်ဝတ္ထုသည် ပြီးဆုံးသွားခဲ့လေ၏၊ ချစ်သူပျောက်ကား ပြန်ရှာမတွေ့ခဲ့၊ သို့သော် တွေ့ခဲ့ရသည်မှာ မာယာများသော လူ့သဘာဝ အလိမ်အကောက် မာယာတို့ကြားက လူတွေအကြောင်း၊ ဒါသည်အချစ်ဟု အမည်တပ်ထားသော ထူထဲလှသော ဝတ္ထုကြီးကို စာဖတ်ပရိသတ်က အလွယ်တကူ ဖတ်သွားနိုင်ခဲ့ခြင်းသည်လည်း စာရေးသူ၏ ပဋ္ဌလက်သာ ဖြစ်လေ၏။ စာရေးဆရာက ဘာပြောချင်သနည်းဆိုတာကို ဝတ္ထုပြီးမှ သိခဲ့ရလေ၏။ အချစ်မှာ အငိုက်မိသွားသော သူ့စာဖတ်ပရိသတ်တွေကို စာရေးဆရာက တစ်နေရာရာက မိန့်မိန့်ကြီးပြုံးကြည့်သော ဝတ္ထုတစ်ပုဒ်ဖြစ်လေ၏။ ရေးကွက်ကို စာရေးဆရာတော်တော်များများအံ့သြခဲ့ရသော ဝတ္ထုတစ်ပုဒ်ဖြစ်လေသည်။

ထို့အတူ 'အပြာရောင်သစ်ခွပွင့်၏ သမိုင်းအစ'ကိုလည်း အချစ်ဝတ္ထုဟုမဆိုချင်ပါ။ ဝတ္ထုအဖွင့်မှာ 'ဦးစိန်လှိုင်များသို့' ဟုတင်စားခဲ့တာကိုက စဉ်းစားစရာ။ ဝတ္ထုပါ ဇာတ်ကောင်ဝင်းဇော်နှင့် မနှင်းဖွေးဆိုသော အမည်နာမ နှစ်ခုသည် ထိုကတည်းက ရင်ထဲမှာ စူးနစ်ဝင်ရောက်ခဲ့၏။ 'ဝင်းဇော်'ဟူသောနာမည်တူကြားလျှင် ထိတ်ထိတ်လန့်လန့် ကြည့်တတ်လာ၏။ နှမချင်း မစာနာလေသူဟု ထင်မြင်မိ၏။ 'မနှင်းဖွေး'ဆိုသောအမည်ကို ကြားရတိုင်း သနားစရာအဖြူထည် အဖြားယောင်းခံရသူအဖြစ် လည်းကောင်း၊ ကံကောင်းထောက်မစွာ မိဘ၏ စာနာနားလည်မှုအောက်မှာ ဘဝ မပျက်သွားရှာသူအဖြစ် မိန်းမချင်းကိုယ်ချင်းစာနာခဲ့ရလေသူ၊ ထို့ထက် အံ့သြသည်က ဦးစိန်လှိုင်ဆိုသော ဖခင်။ ထိုဖခင်မျိုးက မြန်မာမလွေ့ လူနေမှုကြားမှာတော့ အတော်ကြီးရင်ဆိုင်ဖြေရှင်းရမည့် သူရဲကောင်း၊ ကျွန်မတို့ဗမာလူမျိုးမှာ ဦးစိန်လှိုင်များများမရှိနိုင်ပါ။ သို့သော်ဖခင်၏ ဖခင်စိတ်ပီသစွာ၊ ယောကျ်ားကောင်းပီသစွာ သားသမီးအတွက် အရှက်နှင့် သိက္ခာကို ရင်းနှီးစွာ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းကို ဖီဆန်ရင်ဆိုင်ခဲ့ရသည်က ရင်နင့်ဖွယ်မိဘမေတ္တာကို ဖွဲ့ဆိုခြင်းသာမြောက်သော 'သမိုင်း'သာဖြစ်လေ၏။ ထိုအရာကို အချစ်ဝတ္ထုဟုသာဆိုသည်။ အချစ်၏ ခါးသီးမှုကိုသာ တွေ့ခဲ့ရ၏။ ရခဲ့သည်က ဆင်ခြင်တုံတရားနှင့် မိဘမေတ္တာအကြောင်းသာဖြစ်ပါ၏။

'မြက်ဖျားနှင်း' သည်လည်းမိဘမေတ္တာ၊ အချစ်၏ မျက်နှာကို ရှာဖွေ၍ တွေ့ရှိခဲ့ပြီသည်လည်း မိဘမေတ္တာ။ "ပြောပြလိုက်ပါရှင် မွေ့လွန်းပွင့်ရယ်" သည်လည်း မိဘမေတ္တာ။ ဦးမင်းစိန်လိုဖခင်မျိုး၊ မမင်းဝင်းလို သမီးမျိုးနှင့် အရှက်တရားနှင့် ဂုဏ်သိက္ခာအတွက် ကျန်းမာရေးပင် ရင်းလိုက်ရသော အသိဉာဏ်ပျောက်သွားသည့် မိန်းမ ငယ်တစ်ယောက်၏ မူလဘဝကို ပြန်လည်ခေါ်ယူရသော အဖြစ်အပျက်၊ ငိုရမှန်း ပြုံးရမှန်းပင် မသိလောက်အောင် ကြောက်ရွံ့ခဲ့သည့် ကိုယ်ကျင့်တရားအပေါ် မြတ်နိုးမှု၏ သင်္ကေတကို ထိုဝတ္ထုမှာ တွေ့ရပါသည်။ ရှမ်းပြည်နယ်က မြို့ကလေးက ထမင်းဆိုင်မှာ ဖြစ်လိမ့်မည်ဟု ဝတ္ထုဇာတ်အိမ်တည်ရာ ထမင်းဆိုင်ကို ဝင်ရှာဖွေတွေ့လို စိတ်ဖြစ်ပေါ်ခဲ့ဖူးလောက်ကြသည်။ သို့သော် မန္တလေးတိုင်း၊ ကူမဲမြို့ကလေးက ဝတ္ထုတည်ရာ

ပျောက်သွားသော ချစ်သူကိုရှာရာ မြို့တွေ၊ ရွာတွေအနှံ့မှာ ကြုံတွေ့ရသော လူအမျိုးမျိုး စိတ်အထွေထွေနှင့် ဒေသဝန်းကျင်အဖွဲ့ဝတ္ထု ထမင်းဆိုင်လည်း ထမင်းဆိုင်မို့၊ ကားဂိတ်လည်း ကားဂိတ်၊ တည်းခိုရာနေရာမှာ တည်းခိုရာ နေရာမို့ရှိ လူတို့၏ စိတ်တွေကို အနှစိတ်၊ အနုစိတ် ရွေးချယ်ပြရင်း၊ သူ၏ အချစ်ဝတ္ထုသည် ပြီးဆုံးသွားခဲ့လေ၏။ ချစ်သူပျောက်ကား ပြန်ရှာ မတွေ့ခဲ့ . . .



Asian Fame Media Group



ဝတ္ထုသာဆုံးသွားသည်။ ဝတ္ထုပါဇာတ်ကောင်များထက် ရောဝတီမြစ်ထဲ မြုပ်ခံရသော ကျောက်စာနှစ်ချပ်အတွက် မြန်မာပြည်ကို နစ်နာစေသော နိုင်ငံခြားသားကို မုန်းတီးစိတ်ပိုခဲ့သည်။ အချစ်ဝတ္ထု၏ ဩဇာသက်ရောက်မှုအပေါ် လှုပနိုင်နင်းစွာ စည်းရုံးရေး ဖွဲ့ခဲ့သည်။ ထိုဝတ္ထုတို့မှ ရသော အမျိုးသားရေးသမိုင်းနှင့် နိုင်ငံချစ်စိတ်တို့သည် "မှိုင်းတိုက်ခြင်း"ဟူသော ဝေါဟာရအောက်တွင် . . .

မြို့ဖြစ်ခဲ့လေ၏။ ခရစ်ယာန်ဘာသာ အပေါ် ဗုဒ္ဓဘာသာဝင်တစ်ယောက်၏ ရှိသေတန်ဖိုးထားမှုကို တွေ့ရသည်။ ဒါသည်လည်း စာရေးဆရာ၏ ကျွမ်းဝင်မှုနှင့် လေ့လာမှုအားပင်ဖြစ်သည်။ "ရှင်မွေ့လွန်းမှင့်" ဟုစဖတ်ရစဉ်က ပန်းပွင့်လေးလားဟု ထင်ခဲ့၏၊ သို့သော် မင်္ဂလာခန်းဝင် ခေါင်းအုံးမှ မှိုပွင့်ကလေးကို တင်စားခြင်း ဖြစ်ခဲ့၏။ ကတိတစ်ခု၏ သင်္ကေတ ပြယုဂ်သည် ထိုရှင်မလွန်းပွင့်များဖြင့် ချုပ်ထားသော မှို့ခေါင်းအုံးကလေးဟုဆိုသောအခါ ကိုယ်ကျင့်တရားကို အသက်ထက်မြတ်နိုးသော 'မမင်းဝင်း'ကို ရှာဖွေတွေ့ရှိခဲ့လေ၏။ စာရေးဆရာသည် မမင်းဝင်းကို နှလုံးသားဖြင့်လှုပ်နိုးပေးခဲ့၏။ စိတ်တွေကိုမှုလနေရာ ပြန်ထားပေးခဲ့၏။ သို့တိုင်စာရေးသူကိုယ်တိုင် ဝမ်းနည်းရသော ဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် အချစ်နှင့် ရယူပိုင်ဆိုင်ခြင်းကို ကတိနှင့် စေတနာအထက်တွင် အထားမထိုးရက်သောကြောင့် ဖြစ်သည်။

အောက်မေ့တသခြင်းကင်းသော ဝတ္ထုသည် ကျောက်စာပျောက်ဆုံးမှုကို ပေဖွဲ့သော သုတေသနတစ်ရပ်အား အချစ်ဟု မှိုမယ်ဖွဲ့ကာ စနစ်တကျရေးသားခဲ့ခြင်း ဖြစ်ဟန်တူ၏။

"ဤကျောက်စာပါ အချက်တို့သာ အမှန်အကန်ဖြစ်ပါက အရိမဒ္ဒနပူရပြည်ခေါ် ပုဂံပြည်သည် ခရစ်ငါးရာခြောက်ဆယ်ကျော်ကပင် ထီးနန်းထူထောင်ပြီး ဖြစ်ပေသည်။ မဟာနဒီမြစ်သည် ဧရာဝတီမြစ်ကို ဆိုလိုသည်။ သီရိခေတ္တရာပူရသည် သရေခေတ္တရာ၊ သင်္ကာသရွှပူရသည် တကောင်း၊ တကောင်း၊ သရေခေတ္တရာနှင့်ပုဂံတို့သည် ထီးပြိုင်နန်းပြိုင်ဟု ယူဆစရာ ရှိလေသည်။ ထို့ပြင် တကောင်း၊ သိမ်ဆိပ်ဂူဘုရားကျောက်စာတွင် ဒီပစန္ဒရမင်း၏ ဘိုးဘေးဘီဘင် စန္ဒရမင်းဆက်ပေါင်း ခြောက်ဆယ်ရှိခဲ့သည်။ ရှေးနှစ်များစွာကပင် သကျသာကီဝင် အမျိုးအနွယ်များက တကောင်းသို့ ပူးပေါင်းပြောင်းရွှေ့လာနေကြသည်ဟု ပါရှိကြောင်း ဒေါက်တာ ရှိုက်ဘားက ဆက်လက်ဖော်ပြခဲ့သည်။ ဤအချက်သည် ဟုတ်မှန်နေပါက သာကီဝင်တို့သည် လက်မွန်မဆွလာ ရောက်အခြေမချမီကပင် တကောင်းသည် ထီးနန်းမြို့ပြဖြစ်နေပေပြီ။ တကောင်းသားတို့ထံတွင် သာကီဝင်တို့ ခိုလှုံခဲ့ကြခြင်းဖြစ်လေသည်။

အလွန်တရာအရေးကြီးလှသော သမိုင်းဆိုင်ရာအချက်၊ ထိုအချက်ကို ငြင်းပယ်ထားသော ချားလ်ဒုရိုက်ဗယ်၏ ရေးသားချက်များကို သူပြန်ဖတ်သည်။ ဂျီ၊ အီး၊ ဟာစေးကမှ ကြားနေနေသည်၊

"ထိုစာပိုဒ်များကို အချစ်ဝတ္ထုထဲတွင် ရေးသားခဲ့သောနှစ်ကာလသည် ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ အချိန်အားဖြင့် လွန်ခဲ့သော ၃၆ နှစ်။ ထိုအချိန်ကာလ စဖတ်ခဲ့စဉ်က သုတေသနစာအုပ်မှန်းမသိခဲ့ရိုးအမှန်ပင်။ ဝတ္ထုသာဆုံးသွားသည် ဝတ္ထုပါဇာတ်ကောင်များထက် ရောဝတီမြစ်ထဲ မြုပ်ခံရသော ကျောက်စာနှစ်ချပ်အတွက် မြန်မာပြည်ကို နစ်နာစေသော နိုင်ငံခြားသားကို မုန်းတီးစိတ်ပိုခဲ့သည်။ အချစ်ဝတ္ထု၏ ဩဇာသက်ရောက်မှုအပေါ် လှုပနိုင်နင်းစွာ စည်းရုံးရေးဖွဲ့ခဲ့သည်၊ ထိုဝတ္ထုတို့မှရသော အမျိုးသားရေးသမိုင်းနှင့် နိုင်ငံချစ်စိတ်တို့သည် "မှိုင်းတိုက်ခြင်း"ဟူသော ဝေါဟာရအောက်တွင် ပျောက်ဆုံးရန် ဘယ်အကြောင်းနှင့်မှ မဖြစ်သင့်ပေ။ စာဖတ်သော လူငယ်တို့သည် အနည်းနှင့်အများတော့ ပုဂံကို သိသွားသည်။ တကောင်းကို သိသွားသည်။ ထူထဲ ခန့်ညားလှသော သမိုင်းဆိုင်ရာ စာအုပ်များကိုသာ ဖတ်ခိုင်းခဲ့လျှင် ထိတို့ရန်ပင်မမြင်သည့်အတွက် နည်းပရိယာယ်တစ်မျိုးဖြင့် ဖတ်လာအောင် စာရေးဆရာက သူ့စာဖတ် ပရိသတ်လူငယ်တွေကို အနုပညာမှော်ဖြင့် ဖမ်းစားခဲ့လေသည်။ ထိုအချက်ကိုလည်း "အောက်မေ့တသခြင်း ကင်းသော" က ထောက်ပြသက်သေထူခဲ့လေသည်၊ တစ်ချိန်က ချစ်မေတ္တာဖွဲ့ဝတ္ထုတွေပေါ်ထွက်လာခြင်းနှင့် အောင်မြင်ထင်ရှားလာခြင်း အပေါ်၊ စာပေဝေဖန်ရေးအမြင်တို့ များစွာ တွေ့ရှိခဲ့ရသည်။ ပညာတတ်လူငယ်များ၊ တက်ကြွသောလူငယ်များကို မေတ္တာ၊ သစ္စာ၊ ခွင့်လွှတ်ခြင်းတို့ဖြင့် စကားလုံးလှလှတွေသုံးကာ ဤမြေ့ရရ ဘိန်းကျွေး အညွန့်ချိုးခြင်းဆိုသော ဝေဖန်မှုများအပြင် အချစ်ဝတ္ထု မှိုင်းကြောင့် မိမိပတ်ဝန်းကျင်ကိုပင် မထိန်းချုပ်နိုင်ဆိုသော ပြင်းထန်သော ရေးသားချက်တို့အပေါ် ဖြေရှင်းနည်းကား၊ တစိုက်မတ်မတ် ရေးသားသွားသောဝတ္ထုတို့သာ ဖြစ်သည်။

နောက်ဆုံးထုတ်ခဲ့သော ဝတ္ထုနာမည်ကိုပင် 'အချစ်ရယ်တောင်စွယ်မှာ နေကွယ်မှတော့. . .' ဟု အမည် တပ်သွားခဲ့လေသည်။ ထို့အပြင် ပျူပြကွဲဗိန်၊ ပျူယဉ်ကျေးမှု သုတေသနဘာသာရပ် စာပေအယူအဆ မြန်မာစာပေအပေါ် ချစ်မြတ်နိုးစိတ်၊ ရန်ကုန်တက္ကသိုလ်ကြီးကို သက်ဆုံးတိုင် မြတ်နိုးတွယ်တာစိတ်၊ သရော်စာရေးနည်းကို 'ကိုငှက်ရိုး' ဝတ္ထုများဖြင့် . . .။ သမုဒယ မော်ကွန်းတွင်ရစ်စေသတည်းကို ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဟုမပြော၊ အင်းစိန်တိုက်ပွဲဟုအခေါ် နိုင်ငံရေးအခင်းအကျင်းဖွဲ့ဟုမပြောသဲ့ အချစ်ဝတ္ထု နေရာမှာပင် ရပ်တည်ရေးဖွဲ့ရဲသော ဂုဏ်သတ္တိတို့က စာရေးဆရာဗြိမ်းကျော်၏ ဖြစ်တည်မှုသမိုင်းအမှန်ပင် ဖြစ်လေ၏။ ဤသည်ကို မည်သည့်အချက်တို့ဖြင့် ငြင်းဆိုပါမည်နည်း၊

ထိုခေတ်က စာရေးဆရာသည် သူ၏ပင်ကိုပံ့သဏ္ဍာန်နှင့် ဘဝရပ်တည်မှု ဖြစ်စေချင်လိုသော စေတနာ၊ စိတ်ဆန္ဒအာသီသတို့ကို သူ၏ဝတ္ထုတို့တွင် ထည့်သွင်းဖော်ပြခြင်းဖြင့် မျိုးဆက်တစ်ဆက်ကို သဘာဝကျစွာ စည်းရုံးခေါ်ဆောင်သွားခဲ့ခြင်းအား ယနေ့ အသက် (၄၀)ကျော်တန်း လူရွယ်လူလတ်တို့၏ စိတ်သည် မြန်မာ့ယဉ်ကျေးမှု နယ်ပယ်မှ သွေးဖည်မသွားခြင်းကပင် သက်သေ မဟုတ်ပါဘူး။ ယနေ့ခေတ်၏ ပွင့်လင်းမြင်သာမှုတို့အပေါ် စာဖတ်ခြင်း၏ ပရိယာယ်ဖြင့် တစ်ချိန်က ချပြတာဝန်ကျေခဲ့သူထဲတွင် ပါဝင်သော ဆရာဗြိမ်းကျော်ကို ဤစာတမ်းဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**နှင်းဝေမြိမ်း**

Asian Fame Media Group

# Yati Perspective

# ခေတ်သစ်၊ စနစ်သစ်မှာ စာဖတ်သူအသစ်တွေပေါ်လာစေရေးအတွက် ကြိုးပမ်းခြင်းခြေလှမ်းတစ်လှမ်း

အယ်ဒီတာအဖွဲ့







စာဖတ်သူပပျောက်ရေး စီမံကိန်းတွေကတော့ ပြီးပြီ၊ စာမဖတ်သူပပျောက်ရေး စီမံကိန်းတွေ လုပ်ရဦးမယ်ဟု ပြောနေကြကြောင်း လွန်ခဲ့သောအောက်တိုဘာလထုတ် အယ်ဒီတာ့ နှုတ်ခွန်းဆက်တွင် ရေးခဲ့ဖူးသည်။ Social Media နှင့် ပခုံးယှဉ်တွန်းတိုက်လာနေသော ပုံနှိပ်မီဒီယာ၏ အနာဂတ်အလားအလာကိုလည်း ရှုမြင်သုံးသပ်မှုများ ဆောင်ရွက်နေကြပြီးဖျော်ဖြေစရာများပြားလာသည့် ခေတ်အလျှဉ်အတွင်း စာမဖတ်ကြဟုသည့် ပြဿနာမှာ နိုင်ငံ၏ပြယုဂ်ဖြစ်သော ယဉ်ကျေးမှုအဆင့်အတန်းကို စိန်ခေါ်လာမည့်ဘာသာရပ်လား စဉ်းစားစရာပင်။

တိုးတက်သော နိုင်ငံရေးစနစ်ပုံစံသို့ ပြောင်းလဲလာနေသည့် ကာလအတွင်း စာဖတ်သော ပြည်သူလူထုပေါ်ပေါက်ရေးအတွက်ကြိုးပမ်းကြရမည်ကတော့ အမှန်။ သည်ရက်အတွင်း စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ကာ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို UMFCCI တွင် ၃ ရက်ကြာ ကျင်းပကြသည်။ သည်တော့ သည်အလုပ်ရုံဆွေးနွေးပွဲ၏ ခြေလှမ်းအတိုင်းအထွာအလားအလာကို ရတီ ဒ‌ယ်ဒီတာအဖွဲ့က စေ့ငုလေ့လာရန် ချီတက်ဖြစ်ခဲ့ကြသည်။

Asia Media Group
AF MEDIA GROUP

## လက်ရှိရသစာပေအခြေအနေ

### မာန်(တောင်လုံးပြန်)



**လက်ရှိ ဝတ္ထုရှည်ခေတ်အပေါ် ဆရာရဲ့ အမြင်ကိုသိပါရစေ။**

အခုခေတ်အရေးအသားကတော့ အတိတ်ပုံတွေ၊ နိမိတ်ပုံတွေပေါ့နော်။ ပြောချင်တဲ့စကားကို အစအဆုံးမရှင်းပြတော့ဘူး၊ ဖတ်တဲ့ပရိသတ်ကလည်း အရင်တုန်းကလို မဟုတ်တော့ဘူး၊ အခြေခံရှိထားပြီးသား လူတွေလောက် ဖတ်တဲ့အခါကျတော့ ဒီနိမိတ်ပုံတွေကို သိလာတယ်။ စာရေးဆရာဘာကို ပြောလိုက်တာလဲဆိုတာ သိတယ်၊ မပြောဘဲနဲ့ ထားခဲ့ပေမယ့်သိတယ်။ ဒီတော့ ဝတ္ထုရှည်တွေက အဲဒီလို ပုံစံမျိုးတွေကို ဖောင်းပေးပြီး ရေးလာကြတယ်။

### စမ်းစမ်းနွဲ့(သာယာဝတီ)



**ကျွန်မတို့နိုင်ငံမှာ တခြားနိုင်ငံရဲ့ ယဉ်ကျေးမှု လွှမ်းမိုးတာကိုပဲခံနေရပြီး ကိုယ့်ဆီက ယဉ်ကျေးမှုသူများဆီကို ပြန်စီးမသွားနိုင်တာ ဘာကြောင့်လို့ ထင်ပါသလဲ။**

အခုကတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံလက်နက်နဲ့ ကျူးကျော်တယ်ဆိုတာလည်း မရှိတော့ဘူး၊ ကျူးကျော်တယ်ဆိုတဲ့ စကားလုံးကိုလည်း မသုံးတော့ဘူး။ နယ်ချဲ့တယ်ဆိုတာလည်း သိပ်မသုံးလိုတော့ဘူး၊ Globalization ပေါ့ ကမ္ဘာပြုမှုဖြစ်စဉ်ကြီးထဲမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးလူးတဲ့နေရာမှာ ကိုးအခရေးကြီးတာလည်း ဒီဘက်ရောက်တယ်။ မီနစ်ပိုင်းအတွင်း သတင်းတွေလည်း ကြားရတယ်၊ ဒီမှာ ယဉ်ကျေးမှုအချင်းချင်း ထိခိုက်မိတာတွေရှိတတ်တာပဲ။ အဲဒီမှာ Self Power အားကောင်းတဲ့ တိုင်းပြည်က Self Power အားနည်းတဲ့ တိုင်းပြည်ကို ထိုးဖောက်မှာပဲ။ အဲဒီမှာ အန်တီတို့က အလွှမ်းမိုးခံရပြီပဲ။ ဘာဖြစ်လို့လဲဆိုတော့ အန်တီတို့က Self Power အားနည်းတယ်။ ခုနကလို ရသစာပေအားနည်းတယ်။ Entertainment ရုပ်ရှင်အားနည်းတယ်၊ ပြဇာတ်အားနည်းတယ်၊ သဘင်အားနည်းတယ်၊ ရိုးရာသဘင်ပေါ့နော်။ အားနည်းကိုနည်းတယ် အဲဒါကို ပြောရဲတယ်။ နောက်တစ်ခါအားကစား အားနည်းတယ်။ ယဉ်ကျေးမှု ဝတ်တာစားတာ၊ ချက်တာပြုတ်တာ အကုန်အားနည်းတယ်၊ သူတို့က သာနေတယ်။ သူတို့ နိုင်ငံမှာ ဟုတ်ကောင်းလည်း ဟုတ်နိုင်ပါတယ်။ ဘာမဆိုသပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်ပေါ့နော်။ သမီးပြောတဲ့ ကိုရီးယားယဉ်ကျေးမှုပေါ့နော်။ အန်တီက ကိုရီးယားတော့ မရောက်ဖူးပါဘူး၊ ကိုရီးယားရုပ်ရှင်ထဲမှာဆိုရင်လည်း ကိုရီးယားအိမ်ရှင်မကြီးတွေက စိတ်ညစ်ရင်လည်း ကြမ်းတိုက်နေတာ ကြမ်းလေးတွေဆို ပြောင်နေတာပဲ။ အလုပ်အကိုင်မရှိ၊ စာမတတ် ပေမတတ် လူငယ်လေးတွေ လေလွင့်နေတဲ့အခါ သူ့ဒီအလုပ် လုပ်တယ်၊ လူတွေကို အနိုင်ကျင့်ပြီး မတရားလုပ်တာလည်းပြတယ်။ သူတို့က ဒါကို ပြနိုင် တယ်။ အန်တီတို့ Entertainment မှာ မပြနိုင် ဘူး။ လူကောင်းတော ဆိုးတယ်ဆို ဆိုးတယ်ပဲ ဂျာကင် ကြီးတွေဝတ်၊ ပုတီးကြီးတွေဆွဲပြီး ဆိုးပြတာပေါ့ နော်။

အန်တီတို့မှာ Power အားနည်းတယ်ဆိုတာ အဲဒါပေါ့နော်။ သရုပ်ဖော်မှု၊ ဇရိုက်ဖော်ဆောင်မှု အားနည်းတယ်။ နောက်တစ်ခါကျတော့ သမိုင်းသုဘာတို့ လူမှုသုတတို့ အဲဒီသုတပေါင်းစုံကို ရသဝတ္ထုထဲမှာ ထည့်ရေးဖို့လည်းပဲ ပျင်းတယ်။ ပျင်းတယ် ဆိုတာအန်တီကလည်း ဝတ္ထုရေးဆရာမို့လို့ ပြောတာပါ။ အဲဒီလို အားနည်းတဲ့အခါ ဝတ္ထုကောင်းတစ်ပုဒ်ပေါ့ ကမ္ဘာပြားတဲ့ခေတ်ကြီးမှာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ပြီး သူများနဲ့ ကြမ်းတစ်ပြေးတည်းပေါ်ဖော်နိုင်တဲ့ အနုပညာပစ္စည်းတွေ ထွက်မလာတော့ဘူး၊

**အခုနောက်ပိုင်းမှာရသ စာပေဖတ်တာ အားနည်းလာတယ်ဆိုပြီး ပြောကြတယ်။ ဒါပေမဲ့ ရေးတဲ့သူတွေဘက်မှာလည်း တကယ်ဖတ်ချင်စရာ ရသစာအုပ်တွေထွက်တာနည်းသွားတယ်လို့ ထင်ပါတယ်။ ဆရာမအမြင်လေးဆွေးနွေးပေးပါဦး။**

အဲဒါလည်း ပါပါတယ်။ အန်တီတို့ စကားလေးတစ်ခုရှိတယ်။ ဟိုတုန်းက အန်တီတို့က ရသစာပေဝတ္ထုတစ်ပုဒ်ကို ဖြန့်လိုက်ရင် အန်တီတို့ ဆို ၂၅၀၀၊ ၃၀၀၀ ထုတ်ခဲ့ရတာ။ ၁၉၇၀၊ ၁၉၈၀ ခုနှစ်နောက်ပိုင်းကပေါ့။ အခုဒီအချိန်မှာ ဝတ္ထုတစ်အုပ်ကို ၁၀၀၀ ထုတ်ရရင် Best Seller တဲ့။ အဲဒါကို စိတ်ညစ်လို့ အန်တီက ညည်းမိတဲ့အခါကျတော့ ဆရာကြီးဦးမိုးသူက ဘာပြောလဲဆိုတော့ ရန်ကုန်ပတ်လည်အုပ် ၈၀ ဆိုတာကို ညည်း သိရဲ့လားတဲ့။ ရန်ကုန်တစ်မြို့လုံး အုပ် ၈၀ ကုန်ရင် အဲဒါ Best Seller တဲ့။ ညည်းက ဒီလောက်ကုန်တော်သေးတယ်တဲ့၊ သူက အားပေးတာပေါ့နော်။ စာဖတ်တဲ့ သူက အားနည်းတယ်၊ ထုတ်ဝေသူကလည်း ရသကို မထုတ်ချင်တော့ဘူး၊ တက်ကျမ်းထုတ်မယ်၊ သုတစာအုပ်ကလေးတွေ ထုတ်မယ်၊ ပုံတိုပတ်စ ကလေးတွေထုတ်မယ်၊ ဒါတွေဖြစ်သွားတယ်။ လွတ်လပ်သွားပြီဆိုတော့ သရဲတစ္ဆေဝတ္ထုတွေ၊ ယုတ္တိလွန်တွေဝင်လာပြီပေါ့နော်၊

> **စာဖတ်ဖို့ကိုလည်းစာကြည့်တိုက်တွေဖွင့်ပေးရုံနဲ့စာမဖတ်ဘူး။ စာကြည့်တိုက်တွေက ဖတ်ချင်လာအောင်စည်းရုံးရမယ်။**

**အခုခေတ်မှာ တခြား Entertainment တွေလည်း များလာတဲ့အတွက် စာဖတ်မှုအားနည်းသွားတာလားဆိုတာနဲ့ ပတ်သက်ပြီးလည်း ဆရာမအမြင်လေး သိပါရစေ။**

တခြား Entertainment တွေကလည်းများလာတယ်။ စာအုပ်စာဖတ်တယ်ဆိုတာက ကိုယ့်ဘက်ကအားထုတ်မှုလေးပါတယ်၊ ဖတ်ရတယ်၊ ခံစားရတယ်။ ဒါမှရင်ထဲရောက် တာလေ။ ဟိုလိုထိုင်ကြည့်နေရုံနဲ့ မပြီးဘူး။ အန်တီတို့ အရွယ်မရောက်ခင် ငယ်ငယ်ဘဝကတည်းက ကြီးလာရင် ပုံပြင်သိပ်ရေးချင်တာပဲ။ ပုံပြင်ကနေ ဝတ္ထုဖတ်တတ်လာတော့ ဝတ္ထုသိပ်ရေးချင်တယ်။ ကဗျာရေးချင်တယ်၊ အဲဒီလိုပေါ့နော်။ ကိုယ့်ရဲ့ အိပ်မက်ထဲမှာဒါတွေရှိတယ်။ အခုကလေးတွေက ပိုက်ဆံများများရတော့ မော်ဒယ်လုပ်မယ်၊ အဆိုတော်လုပ်မယ်၊ ရုပ်ရှင်ရိုက်မယ်ပေါ့။ သူတို့ရဲ့ အိပ်မက်နဲ့ အန်တီတို့ခေတ်က အိပ်မက်က မတူတော့ဘူးသမီးရယ်။ သူတို့မှားတယ်လို့လည်း မဆိုသာဘူး။ သူတို့ လေးတွေ ဘယ်အလုပ်ကိုပဲ လုပ်ပါစေ၊ စာဖတ် ပါစေလို့ပဲ ဆုတောင်းရမှာပေါ့။ စာဖတ်ဖို့ကိုလည်း စာကြည့်တိုက်တွေ ဖွင့်ပေးရုံနဲ့ စာမဖတ်ဘူး။ စာကြည့်တိုက်တွေက ဖတ်ချင်လာအောင် စည်းရုံးရမယ်။ စာကြည့်တိုက်မှာ အဆင်ပြေပြေနဲ့ အဆင်သင့်ဖြစ်အောင် ဆက်ဆံပေးမယ့်သူလည်း ရှိရမယ်။ စာကြည့်တိုက်မှူးလုပ်နေပြီး စာအုပ် အကြောင်းလည်း မသိ၊ စာအုပ်လည်းရှာမပေး အဲဒါမျိုးတွေလည်း ကြုံရတော့ တော်တော်ခက်ပါတယ်။ စာကိုတော့ ဖတ်စေချင်ပါတယ်။

Asian Fame Media Group

## ညီမင်းညို



**လက်ရှိပေါ်ထွန်းနေတဲ့ မျက်မှောက်ခေတ်ကဗျာကို ခေတ်ပြိုင်ကဗျာ၊ ခေတ်ပေါ်ကဗျာဆိုတဲ့ ဝေါဟာရတွေနဲ့ သတ်မှတ်မှုတွေအပေါ် ဘယ်လိုယူဆပါသလဲ။**

ခေတ်ပြိုင်နဲ့ ခေတ်ပေါ်က ပညာရပ်တွေပါပဲ။ အရင်တုန်းက မြန်မာဂန္ထဝင်ကဗျာတွေ ရှိတယ်။ လေးလုံးစပ်ကဗျာတွေပေါ့။ မြန်မာကဗျာဆရာကြီးတွေထဲမှာ ထင်ရှားကြတဲ့သူတွေဆိုရင် ဆရာမင်းသုဝဏ်တို့၊ ဆရာဇော်ဂျီတို့တွေပေါ့။ ခေတ်ပေါ်ကဗျာတွေက မော်ဒန်တွေပေါ့။ ဒီခေတ်ပေါ်ကဗျာတွေကိုတော့ ၁၉၇၀ နောက်ပိုင်းမှာ ရေးခဲ့ကြတာ။ ဆရာမောင်လေးအောင်တို့၊ ဆရာမောင်ချောနွယ်တို့ စခဲ့ကြတာပေါ့။နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ နီးပါးရှိပြီ။ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံမှာက Classical တွေကိုပဲ နိုင်ငံတော်က အသိအမှတ်ပြုတယ်။ လေးလုံးစပ်ကနေ အကိုင်းအခက်အနေနဲ့ တိုးထွက်လာတဲ့ ကဗျာကို ခေတ်ပေါ်ကဗျာလို့ခေါ်တယ်၊ ခေတ်ပြိုင်ကဗျာဆိုတာကတော့ ဆရာဇေယျာလင်းတို့ရေးတဲ့ ပုံစံမျိုးတွေပေါ့။ Language Poetry, Post Language Potery, Slung Poetry, Online မှာရေးကြတဲ့ Flat Poetry စတာတွေ အများကြီးပဲ။ ခေတ်ပေါ်ကဗျာနဲ့ ခေတ်ပြိုင်ကဗျာမှာ ပြည်သူလူထုရဲ့ရင်ကို ရိုက်ခတ်တာကတော့ ခေတ်ပေါ်ကဗျာက ရိုက်ခတ်တယ်၊ ကျန်တာတွေကကျတော့ ဖတ်တဲ့သူက ဝေးတယ်။ ကျွန်တော်က ဘယ်ဟာပိုကောင်းတယ်ပြောတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အနုပညာတစ်ခုက ပရိသတ်ရှိမှ ဖြစ်မှာလေ။ ဒါဆိုရင် ပရိသတ်နောက်ကို လိုက်ဖို့တော့ မဟုတ်ပါဘူး။ သူတစ်ပါးနားလည်စေ၊ ခံစားစေ၊ ကူးစက်စေဆိုတာမျိုး ရှိကောင်းရှိတယ်၊ ဒီလို ခေတ်ပေါ်တွေ ခေတ်ပြိုင်တွေကို နိုင်ငံတော်က အသိအမှတ်မပြုဘူး။ Hip Hop သီချင်းကိုတောင် ကျွန်တော်တို့တစ်တွေ အသိအမှတ်ပြုနေတာပဲလေ၊ ကဗျာကျမှ ဘာလို့ အသိအမှတ်မပြုချင်ရတာလဲ။ ကဗျာတစ်ပုဒ် စာတစ်ပုဒ်ကြောင့် ထောင်အကြိမ်ကြိမ်ကျခဲ့ကြတဲ့ ကဗျာဆရာကြီးတွေရှိတယ်။ အမှန်တော့ ဒီဆရာကြီးတွေအနုပညာသူရဲကောင်းတွေပေါ့။ အစိုးရကို ဖော်လံဖားလုပ်ကြတဲ့သူတွေ မဟုတ်ပါဘူး။ ဒီနေ့အချိန်မှာတော့ ဝေဖန်သံတွေများလာကြပြီ။ ခေတ်ပေါ်ကဗျာတွေကိုလည်း နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုမှာထည့်ဖို့အတွက် ဆွေးနွေးလာကြပြီ။ ကဗျာဆရာတွေက ပွင့်ပွင့်လင်းလင်းပြောရရင် ဒီအမျိုးသားစာပေဆုကို လုံးဝစိတ်မဝင်စားဘူး။ အခုက ဆုလိုချင်လို့ မဟုတ်ဘူး။ သဘာဝမကျလို့သာ ပြောကြတာပါ။ အမျိုးသားစာပေဆုဆိုတာ လာဘ်ထိုးရင် အစိုးရကို ဖားရင်ရတယ်။ တစ်ခါမှ စာမျက်နှာပေါ်မှာ မဖတ်ဖူးတဲ့သူတွေ တချို့နှစ်တွေမှာရတယ်။ မနာလိုလို့ မဟုတ်ပါဘူး။ ဆရာမောင်ထွန်းသူလိုလူမျိုး၊ ဆရာနေဝင်းမြင့်လိုလူမျိုး၊ ဆရာမ ခင်ခင်ထူးလိုမျိုးရရင်တော့ ထိုက်တန်ပါတယ်။ ဘာမှန်းမသိတဲ့ ကလောင်မျိုးတွေရရင်တော့ မဟုတ်ဘူးလေ။ ဒါကြောင့် အမျိုးသားစာပေဆုကို ကျွန်တော်တို့ စိတ်မဝင်စားပါဘူး။ ခေတ်ပေါ်ကဗျာတွေကို မထီမဲ့မြင်လုပ်သလို ခံစားရလို့ အမျိုးသားစာပေဆုပေးတဲ့အခါ ထည့်သွင်းစေချင်တာတစ်ခုပါပဲ။

မြန်မာ့စာပေကို ကမ္ဘာကသိအောင်လုပ်ဖို့က ဘာသာစကားက အဓိကပါပဲ။ အခု ကျွန်တော်တို့ ကဗျာဆရာတွေစုပြီး မြန်မာကဗျာတွေကိုဘာသာပြန်ဖို့ ကြိုးစားနေကြတယ်။ ကမ္ဘာ့အဆင့်အတန်းမီအောင် ကြိုးစားနေတယ်။ စာရွက်ကအစ သေချာရွေးထားတယ်။ Code No တပ်ဖို့လည်း လုပ်ထားတယ်။ ဒါက စာအုပ်အပြင်အဆင်ပိုင်းပေါ့။ အနုပညာပိုင်းမှာတော့ သေချာကို ဘာသာပြန်နေတယ်၊ ဘာသာပြန်ပေမယ့် ပညာရှင်တွေရဲ့ အကူအညီတော့ အများကြီးလိုပါတယ်၊ ကဗျာကို ဘာသာပြန်တဲ့သူက ဘာသာစကားကျွမ်းကျင်ရုံနဲ့ မပြီးပြန်ဘူး၊ အနုပညာခံစားမှုကလည်း မြင့်ရမယ်၊ ကဗျာ အရေးအဖွဲ့တွေကို တတ်ကျွမ်းထားရမယ်၊ ကဗျာ အရသာကို သိမှ ဖြစ်မှာပါ။ ကျွန်တော်တို့စိတ်တော့ ရှည်ရမှာပေါ့။ တဖြည်းဖြည်းနဲ့တော့ ရှေ့တိုးနေပါပြီ။ အမျိုးသားစာပေဆုမှာ ပေးတဲ့ ဂုဏ်ပြုဆုကြေးကလည်း သိပ်နည်းတယ်ဗျာ။ တစ်သက်တာ စာပေဆုလိုမျိုးကို ၈ သိန်းပဲပေးတာ အမှန်တော့ မဖြစ်သင့်ဘူး၊ စာရေးဆရာ၊ ဆရာမကြီးတွေကို ထိုက်ထိုက်တန်တန် ချီးမြှင့်စေချင်တယ်။ ရွှေအမြုတေလို ပုဂ္ဂလိကတိုက်ကတောင် ပေးနိုင်သေးတာဗျာ၊ နိုင်ငံတော်အဆင့်က အမှန်တော့ များများလေး ပေးသင့်တယ်။ ဒါက ကျွန်တော့်အမြင်ပါ။

## မောင်ခင်မင် (ဓနုဖြူ)



**ခေတ်အဆက်ဆက်မှာရှိတဲ့ကဗျာချစ်သူတွေနဲ့ စာချစ်သူတွေဟာ ကလောင်သွေးရင် ကဗျာနဲ့ပဲ စတတ်ကြတယ်လို့ ကြားဖူးပါတယ်၊ ဟုတ်ပါသလား။**

ဟုတ်ပါတယ်၊ ကဗျာရေးရတာ ကျနဲ့တဲ့ စာရေးရတာထက်စာရင် ခပ်တိုတိုလေးရေးလို့ရတော့ ပိုလွယ်တာပေါ့နော်၊ ဆရာတို့လည်း နောက်မှသာ ကဗျာဆရာမဖြစ်တာ စရေးတုန်းကတော့ ကဗျာလေးတွေ မတောက်တခေါက် ရေးတာပေါ့၊ ကဗျာက စတာပဲလေ။

---

## ရသစာပေရဲ့ အင်အား

## မြဝင်း (ဒသန)



**လက်ရှိ မျက်မှောက်ခေတ်မှာပေါ် ပေါက်လာတဲ့ ကဗျာတွေဟာ နောင်တစ်ချိန်မှာ ဂန္ထဝင်အဖြစ်နဲ့ သတ်မှတ်ခံနိုင်ရပ့်ါမလား။**

ဖြစ်လာနိုင်တာပေါ့။ အရင်တုန်းကလည်း ဒီလိုပဲ အဆင့်ဆင့်ပြောင်းလဲလာခဲ့တာပဲလေ။ ရတုကနေ တေးထပ်ပြောင်းလာတယ်၊ တေးထပ်ကနေ အချိုးကဗျာတွေ ပြောင်းလာတယ်။ ဒီလိုပဲ ပြောင်းလာတဲ့အတွက် ယနေ့ခေတ်ကဗျာတွေပြီးရင် နောက်ထပ်ကဗျာတွေက ပေါ်လာဦးမှာပဲ။ အဲဒီတော့ ယနေ့မျက်မှောက်ခေတ် ကဗျာ တွေက ဂန္ထဝင်ကဗျာဖြစ်လာမှာပဲလေ။

Asian Fame Media Group

## မစန္ဒာ



**ဝတ္ထုထဲက ဇာတ်ကောင်တွေဟာ လက်တွေ့ကို တကယ်ပဲ အကျိုးပြုနိုင်တယ်လို့ ဆရာမထင်ပါသလားရှင့်။ တစ်ခါတစ်ရံမှာ အတုယူမှားသွား တတ်တာမျိုးတွေလည်း ရှိလို့ပါ။**

အဲဒါတွေကလည်း အခုအချိန်မှာNegative တွေကလည်း အများကြီးထွက်နေတယ်။ ဟိုတလောကဆိုရင် Lesbian အကြောင်း ဖတ်လိုက်ရတယ်။ Lesbian အကြောင်းဆိုတာ အပြင်မှာ တွေ့ရှိနေတာပဲ။ အဲဒါကိုတော့ တခုတ်တရ စာပေအနေနဲ့ မရေးသင့်ဘူးထင်တယ်။ နောက်တစ်ခါ Homosexual အဲဒါတွေလည်း ရေးလာနေတယ်။ အဲဒါတွေတင်မကဘူး။ Sponsor ကိစ္စ။ Sponsor ဆိုတာ ဆရာမအနေနဲ့တွေ့ရေးပါ။ ရေးရင်ရပ်တည်မှုရှိရမယ်။ ကိုယ်ဟာ ဘယ်ဘက်မှာ ရပ်တည်မလဲ။ ဒါဟာ လုပ်သင့်တဲ့ကိစ္စတစ်ခုအနေနဲ့ ရပ်တည်လို့မရဘူး။ ဒါဟာ မကောင်းပါဘူးဆိုတဲ့ ဘက်ကနေ ရပ်တည်ပြီးရေးသင့်ပါတယ်။ တချို့စာရေးဆရာတွေက ဖြစ်စဉ်ကိုချပြပြီး ဒါတွေဖြစ်နေပါတယ်။ ဒါတွေကတော့ မဆန်းတော့ပါဘူးဆိုတဲ့ အနေနဲ့တော့ မရေးသင့်ပါဘူး။ အရင်တုန်းကဆို Suicide လုပ်တဲ့ကိစ္စလုံးဝခွင့်မပေးပါဘူး။ ဟိုတစ်နေ့က ကလေးတွေပြလို့ကြည့်လိုက်ရတဲ့ သီချင်း VCD ဆိုတော်တော်ဆိုးတာပဲ။ ဘဏ်ကိုဓားပြတိုက်တယ်။ တက်တူးထိုးတယ်။ ပိုက်ဆံတွေ ဖြန့်ကြဲတယ်။ နောက်ဆုံးကျတော့ ရန်ဖြစ်ပြီး ကောင်လေးက သူ့ကိုယ်သူသတ်သေသွားတယ်။ တော်တော်ကိုဆိုးတာပဲ အစအဆုံးတစ်ခုမှ ကောင်းတာမပါဘူး။ အဲဒါမျိုးလေးတွေကတော့ ကိုယ့်သိက္ခာကိုယ်ထိန်းပြီး မလုပ်သင့်ကြဘူးလို့ပဲ ဆရာမထင်တယ်။ အဲဒါလေးတွေတော့ ထိန်းကြပါ၊ ရိုက်ကူးနေသော လူတွေက လူကြီးတွေပါ။ သူတို့အနေနဲ့ ထိန်းပါ။ ရိုက်ကူးတဲ့ကလေးတွေ အနေနဲ့လည်း စဉ်းစားပါ။ ဒါဟာ Positive ဖြစ်မလား။ Negative ဖြစ်မလား။ ပရိသတ်ကို အကျိုးပြုမလား။ ဆိုးကျိုးပေးမလားဆိုတာကို ကိုယ်ပိုင်ဉာဏ်လေးနဲ့ စဉ်းစားကြပါလို့ ပြောချင်ပါတယ်။

**အရင်တုန်းက ဆရာကြီး၊ ဆရာမကြီးတွေရဲ့ဝတ္ထုတွေမှာ ဗဟုသုတတွေ အများကြီးရပါတယ်။ ဆရာမကြီး ခင်နှင်းယုရဲ့ မွေးဝတ္ထုကိုဖတ်တယ်ဆိုရင် ဝါးခယ်မမြို့ကို မျက်စိထဲမှာမြင်ယောင်လာတယ်။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရဲ့ သူငယ်ချင်းလိုပဲ ဆက်ဆက်ခေါ်မည်နိုင်ကိုဖတ်ရင် သန်လျင်ကို သွားလည်ချင်စိတ်ဖြစ်လာတယ်။ ဆရာမမိုးမိုး (အင်းလျား) ရဲ့စာအုပ်တွေဖတ်ရင် ဗိုက်ဦးမြို့အကြောင်းရယ်၊ ကြဲစိုက်ပြီး သကြားစက်မှာ အလုပ်လုပ်ကြတဲ့သူတွေအကြောင်းသိရပါ တယ်။ အခုနောက်ပိုင်းစာအုပ်တွေမှာတော့ ရသ နဲ့ နှယ်ပြီးသုတကိုထည့်ပေးတာနည်းသွားတယ် လို့ထင်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ဆရာမ ဘယ်လိုထင်ပါသလဲ။**

အဲဒါကလေ နည်းတဲ့သူလည်း နည်းသွားသလို ရေးတဲ့သူလည်း ရေးပါတယ်။ ဆရာမ တစ်အုပ်ဖတ်လိုက်ရတယ်။ ထက်နိုင်ရဲ့ 'မပြောဖြစ်ခဲ့တဲ့စကား' အဲဒီထဲမှာဆို မိုးကုတ်ရဲ့ ကျောက်တွင်းအကြောင်းကို သူတော်တော်လေး ရေးသွားတယ်။ နောက် ပုသိမ်အောင်သန်းတို့လည်း ကျောက်တွင်းတူးတဲ့အကြောင်း ရေးတယ်။ ဖိုးကျော့ဆိုလည်း ရွှေအကြောင်း၊ မီးသွေးအကြောင်းရေးတယ်။ အဲဒါမျိုးလေးတွေပေါ့ သုတနဲ့ ရသက ဆက်နွယ်တယ်၊ ဒါပေမဲ့လည်း တချို့တွေကတော့ ဇာတ်လမ်းသက်သက်ရေးတယ်။ အပေါ်ယံဝတ္ထုဆိုတော့ ဒါတွေကို သူပေးဖို့လည်း မစဉ်းစားဘူး။ သူလည်း မသိဘူး။ အမှန်တော့ စာရေးဆရာတစ်ယောက်အနေနဲ့ ဒါလေးတစ်ခုကို ယူက်ပြီးတော့ ရသများရမယ်၊ သုတလည်း ပါရမယ်။ အဲဒါသဘောလေးနဲ့ ရေးသွားနိုင်ရင်ကောင်းပါတယ်။ ဒါပေမဲ့ ဆရာမအနေနဲ့ ဘယ်သူ့ကို ဘယ်လိုရေးပါလို့ပြောလို့ မဖြစ်ပါဘူး။ ကိုယ်ကိုယ်တိုင်လည်း ရေးတဲ့သူဆိုတော့ ဒီလောက်ပဲ အကြံပြုနိုင်ပါတယ်။

---

## ရာသက်ပန်



**ရသစာပေ (ဝတ္ထုတို) ကနေရတာက ပထမဆုံးရတာက ရသ၊ ဒုတိယအဆင့်ကမှ ဘဝအသိဖြစ်တယ်ဆိုရင် စာဖတ်သူတိုင်းဟာ ရသရရှိမှုအဆင့်မှာပဲ ရပ်တန့်သွားပြီး ဘဝအသိဆိုတဲ့အရာကို မရနိုင်ဘဲ ဖြစ်တတ်ပါသလား။**

ဝတ္ထုတိုကို ဖတ်ပြီးတဲ့အချိန်မှာ အဆုံးမှာ ဆုံးမသွားဘူး။ ဝတ္ထုတိုတစ်ပုဒ်ဆုံးအောင် ဖတ်ဖို့က စာဖတ်သူရဲ့အလုပ်ပါ။ စာဖတ်သူဆိုတိုင်းလည်း မြန်မာစာကို ဖတ်တတ်ရုံနဲ့တော့ မပြီးဘူးပေါ့နော်။ စာဖတ်တာရင့်ကျက်နေတဲ့ သူတွေကျတော့ ဝတ္ထုတိုမှာ အများကြီးပိုမြင်တာပေါ့။ စာဖတ်သူက ကိုယ့်ရဲ့ စာဖတ်အား၊ တွေးတဲ့အတွေးကို မြှင့်တင်ရမယ်။ စာရေးဆရာ၊ စာရေးဆရာမတွေက ဖန်တီးသွားမှာပဲလေ။ အဲဒါကို ဆက်ပြီးတွေးဖို့က စာဖတ်သူရဲ့ အလုပ်ပါ။ ၁ အုပ်ဖတ်ဖူးတာနဲ့ ၁၀ အုပ်ဖတ်ဖူးတာနဲ့ မတူဘူး။ အဲဒီလိုပဲ ဝတ္ထုတိုကို ၁ ပုဒ်ဖတ်ဖူးတာနဲ့ ပုဒ် ၁၀၀ ဖတ်ဖူးတဲ့သူ မတူပါဘူး။ မိုးကတော့ ရွာချလိုက်တာပဲလေ။ အိုးသေးနေရင် အိုးသေးသေးလေးထဲကို ရေနည်းနည်းပဲ ဝင်မယ်။ အိုးအကြီးကြီးဆိုရင် အများကြီးဝင်မယ်။ ဆရာမကတော့ အဲဒီလို ဥပမာပေးချင်ပါတယ်။

---

## နှင်းဝေငြိမ်း



**ဝတ္ထုတိုကနေ စာဖတ်သူကို အကျိုးပြုနိုင်မှု ရှိတယ်ဆိုရင် အဲဒါက ဘာတွေများဖြစ်နိုင်ပါ့မလဲ။**

ဝတ္ထုတိုကတော့ အချိန်တိုအတွင်းမှာ ဖတ်နိုင်တဲ့ စာပေါ့နော်။ အချိန်မအားလပ်တဲ့ သူတွေအတွက် ဝတ္ထုတိုတစ်ပုဒ်လောက် ဖတ်လိုက်လို့ သူ့အတွက် အသိတရားပွင့်လင်းသွားတာမျိုး၊ နောက်တစ်ခု အဲဒီဝတ္ထုတိုကနေ မသိလိုက်တဲ့ အသိဉာဏ်တစ်ခုခု ရသွားတာမျိုးတွေ ရစေတယ်ပေါ့။ ဝတ္ထုတိုမှာ စာရေးဆရာတစ်ယောက်ရဲ့ ဖွဲ့ဆိုမှုတစ်ကြောင်းတည်းကလည်း စာလုံးကျစ်လျစ်သိပ်သည်းမှုနဲ့ ပြောချင်တဲ့ အချက်အလက်တွေကို စကားလုံးတွေ ရှာထားရတာကိုက တန်ဖိုးကြီးကြီး ရှာရတာလေ၊ ဝတ္ထုတို ရေးတယ်ဆိုပြီး ပေါ့တီးပေါ့ဆရေးလို့ မရဘူး။ အဲဒီဝတ္ထုတိုမှာ ပြောချင်တဲ့ message ကို ပရိသတ်က တိုက်ရိုက်ရရမယ်။ ပြောချင်တဲ့အကြောင်းအရာကို စာဖတ်ပရိသတ် သိရမယ်။ စာရေးဆရာရဲ့ စေတနာကို ပေါ်လွင်ရမယ်။



Asian Fame Media Group

## မြေလတ်မောင်မြင့်သူ



**အက်ဆေးကို အခေါ်အဝေါ်အရ ရသစာတမ်းလို့ သုံးနှုန်းမှုထက် အက်ဆေးလို့ သုံးနှုန်းကြပုံဟာ ဘယ်လို စိတ်ခံစားချက်ကြောင့် ကွာခြားတာလို့ ထင်ပါသလဲ။**

ရသစာတမ်းဆိုတာလည်း ဝတ္ထုတို၊ ကဗျာတို့လို ရသစာပေထဲက တစ်ခုအပါအဝင်ပါပဲ။ နိုင်ငံတကာမှာတော့ စာရေးသူတော်တော်များများက ရသစာတမ်းကိုရေးပြီးမှ တခြားဟာတွေကို ဖွဲ့ကြရေးကြတာပါ။ ဒီမှာတော့ ပြောင်းပြန်ဖြစ်နေတတ်တယ်။ ဒါကလည်း ဖွံ့ဖြိုးမှုမတူလို့ပါ။ နိုင်ငံတကာမှာတော့ ရသစာတမ်းဖွံ့ဖြိုးနှုန်းက နှစ်ပေါင်း ၄၀၀ ကျော်နေပါပြီ၊ မြန်မာပြည်မှာကျတော့ နှစ်ပေါင်း ၈၀ လောက်ပဲ ရှိသေးတယ်။ အက်ဆေးအစ မွန်းတိန်းကစဆိုပြီး ၁၅၈၀ လောက်ကတည်းက သူတို့က ရေးနေကြတာ။ ဇာတ်နဲ့ Character ကို ကြိုက်တဲ့သူကတော့ ဝတ္ထုကို ခွဲမက်တယ်၊ ဝတ္ထုကတော့ လူ့ဘဝထဲက ရှင်သန်လှုပ်ရှားနေတာတွေနဲ့ နီးစပ်တယ်။ ဝတ္ထုကတော့ တိုက်ရိုက်ရတဲ့ ပစ္စည်းဆိုရင် မမှားဘူး။ ရသစာတမ်းကျတော့ တစ်ဆင့်ထူးခြားတယ်။ ရသစာတမ်းမှာကျတော့ ရသသဘော ပါဝင်တယ်။ ဇာတ်မပါဘူး။ ဇာတ်ဆောင်မပါတတ်ဘူး။ ပါခဲ့ရင်လည်း ရေးရေးလေးပဲ ပါတတ်တယ်။ သူက အတွေးတွေပဲ ပေးတာ။ Essay ဆရာတွေက သူတို့မြင်တာ ကြားတာကို စာဖတ်ပရိသတ်ကိုမြင်အောင် ကြားအောင် ခံစားပေးရအောင် သူတို့က စိတ်ကူးဉာဏ်နဲ့ ပေါင်းစပ်ပြီး ပေးတယ်။ လွတ်လပ်တယ်ဆိုပေမယ့် စာအခံရှိမှရသစာတမ်းတွေကို နှစ်သက်ကြလိမ့်မယ်။

Essay ကို တိုက်ရိုက်ဘာသာပြန်ရင်တော့ အစမ်းစာ၊ စမ်းသပ်ခြင်း၊ ဆရာတိုက်စိုးကတော့ ရင်ဖွင့်စာလို့ ပြောတယ်။ ဆရာမြသန်းတင့်ကတော့ ရသစာတမ်းလို့ ပြောတာပါ။ ဒါကြောင့်အက်ဆေးနဲ့ ရသစာတမ်းဆိုရင် အတူတူပါပဲ။ အက်ဆေးဆိုတာက အင်္ဂလိပ်လို Essay ကို တိုက်ရိုက်ရေးထားတာပါ။ ဒါပေမဲ့လည်း မြန်မာရသစာတမ်းနဲ့ နိုင်ငံတကာသုံးအက်ဆေးမှာတော့ နည်းနည်းလေး ကွာခြားမှုတွေ ရှိတယ်။ နိုင်ငံတကာမှာက ဘာရေးရေး Essay ပဲ၊ ဥပမာ - ထန်းသီးမုန့်လုပ်နည်းရေးလည်း Essay ပဲ။ မြန်မာရသစာတမ်းကကျတော့ မိမိပတ်ဝန်းကျင်မှာ ဖြစ်သမျှတွေကို ခံစားမိပြီး မိမိရဲ့စာဖတ်ပရိသတ်ကို မိမိကဲ့သို့ ခံစားမိအောင် ရေးတာကို ရသစာတမ်းလို့ ခေါ်တယ်ဆိုပြီး ဆရာဇော်ဂျီက ပြောတယ်။ ရသစာတမ်းမှာက အတွေးတစ်ခုပါရမယ်။ ဖတ်သူရဲ့ရင်ထဲကို တိုးဝင်ပြီး နွေးနွေးထွေးထွေး ပြောတဲ့ အရသာပါတယ်။

---

## ရဲသျှမ်း



**ပေးချင်တဲ့ message တစ်ခုတစ်ရာအတွက် ရေးသားကြတဲ့ ရသစာတမ်းနဲ့ ဆောင်းပါးတွေကြားက ကွာခြားမယ့် ရသအင်အားကို ဘယ်လို သုံးသပ်ချင်ပါသလဲ။**

ဝတ္ထုနဲ့ ရသစာတမ်းဘာကွာလဲဆိုတော့ ဝတ္ထုတစ်ပုဒ်မှာ ဇာတ်လမ်းက ဝတ္ထုကို အထောက်အကူပြုတယ်။ ရသစာတမ်းမှာတော့ ဇာတ်လမ်းက ရသစာတမ်းကို အထောက်အကူမပြုဘူး။ အဲဒီနှစ်ခုက သိမ်သိမ်မွေ့မွေ့လေးနဲ့ ကွဲတယ်။

> ဝတ္ထုနဲ့ရသစာတမ်းဘာကွာလဲ ဆိုတော့ဝတ္ထုတစ်ပုဒ်မှာ ဇာတ်လမ်းကဝတ္ထုကိုအထောက် အကူပြုတယ်။ရသစာတမ်းမှာတော့ ဇာတ်လမ်းကရသစာတမ်းကို အထောက်အကူမပြုဘူး။

တချို့ဇာတ်လမ်းတွေက ဝတ္ထုနဲ့ရေးမရတဲ့ အကြောင်းအရာတွေရှိတယ်။ ဒါမျိုးကိုတော့ ဝတ္ထုအနေနဲ့ မရေးဘဲ ရသစာတမ်းအနေနဲ့ပဲ ဖွဲ့တာန္တဲ့ကာန္တဲ့ ရေးရတယ်။ ဒါကြောင့် ဒီနေ့ချိန်မှာ ရသစာတမ်းတွေ အားကောင်းလာကြတာပါ။ ဝတ္ထုတွေကလည်း ရှိပါတယ်။ ဝတ္ထုတွေ မကျဆုံးသေးပါဘူး။ နိုင်ငံတကာမှာဆိုရင် Essay နဲ့ စပြီးမှ ဝတ္ထုတို၊ ဝတ္ထုရှည်တွေကို ကူးကြတာ။ ကျွန်တော်တို့ဆီမှာက ပြောင်းပြန်ဖြစ်နေတာ။ ဝတ္ထုတို၊ ဝတ္ထုရှည်နဲ့ စပြီးမှ Essay ကို ပြန်ရေးကြရတာ။ Essay တွေ အားကောင်းလာတာ ကောင်းသင့်ပါတယ်။

---

## မန်တီးသူရှုထောင့်နဲ့ ခံစားသူရှုထောင့်

## မိုယန်းဇော်



**ကဗျာတစ်ပုဒ်ဖြစ်လာဖို့ ဘယ်လိုခံစားမှုမျိုးနဲ့ ရေးဖွဲ့ရပါသလဲ။**

ဘယ်လိုခံစားပြီး ရေးရလဲဆိုရင် ဥပမာ - ကျွန်တော် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ရေးထားတဲ့ 'စိန်ချယ်ပန်းများဖြင့်' ဆိုတဲ့ ကဗျာရေးတုန်းကအကြောင်း ပြောပြချင်တယ်။ အဲဒီအချိန်တုန်းက ဗိုလ်ချုပ်အကြောင်းကို အားလုံးပိတ်ပင်ထားတဲ့အချိန်၊ ဒီတော့ ကျွန်တော့်အတွက် ခက်ခဲခဲ့ပါတယ်၊ ကျွန်တော့်ကဗျာမှာ ဗိုလ်ချုပ်ဆိုတာ တစ်လုံးမှမပါအောင် ရေးဖွဲ့ရပါတယ်။ ၂၀၀၈ ခုနှစ်အချိန်တုန်းကပါ။ အဲဒီတုန်းက ကျွန်တော်သန်လျင်ဘက်မှာ နေတယ်၊ မနက်စောစောအချိန်မှာ စိန်ခြယ်ပန်းလတ်လတ်ဆတ်ဆတ်တွေကို စက်ဘီးနဲ့ လိုက်ရောင်းနေတဲ့ သူတစ်ဦးနဲ့ တွေ့တော့ ကျွန်တော်ဝယ်တယ်။ ပြီးတော့ အိမ်မှာ ဘုရားပန်းအိုးမှာရော၊ ဧည့်ခန်းမှာရော ထိုးထားတယ်။ ကျွန်တော့်ရဲ့ အိမ်နံရံမှာ ဗိုလ်ချုပ်ပုံတစ်ပုံ ကျွန်တော်ကပ်ထားတယ်။ အဲဒီမှာ စိန်ခြယ်ပန်းတွေနဲ့ ဗိုလ်ချုပ်ပုံနဲ့ကြည့်ပြီး ကျွန်တော် ကဗျာရေးချင်စိတ်ဖြစ်လာခဲ့တယ်။ ဒါကြောင့် ကဗျာခေါင်းစဉ်ကိုလည်း 'စိန်ခြယ်ပန်းများဖြင့်' လို့ အမည်တပ်ခဲ့တာပါ။ ဖြစ်ပေါ်လာတဲ့ ခံစားမှုနဲ့ အဲဒီအချိန်မှာ ရေးဖြစ်ခဲ့ပေမယ့် ဗိုလ်ချုပ်ဆိုတာကတော့ ကျွန်တော့်အတွေးထဲမှာ သန္ဓေတည်ခဲ့တာ နှစ်ပေါင်းများစွာ ကြာနေခဲ့ပါပြီ။ ဒီလို သန္ဓေတည်ပြီး ရင့်မှည့်လာတဲ့အချိန်ကျရင် ကဗျာတစ်ပုဒ် မွေးဖွားလာတယ်လို့ ကျွန်တော်တော့ ခံယူပါတယ်။

Asian Farm Media Group
MEDIA GROUP

## Dr. စိုးနိုင်



**ရသစာပေများကို ဘာသာပြန်တဲ့အခါကွဲပြားတဲ့ ယဉ်ကျေးမှုအခြေအနေကို ကျော်လွှားပြီး တူညီတဲ့ရသခံစားနိုင်ဖို့ အဓိကအချက် ဘာလိုအပ်သလဲ။**

အဓိကကတော့ ၂ ချက် လိုတယ်။ ပထမတစ်ချက်က ကိုယ့်ဘာသာစကားကို ကျွမ်းကျင်ရမယ်။ နောက်တစ်ချက်က ကိုယ့်ဘာသာပြန်တဲ့ဘာသာရဲ့ယဉ်ကျေးမှုနောက်ခံကိုလည်း နားလည်ရမယ်။ အဓိကကတော့ ဘာသာစကားနှစ်ခုလုံးကို ကျွမ်းကျင်ပိုင်နိုင်ရမယ်။ အထူးသဖြင့် ကိုယ့်ဘာသာ ကိုယ့်ယဉ်ကျေးမှုရဲ့ ကတိကိုပဲ လိုက်နေ

> **အထူးသဖြင့် ကိုယ့်ဘာသာ ကိုယ့်ယဉ်ကျေးမှုရဲ့ကတိကိုပဲ လိုက်နေဖို့လိုသလို ကိုယ်ပြန်တဲ့ဘာသာစကားရဲ့ကတိကိုလည်း အားလုံးလိုက်နေဖို့လည်း မလိုပါဘူး။ နှစ်ဖက်လုံးကိုမျှပြီး လိုက်ရမယ်။**

ဖို့လိုသလို ကိုယ်ပြန်တဲ့ဘာသာစကားရဲ့ ကတိကိုလည်း အားလုံးလိုက်နေဖို့လည်း မလိုပါဘူး၊ နှစ်ဖက်လုံးကိုမျှပြီး လိုက်ရမယ်။ ဘာသာပြန်တဲ့အဓိကရည်ရွယ်ချက်က နှလုံးသားချင်းကူးစပ်ဖို့အတွက် ရောက်အောင်ပို့နိုင်ဖို့ပါပဲ၊ အဲဒီလိုပို့တဲ့နေရာမှာ အလှအပအဆင်တန်ဆာထက် ကိုယ်ပို့ချင်တာဘာလဲဆိုတဲ့ ရည်ရွယ်ချက်ကို သိဖို့ပါပဲ။ ဒါကြောင့် ဘာသာစကားနှစ်ခုလုံးကို ကျွမ်းကျင်ဖို့နဲ့ အဲဒီဘာသာနှစ်ခုလုံးရဲ့ Time, Place, Space တွေအားလုံးကို နားလည်ထားရင် ထိရောက်တဲ့ ဘာသာပြန်ကောင်းတစ်ပုဒ် ဖြစ်လာမှာပါ။

## မိချမ်းဝေ



**လက်ရှိဝတ္ထုရှည်ခေတ်ကို ဘယ်လိုမြင်ပါသလဲ။ ပြီးတော့ ဆရာမက ပင်လယ်ဝတ္ထုတွေ ရေးဖြစ်တဲ့ အကြောင်းလေးလည်း ပြောပြပေးပါဦး**

အခုလက်ရှိမှာတော့ ဝတ္ထုရှည်က အားနည်းနေပါတယ်။ ရေးတဲ့သူလည်း နည်းတယ်။ လူတွေရဲ့စိတ်ဝင်စားမှုကလည်း ပြောင်းရွှေ့သွားပြီ။ ဝတ္ထုရှည်ကို စာရေးဆရာတွေ ဘာကြောင့်မရေးလဲဆိုရင် အားထုတ်ကြိုးပမ်းမှုနဲ့ ဆိုင်လိမ့်မယ်၊ ခေတ်စနစ်တွေကလည်း ငွေကလည်း ရှာရတယ်။ တခြားပုပင်သောကတွေကလည်း များတယ်၊ ဒီတော့ ဝတ္ထုရှည်ကို အရင်လို အေးအေးဆေးဆေးရေးပြီး ပုံမှန်မထုတ်လုပ်နိုင်ကြတော့ဘူး။ စာရေးဆရာတစ်ယောက်က သူ့ရဲ့နောက်ခံအားကောင်းပြီး စိတ်ဓာတ်ပူပင်ရရင် သူ့ရဲ့နှလုံးသားကို ကောင်းကောင်းခံစားနိုင်လို့ရတယ်။ ဆရာမဆိုရင် ခရီးရှည်တွေထွက်မယ်၊ အဲဒီက ရခဲ့တာတွေကို အနုပညာပစ္စည်းအဖြစ် ရေးထုတ်နိုင်မယ်၊ ကိုယ့်ဗရိသတ်ကလည်း ဝတ္ထုရှည်ကို အရမ်းကိုလိုလားတောင့်တနေတာမျိုး မဟုတ်ပြန်ဘူး။ စာအုပ်ဈေးကွက်ကလည်း ပျက်နေပြီလို့ ပြောလို့ရတယ်။ ဒီတော့ ဝတ္ထုတိုတွေဘက်ကို ရောက်ကုန်တာပေ့ါ။ ဝတ္ထုတိုကျတော့ ရေးတဲ့သူဘက်က ကြည့်တော့လည်း အနုပညာပစ္စည်းဖြစ်မြန်တာပေ့ါ။ ဆရာမဆိုရင် ပင်လယ်ဝတ္ထုရေးတာများတယ်။ ဒီတော့ အိမ်က စားပွဲမှာပဲထိုင်ပြီး ပင်လယ်အကြောင်းရေးဖို့ မဖြစ်နိုင်ဘူး။ ဆရာမက ပင်လယ်ရှိတဲ့ဆီ သွားရတယ်။ အခုဆိုရင် ပင်ဘယ်ဘက် မသွားဖြစ်တာ ၃ နှစ်လောက် ရှိပြီ။ ဒီတော့ အရမ်းမရေးရဲဘူး။ ပင်လယ်ဆိုတာက မြစ်ဝကျွန်းပေါ်ဒေသလို မဟုတ်ဘူး။ ပင်လယ်နေက အမြဲပြောင်းရွှေ့နေတတ်တယ်။ အရင်တုန်းက ဒီအကောင်လေးက ဒီနားမှာရှိခဲ့ပေမယ့် အခု နေချင်မှ နေတတ်တော့တယ်၊ ရမ်းသမ်းပြီးရေးလို့ မရဘူး၊ ဒီတော့ ပြန်ပြီးသွားရတယ်။ ခရီးသွားရပြီဆိုတာနဲ့ ငွေရေးကြေးရေးဆိုတာလိုလာပြီလေ။ ဥပမာ လွင်မိုးခရီးသွားနေပြီဆိုရင် Sponsor ၆ ခုလောက်ရတယ်၊ ဆရာမခရီးသွားတာကျတော့ အဲဒီလိုမရဘူးလေနော်။ ဒါက စာရေးဆရာတွေရဲ့ အခက်အခဲပေ့ါ။ဆရာမဆိုရင် ကိုယ့်ရဲ့ရင်ထဲမှာ ရေးချင်ရဲ့နဲ့ ရေးလို့မရလို့

> **အခုလက်ရှိမှာတော့ဝတ္ထုရှည်က အားနည်းနေပါတယ်။ ရေးတဲ့သူလည်း နည်းတယ်။ လူတွေရဲ့ စိတ်ဝင်စားမှုကလည်း ပြောင်းရွှေ့သွားပြီ။ ဝတ္ထုရှည်ကို စာရေးဆရာတွေဘာကြောင့်မရေးလဲဆိုရင် အားထုတ်ကြိုးပမ်းမှုနဲ့ဆိုင်လိမ့်မယ်။**

သိမ်းထားရတာတွေရှိတယ်၊ ရေးလို့မရဘူးဆိုတာ လူမှုရေးအရ အခြေအနေတစ်ခုအရ ကြည့်ပြီး မရေးရတာပါ။ ပင်လယ်မသွားရတော့လည်း တခြား အကြောင်းအရာတွေကို ရေးဖြစ်ပါတယ်။ ကမ်းရိုးတန်းမှာနေတာလည်း တံငါလုပ်ငန်းလုပ်တဲ့သူတွေချည်း မဟုတ်ပါဘူး။ သစ်လုပ်ငန်းလုပ်တဲ့သူတွေ၊ မီးသွေးဖောင်းလုပ်တဲ့ သူတို့တွေပါနေကြတာလေ၊ ဒီတော့ အခုတော့ အဲဒီလို လူမျိုးတွေအကြောင်း အခြေခံပြီးပဲ ရေးဖြစ်နေပါတယ်။

## မာန် (တောင်လုံးပြန်)



**ဆရာကိုယ်တိုင်ဘာကြောင့် ဝတ္ထုတွေကို စွဲစွဲမက်မက်ဖန်တီးရေးသားနေတာလဲ။ ဖန်တီးတဲ့ ထဲမှာရော ကိုယ့်ရဲ့ ပုဂ္ဂလိကခံစားချက်တွေကို ထည့်သွင်းဖန်တီးဖြစ်ပါသလား။ တွေ့ကြုံရတဲ့ အဖြစ်အပျက်တစ်ခုကို အခြေခံပြီး ခံစားရေးဖွဲ့တာနဲ့ စိတ်ကူးယဉ်ပြီး ဖန်တီးတာနဲ့ ကြားမှာရော ဘယ်လိုတွေ ကွာဟမှုရှိလဲဆိုတာ သိချင်ပါတယ်။**

ဒုတိယမေးခွန်းကို စပြောမယ်နော်။ စိတ်ကူးယဉ်ဖန်တီးတာကို ကျွန်တော်ဟိုတစ်လောက

ရေးတယ်ဗျ။ ကျွန်းသေလို့ ခေါင်းစဉ်ပေးပြီး ပင်လယ်ကို လူနှစ်ယောက်ရောက်သွားတယ်။ အဲဒီ ကျွန်းသေပေါ်မှာ ခရုသွားဖမ်းတယ်ပေါ့။ အရမ်းဈေးကြီးတဲ့ ခရုပေါ့နော်။ ဒါအတွေးထဲကနေ ရေးတာမပြီးဘူးဗျ။ မပြီးဘဲဟိုတစ်လောက ကျွန်တော်မြဝတီကိုသွားတယ်။ အဲဒီမှာ ၅ ရက်ပဲ ကြာတယ်။ မြဝတီမှာ အရမ်းဈေးကြီးတဲ့အချိန်ပေါ့။ ကျွန်တော်သွားရတဲ့ဟာကအချက် ၂ ခုပဲ။ KNU က ဖထီး အလင်းဝင်ထားတာပေါ့နော်။ သူပိုင်တဲ့ မြေကွက်တွေကို ကျွန်တော်တို့က နေရာသွားမှတ်ပြီး အကျိုးဆောင်ဂျာနယ်မှာ ကြော်ငြာထည့်မယ်၊ ရောင်းပေးမယ်။ အဲဒီမှာ ကျွန်တော် percentage ယူမယ်ပေါ့နော်။ သူက အကူအညီတောင်းလို့ နောက်တစ်ခုက ဒေါက်တာမောင်နဲ့

ကျွန်တော်တို့ရှေ့ကိုကြည့်လိုက်ရင် စာအုပ်ဆိုင်ကိုသွားကြည့်လိုက်ရင် စာအုပ်စင်တွေမှာတကယ်ကို အားကျစရာအများကြီးနော် ဆရာမြသန်းတင့်၊ ဒဂုန်တာရာ၊ ဒဂုန်ရွှေမျှားတကယ့်စာအုပ်တွေ အများကြီးပဲ။ ကိုယ့်အဆင့်က ဟိုအဆင့်၁၀၀ ကျော် ၂၀၀ လောက်မှာရှိသေးတယ်။ အဲဒီတော့ ဒီဆရာကြီးတွေကိုမီဖို့ရာဆိုရင် လုပ်နိုင်တာတစ်ခုပဲရှိတယ်။

တွေ့မယ်၊ စာအုပ်လှူမယ်၊ သူ့ကို Interview လုပ်မယ်၊ အဲဒီ ၂ ချက်တည်းနဲ့သွားတာ။ ဒါပေမဲ့ ဟိုကိုရောက်တော့ မထင်မှတ်တဲ့ ကိစ္စတွေအများကြီးဖြစ်လာတယ်။ သူတို့ လက်နက်ကိုင်တွေလုပ်တဲ့ အစည်းအဝေးတွေ၊ ကျောင်းတွေမှာလည်း ကျွန်တော်လိုက်တက်ဖြစ်တယ်။ ဒီကသွားတဲ့ Media တစ်ယောက်မှမပါလို့ ကျွန်တော့်ကို ထည့်ပေးလိုက်တယ်။ အဲဒါနဲ့ ကျွန်တော်မြဝတီမိုးဆိုတဲ့ ဝတ္ထုတစ်ပုဒ်ရေးဖြစ်သွားတယ်။ ပြီးသွားပြီပေါ့နော်။ အဲဒါမျိုးတော့ ရှိတာပေါ့။ စိတ်ကူးယဉ်ပြီးရေးတာက မပြီးဘူး။ တိုက်ရိုက်ဆိုင်ဆိုင် အဲဒီမပြီးတာက ရက်ကိုပေးဖို့ အဲဒါက မပြီးဘူးဖြစ်နေတယ်။ အဲဒီပေါ်မူတည်ပြီး လက်တွေ့ကျတာကို ပိုစိတ်ဝင်စားပေါ့နော်။ နောက်ဝတ္ထုရေးဖြစ်တယ်ဆိုတာကတော့ ကျွန်တော့်ရဲ့ Professional လည်းဖြစ်နေတဲ့အတွက် မရေးလို့မဖြစ်ဘူး။

ညှစ်ရေးတာတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရှေ့ကို ကြည့်လိုက်ရင် စာအုပ်ဆိုင်ကို သွားကြည့်လိုက်ရင် စာအုပ်စင်တွေမှာ တကယ်ကို အားကျစရာအများကြီးနော် ဆရာမြသန်းတင့်၊ ဒဂုန်တာရာ၊ ဒဂုန်ရွှေမျှား တကယ့်စာအုပ်တွေ အများကြီးပဲ။ ကိုယ့်အဆင့်က ဟိုအဆင့် ၁၀၀ ကျော် ၂၀၀ လောက်မှာရှိသေးတယ်။ အဲဒီတော့ ဒီဆရာကြီးတွေကို မီဖို့ရာဆိုရင် လုပ်နိုင်တာ တစ်ခုပဲရှိတယ်။ ကိုယ့်ခေတ်ကဟာ ကိုယ်ရေးရမယ်။ အဲ့ဒါကြောင့် ကျွန်တော်ရေးတာ အဲဒါပါပဲ။

## မိုးဝေး



**၈၈ အလွန်ကဗျာလို့ သတ်မှတ်ပုံကို သိချင်ပါတယ်၊ ဘာကြောင့် စာပေကို အယူဝါဒနဲ့ သတ်မှတ်ပိုင်းခြားကြတာ လဲ၊ ယဉ်ကျေးမှုနဲ့ရော စံနှုန်းကို သတ်မှတ်လို့ မရနိုင်ဘူးလား။**

ကျွန်တော်တို့က ခေတ်ပေါ်ကဗျာတွေ ရေးတာပါ။ ခေတ်ပေါ်ကဗျာဆိုတာ ခေတ်ရဲ့ ရိုက်ခတ်မှုပေါ်မူတည်ပြီး ရေးရတာပါ။ ခေတ်ဆိုရင် စနစ်တစ်ခုနဲ့ ဆက်နွယ်နေတတ်ပါတယ်။ ဒီတော့ ၈၈ မတိုင်ခင်နဲ့ ၈၈ နောက်ပိုင်းနဲ့က ကွာပါတယ်။ ဒါကြောင့် ၁၉၇၀ မှာ စပြီးပေါ်ပေါက်ခဲ့တဲ့ ခေတ်ပေါ်ကဗျာက ၈၈ အရှေ့ပိုင်းက ပထမပိုင်း၊ ၈၈ နောက်ပိုင်းက ဒုတိယပိုင်းဆိုပြီး ခွဲတာပါ။

အရင်ရှုပ်ထွေးနေတဲ့ ကာလတုန်းကတော့ မော်ဒန်ကဗျာတွေကို ဘာတွေရေးမှန်းမသိပါဘူးဆိုပြီး ဝေဖန်တာတွေရှိခဲ့တယ်။ ဒါပေမဲ့ ကဗျာကို ခံစားဖို့ လေ့လာမယ်ဆိုရင်တော့ တစ်မျိုးဖြစ်ပြီး ပြောင်းလဲသွားကြရမှာပါ။ အခုနောက်ပိုင်းမှာတော့ အဲဒီလိုတွေမရှိကြတော့ပါဘူး။ ဒါပေမဲ့ ရေးချင်တာရေးပြီး မော်ဒန်ကဗျာပါလို့လည်း အော်နေလို့ မရပါဘူး။ မော်ဒန်ကဗျာမှာ သတ်မှတ်ချက်ဆိုတာမျိုး မရှိပေမယ့် သူ့ရဲ့ နေ့ဟန်လေးတော့ရှိပါတယ်။

## နိုင်မြင့်



**ရသစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေကို ရေးသူ၊ ဖန်တီးသူတွေနဲ့ ဖတ်သူတွေ စိတ်ပါဝင်စားမှုရှုထောင့် တူနိုင်ပါ့မလား။**

ကျွန်တော့်အနေနဲ့ ပြောမယ်ဆိုရင်တော့ ယေဘုယျသဘောမျိုးတော့ တူနိုင်ပါတယ်။ တစ်ယောက်ချင်းစီရဲ့ စိတ်ဝင်စားမှုကတော့ ပြောင်းသွားမယ်ထင်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲတွေကို အခုလို စည်းစည်းကားကား သိုက်သိုက်မြိုက်မြိုက်ကျင်းပတာဟာ အနာဂတ်စာပေလောကအတွက်ရော၊ လက်ရှိစာပေလောကအတွက်ရော ကောင်းမြတ်တဲ့ လက္ခဏာတစ်ခုပါ။

## ကြည်နိုင်



**ပေးချင်တဲ့ message တစ်စုံတစ်ရာအတွက် ရေးသားကြတဲ့ ရသစာတမ်းနဲ့ ဆောင်းပါးတွေကြားက ကွာခြားမယ့် ရသအင်အားကို ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

အက်ဆေးဆိုတာရဲ့ အဓိပ္ပာယ်ကို ရှေးက ဆရာတွေက အများကြီး ခေါ်ဝေါ်ခဲ့ကြပြီးပါပြီ။ ဆရာတိုက်စိုးကတော့ အက်ဆေးရေးတဲ့အခါ နှစ်ဦးချင်းလက်ဆုံကျသလို ပြောရမယ်လို့ ပြောပါတယ်။ ကိုယ့်ခံစားချက်က သူ့ခံစားချက်နဲ့ ထပ်တူ ဒါမှမဟုတ်ရင်တောင် အနီးစပ်ဆုံးဖြစ်နိုင်ဖို့လိုတယ်။ ဒါကြောင့် အက်ဆေးမှာ ခေတ်ပြိုင်ခံစားမှုဆိုတာ ပါတယ်။ အဲဒီခံစားမှုကို ကဗျာနဲ့ပဲဖြစ်ဖြစ် ဝတ္ထုအနေနဲ့ပဲဖြစ်ဖြစ် ရေးလို့ရပါတယ်။ ဒါပေမဲ့ ဝတ္ထုတွေ ကဗျာတွေမှာက ကန့်သတ်မှုတွေ ရှိနေတယ်။

အက်ဆေးမှာ စည်းဘောင်မရှိဘူးလို့လည်း ပြောလို့မရပါဘူး။ သူ့မှာက အလွန်သိမ်မွေ့တဲ့

Asian Fame Media Group

စည်းရှိပါတယ်။ တခြားစာပေပုံစံတွေနဲ့ မတူတဲ့ နက်ရှိုင်းမှုရှိတယ်။ သိုသိပ်မှုရှိရသလို ကြွယ်ဝမှုလည်း ရှိပါတယ်။ ကဗျာနဲ့ ခံစားမှုရသမျိုး၊ ဝတ္ထုတို့ရဲ့ ရသမျိုးကို အက်ဆေးကောင်းတွေမှာ တွေ့နိုင်ပါတယ်။ သူ့ရဲ့ခံစားမှုလှိုင်းသဘောကို ရစ်သမ်ငြိမ့်ငြိမ့်လေးနဲ့ ပေးနိုင်တာ အက်ဆေးပါပဲ။

---

## ရွှေကူမေနှင်း



**ဘာသာစကားကျွမ်းကျင်မှုနဲ့ ရသဖန်တီးနိုင်မှုကြားက ကွာခြားချက်ကို သိချင်ပါတယ်။**

ကိုယ်ဘာသာပြန်တဲ့ စာမူက သုတစာပေဆိုရင်တော့ သုတတွေလိုပဲ တည်တည်ခံ့ခံ့ ဘာသာပြန်သင့်တယ်။ ဒါပေမဲ့ ကိုယ်ဘာသာပြန်တာက ရသစာပေဆိုရင်တော့ သူပေးထားတဲ့ ရသ၊ သူ နဂိုတည်းက ထုံမွှမ်းထားတဲ့ ရသအတိုင်း ရအောင် ကြိုးစားရမယ်။ အကြောင်းအရာ တည်တည်ခံ့ခံ့ကြီးကို ရသလှလှပပနဲ့ သွားလုပ်ဖို့

> စည်းကမ်းမှာ သူ့အာဘော်ကို ပြောင်းခွင့်မရှိသလို ကိုယ့်အာဘော်လည်း ထည့်လို့မရပါဘူး။ ကိုယ်က ရှင်းချင်ရင်တောင် ကွင်းစကွင်းပိတ်နဲ့ ရှင်းပြပြီး ဘာသာပြန်သူထည့်ရမယ်။ ဒါက မူရင်းစာရေးဆရာကို လေးစားရတာပေါ့။

တော့ မလိုပါဘူး။ ဘာသာစကားကျွမ်းကျင်ဖို့က လည်း အရမ်းလိုပါတယ်။ ဗမာစကားမှာပဲဖြစ်ဖြစ် တခြားဘာသာစကားတွေမှာပဲ ဖြစ်ဖြစ် စကားလုံးတစ်လုံးက အဓိပ္ပာယ်တွေ အမျိုးမျိုးရှိတတ်ပါတယ်။ ဒီတော့ ဘာသာစကားမကျွမ်းကျင်ရင် အဓိပ္ပာယ်လွဲသွားနိုင်တာပေါ့။ မူရင်းစာရေးသူက ဘာအဓိပ္ပာယ်နဲ့ ဒီစကားလုံးသုံးထားလဲဆိုတာ ကိုယ်က သေချာသိထားမှပဲ ဖြစ်မှာပါ။ နောက်ပြီး ကိုယ်က ဘာသာပြန်ရင် မူရင်းစာရေးဆရာရဲ့ အာဘော်ကို ပြောင်းခွင့်မရှိပါဘူး။ စည်းကမ်းမှာ သူ့အာဘော်ကို ပြောင်းခွင့်မရှိသလို ကိုယ့်အာဘော်လည်း ထည့်လို့မရပါဘူး။ ကိုယ်က ရှင်းချင်ရင်တောင် ကွင်းစကွင်းပိတ်နဲ့ ရှင်းပြပြီး ဘာသာပြန်သူဆိုပြီးထည့်ရမယ်။ ဒါက မူရင်းစာရေးဆရာကို လေးစားရတာပေါ့။ ဒါပေမဲ့ တစ်ခါတလေမှာ မြန်မာမှုပြုရတယ်ဆိုတာတွေရှိတယ်။ နာမည်တစ်ခုက စာဖတ်သူအတွက် အရမ်းခက်ခဲနေမှာ မို့ တခြားနာမည် ပြေပြေလေးပြောင်းတာမျိုးလောက်တော့ အပြစ်မရှိပါဘူး။ ဆရာမြသန်းတင့် ဘာသာပြန်တဲ့ လေမုန်တိုင်းဝတ္ထုကြီးထဲမှာဆိုရင် စကားလက်တို့နေတဲ့ မြို့ကြီးကို ဆရာက 'မြိုင်သာ' လို့ မြန်မာမှုပြုပေးခဲ့တယ်။ မြန်မာစာပေကို ကမ္ဘာကသိဖို့ လိုတာပေါ့။ ဒါကြောင့် မြန်မာစာအုပ်တွေကို အင်္ဂလိပ်လို ဘာသာပြန်ဖို့ လုပ်နေပါပြီ။

**အယ်ဒီတာအဖွဲ့**

---

# Arr Lon ၏ တေးစီးရီးမိတ်ဆက်ပွဲ






ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှ အဆိုတော်သစ်တစ်ဦးဖြစ်သည့် arr lon ၏ 'ချစ်ခေါက်ချိုး' ကိုယ်ပိုင်သံစဉ်သီချင်းများ တစ်ကိုယ်တော်တေးစီးရီး စာနယ်ဇင်းမိတ်ဆက်ပွဲကို Orchid City Hotel ၌ နိုဝင်ဘာ ၁ ရက်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

Asian Fame Media Group




# HORO SCOPE

Dr.MYAT THIT (MANDALAY)

Asian Fame Media Group



**ဓနုရာသီဖွား။ ။ နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

သင့်အတွက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရာသီအခြေအနေအရ အဆင်ပြေပါလိမ့်မည်။ လယ်ယာအလုပ် အကျိုးအမြတ် ခံစားရတတ်ပေသည်။ သေချာရေရာမှုမရှိသော စီးပွားလုပ်ငန်းဝင်မပါသင့်ပါ။ ခရီးတိုရှည်အခြေအနေအဆင်ပြေစေတတ်သည်။ ပညာရေး ထူးချွန်မှုရှိလာမည်။ သားသမီးအတွက် စိတ်ပျော်ရွှင်မှုရရှိစေလိမ့်မည်၊ ခန္ဓာကိုယ်များစွာ ဝမလာရန်သေချာလုပ်သင့်သည်။ အချစ်ရေး ဦးနှောက်စားလိမ့်မည်။

**ယတြာ။ ။ ဆပ်ပြာကုသိုလ်ပြုပါ။**



**မကာရရာသီဖွား။ ။ ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်**

သင့်အတွက် အလုပ်များများ လုပ်ကိုင်ရတတ်သည်။ လုပ်ငန်းတွင် မနာလိုတိုက်ခိုက်မှုရှိပေမည်။ သေချာမှုမရှိသော ငွေချေးငှားကိစ္စဝင်မပါနှင့် ရှောင်ပါ။ ပညာရေးအခြေအနေ ကောင်းမွန်မည်။ ထိုနှင့်ပတ်သက်၍ မှန်မှန်ထိုးသင့်သည်။ ခရီးတိုရှည်သွားခြင်းအကျိုးရှိမည်။ သားသမီးရရန်စိတ်မောနေရတတ်သည်၊ ရုပ်ရည်ကျဆင်းခြင်းရှိလာတတ်သည်၊ အချစ်ရေး ငယ်သူကြောင့်ဒုက္ခရောက်ရလိမ့်မည်။

**ယတြာ။ ။ စာအုပ်ကုသိုလ်ပြုပါ။**



**ကုမ်ရာသီဖွား။ ။ ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၈) ရက်**

သင့်အတွက် တပည့်များကို ပေးကမ်းထောက်ပံ့မှု ပြုရတတ်သည်၊ ငြိုးခြင်းချေတာမှပြု၍မရတတ်၊ နေရာပြောင်းကိစ္စ စဉ်းစားရတတ်သည်။ မျက်လုံးအာရုံ ဒုက္ခပေးမည်၊ သားသမီးအတွက် ငွေအကုန်အကျများစေတတ်သည်။ ခက်ခဲသော လုပ်ငန်းကြီး ကြိုးစားရလိမ့်မည်။ လုပ်ငန်းသစ်လာမည့် သကြိန်ကျော်မှ စသင့်သည်။ အဆောက်အဦဆောက်ခြင်း အကျိုးရှိစေမည်၊ အချစ်ရေး စိတ်ပျော်ရတတ်သည်။

**ယတြာ။ ။ ပုတီး ကုသိုလ်ပြုပါ။**



**မိန်ရာသီဖွား။ ။ ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် လုပ်ရကြိုးမနပ်၊ ဝင်ပန်းပြီးစိတ်မပျော်၊ ငွေအကုန်အကျ အလုံးပင် များစေတတ်ပေသည်။ ငွေပေးငွေယူ အမှားများတတ်သည်။ ဘာသာတရားလေးစားမှု ပိုရှိလာတတ်သည်။ ပညာရေး တိုးတက်မှုရှိတတ်သည်။ ပြည်ပအလုပ် သွားရောက်ရတတ်သည်။ ရေလမ်းစီးပွားရေးအကျိုး ရှိမည်။ အချစ်ရေး ဖြားယောင်းသွေးဆောင် ဒုက္ခပေးခြင်းခံရတတ်သည်။ ကလေးငယ် ကျန်းမာရေးသတိပြုပါ။ ရုံးအမှု တရားတပေါင် ရင်ဆိုင်ရမည်။

**ယတြာ။ ။ အနီရောင်ဖယောင်းတိုင်ကြီး ၃ တိုင် မွေးနံ့ဘုရားတွင် လှူထွန်းပေးပါ။**



**မိဿရာသီဖွား။ ။ မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**

သင့်အပေါ် ကြွင်နာသော နှလုံးသားမရှိဟုပြောဆိုဝေဖန်ခြင်း ခံရတတ်သည်။ ရန်များနေသည်။ စိတ်ဓာတ်ကျတတ်သည်။ ယှဉ်ပြိုင်လိုစိတ်မရှိတတ်ပါ။ ပညာရေးသင့်ရုံဖြစ်နေတတ်သည်။ ငွေအဆင်ပြေ၍ လှူပ်ရှား နိုင်ပေမည်၊ အချစ်ရေး နှလုံးသားမာကြောသူနှင့် တွေ့နေ၍ စိတ်ညစ်ရတတ်ပေသည်။ တစ်ကိုယ်တည်းနေခြင်း ကောင်းပေမည်။ တိရစ္ဆာန်များ သေတတ် ထွက်တတ်သည်၊ အိမ်ထောင်ရေး ဂရုစိုက်ပါ။

**ယတြာ။ ။ သက်နှင်းလှူပါ။**



**ပြိဿရာသီဖွား။ ။ ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်**

သင့်အတွက် လုပ်ငန်းတွင်း၊ အရောင်းအဝယ်အများနှင့် ဆက်ဆံမှုစသည်တို့ ခေါင်းမာနေ၍မရတတ်ပေ။ ဘယ်သူပျက်ပျက် ကိုယ်တိုင်ကိုယ်ကျင့်တရားမပျက်ရန် အရေးကြီးပေသည်။ ကြွေးမြီကိစ္စ ဖြေရှင်းနိုင်ပေသည်။ ကလေးငယ်ကျန်းမာရေး ချူချာတတ်သည်။ အကျိုးရှိသော ခရီးသွား ရတတ်ပေသည်။ တရားတပေါင်အမှုကိစ္စအောင်မြင်ပေလိမ့်မည်။ ပညာရေး အခြေအနေအဆင်ပြေမည်။ အချစ်ရေး ကိုယ်ကျင့်တရားပျက်တတ်၊ ရှုပ်ထွေးစေတတ်ပေသည်။

**ယတြာ။ ။ ဆန်ကုသိုလ်ပြုပါ။**

Asian Fame Media Group
MEDIA GROUP



**မေထုန်ရာသီဖွား။ ။ မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်**

သင့်အတွက် စိတ်ဓာတ်သေးသိမ်သူနှင့် တွေ့ဆုံရတတ်၏။ လက်တွဲဖော်ကောင်း မရတတ်ပေ။ ထင်ရှားပေါ်လွင်ခြင်း ထိခိုက်ရတတ်ပေသည်။ လုပ်ငန်းတွင်း လွဲမှားသော အယူအဆကြောင့် ပြဿနာကြုံတတ်သည်။ ပညာရေးလမ်းကြောင်း တည့်မတ်စေပါသည်။ အတင်းအဖျင်းများ ခေါင်းထဲမှ ဖယ်ထုတ်သင့်သည်။ ကြွေးမြီဟောင်း ရှင်းနိုင်လိမ့်မည်။ အချစ်ရေး အဆင်ပြေမည်။ အဖိုးတန်ပစ္စည်းရတတ်ပေသည်။ လူမျိုးခြား ဘာသာခြား ဒုက္ခပေးတတ်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအကျိုးပြုစေမည်။ ပြည်ပခရီးချောမွေ့မည်။

**ယတြာ။ ။ နှင်းဆီနီ ၇ ပွင့်လှူပါ။**



**ကရကဋ်ရာသီဖွား။ ။ ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

သင့်အတွက် မြေ၊ ယာ၊ ခြံ၊ အိမ်၊ ကားစသည့် ကိစ္စများအတွက် စိတ်အပူသောက တွေ့ရတတ်ပေသည်။ မှန်လျက်နှင့် စိတ်မောရပေလိမ့်မည်။ ကိုယ်ကျင့်တရားပျက်သူမှ ဒုက္ခပေးခြင်း ရင်ဆိုင်ရစေသည်။ ထူးခြားသော သတင်းကောင်း ကြားသိရတတ်ပေသည်။ ကျေးဇူးမသိသောသူကြောင့် စိတ်မောရပေသည်။ ကားစီးခြင်း သတိပြုပါ။ ခိုက်မိတတ်ပေသည်။ အချစ်ရေး စည်းမှုကမ်းမဲ့ မတွဲသင့်၊ မနေသင့် အပျော်မကျူးသင့် ဒုက္ခရောက်စေတတ်ပေသည်။

**ယတြာ။ ။ ရွှေရောင် ၅ ခွက်ကပ်လှူပါ။**



**သိဟ်ရာသီဖွား။ ။ ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် လုပ်ငန်းတွင် အောင်မြင်မှုကံကောင်းခြင်းကို ကြုံစေမည်။ ညီ၊ ညီမအတွက် စိတ်မောရတတ်သည်။ အများနှင့် ဆန့်ကျင်တတ်သူနှင့် လက်တွဲအလုပ်လုပ်ရတတ် စိတ်ပျက်ရတတ်ပေသည်။ ပညာရေး ထက်မြက်ထူးချွန် ကံကောင်းလာစေမည်။ ပေါင်းသင်းဆက်ဆံရေးကောင်းကြောင့် ချစ်ခင်သူပေါများမည်။ ဇွဲကောင်းကောင်းနှင့် အချစ်ရေး ကြိုးစားသင့်ပေသည်။ ကျန်းမာရေး ဝမ်းဗိုက်သတိထားသင့်ပေသည်။

**ယတြာ။ ။ ဖိနပ်ကုသိုလ်ပြုပေးပါ။**



**ကန်ရာသီဖွား။ ။ ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် ပေါင်းသင်းဆက်ဆံရေးကောင်းကြောင့် ချစ်ခင်သူပေါများမှု ရှိစေတတ်ပေသည်။ လူအများ၏ လေးစားချစ်ခင်မှု အပြည့်ရရှိပေလိမ့်မည်။ ပညာရေးကောင်းမွန်၏။ သို့သော် အပြင်အာရုံ ဒုက္ခပေးတတ်သည်။ မျက်လုံးစစ်ဆေးသင့်ပေသည်။ စားပွဲရုံ နိုင်ငံခြားဘာသာ စကား၊ ခရီးသွား လုပ်ငန်းအကျိုးပေးစေတတ်ပေသည်။ အချစ်ရေး ကံခေခြင်း ရှိနေမည်။ ငွေကြေးတစ်ပါးသူ ကူညီရတတ်ပေသည်။

**ယတြာ။ ။ ဆွမ်းလောင်းလှူပါ။**



**တူရာသီဖွား။ ။ စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် ရိုးရာဓလေ့စိတ်ဝင်စားမှု နည်းပါးစေလိမ့်မည်။ ခေတ်မီစွာ နေထိုင်မှု အထင်ကြီးတတ်သည်။ ပညာရေး စိတ်ဓာတ်ပြင်းထန်စွာ ကြိုးစားရတတ်သည်။ ဆရာကောင်းနှင့် လက်တွဲရလိမ့်မည်။ အချစ်ရေး အသစ် ပြန်လည်နိုးကြားလာလိမ့်မည်။ လုပ်ငန်းအစီအစဉ် အသစ်စိတ်ကူးရတတ်သည်။ လက်ရှိထက် ခန္ဓာကိုယ်ပေါင်ချိန်များစွာ တိုးတက်လာတတ်သည်။ ဟိုတယ်လုပ်ငန်း၊ ရတနာလုပ်ငန်း အကျိုးပြုပေမည်။

**ယတြာ။ ။ အချိုမုန့် ကုသိုလ်ပြုပါ။**



**ဗြိစ္ဆာရာသီဖွား။ ။ အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် ဆင်းရဲဒုက္ခခံမှ အောင်မြင်မှု ရရှိစေတတ်သည်။ လွယ်ကူအောင်မြင်ခြင်း မရှိတတ်၍ သည်းခံစိတ်ထား ရိုးသားစွာ ကြိုးစားသင့်ပေသည်။ ပညာရေး စိတ်ရှုထ၍ အပြောင်းအလဲ မလုပ်သင့်ပါ။ အချစ်ရေး အဆင်မပြေ၊ အသိုင်းအဝိုင်းနှင့် ပြောဆို၍ မကောင်း၊ ရန်မီးပွားရတတ်ပေ သည်။ ခရီးသွား အပျော်ကျူးခြင်းကို ရှောင်သင့်ပေသည်။ လူမှုရေးကိစ္စ မရှုပ်နှင့် စကားမများသင့်၊ တစ်ပါးသူကိစ္စ လိုက်မချောင်းသင့်ပါ။

**ယတြာ။ ။ မြေပဲကြော် လှူပါ။**

**ဒေါက်တာမြတ်သစ် (မန္တလေး)**

MEDIA GROUP
Asian Family Media Group

# မမရတီ

## အမေး အဖြေ

### အချစ်ရေး ကျန်းမာရေး လူမှုရေး အနုပညာ





သို့

မမရတီ

မင်္ဂလာပါ။ သမီးက ရတီရဲ့ ထာဝရပရိသတ် ပါ။ ရတီမှာပါတဲ့ အနုပညာရှင်တွေရဲ့ အကြောင်းတွေကို ဖတ်ရတာ အရမ်းကောင်းပါတယ်။ စက်တင်ဘာလမှာပါသွားတဲ့ မင်္ဂလာ ဆောင်ဝတ်စုံတွေနဲ့ ဟိုတယ်တွေ အကြောင်းတွေ ကစပြီး အင်တာဗျူးတွေ အကုန်လုံးကို ကြိုက်ပါတယ်။ ဝတ်စုံလှလှလေးတွေနဲ့ အနုပညာရှင်တွေရဲ့ ပုံတွေကိုကြည့်ရတာ အရမ်းကို ပျော်စရာကောင်းတယ်မမရတီ။ နောက်ပြီး အဆိုတော် အင်တာဗျူးတွေကိုလည်း ကြိုက်ပါတယ်။ အဲဒီ အင်တာဗျူးမှာ ဝိုင်းစုခိုင်သိန်းကို မေးပေးပါလား မမရတီ။ သမီးတောင်းဆိုတာလေးကို အနီးဆုံးလမှာ ဖော်ပြပေးပါနော်။

ရတီရဲ့ ထာဝရ ပရိသတ်

စုချစ်လေး၊ ပခုက္ကူ

**ဖြေ - စုချစ်လေးကြိုက်တဲ့ စက်တင်ဘာလ ထုတ်လက်ထပ်မင်္ဂလာ အကြိုကဏ္ဍဟာ အဲဒီလရဲ့ အထူးကဏ္ဍအစီအစဉ်ပါသမီးရေ။ နှစ်သက်တယ်ဆိုရင် ဝမ်းသာပါတယ်။ စုချစ်လေးဖတ်ချင်တဲ့ အဆိုတော် ဝိုင်းစုခိုင်သိန်းအင်တာဗျူးကို Music Plus Yati ကဏ္ဍမှာ ဖော်ပြပေးဖို့ စီစဉ်သူ အယ်ဒီတာအဖွဲ့ကို တောင်းဆိုပေးလိုက်ပါမယ်နော်။**

Asian Fame Media Group

သို့
မမရတီ

ကျွန်တော်က တောင်ကြီးကပါ။ ရတီကို ပုံမှန်အားပေးနေတဲ့ စာဖတ်ပရိသတ်တစ်ယောက်ဆိုရင်လည်း မမှားဘူးပေါ့ဗျာ။ အထူးသဖြင့် ကဗျာကဏ္ဍတွေကို ပိုကြိုက်ပါတယ်။ ကဗျာချစ်သူတွေအတွက် ဖန်တီးပေးထားတဲ့ ဖူးနုသစ်လွင်ကဏ္ဍကိုလည်း အမြဲအားပေးနေပါတယ်။ ကဗျာကို ကဏ္ဍနှစ်ခုနဲ့ခွဲပြီး ခမ်းခမ်းနားနားဖော်ပြနိုင်တဲ့အတွက် ပိုပြီးလေးစားမိပါတယ်။ အဲဒီမှာ ကျွန်တော် နားလည်ထားတာက ဖူးနုသစ်လွင် ကဗျာဥယျာဉ်ကဏ္ဍက ကဗျာချစ်သူ စာချစ်သူ ကလောင်သစ်တွေအတွက် ရည်ရွယ်ပြီး ဖန်တီးပေးထားတယ်လို့ပါပဲ။ ကျွန်တော်က ကဗျာချစ်သူတစ်ယောက်ပါ။ ကဗျာကို ခံစားသလို ဖန်တီးနိုင်ဖို့လည်း ကြိုးစားနေသူတစ်ယောက်ပါ။ ဒီတော့ ကျွန်တော်တို့လို လူငယ်တွေအတွက် ရတီရဲ့ ဒီကဏ္ဍဟာ အင်အားတစ်ခုပါ။ ကျွန်တော်က ဒီထက်ပိုပြီးဖြစ်စေချင်တာက ကျွန်တော်တို့ရဲ့ ကဗျာတွေကို ဖတ်ပြီးရင် ကဗျာအယ်ဒီတာ ဝေဖန်လမ်းညွှန်ပေးစေချင်တာပါပဲဗျာ။ ရတီမဂ္ဂဇင်း ဒီထက်ပိုပြီး အောင်မြင်စေချင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ကဗျာချစ်သူ
စိုင်းဇော်(တောင်ကြီး)

**ဖြေ - ဖူးနုသစ်လွင်ကဏ္ဍဟာ ကဗျာချစ်သူ ကလောင်သစ်တွေအတွက် ဖန်တီးပေးထားတဲ့ ကဏ္ဍဟုတ်ပါတယ်။ အထူးသဖြင့် စာပေကို ချစ်မြတ်နိုး သူတွေဟာ ကဗျာတိုစာတိုလေး တွေက နေစတင်ပြီး ကလောင်သွေးတတ်ကြတာမို့ ဒီကဏ္ဍဟာ ကဗျာချစ်သူများ သာမက စာချစ်သူ၊ စာပေမြတ်နိုးသူ စာဖတ်ပရိသတ်တွေ တခုတ် တရဖတ်ရှု အားပေးနေကြတဲ့ကဏ္ဍပါ။ အခု နောက်ပိုင်းမှာ ဖူးနုသစ်လွင်ကဏ္ဍကို ပိုမိုတိုးချဲ့ လိုက်တဲ့အနေနဲ့ မဂ္ဂဇင်းစာမျက်နှာပေါ်မှာဖော်ပြပြီးတဲ့ ကဗျာတွေကိုသာမက အပိုဆောင်းကဗျာတွေ ပါရွေးချယ်ပြီး အွန်လိုင်းစာမျက်နှာပေါ်မှာ တင်ပေးနေတာမို့ ပိုပိုနှစ်သက်ကြမှာပါ။ ဖူးနုသစ်လွင်ကို ပို့တဲ့ကဗျာတွေနဲ့ ပတ်သက်တဲ့ ဝေဖန်ချက်တွေကို ကဗျာအယ်ဒီတာဆီက ကြားချင်ကြောင်း မောင်လေးစိုင်းဇော်လို တောင်းဆို ကြတာတွေလည်းရှိနေတာမို့ ကဗျာအယ်ဒီတာက လည်းကြိုဆိုပါတယ်တဲ့။ တောင်းဆိုချက်ကို ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားပေးနေကြောင်း သိရပါတယ်။**

သို့
မမရတီရေ မင်္ဂလာပါလို့ အန့်တီမိနှုတ်ဆက်ပါတယ်နော်။

အန့်တီမိက ရတီဆိုကို စာရေးဖူးပေမယ့် မကြာခဏမရေးဖြစ်တော့ ရတီ မှတ်မိမှာ မဟုတ်ပါဘူး။ မိက ရတီကိုအားပေးလာတာကြာပါပြီ။ ဒါကြောင့်ရတီမှာဖော်ပြတဲ့ အလှအပကဏ္ဍလေးတွေကိုလည်း ကြည့်ဖြစ်သလို စာပေတွေကိုတော့ အမြဲတမ်းအားပေးခဲ့ပါတယ်။ ရတီရဲ့ ကဗျာတွေကိုလည်း စွဲလမ်းဖူးပါတယ်။ ဝတ္ထု တွေကတော့ မိရဲ့အကြိုက်ပါပဲ။ ခုနောက်ပိုင်း ရတီမှာ ဝတ္ထုတွေ နည်းသွားသလားလို့။ ဒါပေမဲ့ ပိုလည်းကောင်းလာတယ်လို့ ထင်မိတယ်။ အခု လပါတဲ့ ဆရာမ မြနှောင်းညိုရဲ့ သက်တမ်းကုန်ဆုံးရက်ကလေးကလည်း အရမ်းကောင်းပါတယ်။ ဟိုအရင်မိတို့ ဖတ်ခဲ့ဖူးတဲ့ စွဲလမ်းတတ်သည် ဆိုတဲ့ လက်ရာမျိုးလေးတွေကိုလည်း ပြန်သတိရမိပါတယ်။ အဲဒီလိုစာတွေကိုများများဖော်ပြပေးဖို့ တောင်းဆိုချင်ပါတယ်။

ရတီမဂ္ဂဇင်း ဆက်လက်တည်တံ့ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အန့်တီမိ(မတ္တရာ)

**ဖြေ - စာပေချစ်သူ အန့်တီမိရေ. . အောက်တိုဘာလ ထုတ်မဂ္ဂဇင်းမှာပါတဲ့ ဆရာမမြနှောင်းညိုရဲ့ဝတ္ထုတိုကို ကြိုက်နှစ်သက်တယ်ဆို လို့ ဝမ်းသာပါတယ်။ ရတီရဲ့ စာပေကဏ္ဍတွေမှာ ရသအနုအရင့်အလိုက် အတတ်အကျွမ်းချက်ညီအောင် ကြိုးစားအားထုတ်နေတာမို့ ခုလို ကြိုက်နှစ်သက်တယ်ဆိုရင် အယ်ဒီတာအဖွဲ့ ပင်ပန်းရကျိုးနပ်ပါတယ်။ နောက်လတွေမှာလည်း ဆရာမ မိုးမြေ၊ ဆရာ မောင်အောင်မွန်၊ ဆရာ မောင်ဆွေသက်တို့လို ဆရာ၊ ဆရာမကြီးတွေရဲ့ ဝတ္ထုတွေ ဖော်ပြဦးမှာမို့ ဆက်လက် စောင့်မျှော်ဖတ်ရှုဖို့ တိုက်တွန်းလိုက်ပါတယ်ရှင်။**

သို့
မမရတီ

မင်္ဂလာပါခင်ဗျာ။ ငယ်ငယ်တုန်းက ခွဲလမ်းခဲ့ရတဲ့ စမိုင်းတစ်ယောက် ပျောက်ချက်သားကောင်းနေပြီး တစ်လောတုန်းကမှ မြန်မာပြည်ကို စမိုင်းပြန်လာတယ်ဆိုတဲ့ အသံကြားပြီးကတည်းက ကျွန်တော်စိတ်ဝင်စားနေတာပါ။ အနုပညာလုပ်ငန်းနဲ့ ပတ်သက်ပြီး သူဘာတွေလုပ် နေလဲ ဆိုတာသိချင်ပါတယ်။ ဖြစ်နိုင်ရင်သူ့ရဲ့ လှုပ်ရှားမှုတွေကို ရတီမှာဖော်ပြပေးပါလား မမရတီ။

မျှော်နေမယ့် မိုးကျော် (လားရှိုး)

**ဖြေ - အခု ဒီစာကိုဖော်ပြတဲ့အချိန်မှာ စမိုင်းရဲ့ ပုံရိပ်တွေကို Mod Mom ကဏ္ဍမှာနိုဝင်ဘာလက ဖော်ပြပြီးသွားပါပြီ။ စမိုင်းဟာ အနုပညာလောကကို တေးသံရှင်တစ်ဦးအဖြစ် တစ်ကျော့ပြန်ဝင်ရောက်လာတာဖြစ်တာမို့ လတ်တလော အနုပညာလှုပ်ရှားမှုတွေကတော့ ပရိသတ်များနဲ့ တိုက်ရိုက်တွေ့ဆုံကာ သီချင်းများ သီဆိုဖျော်ဖြေပေးခြင်းပဲဖြစ်ပါတယ်။ ဒီလထဲမှာ ပဲ သူ့ရဲ့ တေးစီးရီးသစ် New Me ကို စတင်ဖြန့်ချိလိုက်ပြီ မို့ အားပေးလိုက်ပါဦး မောင်လေးမိုးကျော်ရေ။**

မမရတီ



Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
af MEDIA GROUP



# ခွေးတစ်ကောင် ကြောင်နှစ်ကောင် /နှင့်/ သိုက်ကဝေ

ဇော်ဒေါင်မှုန်

ဝတ္ထုတိုရသ

Asian Fame Media Group

(၁)

ဘန်ကောက်မြို့ပေမယ့် အတွင်းဘက်ကျလွန်းသောကြောင့် မော်တော်ကား၊ မော်တော်ဆိုင်ကယ်သံများနှင့် ဆူညံနေခြင်း သိပ်မရှိလှ။ ဒီလိုနေ့၊ ဒီလိုအချိန်မှာ စိုးစောစော ပြန်လာပြီး ဘီယာသောက်နေကျ။ ပုစွန်လေးတွေကြော်ကာ ဒိုရာက အနားသွားထိုင်ရင်း

"ရော့ စား၊ စိုးကြိုက်တတ်မှန်း သိလို့"

"စားစေချင်ရင် ခွံ့လေ"

"စိုးကလည်းကွာ၊ စားစေချင်မှန်းသိသားနဲ့"

"စိုးပြောတာ ရှင်းပါတယ်နော်"

သူ့အဖော်နှစ်ယောက်က ဗိုလ်စိုးလို့ခေါ်ပြီး ဒိုရာကတော့ စိုးတဲ့။

ဘန်ကောက်လေဆိပ်မှာ တွေ့ဆုံခင်မင်ရာကနေ ဒိုရာလည်း မြန်မာပြည်မပြန်ဖြစ်တော့ဘဲ ဒီကို ရောက်လာတာပါ။ ယောကျ်ား သုံးယောက်နေထိုင်ရာ သူတို့ပစ္စည်းထားရာအခန်းကို ဒိုရာအိပ်ဖို့ကိုလည်း စိုးကပင် စီစဉ်နေရာချပေးသမို့ စိုးနှင့်ပိုရင်းနှီးရသပေါ့။

ပွတ်သီးပွတ်သပ်လုပ်နေပေမယ့် စိုးက ပုစွန်ကြော်ကို မထိမတို့လို့ ဒိုရာက မျက်စောင်းထိုးခွံ့ပေးရင်း

"စိုးက ဒိုရာကို ရည်းစားစကားပြောတာလား"

"ချစ်တယ်ဆိုတာ မသိသေးရင်လည်း ဟောဒီလို"

စိုးက ပြောပြောဆိုဆို ဒိုရာကို သူ့ရင်ခွင်တွင်းဆွဲသွင်းရင်း နှုတ်ခမ်းကို နမ်းလိုက်၏။ ဒိုရာမှာ ငြင်းလိုစိတ်၊ ငြင်းနိုင်သည့်အခြေအနေ မရှိ။

ဘာလုပ်ကိုင်ကြမှန်း သေသေချာချာမသိရသော ယောကျ်ား သုံးယောက်ကြား လာရောက်နေထိုင်ရင်း ဒိုရာရဲ့ရှေ့ရေးကလည်း မရေမရာ။ ပြီးတော့ စိုးလေးကိုလည်း သဘောကျတယ်လေ။

"ဟိုနှစ်ယောက် မသိစေနဲ့နော်"

"ဒိုရာဟာ စိုးပစ္စည်းဆိုတာ ပြောမထားရင် ရှုပ်ကုန်မှာပေါ့"

သည်လိုနှင့်ပင် စိုးရေမိုးချိုးပြီးမှ ဘီယာသောက်ရ၊ ဒိုရာက စိုးအဝတ်အစားတွေ လျှော်ဖွတ်ပေးရ၊ စိုးအတင်းတိုက်လို့ ဘီယာလိုက်သောက်ရ နှစ်ယောက်တွဲပြီး အပြင်ထွက်ရ ညဘက်အခန်းထဲဝင်လာလိုက်စသဖြင့်နေကြရင်း စိုးသည် ဒိုရာအတွက် မြန်မာပြည်မပြန်တော့ဘဲ လက်တွဲဆက်လျှောက်ဖို့ ဖြစ်လာလေပြီလား။ အားကိုးအားထားရာ ကိုကျော်သာကို အနည်းဆုံး မေ့ပစ်ဖို့ ပြီးပြတ်ဖို့ကတော့ သေချာသွားပြီလေ။

မောင့်ကိုတော့ နောက်ဆုံးအနေနှင့် သတိရပါရစေ။

(၂)

"အေးနဲ့မတွေ့ရရင် မောင်မနေတတ်တော့ဘူးကွယ်"

အဲဒီတုန်းကအေး ဝမ်းလည်းသာ၊ ယုံလည်းယုံခဲ့၏။ အို. . . ငယ်စဉ်ကတည်းက ကြာမြင့်စွာချစ်လာခဲ့ရသူမို့ မယုံနိုင်စရာရှိဖို့ ဝေးလို့ တွေးပင်မတွေးမိ။ နှစ်ရှည်လကြာ ချစ်သူဘဝမှာ ပိုမိုရင်းနှီးလာကြရင်းမောင်က

"အေးနဲ့ မောင်နဲ့ကြားမှာ လက်မထပ်ရသေးဘူးဆိုတာက အဟန့်အတားလား"

အေးက ခပ်ပြုံးပြုံးနှင့် ခေါင်းခါကာ မောင်စီမံရာကို ခေါင်းညိတ်လိုက်သည်။ မောင် ဆရာဝန်ဖြစ်ဖို့ ဘာမှမလိုတော့ဘူးလေ။ ကြာလာတော့ မောင့်စကားအတိုင်းဆိုရသော် လက်မထပ်အားသေးသည့် လင်မယား။ မောင်ကဆိုလာသေးသည်က

"အေးနဲ့ခွဲနေဖို့ဆိုတာ မောင်တော့ တွေးတောင်မတွေးရဲဘူးကွာ"

တွေးစရာမလိုပါဘူးကွယ်။ အေးရဲ့အဖော် မောင်ဆရာဝန်ဖြစ်လာပြီပဲ၊ ဘယ်လောက်ဝေးတဲ့နေရာမဆို အေးလိုက်မှာပေါ့။ အိုးနဲ့အိမ်နဲ့ ကလေးတွေမွေးကြနဲ့။ နှင်းဆီပွင့်ဖတ်လေးတွေပေါ် လျှောက်နင်းနေလို့လားမသိ၊ လပ်ထပ်ကြဖို့ အေးမေ့နေသည်။ အလုပ်ခန့်စာကို စောင့်နေရင်း ၁၉၈၈ ခုနှစ် အရေးအခင်း ဖြစ်လာသည်။

ခုတော့ မောင်နှင့် မတွေ့ရလို့ မနေတတ်သူက အေးဖြစ်လာပြီ။ ဒေါက်တာကျော်သာ ထိုင်းနိုင်ငံဘက်ဆီ ထွက်သွားပြီဆိုတော့ မတွေးရဲသည်ဖြစ်စေ၊ မတွေးချင်

**အာကြေးငွေမရသော်လည်း တွမ်မီ၏ အကူအဖြစ် အမေရိကန်စကားပြောသိပ္ပံသို့ ဒိုရာ မှန်မှန်ရောက်၊ ကိုယ်တိုင်လည်း ပညာတိုးလာသည်။ တစ်နေ့ ပြန်အလာ အိမ်ရာပေါ်မှာ စိုးနှင့် စုမောတို့ကို ပက်ပင်းတိုးရမှ ဒိုရာဆုံးဖြတ်ချက်ချဖို့ ဖြစ်လာလေပြီ။ တွမ်မီက လည်း အလေးထား အတည်ကြံတာပါလို့ပြောထားသကိုး။**



သည်ဖြစ်စေ အေးတို့ခွဲကြရလေပြီ။ ကွဲကြမည်လို့တော့ အေးစိတ်မကူးနိုင်။

မျှော်လင့်ချက်ကတော့ ဘန်ကောက်မှာနေသော အန်တီအေးမီတို့ရဲ့လိပ်စာ။ ဒေါက်တာကျော်သာ၏ ဆွေမျိုးသားချင်း။ ဆက်သွယ်ဖူးလို့ အခက်အခဲသိပ်မရှိနိုင်၊ အဲဒီအချိန်ကအခါက အခြေအနေကလည်း အေးရဲ့စွန့်စားလိုစိတ်ကို အားတင်ပေးသည်။

(၃)

အန်တီအေးမီတို့ဆီ အထိတော့ အေးရောက်ပါပြီ။ ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်တော့ အန်တီက မိန်းမသားချင်းစာနာသည်။ ကိုကျော်သာကိုလည်း ကြိုးစားရှာဖွေပေးနေစဉ် ဘန်ကောက်မှာနေထိုင်သွားလာစားသောက်ရပုံ သဘောကျလာ၍ မောင်နဲ့သာအတူနေရရင်လို့ ပထမဆုံးအကြိမ် အေး စိတ်ကူးယဉ်မိ၏။

လနှင့်ချီကြာလာမှ တယ်လီဖုန်းအဆက်အသွယ်ရတော့

"မောင်ရှင်းပြလည်း အေးနားလည်မှာမဟုတ်ဘူး၊ မောင်တောင်းပန်လည်း အေး ခွင့်လွှတ်မှာမဟုတ်ဘူး"

အေး ဘာလုပ်ရမည်နည်း။ ပြီးပြတ်ပြီလေ၊ အန်တီအေးမီပြောသည့် စေတနာကကြီးမားနိုင်ပေမယ့် ကူညီမှုမှာတော့ အကန့်အသတ်ရှိဆိုတော့ ရန်ကုန်ပြန်ချင်ပြန်၊ တခြားပြောင်းချင်ပြောင်း။ အဲဒါကိုသာ အေး အလေးထားရမည်မဟုတ်လား။

ချီတုံချတုံနှင့် ဝေခွဲမရ၍ လေဆိပ်သို့ရောက်သွားတော့ ပြန်ရကောင်းနိုးနိုး စိတ်ကို ဘန်ကောက်မှာသာနေချင်သည့်ဆန္ဒက လွှမ်းမိုးထား၏။ ကျန်နေသေးသည့် ငွေလေးကိုဖြစ်ကုန်ထားပြီး လေဆိပ်သို့ ဘတ်စ်ကားနှင့် သွားတတ်လာပြီ။

ပြောင်းလဲစွန့်စားရင်း အေးကနေ သာသနာပြုကျောင်းတုန်းက ရထားသည့် ဒိုရာဖြစ်ရ၏။ စိုးနှင့်တွေ့တော့ ပြောသင့်သလောက်ပြောပြလိုက်ရာ မြန်မာပြည်ပြန်မည်ဆိုပါက ငွေကြေးအနည်းငယ်ကူမည်၊ အန်တီတို့ဆီမှာ ဆက်နေဖို့ မဖြစ်နိုင်။ စိုးက ကြိုက်ရာ ရွေးခိုင်း၏။

သည်လိုနှင့် ဒိုရာ စိုးနောက်လိုက်ခဲ့သည်။

(၄)

ရှည်ရှည်ဝေးဝေးမတွေးဘဲ ဘဝကို ခပ်တိုတိုလျှောက်နေကြသောဒိုရာနှင့် စိုးတို့ကြား ဝင်လာကြသူနှစ်ယောက်ကတော့ ယိုးဒယားမလေးစုမောရယ်၊ ပြီးတော့ အမေရိကန်စကားပြော သိပ္ပံကတွမ်မီ။ အဲဒီမှာတင် အပြောင်းအလဲတွေ ဖြစ်လာရပြန်၏။

စုမောနှင့် စိုး သိပ်တွဲလွန်းတော့ ဒိုရာမပြောလို့မဖြစ်။ စိုးက သူတို့အခြေအနေအရ ရဲကိုလည်း ကြောက်ရ၊ အလုပ်ရှင်မေးသလောက်သာ ယူနေရလို့ အားကိုးအားထားအနေနဲ့ ပေါင်းတာပါလို့ ရှင်းပြသော်လည်းမယုံချင်၊ မယုံနိုင်။ ဘီယာဗိုင်းတွင် ဝင်သောက်ရုံမက စုမောကအခန်းထဲကိုပင် တံခါးမရှိ ဓားမရှိ ဝင်လိုက်ထွက်လိုက်နှင့်၊ စိုးကလည်း ဒိုရာရှေ့မှာပင် စုမောကို ဖက်လိုက် နမ်းလိုက်နှင့်။

တွမ်မီ ဘယ်လိုရောက်လာသည်ကိုမသိ၊ ဒိုရာနှင့်ချက်ချင်းခင်မင်သွားသည်။ ဗြိတိသျှသုံးအင်္ဂလိပ်စကားပြောကျောင်းမှာ ဒိုရာ အလုပ်သွားလျှောက်တော့ ထိုင်းမှာ နေခွင့် Visa ရက်လွန်နေတာရယ်၊ Work Permit မရှိတာရယ်ကြောင့် အပယ်ခံရပုံကို နားလည်ပါတယ်၊ အမေရိကန်အသံထွက်၊ လေယူလေသိမ်းနဲ့ဆိုသူတို့ သိပ္ပံမှာအလားအလာရှိနိုင်တယ်လို့ တွမ်မီက ပြောသည်။

ညဥ့်နက်အောင် သောက်ကြသောဗိုင်းတွင် ဘီယာမပါသလောက်ဖြစ်တာကြာပြီ။ ဒိုရာသည်ပင်လျှင် ဗိုင်ဝင်သောက်နေပြီ။ တွမ်မီကမူ

သူသောက်နေကျ JackDaniel ဝီစကီပုလင်းယူလာမြဲ။ ရင်းနှီးလာသောအခါ ဒိုရာအတွက် ခရမ်းရောင်ဝိုင်အဖန် ပုလင်းဝယ်ပေးထား၏။ ဒိုရာကတွမ်နှင့် ကပ်ထိုင်ပြီး စိုးနှင့်စူမောတို့အတွဲ အခန်းထဲဝင်သွားကြပုံ မကြည့်ဘဲ မြင်လိုက်ရသည်။

အခကြေးငွေမရသော်လည်း တွမ်မီ၏အကူအဖြစ် အမေရိကန်စကားပြောသိပ္ပံသို့ ဒိုရာမှန်မှန်ရောက်၊ ကိုယ်တိုင်လည်း ပညာတိုးလာသည်။ တစ်နေ့ပြန်အလာ အိပ်ရာပေါ်မှာ စိုးနှင့်စူမောတို့ကို ပက်ပင်းတိုးရာမှ ဒိုရာဆုံးဖြတ်ချက်ချဖို့ ဖြစ်လာလေပြီ။ တွမ်မီကလည်း အလေးထား အတည်ကြံတာပါလို့ ပြောထားသကိုး။

တွမ်မီဆီ ပြောင်းနေပြီးနောက် လိုအပ်သော ပစ္စည်းများ အတူဝယ်ဖြစ်သည်။ လက်ထပ်ကြတော့ ဒိုရာကနေ အေးပြန်ဖြစ်ရ၏။ တွမ်မီကလည်း အေးတဲ့။ သူ့မယား သူကြိုက်သလိုခေါ်ပေါ့။ အမေရိကန်သံရုံးသို့ သွားရောက်ကာ စာရွက်စာတမ်းတွေ ဖြည့်ကြရသည်။

နောက်တော့ တွမ်ခေါ်ရာ အမေရိကန်နိုင်ငံ မြောက်ဘက်ဖွန်းသူ့ဇာတိ Rhode Island ပြည်နယ်သို့ အေးရောက်ရလေ၏။

(၅)

ရာသီဥတုက အေးလွန်းသော်လည်းကြာတော့ အေးနေတတ်လာသည်။ တွမ်နှင့် နွေးနွေးထွေးထွေးနေ၊ snow တွေပေါ် ဆော့ကစားရသည်ကလည်း ပျော်စရာ၊ တွမ်အလုပ်သွားချိန် အေးမှာလည်း လုပ်စရာတွေကမပြတ်၊ အဖော်အဖြစ် ကြောင်ညိုလည်းရှိ၊ တွမ်နှင့် လုပ်ဖော်ကိုင်ဖက်တွေ၊ အိမ်နီးနားချင်းမိတ်ဆွေတွေ ရှိနေသည့်ကြား အေး ပျင်းနေမှာ တွမ်က ပူမြဲ။

တစ်နေ့သ၌ သူ့ကို အိမ်ခေါ်လာရင်း အေးအတွက် ရှားရှားပါး အဖော်ဆိုကာ မိတ်ဆက်ပေးသည်။

"အေးလိုတာ အကုန်ပေးနိုင်ပေမယ့် ဗမာစကားပြောဖို့လူ ဒီပြည်နယ်မှာ သိပ်မရှိလှဘူး။ ကျွန်တော်ကလည်း အေးကို ချစ်တယ်ဆိုတာထက် ခုထိပိုမပြောတတ်သေးလို့"

"အဲဒီလောက်ဆို လုံလောက်ပါပြီ တွမ်ရယ်'

သူတို့နှစ်ယောက် သောက်ဖို့ ပြင်ဆင်ပေးရင်း အေးလည်း ဗမာစကားအားပါးတရ ပြောဖြစ်သည်။ သူ့ကိုယ်သူ ဦးလို့သုံးပြီး အေးကို မီးလို့ ခေါ်သည်။ တွမ်နှင့်လည်း အကြာကြီး အရက်သောက်ကာ စကားတွေ အများကြီးပြောကြသည်။ သူ့ကို ရိုသေ၍ အေးကဝင်မသောက်။

စနေညဆို သူလာနေကျ။ အေးလည်း ပျော်၏။ သူအပြန် တံခါးအထိလိုက်ပို့ရင်း အေးက သူ့မှာဖလာကို လည်ပင်းမှာ ပတ်ပေးကာ မော်တော်ကား သတိထားမောင်းဖို့ မှာရသည်။ တစ်ညမှာတော့ ခုသည်အတွက် ဂျော်နီဝါကား ကုန်သွား၍ တွမ်က

"ဆောရီးပဲ ကျွန်တော်သောက်နေကျ I Jack Daniel ပဲရှိတယ်"

"ရပါတယ် ကျွန်တော်ကလည်း တွမ်ကြိုက်တာကို ကြိုက်ပါတယ်'

ပြောပြောဆိုဆို အေးကို စိုက်ကြည့်နေလို့ ပြုံးပြလိုက်၏။ တံခါးဝမှာ မာဖလာပတ်ပေးသည့်လက်ကို ဆုပ်ကိုင်ကာ အေးပါးကိုနမ်းသည်။ အမေရိကန်ရောက် မိတ်ဆွေချင်းလို့ သဘောထားလိုက်၏။ တွမ်မူးပြီး အိပ်ခန်းတွင်းဝင်သွားသောညက တော့ အတင်းဖက်ကာ နှုတ်ခမ်းကို အားရပါးရစုပ်နေပြီး အေးပြန်အလှည့်မှာ ရပ်ကြည့်နေသည့် တွမ်။

ထိုညပြီး တွမ်အေးနှင့် မအိပ်တော့။

အေးပြတ်သားစွာ ဆုံးဖြတ်ရလေပြီ။ စနေနေ့ကျတော့ သူပေါက်လာ၏။ ထုံးစံအတိုင်းသောက်ရာသို့ အေးကဝင်ထိုင်ရင်း

"တွမ်သူဟာအေးရဲ့ ခုသည် မဟုတ်ဘူး၊ တွမ်ခေါ်လာတာဆိုတော့ နှင်ချပါ၊ လက်ထပ်ထားတဲ့ လင်ယောကျ်ားအပေါ် သစ္စာရှိမယားရဲ့ သိက္ခာအကျမခံနိုင်ဘူး၊ 9-11 ကို အေးခေါ်ရမလား"

အေးတယ်လီဖုန်းရှိရာကို သွားကာ ရဲကိုခေါ်မည်အလုပ် တွမ်ဘာမှမပြောရသေးမီ ခွေးတောင်ကြီး ဆင်းပြေးသွားလေတော့၏။

(၆)

အမေရိကန်နိုင်ငံ အနောက်ပိုင်း Los Angeles မြို့သို့ ပြောင်းရသည်ကတော့ ကယ်လီဖိုးနီးယားပြည်နယ်တက္ကသိုလ် အာရှရေးရာဌာနတွင် တွမ်အလုပ်ရလို့ပါ။ ရာသီဥတုကနွေးထွေး ဟင်းသီးဟင်းရွက်တွေက စုံလင်၊ သစ်သီးဝလံတွေက လတ်ဆတ်သမို့ အေးပျော်လိုက်သည့်ဖြစ်ခြင်း။

တွမ်လစာကကောင်း၍လည်း Town House ခေါ်တိုက်ခန်းတွဲမှာ နေရ၏။ မြကျယ်ဝန်း၍ ကြောင်ညို အပြင်ထွက်သွားလို့ အေး သူ့နောက်လိုက်ရတာကသာ အမောသား။ တစ်နေ့တော့ ကြောင်ညိုကို လိုက်ရှာရင်း ကြောင်ငယ်လေးတစ်ကောင် ရခဲ့လိုက်၏။

အေးအပြင်ဘက်မှာ သွားလွှတ်ထားပေမယ့် ပြန်ပြန်လာသည်။ ဝိုင်ရှင်လိုက်ရှာပါက မတွေ့ရမရှိ၊ အေးနားကမခွာ၊ ပွတ်သီးပွတ်သပ်နှင့်။ အေးသွားလေရာကြောင်ငယ်လေးက တကောက်ကောက်။ အေး TV ကြည့်လျှင်လည်း ကိုယ်တော်ဖြတ်လေးကအေးပေါင်ပေါ်မှာ ငိုက်ကျလို့။

တွမ်တို့တက္ကသိုလ်နားမှာ မြန်မာစားသောက်ဆိုင်ကြီးရှိပြီး အပြန်တွင် အေးအတွက်စားစရာ တစ်ခုခုဝယ်လာတတ်သည်။ ဆိုင်ရှင်က သဘောကောင်းကြောင်း သူနှင့် ခင်မင်ကြောင်းလည်း ပြောသည်။ ထုံးစံအတိုင်း အေးပျင်းနေမည်ကို စိုးရိမ်ကြောင်းက မလျှော့။

တစ်နေ့တော့ တွမ်အိမ်အပြန် ခွေးကြီးတစ်ကောင် ပါလာပြန်သည်။ အပြင်ထွက်လမ်းလျှောက်ဖြစ်ဖို့ အေး အတွက်အဖော်တဲ့။ လမ်းထွက်လျှောက်ရုံမက အလုပ်ပါလုပ်ဖြစ်ဖို့ ဖန်လာသည်က မြန်မာဆိုင်သို့ ရောက်သွားသောနေ့ကပါ။

"အေး အစက ဗမာစကားကောင်းကောင်း ပြောတတ်ပါတယ်၊ ကျွန်တော်နဲ့ရပြီးကတည်းက မပြောရလို့ နည်းနည်းတော့ မေ့နေပြီလား မပြောတတ်ဘူး၊ အဲဒါ သင့်တဲ့အလုပ်လေး မပေးနိုင်ဘူးလား"

တွမ်က သူနှင့် ခင်မင်ပြီးသားဆိုင်ရှင်အား နောက်သလိုလို မေးလိုက်၏။ အချိန်ရ၍ သုံးယောက်သား စကားလက်ဆုံကျရာကနေ အေးအလုပ်ရလိုက်တာပါ။ စားပွဲထိုးကစလုပ်ရပြီး အေး၏အမေရိကန်လိုစကားသွက်လက်စွာ ပြောတတ်၍ အခြားအမျိုးသမီးများအား သင်ပေးရင်း ကိုးလအကြာမှာ ကြီးကြပ်သူဖြစ်လာ၏။

သူတို့ကအေးလို့မခေါ် ချစ်စနိုး ဘိုကတော်တဲ့။

လင်ယူပြီးအခြေကျ ပျော်ရွှင်လို့များ သားမွေးချင်လာပြီလား မပြောတတ်။ အေးစိတ်ထဲ ဝမ်းနည်းသလိုအော်ဟစ် ရယ်ချင်သလိုလိုနှင့် နေမထိထိုင်မသာ၊ အစားအသောက်ပျက်နေသည်မှာလည်း ကြာပြီ။ ယနေ့တော့ လူရှင်းသမို့ လာကြိုသူ တွမ်ရယ်၊ ဆိုင်ရှင်ရယ် စကားကောင်းနေကြစဉ် အေး အတော်စားဖြစ်သွားလို့ ဝိုက်ကြီးပူပူ၊ ကိုယ်လေးစိတ်လေးနှင့် ပြန်လာခဲ့ကြသည်။

တံခါးဖွင့်လိုက်တော့ ကြောင်ငယ်လေးက အေးကို ပွတ်သီးပွတ်သပ်လာလုပ်၏။ ပျောက်နေသော ကြောင် ညိုပေါ်လာ၏၊ နောက်ဆုံးရောက်လာက ခွေးကြီး၊ စိတ်လက်မအီမသာနှင့်ကြည့်ရင်း အေးမျက်စိထဲဆုံးဖူးသူ လူသုံးယောက်ဖြစ်လာရာကနေ လက်တွေက ခြေထောက်ဖြစ်အမြီးတွေပေါက်ကုန်ကြပြီး တိရစ္ဆာန်ပြန်ဖြစ်သွားစဉ်

"ဘိုကတော်ဆိုတာဘာလဲ၊ ဘာဖြစ်လို့ အေးကို သူတို့က ဘိုကတော်လို့ ခေါ်ကြတာလဲ"

တွမ်က ကြင်နာစွာဖက်ပြီး မေးလာတော့မှ စိတ်ပြန်ထိန်းကာ အေးရှင်းပြရသည်။

"လူဖြူရဲ့ဇနီးကို တင်စားတဲ့စကား၊ အေးကို ချစ်လို့ခေါ်ကြတာ"

သဘောကျသွားသော တွမ်က အားပါးတရ ရယ်တာ အေးကြည့်ရာ နောက်လိုက်ကြည့်ရင်း

"အေးရေ သူတို့က သုံးကောင်၊ အင်အားချင်းမျှသွားအောင် လူတစ်ယောက် ထပ်တိုးရအောင်လား"

**မောင်အောင်မွန်**



Asian Fame Media Group
MEDIA GROUP

"မိန်းမရေ ငါ လယ်ထဲငါးသွား နှိုက်ပြီဟေ့"

ထမင်းကြမ်းနောက်ဆုံး အလုတ်ကို အဖန်ရေလေးနဲ့မျောချပြီး ကိုဖိုးသောင်းအကျီဗလာနဲ့ လယ်ထဲဆင်းသွားသည်။ ဒီလိုမိုးဦးကျမှာ ငါးတွေ တအားကျသည်။ ကိုယ်မှလက်မဦးနိုင်လျှင် သူများတွေထက် နောက်ကောက်ကျပြီး ထမင်းဝေးသွားနိုင်သည်။ ဒီလယ်မြောင်းလေးသည် သူတို့မိသားစုရဲ့ ထမင်းအိုးတစ်ခုလည်း ဖြစ်သည်။ မြေပေါက် တုတ်တားဖို့အတွက် ပေါက်ပြားတစ်ချောင်း၊ ရေပက်ထုတ်ဖို့အတွက် ရေပုံးတစ်ပုံးနှင့် ပိုက်ကွန် အသေးလေးတစ်ခုသည် သူတို့မိသားစု၏ ကျေးဇူးရှင်ဆိုလျှင်

ဆေးမန်း။

# အသွင်ပြောင်း
# ကောင်းကင်

ဝတ္ထုတိုရသ

လည်း မှားမည်မဟုတ်ပေ။ လယ်သူရင်းငှား တစ်ဦးဖြစ်သူ ကိုဖိုးသောင်းအတွက် နားရက်ရနိုင် လောက်အောင် လောကဓံက မျက်နှာသာမပေး။ လယ်မလုပ်ရ သည့်နေ့တွင် ယခုလို ငါးရှာ ဖားရှာ ထွက်ရလေသည်။

ကိုဖိုးသောင်းတို့မိသားစု နားခိုမှေးစက်ရာ နီပွာန်ဘုံမှာ လယ်စောင့်တဲသာသာအိမ်ကလေးဖြစ်သည်။ သက်ငယ်မိုး ကျူးတိုးကျဲတဲလေးသည် မိုးစက်များ၏ ကျီစားမှုကို အားတင်းခံရရှာသည်။ ငှက်ပျောပင်များသည် အိမ်ကလေး၏ အကာအရံများအဖြစ် တည်ရှိနေသော်လည်း မိုးသည်းထန်လာလျှင်တော့ မိုးရေစက်တို့သည် အိမ်ကလေး

Asian Fame Media Group



Asian Frame Media Group

အတွင်းသို့ ဝင်ရောက်သောင်းကျန်းကြလေသည်။ ငွေကြေးဥစ္စာချို့တဲ့သော်လည်း သားသမီးရတနာကတော့ ပေါကြွယ်ဝသူဖြစ်သည်။ သားအကြီးဆုံး ဇင်မင်းက ဆိုင်ကယ်ဝပ်ရှော့ဆိုင်မှာ အလုပ်လုပ်နေသည်။ သမီးလတ်အိဖြူက ဒီနှစ်ကိုးတန်း၊ သူ့အောက်မှာ ငါးတန်းတက်မယ့် သားငယ်နှင့် တစ်နှစ်သားအရွယ် အငယ်ဆုံးသားကလေးတစ်ယောက်ဆိုတော့ စုစုပေါင်း မိသားစုဝင်ခြောက်ဦးရှိသည်။ မိန်းမဖြစ်သူမခင်မေက လယ်ထဲကန်စွန်းလေး ဘာလေးခူးရောင်းလိုက် အဝတ်လျှော်စားလိုက်ဖြင့် မိသားစု၏ ဝင်ငွေယိုစိမ့်မှုကို အပေါက်ဖာထေးထားနိုင်သေးသည်။ သို့သော်လည်း သူတို့လင်မယားရှာသောငွေကို ဆွနေတော့သည်။ ကိုဖိုးသောင်းအပျော်ကြီးပျော်နေတော့သည်။ ဒီနေ့တော့ အနည်းဆုံးငါးပိသာလောက်တော့ရမည်ဟု သူခန့်မှန်းထားသည်။ ရေကုန်သွားသောအခါ ငါးများသည် နွံတွေပေါ်မှာ အဖွေးသား။ ဒီတစ်ခါ ငါးကျုံကတော့ ကိုဖိုးသောင်းပုံးပင် လျှံကျတော့မတတ်။ ထို့နောက် သူ နွံတွေအောက် ငါးစမ်းသည်။ သူ့လက်ထဲသို့ ဆလားဗီးယားကြီး တစ်ကောင်ပါလာသည်။ ထို့နောက် တစ်ကောင်ပြီးတစ်ကောင်၊ သူ့အဖို့ အရမ်းထူးဆန်းနေသည်။ တစ်ခါမှ ဒီလောက် ငါးမရဖူး။ သူ ငါးဆက်နှိုက်ရင်း သစ်သားတုံးလိုအရာတစ်ခုကို စမ်းမိသွားသည်။

'ဟင်' သူ အံ့ဩသွားသည်။



သည် သမင်မွေးရင်း ကျားစားရင်းပင်။ ကျန်းမာရေးချူချာသော အငယ်ဆုံးသားကလေးနှင့် ကိုးတန်းတက်မည့် သမီးအတွက် ကုန်ကျစရိတ်သည် မခြင်ရသော ဓားပြတိုက်ခံရခြင်းတစ်မျိုးပင်ဖြစ်သည်။ အိမ်အမိုးကလည်း တော်တော်လေးပျက်စီးနေပြီ။ ထို့ကြောင့် ကိုဖိုးသောင်းနေပူပူမိုးရွာရွာ နားရက်မရှိအလုပ်ကို ဇယ်စက်သလို လုပ်ရသည်။ မမြင်ရသောက်တစ်ဝံ့တစ်ရာသည် တစ်ချိန် ကွင်တော့ သူတို့မိသားစုကို ကောင်း ချီးပေးနိုင်မည်ဟု တစ်ထစ်ချ ယုံကြည်နေလေသည်။

ထုတ်တားပြီးလို့ ရေပက်ထုတ်ပယ်မှု မကြာခင်သေး။ ငါးတွေက တဖွမ်းဖွမ်းနဲ့ ကိုဖိုးသောင်းစိတ်တွေ

သူ စမ်းမိသောအရာမှာ နတ်ရုပ်တစ်ရုပ်ဖြစ်သည်။ ရွံ့တွေနှင့်ရောနေသဖြင့် သေသေချာချာတော့ မမြင်ရပေ။ ဘာနတ်ညာနတ်ရယ်လို့တော့ သူမသိ။ ဒီနေ့ ငါးတွေအများကြီးကျတာ နတ်ရုပ်က မစလို့ဟု သူ တွေးမိလိုက်သည်။ အိမ်အပြန်ခရီးလမ်းတွင်တော့ ကိုဖိုးသောင်း လေတလေးတချွန်ချွန်။

◆

"ကိုဖိုးသောင်း၊ နတ်ကတော် ဒေါ်စိန်ကို ခေါ်ခဲ့ပြီလား"

မခင်မေ ပွဲဆက်ဖို့အတွက် ပြင်ဆင်နေရင်းမှ လှမ်းမေးလိုက်သည်။

"ခေါ်ခဲ့ပါတယ်ဟ၊ ခဏနေရင် လာလိမ့်မယ်၊ နင်သာ အဆင်သင့်ဖြစ်အောင် ပြင်ထား"

သမီးဖြစ်သူကတော့ ခေတ်လူငယ်ပီပီ နတ်တွေဘာတွေ သိပ်အယုံအကြည်မရှိ။ ဂိုက်ပျောတောထဲသို့ စာသွားကျက်သည်။ ကိုဖိုးသောင်းကိုယ်တိုင်လည်း သိပ်တော့ အစွဲအလမ်း မကြီးလှ။ သို့သော် လူမစွမ်း နတ်မဆိုသလို ကိုယ့်ဘဝကို ကူစားပေးနိုင်မည့်သူက နတ်ပင်ဖြစ်ပါစေတော့ ကိုယ်အားကိုးရတော့မယ်မလား။ ခဏနေတော့ ဒေါ်စိန်ရောက်လာသည်။

"ဟဲ့ ခင်မေ၊ ပွဲအတွက် အဆင်သင့်ဖြစ်ပြီလားဟေ့"

"ဖြစ်ပါပြီ အမေစိန်"

"အေး၊ ညည်းတို့ကို နတ်တွေက မကြည့်ရက်တော့လို့ မစတော့မယ်ထင်တယ်၊ ညည်းတို့ အိုဇာတာလေး ကောင်းမှာပါအေး၊ ကဲကဲ စဆင်လိုက်ရအောင်"

ပြောရင်း ဒေါ်စိန် ဘုရားအရင်ကန်တော့သည်၊ ထို့နောက် ကိုကြီးကျော်ပွဲတင်ရင်း တိုင်တည်သည်။

"ပခန်းမြို့ကို အပိုင်စားတော်မူတဲ့ ရှာတော်ရှင် ဖေကြီးကျော်ဘုရား၊ တနင်္လာသမီး ခင်မေနဲ့သောကြာသားဖိုးသောင်းတို့ပါ ဘုရား၊ ဖေကြီးကျော်ပျော်စံနိုင်ဖို့ ကြက်ကျော်ဆက်ပါတယ်ဘုရား၊ ထူးရင်းမြူးရင်း မူးနိုင်စေဖို့ အရက်ပါဘုရား၊ စားဖွယ်ရာချိုချဉ်စုံလင်ပါတယ် ဘုရား၊ ရောက်ရာဌာနမှ အမြန်ဆုံးကြွရောက် စံမြန်းတော်မူပါဘုရား၊ ဖေကြီးကျော် သမီးတော်နဲ့ သားတော်တို့လင်မယားကို မစပေးပါဘုရား၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်နိုင်ခွင့်ကို ပေးသနားတော်မူပါဘုရား"

တစ်အောင့်လောက်ကြာတော့ နတ်ဝင်သည်တို့၏ ထုံးစံအတိုင်း ဒေါ်စိန်တစ်ကိုယ်လုံး ကတုန်ကယင်ဖြစ်လာသည်။

"ဟဲ့ သမီးတော်ကြီးခင်မေ"

"ရှိပါတယ်ဘုရား၊ မိန့်တော်မူပါဘုရား"

"အေး နင်တို့မိသားစု ဒုက္ခများနေတာမကြည့်ရက်လို့ ငါကိုယ်တော် မစတော်မူမယ်ကွဲ့။ နင်တို့တွေ ငါ့ကို ယုံယုံကြည်ကြည်နဲ့သာ ပူဇော်ပသစမ်း။ ညည်းတို့ကို အထုပ်လိုက် ပေးမယ်တဲ့။ ဟဲ့ ဟိုအကောင် ဖိုးသောင်း အနားကိုလာစမ်း"

"မှန်ပါ၊ လာပါပြီဘုရား"

''အေး၊ မင်းတို့မိသားစု ပြေလည်အောင် ငါကိုယ်တော် ဆောင်မတော်မူမယ်၊ ငါ့ကိုသာ မမေ့မလျော့ ပူဇော်ပသရမယ် ကြားလား'' မခင်မေက ကြားမှဝင်ပြောသည်။

"အဖေကြီးကျော်ဘုရား၊ သမီးတော်တို့ကို ဆောင်မတော်မူပါဘုရား၊ ဖေကြီးကျော်အတွက် ပွဲကြီးကန္နားကြီးပေးပါ့မယ်ဘုရား"

''အေး အေး၊ လူမှာကတိ မင်းမှာ သစ္စာတဲ့၊ မင်းတို့ ကတိတည်ရင် ငါကိုယ်တော်လည်း မစမယ်ကွဲ့၊ ကဲ ထွက်တော်မူမယ်"

ကိုကြီးကျော်တစ်ဖြစ်လဲ ဒေါ်စိန် ကြွသုံးခါပစ်ပြီးနောက်မှာ မခင်မေတို့အတွက် အားကိုးရာ မြတ်တစ်ပင်ရသွားသည်။ မမြင်ရသော ကံကိုစမ်းကာ ကစားရတော့မည်။ ထိုနေ့က ရေစင်ဖိုးသုံးထောင်ကျော်နဲ့ ကြက်ကျော်မသွားသော ဒေါ်စိန်ကို သမီးဖြစ်သူ အိဖြူက မကြည်ဖြူနိုင်။ "နတ်တော့မသိ လူက လောလောလတ်လတ် မသွားဖြီ" ဟု တိုးတိုးလေးရေရွတ်မိလိုက်သည်။

"အဲဒါကြောင့် တော့်ကို ပြောတာပေါ့။ များများစားစား အောလိုက်ပါဆိုတာကို၊ အခုတော့ နှစ်ရာဖိုးတည်းနဲ့ တင်းတိမ်ရတော့မပေါ့"

မခင်မေ ပြောသမျှကို ကြားတစ်ချက် မကြားတစ်ချက်နဲ့ ကိုဖိုးသောင်း တွေဝေနေမိသည်။ ကိုဖိုးသောင်းကိုယ်တိုင်က နတ်ကို အယုံအကြည်သိပ်မရှိသဖြင့် ကံစမ်းသည့်သဘောလောက်သာ ထိုးခဲ့သည်။ ယခုတော့ နတ်ကတော်ပေးသည့် ခဲဂဏန်းက အပြောင်းအလဲတစ်ခုကို စတင်စေလေပြီ။

"အေးပါ ခင်မေရာ ဘယ်တတ်နိုင်မလဲ၊ ငါလည်း များများစားစားပေါက်ချင်တာပေါ့။ တို့နဲ့ ထိုက်သလောက်ရတယ်လို့သာ တွက်ပါမိန်းမရာ"

ပြောသာ ပြောရသည်။ ကိုဖိုးသောင်းစိတ်ထဲတွင်လည်း အားမလိုအားမရ ဖြစ်နေမိသည်။

သူ စမ်းမိသောအရာမှာ နတ်ရုပ်တစ်ရုပ်ဖြစ်သည်။ ရွှံ့တွေနှင့်ရောနေသဖြင့် သေသေချာချာတော့ မမြင်ရပေ။ ဘာနတ် ညာနတ်ရယ်လို့တော့ သူမသိ။ ဒီနေ့ ငါးတွေ အများကြီးကျတာ နတ်ရုပ်ကမစလို့ဟု သူ တွေးမိလိုက်သည်။

အိမ်ခေါင်မိုးအစုတ်လေးက ဒီတစ်မိုး ခံပါဦးမလား၊ သမီးကြီးကျောင်းစရိတ်ကရော အဆင်ပြေနိုင်ပါ့မလား တွေးနေမိသည်။ ဒီတစ်ခွင်တော့ အချိုကြီးမိအောင် ကြဲလိုက်မည်ဟု သူတေးထားလိုက်သည်။

ရလိုက်သော ငါးနန်းခြောက်လုံး ကျော်ကျော်ငွေစကလေးသည် တဒင်္ဂပျော်ရွှင်မှုတွေကိုတော့ ဖန်ဆင်းပေးနိုင်ခဲ့သည်။ အိမ်အမိုးကလေးကို ပြင်လိုက်နိုင်ပြီး သမီးကြီး ကျူရှင်လစာအတွက် နည်းနည်းကာမိသွားသည်။ ကျူရှင်လခတွေ မပေးနိုင်တာလည်း ကြာပြီမလား။ ကျူရှင်ဆရာမကိုလည်း ကိုဖိုးသောင်းကျေးဇူးတင်ရသည်။ သူတို့မိသားစုအခြေအနေကို နားလည်သည့်အတွက် သမီးကြီးဖြစ်သူ အိမ်ဖြူကို မေတ္တာကြီးသာသတ်မှတ်ပြီး သင်ကြားပေးခဲ့သည်။ သမီးဖြစ်သူကတော့ တစ်ချိန်ကျလျှင် သူမလည်း ကျောင်းဆရာမဖြစ်အောင် ကြိုးစားမည်ဟု ပြောခဲ့လျှင် သူဝမ်းသာခဲ့ရသည်။ မိဘတို့၏ မေတ္တာအတိုင်း သားသမီးကောင်းစားတာကိုပဲ ကြည့်ချင်သည်။ သူ့ခွန်အားတစ်ခုလုံးကို သားသမီးတွေအတွက် ရင်းထားပြီး ဖြစ်သည်။

"အမေရာ၊ ကိုယ့်ကံပါလို့ဖြစ်တဲ့ ကိစ္စကို ဘယ်နတ်ကယ်လို့မှ မဟုတ်ဘူး"

"ဟုတ်တယ် အမေ၊ ကိုကြီး ပြောတာမှန်တယ်၊ ဘုန်းဘုန်းက ပြောဖူးတယ်၊ နတ်ကို ပူဇော်ပသလို့တော့ ရတယ်၊ ကိုးကွယ်လို့ မရဘူးတဲ့" သမီးအိမ်ဖြူကပါ ဝင်ပြောသည်။

"ဟဲ့ ကောက်ကလေးတွေ သေချင်လို့ လျှောက်ပြောနေတာလား၊ နင်တို့တော့ နတ်ကိုင်ခံရတော့မယ်၊ အမိုက်အမဲလေးတွေမို့ ခွင့်လွှတ်တော်မူကြပါ ဘုရား"

မခင်မေတစ်ယောက် လက်အုပ်ချီရင်း အရပ်ဆယ်မျက်နှာလုံးကို ကန်တော့နေသည်ကို ကိုဖိုးသောင်းတစ်ယောက် ဘာမှဝင်မပြောနိုင်။ စိတ်ထွက်ပေါက် တစ်ခုသည် မြက်တစ်ပင်ဆိုလျှင် ထိုမြက်တစ်ပင်ကို အမိအရတော့ ဆွဲထားချင်သေးသည်မလား။

မခင်မေတို့အိမ်ကို နတ်ရုပ်ပေါင်းစုံ၊ ဘိုးတော်ရုပ်တုပေါင်းစုံ ဝင်လာချိန်မှာတော့ သူမတို့မိသားစု စီးပွားရေးမှာ ချောင်လည်လာသည်ဟု ဆိုရမည်။ လယ်ပြင်က အိမ်ကလေးကိုဖျက်ပြီး ရွာထဲမှာ အိမ်ကလေးတစ်လုံးကို ခိုင်ခိုင်မာမာ ဆောက်နိုင်ခဲ့သည်။ ဘုရားစင်တွင် ပေါက်ပေါက်ခဲလေး၊ ရေချမ်းလေး သာကပ်ထားချိန်တွင် အရက်ပုလင်းပေါင်းစုံ၊ အချိုရည်ပေါင်းစုံ၊ အသားငါးတို့သည် နတ်ရုပ်တို့၏ရှေ့တွင် နေရာယူလာသည်။ ကိုဖိုးသောင်း လယ်တောထဲက တောက်ရခဲ့သော နတ်ရုပ် (နတ်ကတော် ဒေါ်စိန်အပြော ကိုကြီးကျော်ရုပ်တု) ကို နေ့စဉ်နေ့တိုင်း မနက်တစ်ကြိမ် ညတစ်ကြိမ်ဦးချရသည်မှာလည်း အမော။ ကိုဖိုးသောင်းလည်း အရိုးထဲစွဲအောင် ငါးနန်းတွေကို တွက်ချက်တတ်လာသည်၊ တိုက်ဆိုင်မှုကြောင့်လားတော့ မသိ၊ သူတွက်ချက်လိုက်တိုင်း မှန်နေတတ်သည်။ ယခင်က စုတ်စုတ်ပြတ်ပြတ် အဝတ်အစားတွေကိုသာ ဝတ်နေရသောကလေးအငယ်နှစ်ယောက်လုံး အခုတော့ တောက်တောက်ပြောင်ပြောင်။

သမီးအိမ်ဖြူဆယ်တန်းနှစ်ရောက်တော့ စီးပွားအင်အားတော်တော်လေး ကောင်းလာသည်။ သားအကြီးဇင်မင်းကိုလည်း ဆိုင်ကယ်ပြင်ဆိုင်လေး ဖွင့်ပေးလိုက်နိုင်သည်၊ အငယ်ဆုံးလေးနှစ်ယောက်အတွက်လည်း လိုလေသေးမရှိစေရ။ တစ်ခုပဲ ပြောစရာရှိသည်၊ မခင်မေတို့လင်မယား အရှုးရင့်လာကြခြင်းပင်။ မခင်မေက နတ်တစ်ပါး၏ တော်ကောက်ခြင်းကို ခံယူပြီး နတ်ကိုယုံကြည်မှုသည်းလာသည်။ ကိုဖိုးသောင်းကလည်း မအားမလပ်အောင် ငါးနန်းတွေ တွက်ချက်လေသည်။ နေ့လယ်ဆယ့်နှစ်နာရီနှင့် ညနေလေးနာရီခွဲ အချိန်တို့ကို စောင့်စားရင်း ရင်ခုန်နေတတ်သည်။ ဆေးတည့်နေသော လင်မယားနှစ်ယောက်သည် နားလည်မှုဖြင့် သူ့လမ်း ကိုယ့်လမ်း ဆက်လျှောက်နေခဲ့ကြသည်။

◆

ဆောင်းနှင်းပွင့်တွေ သုံးလေးခါကြွေပြီးချိန်တွင်တော့ သားကြီးဇင်မင်း၏ ဆိုင်ကယ်ပြင်ဆိုင်လေး ရပ်နားလိုက်ရသည်။ လက်အောက်တပည့်တစ်ဦး၏ မှားယွင်းမှုကြောင့်လည်းပါသလို ယစ်ထုပ်ကြီးဖြစ်နေသောဇင်မင်းကြောင့်လည်း ဖောက်သည်များ မလာငံ့တော့။ ယခုတစ်လော မခင်မေနှင့် ကိုဖိုးသောင်း တကျိတ်ကျိတ် ရန်ဖြစ်နေသောကြောင့် မူလတန်းပြဆရာမလေး အိမ်ဖြူစိတ်ညစ်နေရသည်။ ကိုဖိုးသောင်းတွက်တဲ့ ငါးနန်းတွေ လွဲစပြုလာပြီ၊ မခင်မေလည်း အိမ်ထောင်မှုမှာ လစ်ဟင်းလာသည်။ အငယ်လေးနှစ်ယောက်က လိမ္မာသည့်မို့ ဆရာမလေးအိမ်ဖြူ စိတ်သက်သာရာရသေးသည်၊ အိမ်ရဲ့ စီးပွားရေးအခြေအနေမှာ တစ်စတစ်စ ယိုယွင်းလာသည်ကို သူမမျက်နှာလွှဲနေလို့ မရ။ အစ်ကိုကြီးဇင်မင်းကိုလည်း သူမမုန်းတီးလာသည်၊ လူတွေသည် ငွေကြေးချမ်းသာမှုဒဏ်ကို မခံနိုင်ကြမှန်း သူမသိလာသည်။ ငွေကြေး၏ ဘေးထွက်ဆိုးကျိုးဖြစ်သော အဆိပ်အတောက်ကို သူမတို့မိသားစု ခံစားနေရမှန်း သူမနားလည်လာသည်။

"ငါ့ကို မလေးမစားလုပ်ရင် နင်တို့အားလုံးကို မြွေနဲ့တိုက်သတ်ပစ်မယ် နားလည်လား၊ ငါ့နာမည် အမေရွှေယဉ်တဲ့ဟေ့"

"ကဲ လာကြ လာကြ၊ မင်းတို့အားလုံးကို ကယ်တင်ဖို့ အဘရောက်လာပြီ၊ မင်းတို့ အခက်အခဲတွေ မှန်သမျှ အဘလက်တစ်ချက်ဖြောက်ပျောက်စေရော့ပဲ"

ရပ်ထဲရွာထဲမှာ လှည့်ပတ်နေတဲ့ အရူးနှစ်ယောက်ကို တွေ့မိရင် မခင်မေနဲ့ ကိုဖိုးသောင်းတို့လို့ သွားမခေါ်မိစေနဲ့။ စောနကပြောသလို ပြန်ပြောပြလိမ့်မယ်။ ကိုရင်ငယ်လေး နှစ်ပါးကတော့ သူတို့လူ့ဘဝက တော်စပ်ခဲ့တဲ့ မိဘနှစ်ပါးကို မျက်ရည်ဝဲစွာ ကြည့်နေတုန်း။ ဆရာမလေးအိမ်ဖြူရဲ့ စာသင်သံလေးတွေညံတုန်း။ သားကြီးဇင်မင်းက အုတ်ဂူဖြူဖြူထဲမှာ လဲလျောင်းတုန်း။ **ကချင်လေး (ဆေး-မန်း)**



# ဝါးအိမ်ကလေးထဲမှ
## ခနော်နီခနော်နဲ့
# ဝါးကြမ်းခင်းသည်
## ဖျိုးဖျိုးဖျောင်းဖျောင်း
# မြည်ဟည်းလျက်
## ကျိုးပဲ့ပြိုပျက်သွားလေမလား . . .

**သန်းခေါင်** မတိုင်မီ သန်းခေါင် ကြက်များ ပြတ်တောင်းပြတ်တောင်း တွန်ကျူးသံများ ပေါ်ထွက်လာကြပြီး ကြက်တွန်သံတွေက ထူပိန်းလှသော နှင်းထုကို ဖောက်ထွင်းဖြိုခွဲနေချိန် တွင် မြင့်အောင်သည် သေးဟောင်း စော်နှင့် သေးသစ်စော်နံဟောင် ပိတ်လှောင်နေသည့် ပိတ်ခြင်ထောင် ကြီးထဲမှ ညင်ညင်သာသာကလေး လိုမ့်၍ထွက်လိုက်၏။ ဤအနံ့ဆိုး အနံ့ပုပ်တွေက ဤခြင်ထောင်ဖိုကြီးနှင့် မရင်းနှီးသူတစ်ယောက်ကို မူးမိုက်ဆို့ကျပ်သွားစေနိုင်သော်လည်း မြင့်အောင်နှင့်တကွ မိသားစုဝင်လေးယောက်အဖို့တော့ နှာခေါင်းယဉ်နေခဲ့ပေပြီ။ ခြင်ထောင်အပြင်အမှောင်ထဲကနေ အသင့် ချောင်းမြောင်းနေခဲ့သည့် တပို့တွဲလ ၏အအေးငွေ့ အအေးလှိုင်းတွေက မြင့်အောင်ကို ဆီးကြိုတိုက်ခိုက်ကြသည်။ မြင့်အောင်ကတော့ အအေးဓာတ်ကို ဝင်ရိုးစွန်းဝက်ဝံတစ်ကောင်က အေးစိမ့်မှုကို ဥပေက္ခာပြုနိုင်သလို မေ့လျော့နေသည်။ သူ့ကိုယ်ပေါ်ကရေညှိပုပ်ရောင် စစ်သုံးဆွယ်တာဟောင်းကြီးကလည်း ဟောင်းမြင်းပါးလှ၁ကာ အပေါက်အပြဲတွေဗရပွနှင့်မို့ ဆောင်းလယ်အအေးထုကို အပြည့်အဝမကာကွယ်နိုင်သည့်တိုင် ယခင်နေ့များအတိုင်းပင် ဆွယ်တာစုတ်ကြီးက ဆောင်းအအေးကို ဘာသိဘာသာ မေ့လျော့ထားသည်။

ကျင့်သားရနေသော ညာဘက်လက်ချောင်းများဖြင့် ခြင်ထောင်ဘေး ဝါးကြမ်းခင်းတစ်နေရာမှာရှိနေသော ဆေးပေါ့လိပ်တိုနှင့် မီးခြစ်ကို စမ်းသပ်ကောက်ယူလိုက်၏။ ပြီးလျှင် တစ်စောင်းလှဲလျက်ဒီးညှိကာ ဆေးလိပ်သုံးလေးဖွာရှူသွင်းသည်။ အငွေ့မာတ်ရသွားသည်ဟု မိမိဘာသာ ယောင်မှားခံစားနေလိုက်သည်။

ထို့နောက် ဆေးလိပ်နှင့် မီးခြစ်ကို မူလနေရာလောက်မှာ အသာအယာပြန်ချပြီး မြင့်အောင်ထထိုင်သည်။ မြင့်အောင်၏ လှုပ်ရှားမှုနှင့်အတူ သက်တမ်းကြာဝါးကြမ်းခင်းတွေ တိုးတိတ်စွာ ကြိုးကြိုးကြွိကြွိ

Asian Fame Media Group
af MEDIA GROUP



# ကျည်ခေါင်း

ဝတ္တုတိုရသ

illustration by aungkyaw@09421054457

Asian Fame Media Group

အော်မြည်ကြသည်။ အော်မြည်ပုံက "ဖြည်းဖြည်းလုပ်ပါ ကိုယ့်လူ၊ ဖြည်းဖြည်း" ဟု တောင်းပန်သံများနှင့်ပင် တူနေသည်။ အကယ်၍ မြင့်အောင်သာ လက်ရှိကိုယ်အလေးချိန်ထက် နှစ်ဆလောက်ရှိပြီး ယခုထက် ကြမ်းကြမ်းတမ်းတမ်းလှုပ်ရှားလိုက်မည်ဆိုပါက ဤဝါးအိမ်ကလေးထဲမှ ခနော်နီခနော်နဲ့ ဝါးကြမ်းခင်းသည် ဖျိုးဖျိုးဖျောင်းဖျောင်း မြည်ဟည်းလျက် ကျိုးပဲ့ပြိုပျက်သွားလေမလား မဆိုနိုင်။

ခြင်ထောင်အိုကြီးအတွင်းမှာ အိပ်မောကျနေကြသော သားအဖ သုံးယောက်တို့သည် ဘာဘူစောင် စုတ်ကြီးတစ်ထည်အောက်မှာ ပူးကပ် လိမ်ပတ်၊ ဖက်တွယ်တွေးငြိမ်နေကြရာမှ မြင့်အောင်၏ လှုပ်ရှားမှုကြောင့် နိုးကောင်းနိုးသွားနိုင်ကြသည်။ ကိစ္စမရှိ။ နိုးသွားကြလျှင်လည်း ဒင်း (သင်း) တို့က အမြန်ဆုံး ပြန်အိပ်ကြမှာပဲဖြစ်ကြသည်။

ပြန်မအိပ်ကြဘူးပဲ ထား၊ မြင့်အောင်ကို ဘာစကားမှ လှမ်းပြောကြမှာမဟုတ်။ မြင့်အောင်မိန်းမ မိသန်းမှာ အဖျံတုန်းက သောကြာသမီးပီပီ စကားကြွယ်လေပေါသလောက် သားသမီးနှစ်ယောက်ရပြီး ကတည်းက သူ့အလိုလို စကားနည်းသွားလိုက်သည်မှာ မာတ်မသိသူတစ်ယောက်အဖို့ရာ မိသန်းကို 'အ အမကြီး' ဟုပင် ထင်သွားနိုင်သည်။ စင်စစ်ကလေးနှစ်ယောက်မအေ မိသန်းမှာ အသက် ၂၄ သာ ရှိသေးပြီး လင်တော်မောင် ကိုလူပိန်ကြီး မြင့်အောင်အောက်မှာ ၁ နှစ်မျှသာ ငယ်၏။ လင်နှင့်လိုက်ဖက်ညီအောင် မိသန်းကလည်း ငါးဖောင်ရိုးခြောက်မ။

မြင့်အောင်နှင့်မိသန်းတို့မှ ပေါက်ဖွားထားသော ၅ နှစ်ရွယ် သမီးကလေးနှင့် ၃ နှစ်ရွယ် သားကလေးတို့ကလည်းပဲ 'ဒီအပင်က ဒီအသီးသီးသလို' ဟုသာပြောရမည့် ခေါင်းကြီး ကိုယ်သေး၊ ဗိုက်ပူနံကား ပိန်ခြောက်ခြောက်ကလေးတွေ။ ထို့အတူပင် သဲဖြူရွာသစ်ပိုင်းအရှေ့ဖျားက 'နောက်တိုး' အိမ်တန်းစုစုကလေး၏ အပြင်ဘက်ကျကျ အစွန်းပိုင်းမှာ တည်ရှိနေခဲ့သော မြင့်အောင်တို့ မိသားစု၏ ဝါးအိမ်ကလေးကလည်း သက်တမ်း ၃ နှစ်သာ ရှိသေးသော်ငြား နှစ်ပေါင်း ၃၀ လောက်ဖြစ်ကတတ်ဆန်း ရပ်တည်လာခဲ့သလို အစုတ်စုတ်အဖွားဖွား အပေါက်ပေါက်အပြဲပြဲ ယိုင်လဲကျတော့မလိုလို ချည့်နဲ့နဲ့။ သူဆင်းရဲတွေချည်း စုဝေးနေထိုင်ကြသော နောက်တိုးအိမ်တန်းထဲမှာ သူတို့၏ အိမ်က အစုတ်ချာအယိုင်ရွဲဆုံး။

ခောတ်မသိသူတွေကတော့ မြင့်အောင်တို့၏ အိမ်ရာဟာဝါးနန်းတော်ကိုကြည့်၍ 'အဖွေးမြင်အပင်သိ' ဟု တစ်ချက်လွှတ် ဆုံးဖြတ်ကြလိမ့်မည်။ စင်စစ်မှု မြင့်အောင်၏ မျိုးရိုးဇာတိ မိဘဆွေမျိုးအသိုင်းအဝိုင်းက ဆင်းဆင်းရဲရဲထဲက မဟုတ်ကြပေ။ ကြွေးရတတ်ဟုပင် ခေါ်နိုင်သေးသည်။ မိသန်းတို့ဘက်ကတော့ လယ်ပိုင်ချောင်းပိုင် မရှိကြသော လယ်ကူလီမျိုးရိုး၊ လယ်ယာလုပ်သားတွေ ဖြစ်ကြသည့်တိုင် အနုပ်စုတ် ကုပ်စုတ်ထဲက မဟုတ်ကြ၊ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ မဟုတ်ကြ။ ရိုးရိုးသားသား၊ ကြိုးကြိုးစားစား အသက်မွေးကြရင်း ပြောင်ပြောင်ရောင်ရောင် ဝဝလင်လင် နေနိုင်ကြသူများ ဖြစ်ကြသည်။ မြင့်အောင်တို့ကျမှပဲ ဖွတ်ကျောပြာစု ခရုဆံကျွတ် အကွပ်မဲ့ကြမ်းလို ဖြူကာပျာကာကျအောင် မွဲနေကြသည်။

ဘာကြောင့်လဲ . . .။ လင်မယားနှစ်ယောက်စလုံးက 'အသွင်တူ၍ အိမ်သူဖြစ်' ဆိုသလို အဖျင်းထူသော အကျင့်ခြင်း တူကြသည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား နောင်ရေးကို မတွေးတတ်၊ မပူတတ်သော စရိုက်ချင်းလည်း တူကြသည်။ လောင်းကစား ဝါသနာပါပုံချင်းလည်း ထပ်တူထပ်မျှ။ ဘဝဟူသည် ရှန်းကန်မှု တိုက်ပွဲမဟုတ်၊ ကံစီမံရာ ရေအလျင်အတိုင်း အလိုက်သင့် မျောဖို့သာဟူသော လောကအမြင်ချင်းလည်း လင်မယား အကြားမှာ မကွဲပြား။ ထိုထက် ပိုဆိုးသော အချက်ရှိသည်။

လူကြီးသူမများသည် မိမိတို့ထက် အသိဉာဏ်ရင့်ကျက်သည်။ ဘဝအတွေ့အကြုံ ပိုမိုပြည့်စုံကြသည်။ မိမိတို့ထက် အမှားအမှန် ဝေဖန်ပိုင်းခြားဉာဏ်ပိုသည်ဆိုသော အချက်ကို လင်မယားနှစ်ယောက်စလုံး ပစ်ပစ်ခါခါ ငြင်းဆန်တော်လှန်ပစ်ခဲ့ကြသည်။ ကိုယ့်ဘဝနှင့် ကိုယ်။ ကိုယ့်လမ်းနှင့် ကိုယ်သာ၊ ဘယ်သူ့ကိုမှ ဘုရားထူးပြီး အောက်မကျိုနိုင်။ ဘယ်ထူးဆီမှာမှ ခြေသလုံးဖက်ပြီး လက်ဝါးမဖြန့်ဆိုသော ရဲရဲတောက် ခံယူချက်တို့ကို ကျင့်သုံးကြရာမှာလည်း မြင့်အောင်တို့၊ မိသန်းတို့က သဘောတူမျှကြသည်။ ထို့နည်းတူပင် သူတို့အဖို့ ဒုစရိုက်နှင့် သုစရိုက်၊ ကုသိုလ်နှင့်အကုသိုလ်တို့ဆိုသည်မှာ ဘာမျှကို ခြားခြားနားနား နေကြသည်မဟုတ်။ ရတနာ သုံးပါးဟူသည်မှာ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်ကို ခေါ်ဝေါ်သတ်မှတ်ခြင်းမျှသာပဲ။ ငါတို့မနုဿပုထုဇဉ်လူသားများနှင့်မဆက်စပ်၊ တခြားစီဟု ပြတ်ပြတ်သားသား ယုံကြည်ထားကြရာတွင်လည်း လင်မယားနှစ်ယောက် တစ်သဘောတည်းသာ။

သူတို့နှစ်ယောက် လက်ထပ်မည်ဟု ကြံစည်ကာစတွင် နှစ်ဖက်မိဘတွေက တူးတူးခါးခါးဖြစ်ကြသည်။ ဝိုင်းဖျက်ကြသည်။

"ကျွန်မျိုး၊ ဒါသအမျိုးကိုမယူနဲ့" ဟု မြင့်အောင်ဘက်က အသိုင်းအဝိုင်းတွေက ကန့်ကွက်ကြသည်။

"မြင့်အောင်ဆိုတဲ့ကောင်က လက်ကြောမတင်းတဲ့ ငပျင်း၊ နင်တို့ယူရင် ခွက်လက်ဆွဲပြီး တောင်းစားကြရမှာ" ဟု မိသန်းဘက်က သတိပေးတားမြစ်ကြသည်။

သို့သော် သူတို့ကို သိကြားမင်းကြီးမပြောနှင့်။ စကြဝတေးမင်းကြီးပင် တားဆီး၍မရနိုင်။

"ဒီကိစ္စက ငါတို့နှစ်ယောက်ကျေနပ်ရင် ပြီးနေတဲ့ကိစ္စ၊ ဘယ်သူ့အမိန့်မှ နာခံစရာမဟုတ်ဘူး" ဟု မြင့်အောင်က တစ်ရွာလုံးကြားအောင် ကြွေးကြော်ပြီး မိသန်းကိုခိုးပြေးသည်။ မိသန်းဘက်က သမီးကော သမက်ကိုပါ ပြန်သိမ်းသည်။ ထိုအခါ မြင့်အောင်ဘက်ကလည်း သဘောထားကြီးဟန် ပြနိုင်အောင် မြင့်အောင်တို့မိဘတွေ၏ ခြံထဲမှာ အိမ်ကလေးတစ်လုံးဆောက်ပေးပြီး ပြန်ခေါ်သည်။

အိမ်ထောင်ဦးမောင်နှံ ရွှေရေးကိုတွေးပြီး လုံ့လဝီရိယရှိရှိနှင့် စီးပွားရှာကြမလားဆိုပြီး အားလုံးက စောင့်ကြည့်ကြသည်။ အစပိုင်းတွင် မြင့်အောင်က မိဘများ ထူထောင်ပေးသောအလုပ်ကို မလုပ်ချင့် လုပ်ချင်နှင့်လုပ်သည်။ မြို့က လက်ဖက်ခြောက်ပွဲရုံမှာ လက်ဖက်ခြောက်ယူ၊ စက်ဘီးတစ်စီးနှင့် ရွာစဉ်လှည့်ပြီး ဖောက်သည်တွေဆီမှာ လက်ဖက်ခြောက်ဖြန့်။ သူဌေးမဖြစ်နိုင်သော်လည်း ကော်မရှင်စားဘဝမှာ အမြတ်အစွန်း စို့စို့ပို့ပို့ရသည်။

နောက်တော့ မြင့်အောင်က "နေပူမရှောင် မိုးရွာမရှောင် စက်ဘီးချည်း ကုန်းနင်းနေရတာ မဟန်ပါဘူး။ အသက်တိုမယ့်အလုပ်ပဲ" ဟု ပြောရုံသာမဟုတ်၊ မိဘ၏ စက်ဘီးကိုပါ ဖဲပေါင်ရိုက်လိုက်ရာ ခြေလွှတ်လက်လွှတ်ဖြစ်သွားသည်။

"အစာကျွေးတဲ့လက်ကို ကိုက်တဲ့ ခွေးတိရစ္ဆာန်ကောင်၊ မင်း ငါ့အိမ်ရိပ်ကို မနင်းနဲ့" ဟု မြင့်အောင်

"ရှင်တို့ အမျိုးတွေက ပိုက်ဆံကလေး တစ်ပဲခြောက်ပြားလောက် ရှိတာကိုများ ဇောတိကသူဌေးစိတ် ဝင်နေသလား မပြောတတ်ပေါင်၊ ငွေဂုဏ် သိပ်မောက်တာပဲ၊ ကျုပ်တို့မှာ ငွေမရှိလို့ မွဲလို့ အခုလို ဝိုင်းပြီး နင်ထုတ်ကြတာ . . ."

ဖခင်ကြီးက ရာဇဝင်ပေးသည်။

မိသန်းကလည်း လယ်ပိုင်ရှင်တွေဆီက လုပ်အားခငွေတွေ ကြိုယူပြီး ကိုယ့်ဘက်က တာဝန်မကျေ။ အလုပ်မှန်မှန်မဆင်းသဖြင့် လယ်ရှင်တွေက ငြိုငြင်လာကြပြီ။

"ငွေဂုဏ်တော့ မောက်ကြမယ် စိတ်မကူးနဲ့၊ မိသန်းကို ငွေနဲ့လာဖိလို့ မရဘူးဆိုတာ မှတ်ပါ" ဟု မိသန်းက ငွေရှင်မြေရှင် လယ်ရှင်တွေကို အံတုစိန်ခေါ်သည်။ ထိုမျှမကသေး၊ အကြွေးတောင်းကြမ်းသော သားငါးခေါင်းရွက်သည် မိန်းမကြီးတစ်ယောက်ကိုပါ မိသန်းက ဖက်၍ နပန်းသတ်ပြလိုက်သေးသည်။ ဈေးသည်မိန်းမကြီးက မည်းမည်းဝဝကြီး၊ မိသန်းက ဖြူဖြူကျစ်ကျစ်ကလေး၊ တကယ်တမ်းလုံးသတ်ကြတော့ မိန်းမကြီးက မိသန်းအောက်မှာ ပြားပြားမှောက်ပြီး 'ကယ်ပါ ယူပါ တစာစာ' အော်နေရသည်။

သည်လိုနှင့် မြင့်အောင်နှင့် မိသန်းတို့မှာ ကလေး ၂ ယောက်ရလာချိန်မှာ စနေဂြိုဟ်ဝင်သည်။ မြင့်အောင်သည် ညီမအရင်း အခြားအပျိုကလေးဆီက ငွေချေးသုံးလိုက်ပြီး ကတိအတိုင်း ပြန်မဆပ်။ ညီမလုပ်သူက စိတ်တိုတိုနှင့် ကျိန်ဆဲသည်။ ထိုအခါ မြင့်အောင်က နမကလေးကို ပါးရိုက်ဆုံးမရာမှ မိဘတွေကော တစ်အုံထုံ့ဆင်းတွေပါ တောင်မကလေးတွေဘက်က ရပ်တည်လာကြသည်။

ဤတွင် ဇာတ်ကွက်တစ်မျိုးပြောင်းသွားပါသည်။ မြင့်အောင်တို့မိသားစုကလေး ရွာပြင်က နောက်တိုးအိမ်တန်းကလေးဘက် ရွှေ့သွားကြရတော့သည်။ ထိုပြဿနာတွင် မြင့်အောင်ဘက်မှ ရဲဘော်ရဲဘက်စိတ်ဖြင့် ရပ်တည်ခဲ့သူတစ်ယောက်တည်းသာရှိ၏။ တခြားသူတော့ မဟုတ်။ ကလေးနှစ်ယောက် မွေးပြီးကတည်းက စုန်းမရုပ်နှင့် ငါးမောင်ရိုးခြောက်ဖြစ်နေရှာသူ မိန်းတာရိုးမ မိသန်း။

"ရှင်တို့ အမျိုးတွေက ပိုက်ဆံကလေး တစ်ပဲခြောက်ပြားလောက်ရှိတာကိုများ ဇောတိကသူဌေးစိတ်ဝင်နေသလား မပြောတတ်ပေါင်၊ ငွေဂုဏ်သိပ်မောက်တာပဲ၊ ကျုပ်တို့မှာ ငွေမရှိလို့ မွဲလို့ အခုလို ဝိုင်းပြီးနှင်ထုတ်ကြတာ"

"ဟေ့ မိသန်း ငါကလည်း ××× လောက်တောင် ဂရုမစိုက်ဘူး မှတ်၊ အချိန်တန်ရင် အခု အဖေတို့ အမေတို့နေကြတဲ့ အိမ်က အမွေဆိုင်အိမ်ဖြစ်မှာ၊ ငါလည်း ဆိုင်တာပဲ၊ အဲဒီတော့မှ ပွဲကြီးပွဲကောင်း တွေ့ကြမှာပေါ့ဟာ" ဟု မြင့်အောင်က ကျိတ်မနိုင်ခဲမရပြောရင်း ဆေးပေါ့လိပ်ကို ကောက်ဖွာသည်။

အမှန်တော့ မြင့်အောင်၏ မိခင်ကြီးက သားဆိုးလူပျင်းကလေး မြင့်အောင်ကို ကရုဏာပိုသည်။ ငွေမရှိ ဆန်မရှိလျှင် မြင့်အောင်က သူ့အမေဆီ သွားခိုးတွေ့သည်။ မအေကြီးက ဖအေကြီးမသိအောင် တိတ်တိတ်ကလေး ကျိတ်ပေးနေကြဖြစ်သည်။ မအေကြီးက သားကို အလုပ်အကိုင် အတည်တကျလုပ်ဖို့ တိုက်တွန်းသည်။

"ကျွန်တော် အလုပ်လုပ်နေတာပဲ အမေရဲ့"

"ဘာအလုပ်တုံး"

"တောင်ပိုင်းမှာ ကြက်ဝိုင်းမှာ ကျွန်တော် အမြဲရှိနေတာပဲဗျာ"

'သူ့ဟာသူ အမေ တပေပေ' ဆိုသည့်အတိုင်း သားတော်မောင်အေးအေးကလေးနှင့် ဆိုးသမျှကို အမေကြီးက 'ပေ' ၍ သည်းခံရှာသည်။ သားကို သမ္မာအာဇီဝ ကောင်းကောင်းတောင်းဝယ် လုပ်ကိုင်စားရန် တိုက်တွန်းဖို့ အားမရှိရှာတော့။ လက်ဖက်ခြောက်အရောင်းအဝယ်လုပ်ဖို့ အမေကြီးတာပဲ အရင်းအနှီး စိုက်ထုတ်ပေးခဲ့သည် မဟုတ်ပါလား။ သားလိမ္မာက စက်ဘီးကိုကော ဈေးအရင်းအနှီးတွေပါ ဖဲရှုံးပစ်လိုက်သည် မဟုတ်ပါလော။

"တစ်နေ့တော့ အမေ ထုတ်ပေးခဲ့တဲ့ငွေတွေ ကျွန်တော် အကုန်ပြန်ဆပ်နိုင်မှာပါဗျာ။ အမေ့ စက်ဘီး အစား စက်ဘီးအသစ်ကျပ်ချွတ်တစ်စီးကိုတောင် အမေ့ကို ပြန်လျော်ပေးဦးမှာ စိတ်သာချ" ဟု မြင့်အောင်က အမေကြီးကို လူကွယ်ရာမှာ ကပ်၍ ချော့မော့အယုံသွင်းသည်။ ပြီးတော့ အမေကြီး၏ ချွေးခံအင်္ကျီအိတ်ထဲက ငွေ ၁ ထောင်၊ ၂

ထောင်လောက် အသာကလေး အေးအေးပြတိုက်ယူသည်။

"ဟေ့ကောင်၊ ကြက်သမား၊ ဖဲသမား၊ ငါ့အိမ်မိရိပ်မနင်းနဲ့လို့ ငါ သတိပေးထားပြီးသားနော်၊ ဒီတစ်ခါ ငါ့ခြံထဲလာလို့ကတော့ မင်းကို ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပြီး အချုပ်ထဲ ပို့ပြီသာမှတ်" ဟု အဖေကြီးက ခြိမ်းခြောက်ပြီးကတည်းက မြင့်အောင်သည် မိမိမွေးဖွားကြီးပြင်းလာခဲ့ရာ အိမ်ခြံဝင်းအနားသို့ပင် မသီရဲတော့။

"အလကား အဘိုးကြီး၊ ဒင်း (သင်း) မြန်မြန်သေရင် ကောင်းမယ်။ ဒင်း (သင်း) အရင်သေစမ်းပါ၊ အမေကတော့ နောက်မှသေ၊ အမေတော့ အရင်မသေပါစေနဲ့ဗျာ" ဟုပင် တစ်ခါက မြင့်အောင်သည် မိုက်မိုက်ကန်းကန်း ဆုတောင်းဖူးသေးသည်။

သို့သော် ယခုအချိန်အထိ



အဘိုးကြီးကော အဘွားကြီးပါ မာမာချာချာ အသက်ရှည်နေကြဆဲရှိသည်။ အဘွားကြီးက မြင့်အောင်ကို ထောက်ပံ့နေမှန်း အဘိုးကြီးက ရိပ်မိသွားပြီး အိမ်တွင်ငွေကြေးကို ချုပ်ကိုင်လိုက်ရာ အဘွားကြီးလည်း ဘိုင်ကျနေခဲ့ရှာပါပြီ။ မိခင်ကြီးထံမှ ရပေါက်ရလမ်း ပိတ်သောအခါ ကြက်ဝိုင်းဖဲဝိုင်းမှာ အပေါင်းအသင်းတွေဆီမှ မသထာရေစာ တောင်းခံနေရပြန်၏။ အပေါင်းအသင်းတွေကလည်း ကြက်နိုင်၊ ဖဲနိုင်မှသာ စွန့်ကြဲနိုင်သည်ကိုး။

ယခုတလော သူ့မှာလည်း ဝင်ငွေ တစ်ပြားမျှမရှိ။ မိသန်းကလည်း မတ်ပဲပေါ်ချိန်မဟုတ်၍ အလုပ်မရှိ။ အလုပ်မရှိသော်လည်း မတ်ပဲခင်းပိုင်ရှင်တွေဆီမှ 'ပဲနုတ်ခ' ကြိုငွေယူနိုင်သည်၊ ထိုငွေကလေးနှင့် မိသားစုလေးယောက် ဖြစ်သလို

Asian Fame Media Group

“မြင့်အောင်
မင်းကိုယ်မင်း ပြန်စဉ်းစား၊
မိန်းမယူတတ်ရုံ၊
ကလေးယူတတ်ရုံနဲ့
မင်း ဖခင်ကောင်း မဖြစ်ဘူး၊
သားသမီးတွေကို
ပညာကောင်းကောင်း
သင်ပေးနိုင်မှ
ဖခင်ကောင်းဖြစ်မှာကွ၊
ခုဟာက မင်းက
အဖေတော့ အဖေပဲ၊
ဒါပေမဲ့ . . .”


ကြံဖန်စားသောက်နေရသည်မှာ ရက်ပေါင်းများစွာ ကြာခဲ့ပြီ။

အခက်အခဲ၊ အကျပ်အတည်း ကြုံလာသောအခါ မြင့်အောင်၏ အတွေးထဲမှာ မကြံကောင်း၊ မစည်ရာတွေက တိုးဝင်လာတတ်သည်။ အမှန်တော့ မြင့်အောင်အတွက် မကြံကောင်း မစည်ရာဟူသည် မရှိ။ မိသားစုအတွက် အကျိုးရှိမည့် အလုပ်မှန်သမျှ ကြံကောင်းစည်ရာတွေချည်း။ သားကျွေးမှု၊ မယားကျွေးမှုအတွက်ဆိုလျှင် မည်သို့ အလုပ်ပင် ဖြစ်ပါစေ၊ မှန်ကန်သည်၊ တရားသည်၊ ငရဲမကျနိုင်ဟု မြင့်အောင်က မိမိဘာသာ ရဲဝံ့စွာ မှတ်ယူလိုက်သည်။

“ဦးမူကြီး အရက်မူးပြီး ကောင်းကောင်း အိပ်ပျော်နေပါစေဗျာ” ဟု မြင့်အောင်က အသံထွက်မတတ် ဆုတောင်းလိုက်ပြီး သူ့အိမ်ကလေး၏ အပြင်ဘက်နှင်းပိတ်နေသော အမှောင်ထုထဲသို့ လှမ်းထွက်လိုက်သည်။

အချမ်းဒဏ်ကို ကာကွယ်ဖို့နှင့် အခြားသည်ရွယ်ချက်တစ်ခု အတွက် ပါရည်ရွယ်၍ သူသည် ပုဆိုးဟောင်းတစ်ထည်ကို ခေါင်းမြီးခြုံလာခဲ့၏။ တကယ်တမ်းကတော့ မိမိဖေနှင့် မိမိ ချမ်းရမှန်းအေးရမှန်းလည်း မသိပါ။ လက်နိပ်မီးမပါ၊ ရေနံဆီမီးခွက်အုပ်ဆောင်းလည်း မပါနှင့် မှောင်ကြီးမည်းကြီးထဲ တိုးဝင်နေရသည့်အခါ မြွေပါးကင်းပါးကိုလည်း စိုးရိမ်ထိတ်လန့်ရမှန်း မသိတော့ပါ။

မြင့်အောင်တို့နောက်တိုး အိမ်တန်းတစ်တန်းလုံး နှင်းလွှမ်းသော အမှောင်ထုအောက်မှာ ပျောက်ကွယ်ငြိမ်သက်နေသည်။ အချိန်မတော် ပုဆိုးခြုံကြီးနှင့် တစ္ဆေလိုထွက်လာသော သူ့ကို ယောင်ကြမည့် ခွေးများပင် ချမ်းချမ်းနှင့်အနွေးဓာတ်ရရာမှာ ကွေးနေကြပြီထင့်။



“ဦးမူကြီးကတော့ ဒီည အရက်မသောက်လည်း ချမ်းချမ်းစီးစီးနဲ့မို့ စောင်ခေါင်းမြီးခြုံပြီး ကုလားသေကုလားမော အိပ်မောကျနေမှာပါလေ” ဟု မြင့်အောင်က သူလိုလားသော အခြေအနေကို စိတ်ကူးဖြင့် တောင့်တမျှော်လင့်နေမိပြန်သည်။

ဦးမူကြီးက ရွာမြောက်ဖျားမှာ တစ်ကိုယ်တော်နေထိုင်သော လူပျိုပိုင်းကြီးဖြစ်သည်။ ယခင်က ရန်ကုန်မှာ လခစားကျူရှင်ဆရာ လုပ်ဖူးသည်။ ရန်ကုန်မှာအဆင်မပြေသောအခါ ဇာတိရွာသို့ ပြန်လာပြီး ကိုယ်ပိုင်ကျူရှင်ကျောင်းဖွင့်ရန် ကြိုးပမ်းပြန်သည်။ ကျူရှင်ကျောင်းက သူမျှော်မှန်းသလို မအောင်မြင်သောအခါ စုထားဆောင်းထားသမျှ ကလေးတွေ၊ ဆွေမျိုးတွေက ဝိုင်းဝန်းထောက်ပံ့ထားတာကလေးတွေနှင့် တစ်ကိုယ်တော် အေးအေးဆေးဆေး နေသည်။ မူလတန်းကလေးတချို့ကို ကာသိုလ်ဖြစ် အင်္ဂလိပ်စာပြပေးရင်း ကျောင်းသားမိဘတွေဆီမှ သဒ္ဓါကြေးကလေး ဖြင့်သာ ကျေနပ်ရောင့်ရဲလျက်ရှိသည်။

မြင့်အောင်၏ သမီးအကြီးကလေးမှာ ၅ နှစ်ကျော်သော်လည်း အစိုးရမူလတန်းကျောင်းမှာ မထားနိုင်သောကြောင့် ဦးမူကြီး၏ အိမ်ကျောင်းကလေးသို့ အသုံးလုံးကျေအောင် အေဘီစီဒီကလေးဖတ်တတ်အောင် ပို့ထားရ၏။ ဦးမူကြီးက မြင့်အောင်တို့၏ အခြေအနေကိုသိ၍ ကာသိုလ်ဖြစ် အခမဲ့သင်ကြားပေးရုံမျှမက ကလေးအတွက် စာအုပ်နှင့် စာရေးကိရိယာပါ တာဝန်ယူထားသည်။

စင်စစ် ဦးမူကြီးနှင့် မြင့်အောင်တို့မှာ ဆွေရိပ်မျိုးရိပ်မကင်းလှ။ အတိအကျပြောရလျှင် ဦးမူကြီးသည် မြင့်အောင်ဘက်မှ သုံးဝမ်းကွဲဦးလေးတော်စပ်သည်။ သို့သော် ဦးမူကြီးက လူပျိုကြီး လူ့ခွစာဖြစ်ရာ မြင့်အောင်က ကျိတ်၍မျက်မုန်းကျိုးနေသည်။ ဦးမူကြီးက ရန်ကုန်မှာ ပညာရှာ အနေကြာခဲ့သော်လည်း တောစရိုက်မပျောက်ဘဲ အပြောအဆိုလေပေါက်ကြမ်းသည်။

“မြင့်အောင် မင်းကိုယ်မင်း ပြန်စဉ်းစား၊ မိန်းမယူတတ်ရုံ၊ ကလေးယူတတ်ရုံနဲ့ မင်း ဖခင်ကောင်း မဖြစ်ဘူး၊ သားသမီးတွေကို ပညာကောင်းကောင်း သင်ပေးနိုင်မှ ဖခင်ကောင်းဖြစ်မှာကွ၊ ခုဟာက မင်းက အဖေတော့ အဖေပဲ၊ ဒါပေမဲ့ ခွေးဖအေပဲ”

ဦးမူကြီးက ဤသို့ ဆဲဆဲဆိုဆို ပြောသောအခါ မြင့်အောင် မချိပြုံး ကလေးဖြင့်သာ တုံ့ပြန်သည်။ ရင်ထဲမှာတော့ သူ့ကို ဦးမူကြီးက ချိုးနှိမ်သည်ဟု ခံစားရသည်။

“လူ့ခွစာကြီး မိန်းမမယူဘူး၊ အိမ်ထောင်ဦးစီးလည်း မလုပ်ဖူးဘဲနဲ့ ဖွတ်ပြောနေတယ်၊ စားဝတ်နေရေးပြည့်စုံမှ သားသမီးပညာရေးကို စဉ်းစားနိုင်မယ်ဆိုတာ ဖင်း (သင်း) မသိဘူး၊ အလကားလူပျိုကြီးဟု မြင့်အောင်က ကျိတ်၍ကျိန်ဆဲသည်။

သည်ညမှာတော့ သူ့ကို ခွေးနှင့် နှိုင်းပြီး ချိုးနှိမ်ခဲ့သည်၊ ဦးမူကြီးကို တစ်ဖက်တစ်လမ်းကနေ လက်စားချေခွင့်ရပြီ၊ သည်ကာဝစေးနဲ့ကြီး စွေ့စွေ့ခုန်၊ ငါးရံ့ပြာလူးဖြစ်သွားလျှင် လက်စားချေရကျိုးတော့ နပ်ပြီဟု မြင့်အောင်တွေးနေသည်။

မြင့်အောင်သည် ပုဆိုးစုတ်အပိုကို ခေါင်းမြီးခြုံရင်း အမှောင်ထဲမှာ ခပ်သုတ်သုတ်လျှောက်သည်။ ရုတ်တရက်ဆိုလျှင် အရပ်ရှစ်မျက်နှာစလုံး အမှောင်နှင့် နှင်းထုတို့ကြောင့် ပိန်းပိတ်မှောင်မိုက်နေသည်ဟု ထင်ရသော်လည်း နှင်းလွှာတွေကို ထိုးခွဲ၍ ရှေ့တိုးသွားနေသောအခါ မိမိရှေ့တွင် အလင်းမှုန်ဝါးဝါး ကလေးပေါ်လာသည်ဟု မြင့်အောင် ထင်သည်။ သည်မြေ သည်လမ်း သည်ချောင်းကြမ်း လယ်ကွင်းတွေကတော့ မြင့်အောင်နှင့် ဖွားဖက်တော်တွေ။ မည်မျှမှောင်သည်ဆိုက ရွာတစ်ဝိုက်မှာရော ရွာထဲမှာပါ မြင့်အောင်က ရဲရဲလှမ်း ရဲရဲလျှောက်ပြီး ဦးတည်ရာဆီ မလွဲမချော်ရောက်နိုင်သည်။ အမှောင်ထဲမှာ သွားလာတတ်အောင် သူ့ကို နတ်ဆိုးက လျှို့ဝှက်သင်ကြားပေးထားခြင်းလည်း ဖြစ်နိုင်သည်။ အမှောင်ထဲမှာ သွားရဲလာရဲအောင် သူ့ကို သတ္တိသွေးတွေ ပေးအပ်ထားသူကတော့

Asian Fame Media Group
MEDIA GROUP

သူ့ဘဝကိုယ်နှိုက်ပဲ ဖြစ်ချိမ့်မည်။

ရွာအပြင်ဘက်ကနေ ပတ်၍ မြောက်ဘက်သို့ တန်းတန်းမတ်မတ်လျှောက်ခဲ့သော် မိုင်ဝက်နီးပါး လျှောက်အပြီးမှာတော့ ရွာမြောက်ဖျားသို့ ရောက်လာသည်။ ရွာမြောက်ဖျားပိုင်းက လူနေအိမ်ခြေလည်း ကျဲကျဲပါးပါး၊ ခုလိုအချိန်မှာ လူသွားလူလာလည်းမရှိ။ အရေးအပါဆုံးသော ကံကောင်းချက်ကတော့ ဦးမှုကြီး၏အိမ်မှာ ခွေးမွေးမထားခြင်းဖြစ်သည်။ ဦးမှုကြီးက "ခွေးတိုင်းမှာ ခွေးမှုပိုးရှိကြသည်" ဟု ဆိုတာ ခွေးမမွေးရုံသာမက ခွေးမုန်းသူလည်းဖြစ်သည်။

"ဆရာ ဦးမှုကြီး ဘာဖြစ်လို့ ခွေးမမွေးတာလဲဗျ" ဟု မြင့်အောင်က မေးကြည့်ဖူးသည်။ ဦးမှုကြီးက တံတွေးပျစ်ခနဲထွေးကာ

"လူနဲ့ခွေးနဲ့အတူတူနေရင် ခွေးမှာ လူစိတ်မဝင်ဘဲ လူမှာပဲ ခွေးစိတ်ဝင်တတ်တယ်။ ခွေးစိတ်ဆိုတာ မင်းသိလား၊ အိုလေ မင်းသိမှာမဟုတ်ပါဘူး။ ငါပြောပြမယ် ခွေးနဲ့ အတူတူနေတဲ့လူဟာ ခွေးလိုပဲ ရေချိုးပျင်းတဲ့အကျင့်၊ ရေကြောက်တဲ့ရောဂါ စွဲလာလိမ့်မယ်။ အဲဒါ မင်းမှတ်ထား"

"ဩော် ဒီလိုလား" ဟု ပါးစပ်က ပြော၏။ စိတ်ထဲကတော့ "ဘီအေဘွဲ့ရပညာတတ် ဆိုပြီး ဦးနှောက်ကတော့ ဖြုတ်ဦးနှောက်ပဲ၊ အလကားလူကြီး" ဟု မြင့်အောင် အထင်သေးစိတ်ဖြင့် သရော်ခဲ့သည်။ "ဒီလိုပေါက်တတ်ကရ ဦးနှောက်နဲ့ ဘီအေဘွဲ့ရသတဲ့၊ ကျူရှင်ဆရာလုပ်သတဲ့၊ အလကား လူကြောင်ကြီး" ဟုလည်း ရှုတ်ချခဲ့သေးသည်။

ယခု ပစ္စုပ္ပန်ကာလမှာတော့ မြင့်အောင်သည် သူရွံမုန်းသော၊ အထင်သေးသော မကျေနပ် မကြေအေးသော ဦးမှုကြီး၏ အိမ်ခြေရင်းဘက်၊ နှင်းရွှဲသော မြက်တောထဲမှာ ရောက်နေသည်။ သူ့တစ်ကိုယ်လုံးလည်း နှင်းတွေစိုစွတ်ကာ အမှောင်ထဲမှာ ပျောက်ကွယ်နေသည်။ ဦးမှုကြီးက ခြံမြေကျယ်ကျယ်ဝန်းဝန်းပိုင်သော်လည်း ခြံစည်းရိုးလုံအောင်မခတ်။ အိမ်နောက်ကျောဘက်နှင့် ခေါင်းရင်းခြေရင်းနှစ်ဖက်မှာသာ ဝါးလုံးတန်းကလေးတွေ ခပ်ကျဲကျဲ ပစ်စလက်ခတ်ကာထားသည်။ အိမ်ရှေ့မျက်နှာစာဘက်မှာတော့ ဒလဟောဟင်းလင်းကြီး။

"ငါ့ဆီမှာ အဖိုးအတန်ဆုံးဆိုလို့ ဆီကိုလက်ပတ်နာရီပဲ ရှိတယ်။ ဘယ်သူခိုးမှ စိုးရိမ်စရာမရှိပါဘူးကွာ" ဟု သူကပြောခဲ့ဖူးသေးသည်။

မြင့်အောင်က အိမ်နှင့် ၁၀ ကိုက်လောက် အကွာကနေ အိမ်ထဲမှ အသံဗလံတစ်ခုခု ကြားရနိုးနားစွင့်ကြည့်သည်။ ပကတိတိတ်ဆိတ်နေသည်။ လူ့ခွစာကြီး အိပ်မောကျနေမှာ၊ သေးပေါက်ချင်ရင်တောင် အပြင်ဘက်မှာ အေးလွန်းလို့ အိမ်ထဲမှာပဲ ပေါက်မှာ။

ဦးမှုကြီး၏ ထရံကာသွပ်မိုးငါးခန်းပင်အိမ်ကြီးက အမှောင်ထုထဲ ကွယ်နေ ပို၍မှောင်မည်းသော သတ္တဝါကြီးသဏ္ဌာန်ဖြင့် တိုးထွက်နေဟန်မျိုးရှိသည်။ မြင့်အောင်သည် မြက်တောထဲမှာ ဒူးထောက်ထိုင်နေရာမှ အသာကလေးထရပ်လိုက်ပြီး အိမ်နောက်ဘက်သို့ တရွေ့ရွေ့ချဉ်းကပ်လာသည်။ ခြေသံလုံအောင် နှင်းသောအတတ်က အလိုအလျောက် တတ်ကျွမ်းပြီးသားဖြစ်ရာ မြက်ခြောက်တွေအပေါ် ဖိနင်းရာမှာပင် တကျွိကျွိ တကျွပ်ကျွပ်မြည်ရမည့် အစား အသံပျောက်နေသည်။ မြက်ခြောက်တွေမှာ နှင်းလည်းစိုအိနေသောကြောင့် အသံမမြည်ခြင်းလည်းဖြစ်မည်။

ဦးမှုကြီး၏ မီးဖိုဆောင်က အိမ်မကြီးနှင့် တွဲလျက်ရှိသော်လည်း မြေစိုက်နိမ့်နိမ့်ဝါးတဲကြီးသာဖြစ်သည်။ တံခါးမရှိ၊ ပြတင်းပေါက်မရှိမှန်း မြင့်အောင်သိထားရုံမျှမက မီဖိုဆောင်ထဲ သုံးလေးခေါက်ဝင်ပြီး လေ့လာထားဖူးသည်။ "ဖြစ်ကတတ်ဆန်း ချက်ပြုတ်စားတတ်တဲ့ လူမျိုးကြီး လူပျင်းပဲ" ဟု မြင့်အောင်ကျိတ်၍ သုံးသပ်ခဲ့ဖူးသည်။

သို့သော် မီးဖိုဆောင်က ယခုလို မလုံမခြုံနှင့် ပရမ်းပတာဖြစ်နေခြင်းကပင်လျှင် မြင့်အောင်၏ မဟာအခွင့်အရေး၊ ရွှေရောင်အခွင့်အလမ်းမဟုတ်ပါလေလား။ ကြည့်လိုက်ပါ၊ မီးဖိုဆောင်သို့ အိမ်ပြင်မှ ဝင်ရောက်နိုင်သည့် တံခါးမရှိသော ဝင်ပေါက်ဘေးမှာ ကြက်တင်းတောင်းစုတ်ကြီး။ ကြက်တင်းထဲမှာက သားပေါက်ခါစ ကြက်မကြီး။

သည်နယ်တစ်ဝိုက်မှာ ကြက်ခိုးအကျွမ်းကျင်ဆုံး သူခိုးကို စုံစမ်းလေ့လာကြည့်ပါက မြင့်အောင်ကလွဲ၍ အခြားဘယ်သူမျှ မရှိမှန်း သိရမည်။ ဘာကြောင့်နည်း။ သူ ကြက်ခိုးတတ်မှန်း (သူ့မယား မိသန်းကလွဲ၍) ဘယ်သူမျှ မသိကြခြင်း၊ ဘယ်သူကမျှလည်း သင်္ကာမကင်း မရှိခဲ့သောကြောင့်ပါတည်း။

တစ်ပိုနှစ်အတွင်း ဦးမှုကြီး၏ အလေးချိန်တစ်ပိဿာနီးနီးရှိသော ကြက်မကြီးမှာ သားပေါက်ကလေးတွေနှင့်အတူ ကြက်တင်းတောင်းကြီးရွှေ့ယူရာသို့ တိတ်ဆိတ်စွာ လိုက်ပါလာသည်။ တောင်းကြီးကို မြင့်အောင်က ပုဆိုးစုတ်ကြီးဖြင့် ပတ်ပြီး ပခုံးတစ်ဖက်မှာ ထမ်းထားသည်။

ရွာပြင်တစ်နေရာရောက်တော့ ကြက်မကြီးကို ပုဆိုးစုတ်နှင့် ထုပ်ယူ၍ ကြက်တင်းနှင့် ကြက်ပေါက်စကလေးတွေကို နှင်းတောထဲမှာ ပေယျာလကန် စွန့်ပစ်ခဲ့သည်။ ကြက်ကလေးတွေက တကျီကျီ အော်ကြသည်။

"သတ္တဝါတစ်ခု ကံတစ်ခုပဲ ဟေ့၊ အော်ချင်သလောက် အော်ကြ၊ နင်တို့ အော်သံကို ရွာထဲက မကြားနိုင်ဘူး" ဟုပြောရင်း မြင့်အောင်က ကြက်မကြီးကို ပုဆိုးစုတ်ကြီးနှင့် ရစ်ထွေးပွေ့ပိုက်ကာ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။

နောက်တစ်နာရီခန့် ကြာသောအခါ မြင့်အောင်တို့အိမ်မှ မီးဖိုဆောင်ထဲမှာ မီးဖိုမှ မီး တရိပ်ရိပ်လက်နေသည်။ မီးဖိုဘေးမှ မိသန်းနှင့်ကလေးနှစ်ယောက်တို့ ခေါင်းစုတ်ဖွားတွေဖြင့် ငုတ်တုတ်ထိုင်နေကြသည်။ ဟင်းအိုးထဲမှ ရနံ့လှိုင်းက ပျံတက်လွင့်ပါးပြီး အိမ်ခန်းထဲဆီသို့ လိုမ့်ဝင်သွားသည်။ မြင့်အောင်၏ အိပ်ချင်မူးတူးသံ ပေါ်လာသည်။

"ခေါင်းကို ငါ့အတွက် ချန်ထား မိသန်း၊ ခေါင်းကို စားမပစ်ကြနဲ့"

ကြုံနှစ်



Asian Fame Media Group



ဝတ္ထုတိုရသ

Asian Fame Media Group



အချစ်ဆိုတာဘယ်လို အရာလဲ၊ မိုင်လို သိပ်သိချင်တယ်။ လူတစ်ယောက်ကို ချစ်မိတဲ့အရသာဟာ ဘယ်လိုမျိုးကြီးလဲ၊ တစ်ခါလောက် ခံစားကြည့်ချင်လိုက်တာ။ အချစ်နဲ့ပတ်သက်လို့ ဘယ်လိုအမိပ္ပာယ်ဖွင့်ရမလဲတောင် မသိသေးဘူး။ မချစ်ဖူးသေးတော့လည်း ကဲကဲသဲသဲ ချစ်ပြနေကြတဲ့သူတွေ တွေ့ရင် သိပ်အမြင်ကတ်တာပဲ။ အထူးသဖြင့် facebook ဖွင့်သုံးမိတဲ့ အချိန်မျိုးတွေဆို မိုင်လို့ သိပ်စိတ်ညစ်တယ်။ စိတ်ညစ်တယ်ဆိုတာထက် မျက်စိနောက်တာ။ အတွဲတွေလေ၊ အလကားနေရင်း ဓာတ်ပုံတွေ ရိုက်ရိုက်ပြီး တင်တင်နေကြလို့ပေါ့။ အထိမ်းအမှတ် တစ်ခုခုရှိလို့ ထူးထူးခြားခြားနေရာလေးတွေ သွားလည်လို့ အမှတ်တရဓာတ်ပုံ ရိုက်တင်တယ် ဆိုထားပါ။ ခုတော့ အားအားရှိ . . . ၊ ပုံစံတွေကိုလည်းကြည့်ပါဦး။ လက်ချင်းတွဲလိုက်၊ ခေါင်းချင်းပူးလိုက်၊ ရင်ချင်းအပ်လိုက်၊ ကျောကနေ သိုင်းဖက်လိုက်၊ အကျီဆင်တူတွေဝတ်ပြီး ဆင်တူပို့စ်တွေလုပ်လိုက်၊ နှုတ်ခမ်းစူကြ၊ မျက်မှောင်ရှုံ့ကြ၊ မျက်လုံးပြူးကြ၊ ပိစ်ပုံစံလက်နှစ်ချောင်းထောင်ကြ၊ မြက်ခင်းပေါ်မှောက်ကြ၊ အိပ်နေတဲ့ပုံ၊ ခုန်နေတဲ့ပုံ၊ သူတို့ကိုယ်သူတို့ ကိုရီးယားမင်းသား မင်းသမီးတွေများ ထင်မှတ်နေကြလားမသိ။ ကိုရီးယားရုပ်ရှင်တွေကြည့်ပြီး အဲဒီထဲကစတိုင်တွေအတိုင်း တစ်ထပ်တည်းလိုက်လုပ်လား လုပ်ရဲ့။ ယောကျ်ားလေးကျောပေါ် ပျော်ပျော်ကြီးတက်ခွစီးနေတဲ့ပုံတောင်ပါသေးရဲ့။ (ကိုရီးယားရုပ်ရှင်ထဲမှာက မိန်းကလေးက လမ်းမလျှောက်နိုင်လို့ ၊ ဒုက္ခကြုံလို့ အခြေအနေ အရကျန်းပိုးခေါ်ယူရတာ)။ မိုင်လိုတော့ သိပ်စိတ်ပျက်တာပဲ။ တချို့ဆို သိပ်ကြမ်းတဲ့ပုံတွေ ပါတင်တယ်။ ပါးချင်း မျက်နှာချင်းကပ်ရုံမကဘူး၊ နမ်းနေတဲ့ ပုံတွေပါတင်တာ။ (ကိုရီးယား ရုပ်ရှင်စာတန်းထိုးဘာသာစကားအရဆိုရင် အကြင်နာပေးတဲ့ပုံတွေပေါ့)။ လက်မထပ်ရသေးဘဲ နှစ်ဦးသား စိတ်တူကိုယ်တူ နေကြထိုင်ကြ၊ အပျော်သဘော ဗီဒီယိုတွေရိုက်ထားကြ၊

Asian Fame Media Group

သဘောထားမတိုက်ဆိုင် စိတ်ဆိုးလမ်းခွဲကြတော့ အဲဒီဇီဇီလို ဖိုင်တွေတင်ကြ၊ ပြဿနာတွေတက်ကြနဲ့။ ရှုပ်နေတာပဲ။ မိုင်လိုတော့ အဲလိုကြမ်းတမ်းတဲ့ပို့စ်နဲ့ ဓာတ်ပုံတွေဆို like လည်း မလုပ်ဘူး။ တစ်စုံတစ်ရာ comment လည်း ဝင်မပေးဘူး။ ဖျတ်ခနဲကြည့်မိတောင် အမြန်မျက်နှာလွှဲလိုက်တာပဲ၊

မေမေကလည်း ဒါတွေမကြိုက်ဘူး။ အခန်းထဲ မေမေ ဝင်လာချိန် မိုင်လို facebook သုံးနေတုန်း အဲဒီပုံတွေ မြင်သွားလို့ကတော့ မိုင်လို့ကို တတွတ်တွတ်နဲ့ ဆုံးမတော့တာပဲ။

"သမီးလည်း အရွယ်ရောက်နေပြီ ရည်းစားထားဖို့ မေမေမတားဘူး။ ဒါပေမဲ့ သမီးချစ်သူရလို့ အဲဒီချစ်သူကို ဘယ်လောက်ပဲယုံယုံ၊ အဲဒီလို ဓာတ်ပုံမျိုး ဘယ်တော့မှမရိုက်ဘူးလို့ မေမေ့ကိုကတိပေး။ ပြီး နှစ်ယောက်တည်း ဆိတ်ကွယ်ရာအရပ်ကို မသွားဖို့လည်း မေမေ့ကိုကတိပေး၊ ကံကြမ္မာဆိုတာ တွက်ဆလို့မရဘူး၊ ဒီလူကိုပဲ သမီးယူကိုယူမယ်လို့ ဘယ်လောက်ပဲ သန္နိဋ္ဌာန်ချထားချထား၊ မမြင်နိုင်တဲ့ ကံတရားတွေ ရှိသေးတယ်ကွဲ့၊ ဒါကြောင့် စည်းကမ်းလေးနဲ့ချစ်စေချင်တယ်၊ မိုင်လိုလေး မေမေ့ကိုကတိပေးနော်"

"သိပ်ပေးတာပေါ့ မေမေရဲ့"

မိုင်လိုကိုယ်တိုင်က ဒါမျိုးတွေ မကြိုက်တာပါ၊ မိုင်လို မတော်တဆ ရည်းစားရခဲ့ရင်တောင် ဓာတ်ပုံ နှစ်ယောက်တည်း တွဲမရိုက်ဘူးလို့ စဉ်းစားထားတယ်၊ အင်မတန်ရိုက်ချင်လွန်းလို့ ရိုက်မိရင်လည်း ကိုယ့်ဘာသာ တစ်ကိုယ်ရေသုံးတဲ့ ဖုန်းလေးထဲမှာပဲ သိုသိုဝှက်ဝှက်ထည့်ထားမယ်။ သတိရတိုင်း တိတ်တိတ်လေးဖွင့်ကြည့်မှာပေါ့။ facebook ပေါ်တော့ ဘယ်တော့မှမတင်ဘူး။ သူငယ်ချင်းတွေကတော့ မိုင်လိုစိတ်ကူးကို အမြဲပြက်ရယ်ပြုကြတယ်။

"ဓာတ်ပုံတွဲ ရိုက်တာပဲဟယ်၊ အသားမှမပါသွားတာ မှတ်လို့၊ ငါသာဆိုရင်လည်း ရိုက်မှာပဲ"

"ဒါဆို နင်အဲ့ဒီလူနဲ့မယူဖြစ်ဘဲ တခြားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီဆိုပါတော့ လင်ယောက်ျားရဲ့ စိတ်ထဲ အထင်မြင်သေးစရာကြီးဖြစ်သွားမှာပေါ့၊ ပူးပူးကပ်ကပ်ရိုက်ထားခဲ့တဲ့ ပုံတွေကိုကြည့်ပြီးလေ . . ."

"အထင်သေးရင် အစကတည်းက လာမယူနဲ့ပေါ့"

"ဟဲ့ နင်တို့ဘာသိလို့လဲ၊ မရသေးခင်တော့ ဟုတ်ပြီဟုတ်ရဲ့နဲ့၊ ဒါဘာမှ မဆန်းသလိုအထာနဲ့၊ ရလည်းရသွားရော တစ်ချိန်ချိန် ပြဿနာတစ်စုံတစ်ရာ ပေါ်တာနဲ့၊ အဲဒီလို ပုံတွေက မျက်စောင်းထိုးစရာ source တွေဖြစ်လာမှာ၊ ငါနဲ့မရခင်တုန်းက အဲဒီလိုတွေ နေထိုင်ခဲ့တဲ့ မိန်းမဆိုပြီး . . ."

"မိုင်လိုရာ . . . လူနဲ့မလိုက်၊ ပုံစံနဲ့မလိုက် စကားလုံးရင့်ထော်ထော်ကြီးတွေ၊ အတွေးအိုအိုကြီးတွေနဲ့ တွေးပူမနေစမ်းပါနဲ့၊ ခုခေတ်ယောက်ျားလေးတွေက အမြင်ကျယ်လာပါပြီဟဲ့၊ ငါတော့ ရိုက်မှာပဲ"

"ဟုတ်တယ်ဟုတ်တယ် သူတို့လည်း တခြားတစ်ယောက်နဲ့ ဒါမျိုးတွေရှိခဲ့မှာပဲ၊ အဘိတ်ချင်းချေပစ်ရာပေါ့၊ တစ်ဖက်သတ်တော့ လာမလုပ်နဲ့ ဘာရမလဲ၊ အကြောင်းသိသွားမယ်၊ ငါသာဆိုရင်လည်း ရိုက်မှာပဲ ဒီလိုလေး ဒီလိုလေး"

ပြောင်ပြောဆိုဆို စိုးသီတာပေါ့။ မိုင်လို့ကိုသိုင်းဖက်ပြီး မျက်နှာချင်းပူးကပ်လာလို့ မိုင်လို စိတ်တိုတိုနဲ့ တွန်းလွှတ်ရသေးတယ်၊ ခေတ်ကဘာဖြစ်သွားပြီလဲနော်၊ မိုင်လိုလည်း မသိတော့ပါဘူး။ တကယ်ဆို မိုင်လိုလည်း ဒီခေတ်ထဲမှာ ကြီးပြင်းလာတဲ့ မိန်းကလေးပါ။ ခုမှ အသက်လေးကနှစ်ဆယ်ကျော်ရုံ၊ ပြီးတော့ မိုင်လို ဖေဖေ မေမေကလည်း ရှေးကျသူတွေ မဟုတ်ဘူး၊ မေမေဆို ဖေဖေနဲ့ ညစာစားပွဲတွေတက်ပြီဆိုရင် ဂါဝန်ကလေးနဲ့တကယ့်အပျံစား။ ဘောင်းဘီတွေ၊ စကတ်တွေတောင် ဝတ်လေ့ရှိတာပဲ။ ပေါ့ပါးလွတ်လပ်တဲ့စတိုင်မျိုး အခြေအနေ အချိန်အခါအရ လူတိုင်းဝတ်ခွင့် ရှိပေမယ့် နေရာတိုင်း ပေါ့ပါးလွတ်လပ်ပြီး စိတ်ယဉ်ကျေးမှုစည်းဝိုင်း အပြင်ဘက် ခြေထွက်သွားတဲ့ အတွေးတွေ တော့ မြန်မာမိန်းကလေးတွေအနေနဲ့ မတွေးသင့်ဘူးလို့ မိုင်လိုထင်တယ်။

ဝတ်စားဆင်ယင်မှုနဲ့ ပတ်သက်ပြီးပြောရရင် မိုင်လိုတို့ ခရစ်ယာန် မိန်းကလေးတွေဆို အနေအထိုင် အပြောအဆို လွတ်လပ်ပွင့်လင်းလွန်းကြတယ်လို့ လူတော်တော်များများ က သတ်မှတ်တတ်ကြတယ်။ ဒါကလည်း ဗုဒ္ဓဘာသာဝင် အမျိုးသမီးလေးတွေဆို ဘုရားရင်ပြင်ပေါ်ကို ဘောင်းဘီ၊ စကတ် ဝတ်မလာရဆိုတဲ့ စည်းကမ်းမျိုး တိုင်းပြည်မှာကိုက တရားဝင် ချမှတ်ထားတာကိုး။ မိုင်လိုတို့ ခရစ်ယာန်ဘုရားကျောင်းတွေမှာတော့ ဘုရားဝတ်ပြုလာတယ်ဆိုပေမယ့် ဘောင်းဘီ၊ စကတ်တွေ ဘာပဲဝတ်ဝတ် ဝတ်လာနိုင်တယ်လေ။ ဒါကြောင့် ခရစ်ယာန်တွေဆို အနောက်တိုင်းဆန်တယ်၊ မြန်မာမဆန်ဘူးလို့ သိမ်းကျုံးပြောဆိုခံရတတ်တယ်။ မိုင်လို့ မေမေဆိုရှေးဝယ်ထွက်ရင်၊ ဖေဖေနဲ့ အပြင်သွားရင် ဘောင်းဘီတွေ၊ စကတ်တွေ ဝတ်လေ့ရှိပေမယ့် ဘုရားကျောင်းတက်ရင် အမြဲပဲ မြန်မာဆန်ဆန် အင်္ကျီလေးနဲ့ လုံချည်ပဲ ဝတ်လေ့ရှိတာပါ။ ဖေဖေလည်း အလုပ်သွားရင်သာ ဘောင်းဘီတကားကားနဲ့ ဘုရားကျောင်းတက်ရင်တော့ အင်္ကျီဖြူနဲ့ပုဆိုးပဲ ဝတ်လေ့ရှိတာပါ။ မိုင်လို့ကိုတော့ မြန်မာဆန်ဆန်ဝတ်မှ ဘုရားကျောင်းတက်ရမယ်လို့ မတင်းကျပ်ပါဘူး၊ ဒါပေမဲ့ မိုင်လိုက ကိုယ့်အသိစိတ်နဲ့ကိုယ် ထိန်းချုပ်ဝတ်စားတတ်ပါတယ်။ ပြီးတော့ မိုင်လိုက ဘုရားကျောင်းမှာ ပင်တိုင်စန္ဒရားတီးသူဆိုတော့ pianist တစ်ယောက်ရဲ့စတိုင် ကျနပေါ်လွင်အောင် ဂါဝန်ရှည်လေးတွေ၊ ဘောင်းဘီရှည်လေးတွေ လုံလုံခြုံခြုံပဲ ဝတ်ဖြစ်ပါတယ်။ ဟုတ်လည်းဟုတ်ပါတယ်။ ခုခေတ်ဘုရားကျောင်းတွေဟာ ကပွဲသဘင်တွေ ကျနေတာပဲ။ ယောက်ျားလေးတွေကလည်း ဟစ်ပ်ဟော့ပ်စတိုင် ဘောင်းဘီတိုပွပွ ခါးလျှောလျှောတွေနဲ့၊ ဂျင်းပင်ခွလျှောကြီးတွေနဲ့။ မိန်းကလေးတွေဆိုရင်လည်း ခုနောက်ပိုင်း ပိုဆိုးလာတယ်။ ပေါင်ပေါ်ရုံမက တိုလွန်းတဲ့စကတ်တွေ ဝတ်သူတောင်ရှိလာတယ်။ မိုင်လိုတို့ရဲ့ ဘုန်းတော်ကြီးက ဒါကို လက်မခံပါဘူး။ ဘုရားကျောင်းလာရင် အမျိုးသားတွေကို ဂျင်းဘောင်းဘီဝတ်တာ ခွင့်မပြုကြောင်း၊ hip hop style ခွင့်မပြုကြောင်း၊ အမျိုးသမီးတွေ ဒူးပေါ်၊ ရင်သားပေါ်တဲ့ လျှပ်ပေါ်လော်လီဝတ်စားဆင်ယင်မှုတွေ ဘုရားကျောင်းမှာ ခွင့်မပြုကြောင်း welcome and announcement time မှာ ကြေညာလေ့ရှိပါတယ်။ ဘာသာတရားနဲ့ အဝတ်အစားအကြောင်း ရောက်သွားတာနဲ့ပဲ အချစ်အကြောင်း ဘယ်ရောက်သွားပါလိမ့် . . . ၊

ဪ . . . ပြီးတော့ မေမေက ပြောသေးတယ်ရှင့်။ "မိုင်လိုလေး စိတ်ထဲ ဘယ်သူ့ကို ကြွေနေတယ်ဆိုတာ မေမေပဲ အရင်ဆုံးသိပါရစေ" တဲ့၊

ဒါကို သူငယ်ချင်းတွေကို ပြောပြတော့ "ဟယ် ဘယ်ဖြစ်မလဲ၊ ငါတို့ကိုပဲ အရင်ဆုံးအသိပေးရမယ်" တဲ့၊ စိုးသီတာဆိုတဲ့ အကဲမလေးကတော့ "ဟဲ့ နင့်အမေက မိုက်တယ်၊ မော်ဒန်မားသားပဲ" တဲ့၊ ဇင်မေကတော့ "အချစ်ရေးကိစ္စ မားသားတွေ မသိတာပဲ ကောင်းပါတယ်၊ သွားမပြောလေနဲ့" တဲ့။

♦

ခုတလော မိုင်လို တစ်မျိုးကြီးခံစားနေရတယ်။ ဘယ်လို ခံစားချက်ကြီးလဲဆိုတာ ပြောပြလို့တောင် မတတ်ဘူး။ Blacksheep Black ဆိုတဲ့နာမည်နဲ့ account တစ်ခုကို facebook ဖွင့်တိုင်း မကြည့်ဘဲ မနေနိုင်အောင် ဖြစ်ဖြစ်နေလို့ ပေါ့။ ဘလက်(ခ်)ရှိ(ပ်)ဘလက်(ခ်)ဆိုတော့ အနက်ရောင် သိုးမည်းလေးပေါ့။ တကယ်ပဲ သူက ဘုရားသခင်နဲ့ ဘုရားကျောင်းနဲ့ဝေးနေတဲ့ သိုးမည်းလေးလား။ ဒီနာမည်ကြောင့်ပဲ ထူးခြားသလိုဖြစ်ပြီး မိုင်လို စိတ်တွေ တိမ်းညွှတ်နေမိတာလား၊ မပြောတတ်တော့ပါဘူးရှင်။ တစ်နေ့တစ်နေ့ သူဘာ status အသစ်များ တင်ထားမလဲ၊ စိတ်ဝင်တစားကြီး စောင့် စောင့်ကြည့်လိုက်ရတာ။ သူ့ရဲ့ profile picture ကလည်း လေးထောင့်ကွက် အနက်ရောင် ဝိုက်ဝိုက်ကြီး။ နာမည်နဲ့ လိုက်ပဲ့။

Asian Fame Media Group
MEDIA GROUP

**သမီးလည်းအရွယ်ရောက်နေပြီ၊ ရည်းစားထားဖို့ မေမေမတားဘူး။ဒါပေမဲ့သမီးချစ်သူရလို့ အဲဒီချစ်သူ ကို ဘယ်လောက်ပဲယုံယုံ၊ အဲဒီလိုဓာတ်ပုံမျိုး ဘယ်တော့မှ မရိုက်ဘူးလို့ မေမေ့ကို ကတိပေး။ ပြီး နှစ်ယောက်တည်းဆိတ်ကွယ်ရာအရပ်ကို မသွားဖို့လည်း မေမေ့ကိုကတိပေး။**

Live in Singapore လို့တော့ တွေ့တယ်။ စင်ကာပူမှာ အလုပ်လုပ်နေပုံရပါတယ်။ မိုင်လို သဘောကျတာက သူက facebook style လို့ ပြောရမလား၊ facebook idiom လို့ပဲ ပြောရမလား လူအများစုရေးလေ့ရှိတဲ့ မပီကလာ အသံထွက်စကားလုံးတွေ၊ ဘယ်တော့မှ မရေးဘူးရှင့်။ သူက ကဗျာလိုလို စာအပိုင်းအစလေးတွေပဲ တင်လေ့ရှိတယ်။ မိုင်လို မြင်ရသလောက် သူ့ comment တွေမှာ စည်းလွတ်ဝါးလွတ် ရွတ်နောက်နောက် စကားလုံးတွေ မပါဘူး။ facebook ပေါ်က လူအများစုလို ဓာတ်ပုံတွေဖောဖောသီသီ တင်လေ့မရှိဘူး။ တစ်ခါတစ်ခါ 'ဘော်ဒါတွေနဲ့ပျော်ချာ' လို့ စာတန်းလေးတွေနဲ့ လေးငါးယောက် အဖွဲ့လိုက်ပုံတွေ တင်လေ့ရှိပေမယ့် ဒီလေးငါးယောက်ထဲမှာ ဘယ်သူက 'သူ'လဲ။ မိုင်လို ဘယ်လိုလုပ်သိမှာလဲနော်။ သူ့ statusတွေ like လုပ်သူကလည်း အများဆုံးရှိလှ ၁၀ ယောက်ကျော်လောက်ပါပဲ။ သူ့ post မှာ တခြားလူတွေလို comment တွေလည်း ခပ်များများ မတွေ့ရတတ်ပါဘူး။

သူနဲ့ friend ဖြစ်နေခဲ့ပေမယ့် ဘယ်က ဘယ်လို friend ဖြစ်သွားတယ်လို့ အတိအကျတော့ မမှတ်မိခဲ့ဘူး။ တကယ်ဆို မိုင်လိုက တစ်ဖက်က လာ addလုပ်ရင်တောင်မှ confirm လုပ်ဖို့ကို တော်တော်အချိန်ယူလေ့ရှိတာပါ။ အရင်ဆုံး တစ်ဖက်လူကို လက်မခံခင် သူ့account ကို အရင်မွှေကြည့်လေ့ရှိတယ်။ အဲဒီမှာ လူပုံတိတိကျကျ၊ အလုပ်အကိုင်၊ နေရပ်၊ မွေးနေ့သက္ကရာဇ် အဲလို အခြေခံ အချက်အလက်လေးတွေ အကြမ်းဖျင်းတင်ထားမှ သာ ရွေးချယ်စိစစ်ပြီး လက်ခံတာ။ ထင်ရှားကျော်ကြားတဲ့ celebritiy တစ်ယောက် ယောက်ဓာတ်ပုံမျိုး၊ ဒါမှမဟုတ် ဟိုပုံဒီပုံ လျှောက်တင်ထားတာမျိုးဆို လက်ခံလေ့မရှိပါဘူး။ သူ့လို profile မှာလည်း လူပုံမရှိ၊ အခြေခံအချက်အလက်တွေလည်း ဟုတ်တိပတ်တိမရှိတဲ့ လူတစ်ယောက်ကို ဘယ်တုန်းက ဘယ်လိုလက်ခံမိထားပါလိမ့်။ မိုင်လို မမှတ်မိဘူးဖြစ်နေတယ်။ တစ်ယောက်ယောက်ရဲ့ post အောက်မှာ comment ပေးရင်းနဲ့ များ Blacksheep Black ဆိုတဲ့ အမည်ကို မျက်စိက ရင်းနှီးသွားပြီး အမှတ်တမဲ့ add လုပ်လိုက်မိသလားပဲ။ တစ်ခါ ပန်းချီဆရာတစ်ယောက် တင်ထားတဲ့ nude ပန်းချီကားတစ်ကားနဲ့ပတ်သက်ပြီး comment တွေ အလုအယက် ဝေဖန်ရေးနေကြတာ တော့ မှတ်မိတယ်။

Milo ; how about BSB ?...

Blacksheep Black ; နားမလည်ဘူးဗျ၊ ဘယ်က Back Street Boys က ပါလာတာလဲဗျ. . .

Milo ; ohh...what a poor guy ...don't u recognize ur name?.. I mean BSB is Blacksheep Black...u know?

မိုင်လိုက အပေါ်က သူ့ comment ကို ရည်ရွယ် နောက်ပိုက်တာ၊ သူက မြန်မာလို ပြန်ရေးတယ်။ အမှန်က သူ ရှုးချင်ယောင်ဆောင်တာပါ။ အဲဒီလို အပြန်အလှန် ပြောဖူးတာလေးတော့ မိုင်လို ကောင်းကောင်းမှတ်မိနေတယ်။ သူ့ကို သတိထားမိချိန်မှာ သူက မိုင်လို့ရဲ့ friend list ထဲ ဟန်ကျပန်ကျ ရောက်နှင့်နေခဲ့ပြီ။ သူက ဝင်ရေးဝင်ပြောတိုင်း စကားလုံးအဆုံးမှာ ဗျ. . . ဗျ လို့ တည့်တည့်ရေးတတ်တာ မိုင်လို သတိထားမိတယ်။ ပြီးတော့ သူ့အကျင့်တစ်ခုက ကိစ္စတစ်ခုကို အခြေတည်ပြီး ပြော၊ ဆို၊ ငြင်းခုံပြီဆို ဘယ်တော့မှ ဆုံးခန်းတိုင်အောင် ဝင်မဆွေးနွေးတော့ဘူး။ ဘယ်လောက်ပဲ သူ့ကို တိုက်ရိုက်ဦးတည် မေးခွန်းထုတ်စေဦး တော့ ရှုးချင်ယောင်ဆောင်ပြီး လစ်လစ်ထွက်သွားတတ်တာပဲ။ မိုင်လိုကတော့ မရဘူး။ ဖွဲ့ကောင်းကောင်းနဲ့ မနိုင်မချင်း ဆုံးခန်းတိုင်အောင် ပြောလေ့ရှိတယ်။

သူက သိုသိုဝှက်ဝှက် တမင်နေတာလား ပင်ကိုအနေအေးလို့ပဲလား မသိပါဘူး။ သူ စင်ကာပူမှာ ဘာတွေလုပ်တယ်၊ ဘယ်လိုနေထိုင်တယ်၊ အဆင်ပြေမှု မပြေမှု ဘာဆိုဘာမှ မသိရတတ်ဘူး။ မိုင်လို ဘာအလုပ်လုပ်တယ်၊ ဘယ်လို အကျင့်ရှိတယ်ဆိုတာတော့ ခပ်များများကြီးကို သူက သိနေတတ်တယ်။ ဒါကလည်း သူက ပိုပိုကဲကဲ စပ်စုလို့မဟုတ်ပါဘူး။ မိုင်လိုကိုယ်တိုင်ကိုက မမေးလည်း ပြောပြောပြနေတတ်ခဲ့လို့ပါ။ ပြီးတော့ မိုင်လိုက အခြား user တွေလို ကိုယ့်ပုံကိုယ် စွပ်ကာယ်စွပ်ကာယ် မတင်ဖြစ်ပေမဲ့ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံလေးတွေတော့ တင်တင်ဖြစ်တယ်လေ။ ဒီတော့ ဘယ်မှာလဲ၊ ဘာလုပ်တာလဲ၊ သူ့ဘက်က မေးလာရင်း မေးလာရင်းနဲ့ မိုင်လို့ဘက်က ပြောစရာ အကြောင်းအရာတွေ အလိုအလျောက် ရှိရှိသွားတဲ့ သဘောပေါ့။ မိုင်လို တင်ထားတဲ့ ဓာတ်ပုံတချို့ကို ကြည့်ပြီး မိုင်လိုက တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းတက်လေ့ရှိတဲ့ ခရစ်ယာန်မလေးဆိုတာ သူ သိသွားပေမယ့် ခုချိန်ထိ သူ ဘယ်ဘာသာ ကိုးကွယ်တယ်ဆိုတာ မသိရသေးဘူး။ မိုင်လိုကိုယ်တိုင်က စိတ်ဝင်တစားမရှိတာလည်း ပါပါတယ်။ အွန်လိုင်းပေါ်မှာ မိတ်ဆွေအချင်းချင်း ပေါင်းသင်းဆက်ဆံရာမှာ ဘာသာတရား ကိုးကွယ်ယုံကြည်မှုဆိုတာတွေ လိုလို့လား၊ ဟင့်အင်း၊ မိုင်လိုကတော့ ဒါတွေ တစ်ခါမှ ထည့်မစဉ်းစားဖြစ်ပါဘူး။ ဘာသာမတူရင် chatting မလုပ်ရတော့ဘူးလား၊ ဘာသာမတူရင် like မလုပ်ရတော့ဘူးလား။

မိမိကိုးကွယ်တဲ့ ဘာသာတရားကမှ တစ်ခုတည်းသော အစစ်အမှန်တရားလို့ မိုင်လိုတစ်ခါမှ မရေးသားဖူးပါဘူး။ မေမေကလည်း မိုင်လို့ကို အမြဲမှာတယ်ရှင့်။

“ဘာသာရေး၊ နိုင်ငံရေး post တွေမှာ သွားပြီး ဝေဖန်၊ ပြောဆို၊ ငြင်းခုံတာမျိုးတွေ လျှောက်မလုပ်နဲ့နော် မိုင်လိုလေးရေ” တဲ့။

မိုင်လိုတောင်မှ မေမေ့ကို ပြန်နောက်လိုက်ပါသေးတယ်။

“မပူနဲ့မေမေ စိတ်ချစိတ်ချ၊ မေမေ့သမီးက ငယ်သေးတဲ့ဟာ၊ အချစ်ရေးမှ အချစ်ရေးပဲ” လို့ပေါ့။ တကယ်တမ်း အချစ်ရေးခေါင်းစဉ်အောက်မှာလည်း မိုင်လို့မှာ ဘာမှ ဟုတ်တိပတ်တိ ဝင်ပြောနိုင်တာလည်း မရှိပါဘူး။ မိုင်လို့မှ မချစ်ဖူးသေးတဲ့ဟာ။ သူငယ်ချင်းတွေလို ထိထိရှရှ ခံစားချက်တွေလည်း တစ်ခါမှ မရေးတတ်ဖူးဘူး။ လှုပ်ရှားမှု ဓာတ်ပုံလေးတွေနဲ့ တချို့အနုပညာရေးရာလေးတွေမှာ နည်းနည်းပါးပါး ဝင်ရေးတာလောက်ပါပဲ။

တစ်နေ့က Mary Chapman School က နားမကြားတဲ့ကလေးတချို့ မိုင်လိုတို့ ဘုရားကျောင်းကို လာကြတယ်။ အစအဆုံး service အချိန်ကို သူတို့ကပဲ ဦးဆောင်ပြီး လုပ်တာ။ သီချင်းဆိုတာ၊ ဆုတောင်းတာအကုန် သူတို့ကပဲ ဦးဆောင်တယ်။ အဖွင့်ဆုတောင်းချိန်ကစပြီး နောက်ဆုံး အချိန်ထိ သူတို့ sign language နဲ့ အသံတိတ် လုပ်ဆောင်သွားတာကို ဆရာမ တစ်ယောက်က ထိုင်ကြည့်ပြီး မိုင်လိုတို့ လူသာမန်တွေ နားလည်အောင် တစ်ပြိုင်တည်း အသံထွက်ဖလှယ်ပြောပြပေးတာ။ အဲဒီလို ဘုရားကျောင်းက လှုပ်ရှားမှု ဓာတ်ပုံလေးတွေကို တင်ရင်းတင်ရင်းနဲ့ မိုင်လို ခရစ်ယာန်ဘာသာ ကိုးကွယ်တယ်ဆိုတာ သူ အလွယ်တကူ သိသွားခဲ့တာပါ။

တစ်ခါက သူ မေးဖူးတယ်။ ညနေအမှောင်ပျိုးစ အချိန်လေးမှာ ဆူးလေစေတီကို ရိုက်ထားတဲ့ ဓာတ်ပုံတစ်ပုံကို မိုင်လိုက like လည်း လုပ်ထားသလို comment လည်း သုံးခုတောင် ဝင်ရေးထားလို့ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး သူက လာမေးတာ။

Blacksheep Black : ပြောတော့

Asian Fame Media Group

ခင်ဗျားက ခရစ်ယာန်ဆို. . .

Milo : ဟုတ်တယ်လေ အဲဒါဘာဖြစ်လဲ။

Blacksheep Black : ဆူးလေဘုရားကို လိုက်ခ်လုပ်တာ တွေ့လို့။

Milo : ဟင် like ခွင့်မရှိဘူး လား။

Blacksheep Black : မဟုတ်ပါဘူး အံ့ဩသွားလို့ပါ။

Milo : I love n admire the image of Sule pagoda. looks like a painting. make me surprise. make me cool...n then...

ထုံးစံအတိုင်းပဲ ဆုံးခန်းတိုင်အောင် မပြောဘဲ သူ လစ်ထွက်သွားခဲ့တယ်။

Milo : hey...where r u..? r u there...? hey...

အဲဒီလို သူလစ်လစ်ထွက်သွားပြီဆို မိုင်လိုစိတ်ထဲ လိပ်ခဲတည်းလည်းနဲ့ ကျန်ရစ်ခဲ့ရော။ နောက်နေ့ကျတော့ သူ မသိသလိုပုံစံနဲ့။ စကားဆုံးအောင် နားမထောင်တော့ဘဲ လစ်ထွက်သွားခဲ့လို့ စိတ်ဆိုးကြောင်း ပြလိုက်ဦးမယ် စိတ်ကူးထားပေမယ့် "ဘာလုပ်နေလဲဗျ" ဆိုပြီး သူပေါ်လာရင် မိုင်လို အရည်ပျော်သွား တော့တာပါပဲရှင်။

တစ်နေ့က ဘုရားကျောင်းမှာ မိုင်လို piano prelude တီးနေတုန်း choir member တစ်ယောက်က သူ့ ဖုန်းနဲ့ အမှတ်တမဲ့ လာရိုက်ပေးတဲ့ပုံလေး ရခဲ့တယ်။ စန္ဒရားပေါ်မှာ အလှထိုးတင်ထားတဲ့ ပန်းလေးတွေက အနီရောင်၊ မိုင်လိုဝတ်ထားတဲ့ အကျႌက အနီပွင့်လေးတွေနဲ့ match ဖြစ်ပြီး သဘောကျသွားလို့ အဲဒီ တစ်ယောက်ဆီက zapyae နဲ့ လှမ်းယူပြီး facebook မှာ လှုပ်ုံ မတင်စဖူး တင်လိုက်တယ်။ အဲဒီပုံအောက်မှာ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် စနောက်နောက် ဝင်ရေးလာကြတာပေါ့။

Hnin Pon: စန္ဒရားပေါ် ကြွက်ဖြတ်လျှောက်သွားခြင်း

Db Lane : တကယ်တီးတတ်လို့လား. . .

Aphyu Young: စန္ဒရား ခလုတ်ပေါ် လက်တင်ရိုက်ထားတာမို့လား။

စုံနေတာပဲ။ အဲဒီမှာ သူက မိုင်လို့ဘက်ကနေ စစ်ကူ တိုက်ပေးခဲ့တယ်။

Blacksheep Black : လက်ချောင်းတွေက key F ကို ကျကျနန ကိုင်ထားတာဗျ. . . တကယ်တီးတတ်ပုံရပါတယ်ဗျ


ဒါနဲ့ သူ ဂီတကို နားလည်ပုံပဲလို့ တွက်ဆလိုက်ပြီး စန္ဒရားတီးတတ်လား၊ ဂစ်တာတီးတတ်လား မေးပေမယ့် တိတိပပ မဖြေခဲ့ဘူး။ မိုင်လိုက ဘုရားကျောင်းမှာ ပင်တိုင်စန္ဒရားတီးတယ်ဆိုတာရယ်၊ MMS ကျောင်းမှာ ကလေးတွေကို သီချင်း သင်ပေးနေတဲ့ part time music teacher ဖြစ်တယ်ဆိုတာရယ် ဆိုတာတော့ အဲဒီနေ့က သူသိသွားခဲ့တယ်။

တဖြည်းဖြည်းနဲ့ မိုင်လိုတော့ အခက်တွေ့ရပြီ။ အရင်က တနင်္ဂနွေဆို သိပ်ပျော်ခဲ့တာလေ။ အခု အပျော်နည်းနည်း လျော့နေခဲ့တယ်။ ဘာလို့ဆို ဘုရားကျောင်းထဲမှာက ဝတ်ပြုနေချိန် လက်ကိုင်ဖုန်းတွေ ပိတ်ထားရတာကိုး။ တချို့ မိန်းကလေးတွေကတော့ ဖုန်းကို အသံကိုသာ silent လုပ်ထားပြီး ခုံတန်းရှည်မှာ အသာလေး ဖက်ပုထိုင်ရင်း တိတ်တိတ်လေး အင်တာနက် ခိုးသုံးနေတတ်ကြတယ်။ မိုင်လို့အထင်လည်း ဖြစ်ချင်ဖြစ်မှာပါ၊ ခုခေတ်က အိုင်တီခေတ်ဆိုတော့ လက်ကိုင်ဖုန်းထဲမှာလည်း Myanmar Bible ဆိုပြီး ကျမ်းစာတွေ မြန်မာလို ထည့်ထားနိုင်တယ်ဆိုတော့ ခေါင်းငုံ့ပြီး ကျမ်းချက်တွေလိုက်ဖတ်နေတာလည်း ဖြစ်နိုင်တာပါပဲရှင်။ မိုင်လိုလည်း ငယ်ရွယ်တဲ့ မိန်းကလေးပီပီ အင်တာနက်လေး ခိုးသုံးချင်မိတယ်။ ခက်တာက မိုင်လိုက စန္ဒရားခုံမှာထိုင်ပြီး လက်နှစ်ဖက်က တီးနေရတာလေ။ ဆရာတော်တစ်ပါးပါး တရားဒေသနာ ဟောကြားနေချိန်မှာ တချို့ မိန်းကလေးတွေလို ကျိတ်ခိုးသုံးဖို့လည်း မလွယ်လှဘူး။ မိုင်လိုထိုင်ရတဲ့ စန္ဒရားခုံက လူမြင်ကွင်းရှေ့ဆုံးမှာ ထီးထီးကြီးလေ။ ဘုရားကျောင်းထဲမှာရှိနေချိန်ဆို သူနဲ့ စိတ်ထဲကွဲကွာခြားနေသလိုပဲ ခံစားရတယ်။ ဘုရားကျောင်းဆင်းမှပဲ မိုင်လို အပြေးအလွှားနဲ့ အင်တာနက် ဝင်ကြည့်ရတယ်။ ဘုရားသခင်. . . မိုင်လို့ကို သူ့လို သိုးမည်းလေးဖြစ်အောင် ဆာတန် ဝင်နှောင့်ယှက်နေပြီလား။

ဘာဖြစ်လို့ facebook ဖွင့်ကြည့်ဖို့ကို စိတ်တွေ ယောက်ယက်ခတ်နေမိတာပါလိမ့်။ သေချာပါပြီ၊ အဲဒါ သူနဲ့ တွေ့ချင်လို့ပါ။ သူနဲ့ စကားမပြောဖြစ်တဲ့နေ့ဆို၊ မိုင်လို့ရင်ထဲ ဟာတာတာနဲ့ ဘယ်လိုကြီးဖြစ်နေမှန်းမသိပါဘူး။ တခြား ဘယ်သူ့ status မှမဖတ်အား၊ တခြား ဘယ်သူ့ကိုမှ like မလုပ်အား Blacksheep Black နံရံကိုပဲ အပြေးအလွှား တက်တက်ကြည့်နေမိတာ။ အဲဒါ မိုင်လို သူ့ကို ကြွေနေတာလား။ မေမေ့ကို မိုင်လို အသိပေးရတော့မှာလား၊ မပေးဘဲ ထားတာကောင်းမလား။ ခက်တာက မေမေက 'ဘယ်သူလဲပြ' ဆိုရင် တောင် ပြစရာဓာတ်ပုံက လက်သည်းခွံ လောက်လေးတောင်မှ ရှိမနေတော့လည်း ခက်သား။

တစ်နေ့တော့ သူ့ နံရံမှာ ဓာတ်ပုံတစ်ပုံတက်နေတာ မိုင်လို မြင်တယ်။ ပုံက တော်တော်မှောင်နေတယ်။ မျက်နှာအနီးကပ်ပုံ၊ အသားမည်းလို့ပဲ တမင်မှောင်ချပြီး ရိုက်ထားတယ်လို့တောင် ထင်စရာကောင်းလှတယ်။ အိပ်ရာမှာ အိပ်လဲ့ချပြီး ကိုယ့်ဘာသာ ပြန်ရိုက်ထားတဲ့ပုံနဲ့ တူပါရဲ့၊ ဆံပင်တွေကလည်း အရှည်ကြီးဖွာကျနေပြီး မျက်နှာပေါ် တစ်ဝက်လောက်နီးနီး အုပ်ကျနေတယ်။ ဘုရားသခင် အဲဒါ သူလား၊ အခြားတစ်ယောက်လား။ ပုံအောက်ခြေက သူ့ friend တချို့ရဲ့ comment တွေ လိုက်ဖတ်ကြည့်ရင်းနဲ့ ဒါဟာ သူပဲ၊ သူ့ပုံ အစစ်ပဲလို့ မိုင်လို သိလိုက်ရတယ်။ အဲဒီမှာ

မေမေ့ကို မိုင်လို အသိပေးရတော့မှာလား၊ မပေးဘဲ ထားတာကောင်းမလား။ ခက်တာက မေမေက "ဘယ်သူလဲပြ" ဆိုရင် တောင် ပြစရာ ဓာတ်ပုံက လက်သည်းခွံ လောက်လေးတောင်မှ ရှိမနေတော့လည်း ခက်သား။



Asian Fame Media Group

မိုင်လို ရင်တွေ ပရမ်းပတာကြီးကို ခုန်လှုပ်နေတာ ခံစားသိလိုက်ရတယ်။ ဘာလို့အဲလို ဖြစ်ရတာလဲ။ ကွန်ပျူတာစခရင်ပေါ် မြင်လိုက်ရတာကို ဒီလောက်ပရမ်းပတာဖြစ်နေမယ်ဆိုရင်၊ တကယ်လို့ အပြင်မှာသာ အရှင်လတ်လတ်ကြီးများ သူ့ကို တွေ့လိုက်ရရင်ရအဲဒီလို တွေးမိလိုက်ရုံနဲ့ တိတ်တခိုး ခုန်နေတဲ့ရင်က အတိုင်းအဆမရှိ ပြောင်းဆန်ခုန်ပေါက် ကုန်တော့တာပါပဲရှင်၊

Milo : ဖိုးရိမ်မှတ်ရောက်နေပြီ BSB နေပူထဲထပ်မထွက်နဲ့

Blacksheep Black : မိုင်လိုကလည်းဗျာ

မည်းနေတဲ့ အသားကို စနောက်တဲ့ သဘောပြောလိုက်တာ။ အရင်က သူ တင်ထားခဲ့ဖူးတဲ့ အုပ်စုလိုက်ပုံ တွေပြန်ရှာ၊ အနီးကပ်ဆွဲယူကြည့်နဲ့ မိုင်လို အလုပ်တွေ ရှုပ်သွားခဲ့တော့တယ်။ အဲဒီနောက် သိပ်မကြာခင်မှာပဲ နောက်ထပ် ပုံတစ်ပုံ တွေ့ရပြန်တယ်။ ဒီတစ်ခါ တစ်ယောက်တည်း မဟုတ်ဘူး။ ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းနဲ့။ ဘယ်ကလာ. . . တွဲရိုက်ထားတာတော့ မဟုတ်ဘူးပေါ့၊ ဘက်ခမ်းက နံရံထက်က ပိုစတာထဲမှာရှင့်၊ သူက အဲဒီရှေ့မှာ ဘက်ခမ်းနဲ့အပြိုင် ဟန်ရေးပြနေတာ။ ဒီပုံမှာတော့ ရှေ့ကပုံလောက် အသားမမည်းတော့ဘူး။ သူ့ကိုယ်ပေါ်မှာ အကျႌဝတ်မထားဘူး၊ ဘေးတစ်စောင်း ကိုယ်တစ်ပိုင်းပုံ။ ကြွက်သားတချို့ ဖုထစ်မောက်ကြွနေတဲ့ ဘယ်ဘက်လက်မောင်းမှာ tattoo တွေ ခပ်များများတော့ ရှိတယ်။ ပုံကသေးလို့ ဘာတွေ ထိုးထားတယ်ဆိုတာ မိုင်လို မကြည့်တတ်ပါဘူး။ ပိုစတာထဲက ဘက်ခမ်းကလည်း tattoo တွေနဲ့။ ဒါကြောင့် ဒီပုံမှာ 'ဘက်ခမ်းနဲ့အပြိုင်' လို့ သူက စာတန်းထိုးတယ်။

"သမီး သူ့ကို ကြွေနေတာလား"

"အမလေး"

စိတ်တွေပင်ပန်းပြီး ခုတင်ပေါ်မှာ လက်ပ်တော့ပ် တစ်လုံးနဲ့ ကုန်းကြည့်နေတုန်း မေမေဝင်လာတာ၊ မသိလိုက်ဘူး။ ပတ်ဝန်းကျင်ကို သတိလစ်တင်းတဲ့အထိ မိုင်လို ဘာဖြစ်နေပါလိမ့်ရှင်။

"လန့်သွားလား မိုင်လိုလေး၊ မေမေရော ကြည့်လို့ရမလား"

မေမေက မိုင်လို့ဘေးနားလာထိုင်လို့ ရတယ်ဆိုတဲ့ သဘောနဲ့ လက်ပ်တော့ပ်လေး မေမေ့ဘက်ကို လှည့်ပြလိုက်တော့ မေမေက သူ့ဓာတ်ပုံကို ကြည့်ပြီး မျက်မှောင်ကုတ်သွားတယ်၊

"tattooတွေထိုးတာတော့ မေမေ သဘောမကျပါဘူး"

"ဘက်ခမ်းကျတော့ မေမေ ကြိုက်ပြီးတော့"

"ဘက်ခမ်းက ဘက်ခမ်းလေ"

မေမေသဘောကျပုံ မရလို့ထင်ပါရဲ့၊ အဲဒီနောက်ပိုင်း မိုင်လို သူ့ wall ပေါ် တက်မကြည့်ဖြစ်တော့ဘူး။ ပြီးတော့ ခရစ္စမတ်မှာ Cantata သီချင်းဆိုဖို့ Choir member တွေကို ဘုရားကျောင်းမှာ စန္ဒရားတီးပေးနေရတာနဲ့ မိုင်လို လည်း အင်တာနက်သိပ်မသုံးဖြစ်တော့ဘူး။ ညနေတိုင်း ၆နာရီမှာ စကျင့်တာ၊ ဘုရားကျောင်းက အိမ်နဲ့ဝေးလို့ ဖယ်ရီနဲ့ပြန်ပို့ပေးတာတောင် အိမ်ကို ညတိုင်း ၉ နာရီခွဲ ပြန်ရောက်တော့ ရေချိုးပြီးတာနဲ့ အိပ်ချင်လာရောပဲ။ ပြီးတော့ မိုင်လိုက လက်ဆစ်တွေနာတဲ့ ရောဂါရှိတယ်။ ဒီလို စန္ဒရားအကြာကြီး တီးပေးခဲ့ရပြီဆို အိမ်ရောက်ရင် လက်က ဘာမှ မတို့မထိချင်တော့ဘူး။ ဒါ အင်တာနက် မကြည့်ဖြစ်တာကို ရှောင်ရှားနေတဲ့ ဆင်ခြေလား။ မေမေ သဘောကျပုံ မရတဲ့ သူ့ကို ထပ်ထပ်တွေ့၊ ထပ်ထပ်စကားပြောချင်စိတ် ဖြစ်၊ သံယောဇဉ်တွေ ထပ်ထပ်တွယ်ရစ်မိသွားမှာ စိုးလို့ ကိုယ့်ကိုယ်ကိုယ် လှည့်စားနေတာလား။ မသိတော့ပါဘူးရှင်၊ သေချာတာက မိုင်လို အရင်လို မပျော်တော့ဘူး ဆိုတာပါပဲ။

ဒီနေ့တော့ မနေနိုင်တော့ဘူး။ မိုင်လို အင်တာနက် ဖွင့်ကြည့်တယ်။ သူနဲ့တည့်တည့်တိုးတယ်။

Black Sheep Back: ဘယ်ပျောက်နေတာလဲဗျ

Milo: ခရစ္စမတ်အတွက် Cantata သီချင်းတွေကျင့်နေလို့ မအားလို့ရှင့်



အတိုးချပြီးစကားတွေ အကြာကြီး ပြောဖြစ်သွားတယ်။ မိုင်လို စန္ဒရားတီးတာကို နားထောင်ချင်တယ်လို့ သူပြောတယ်။ ရုတ်တရက် သူက မြန်မာပြည်ပြန်လာမယ်တဲ့။ ဒိုး တကယ်လား၊ မိုင်လို အံ့ဩပျော်ရွှင်သွားတယ်။ ဘယ်တော့လဲ။ မနက်ဖြန်၊ ဘယ်အချိန်. . ။ ညနေ ၇ နာရီ။ ဖုန်းနံပါတ် တောင်းလို့ မိုင်လိုပေးလိုက်တယ်။ သူ့ဖုန်းပြန်တောင်းတော့ "ရောက်တာနဲ့ ကျွန်တော် ဆက်မှာပေါ့ဗျ" ကျွန်တော့်မှာ မြန်မာပြည်မှာ အရင်ဆုံးတွေ့ရမယ့် သူဆိုလို့ မိုင်လို တစ်ယောက်တည်း ရှိတာဗျ" တဲ့။

ဝိုး. . . မိုင်လိုပျော်လိုက်တာ။ မြန်မာပြည်မှာ အရင် ဆုံးတွေ့ရမယ့်သူ. . မြန်မာပြည်မှာအရင်ဆုံးတွေ့ရမယ့်သူ. . . အို . . စိတ်ထဲမှာ ရှက်ရှက်ကလေး ပျော်နေတယ်။ ချက်ချင်းပဲ စန္ဒရား အဖုံးကိုဖွင့် လူးလူးလိမ့်လိမ့် တီးပစ်လိုက်တယ်။ အကျယ်ကြီးပဲ။ ခက်တာက စန္ဒရားတီးတာ နားထောင်ချင်တယ် ပြောတယ်၊ စန္ဒရားက ဂစ်တာလို သယ်သွားလို့မရဘူး။ ဒါဖြင့် သူ့ကို အိမ်အလည်ခေါ်ရမှာပေါ့။ စန္ဒရား က မိုင်လို့အခန်းထဲမှာ၊ သူ့ကို မိုင်လို့ အခန်းထဲထိ ခေါ်ခဲ့ရမှာလား၊ ဒါဆို မေမေ့ကို အသိပေးမှရတော့မယ်၊ မေမေသိအောင် ဘုရားကျောင်းလာတက်ဖို့ခေါ်ပြီး ပရိသတ်ထဲ ထိုင်ခိုင်းထားပြီး နားထောင်ခိုင်းရ ကောင်းမလား။ ဒါဆို Hymn သီချင်းတွေပဲ ဖြစ်နေတော့မပေါ့၊ Love Song ဘယ်တီးပြလို့ ရမလဲ၊ အတွေးတွေနဲ့ တစ်ယောက်တည်း ယောက်ယက်ခတ်နေတယ်။

မိုင်လိုကသာ ယောက်ယက်ခတ်နေမိတာ၊ သူက အေးတိအေးစက်နိုင်နေခဲ့တယ်။ ည ၇နာရီ ရောက်ပေမဲ့ ဒီညရောက်ရောက်ချင်းတော့ မိုင်လို့ဆီ ဖုန်းဆက်နိုင်မှာမဟုတ်ဘူးလို့ မိုင်လို နားလည်ပါတယ်။ မိသားစုနဲ့ စကားတွေ ဆိုကြရဦးမယ်လေ။ နောက်နေ့မနက်တော့ ဖုန်းလာလိမ့်မယ်လို့ သေချာပေါက် တွက်ဆထားတယ်။ ဒါပေမဲ့ တစ်ရက် နှစ်ရက် သုံးရက်. . . အို ၁၀ ရက်တောင်ကျော်ခဲ့ပြီ၊ မိုင်လို့ကို သူ မဆက်သွယ်ခဲ့ပါဘူး။ မြန်မာပြည် ပြန်မလာဖြစ်သေးလို့ပဲ လား။ ဒါဆို လည်း လိုင်းပေါ်မှာ message တစ်ခုခုတော့ ချန် ပေး

Asian Fame Media Group

သင့်တာပေါ့။ အွန်လိုင်းပေါ်မှာလည်း သူ့ရဲ့လှုပ် ရှားမှုအသစ်တစ်စုံတစ်ရာ နောက်ထပ်မမြင်မိဘူး။ ဘယ်လိုမှ တွေးထင် မတတ်နိုင်တော့တဲ့ ခံစားမှုကြီးက ရင်ထဲမှာကိုးလိုးကန့်လန့်ကြီးခံနေတယ်။ သိပ်ဆိုးတဲ့ ခံစားချက်ကြီးပါရှင်၊

ဘာမှ မလုပ်ချင်ဖြစ်နေချိန်မှာ သူငယ်ချင်းစိုးသီတာက သူ့အစ်မဝမ်းကွဲရဲ့မင်္ဂလာဆောင်မှာ piano အစား ထိုးတီးပေးဖို့ အခု ညနေ ၃ နာရီ အရောက်လာပေးပါတဲ့။ wedding march မနေ့က rehearsal ကျင်းပထားသူက အချိန်နီးနေမှ ဒိုက်အောင့်လို့ ဘယ်လိုမှ မတီးနိုင်တော့လို့ပါတဲ့။ မိုင်လိုက wedding march တွေ ခဏခဏ တီးဖူးနေတော့ အထွေအထူးကျင့်စရာလည်းမလိုလို့ အကူအညီ တောင်းတာတဲ့။

"ခုတလော ငါဘယ်မှ မသွားချင်ဘူး"

'လုပ်ပါ မိုင်လို. . နင်သာ piano မတီးပေးရင် ငါ့အစ်မ မင်္ဂလာဆောင် ဟာတာတာနဲ့၊ သာသာယာယာဖြစ်မှာ မဟုတ်တော့ဘူး။ စီဒီချပ်ကြီးထိုး ဖွင့်ရတော့မယ့် ကိန်းဆိုက်ပြီ၊ ငါ့အစ်မ အရမ်းစိတ်ညစ်နေတယ်၊ လုပ်ပါဟယ်"

မျက်နှာနည်းနည်း ပါးပါးပြင်ဆင်၊ ဂါဝန်ဖြူအရှည်လေး အမြန်ကောက်လဲပြီး မိုင်လို အပြေးလာခဲ့တယ်။ ဗမာနွေလ ဘုရားကျောင်းကို။ မိုင်လိုရောက်တာနဲ့ အခမ်းအနားစတယ်။ ထုံးစံအတိုင်း သတို့သားသတို့သမီးကို ဆောင်ကြဉ်းဝင်လာချိန်မှာ ပရိသတ်အားလုံး မတ်တတ်ရပ် ကြိုဆိုကြတယ်၊ သတို့သမီးလေးလှနေလား၊ သတို့သားလေးချောရဲ့လား မိုင်လို စိတ်မဝင်စားပါဘူး။ စန္ဒရားခလုတ်တွေပေါ်မှာ ရိပ်ခနဲရိပ်ခနဲ ပေါ်ပေါ်လာနေတဲ့ သူ့မျက်နှာကို လွမ်းဆွတ်ဆွေးမော ရင်းတီးခတ်လိုက်တဲ့အခါ wedding march တေးသွားက ကြည်နူးစရာထက် ကြေကွဲစရာပို ကောင်းနေတော့တယ်။ လက်ထပ်ခြင်း အစီအစဉ်တွေအပြီး အကျွေးအမွေးအစီအစဉ်မကျူးခင် စိုးသီတာနဲ့အတူ မင်္ဂလာမောင်နှံက piano တီးပေးသူ မိုင်လိုကို အဦးဆုံးလာနှုတ်ဆက်ခဲ့တယ်။

အို. . . Blacksheep Black ဖျတ်ခနဲတွေ့ရုံနဲ့တောင် ချက်ချင်းမှတ်မိအောင် အလွတ်ရနေတဲ့ မျက်နှာတစ်ခု။ ကမ်းပါးစွန်းတစ်ခုကနေ ခြေချော်ပြုတ်ကျသွားသလို မိုင်လို့ ရင်တစ်ပြင်လုံး ဟာခနဲဖြစ်သွားတယ်။ ဒီနေရာကနေ ထွက်ပြေးချင်လိုက်တာ။ မျက်လုံးချင်းမဆုံမိအောင် ကြိုးစား ရှောင်တိမ်းလိုက်မိတယ်။

''သိပ်ကျေးဇူးတင်တာပဲ၊ မြန်းစားကြီး အကူအညီ တောင်းရတာရအားနာစရာ၊ ညီမလေးနာမည်က. . "

" မိုင်. . "

စိုးသီတာလက်ကို မိုင်လို ကုပ်ဆွဲရင်း ဝင်လုပြောလိုက်တယ်။

"မိုင်ခင်နှင်းဝေပါ အစ်မ၊ ရပါတယ်၊ မမျှော်လင့်ဘဲ ခုလို တီးပေးခွင့်ရတာ ဝမ်းသာပါတယ်"

အမြန်အလှန် လက်ချင်းဆက်လိုက်ကြရင်း သူမျက်နှာကို ခိုးကြည့်လိုက်ချိန်မှာ မျက်လုံးချင်းဆုံသွားတယ်။ သေချာပါတယ်၊ သူ မိုင်လို့ကို မမှတ်မိဘူး။ စန္ဒရားတီးနေတဲ့ ကောင်မလေးပုံ သေးသေးလေးပဲ အွန်လိုင်းမှာ မြင်ဖူးထားခဲ့တာကိုး။ အရာရာ ဝေဝါးလာတယ်။ ရုတ်တရက် ပြုတ်ကျချင်ချင်ဖြစ်လာတဲ့ မျက်ရည်တွေကြောင့် ကသောကမျော နှုတ်ဆက်ပြီး အိမ်ကို အပြေးပြန်ခဲ့တော့တယ်။ စိုးသီတာက စားပြီးမှ အတူပြန်ရမယ်လေ၊ လိုက်ပို့မယ်လေ လုပ်နေသေးတယ်၊

အိမ်ရောက်တာနဲ့ ဂါဝန်တောင်မချွတ်မိတော့ဘဲ အိပ်ရာထဲ လှဲလိမ့်ပြီး မိုင်လိုငိုမိတယ်။ ငိုလည်းငို ပြောလည်းပြောနဲ့ မေမေ့ကို ခုမှ အကုန်ပြောပြဖြစ်တယ်။

"ပြီးတော့ မိုင်လို့ကို သူမှတ်မိပုံမရဘူး၊ ကျွန်မ မိုင်လိုပါလို့ မိုင်လိုပြောမထွက်ခဲ့ဘူး၊ ပြောလိုက်ရင်တော့ သူကောင်းကောင်း သိမှာပါနော် မေမေ"

"မပြောခဲ့တာ ကောင်းတာပေါ့၊ မိုင်လိုလေး လုပ်တာ မှန်ပါတယ်ကွယ်"

"မိုင်လို စန္ဒရားတီးတာ သူနားထောင်ချင်တယ် ပြောဖူးတယ်၊ အခုသူနားထောင်လိုက်ရတယ်၊ သူ့ဆန္ဒအတိုင်း လုပ်ပေးခွင့်ရခဲ့လို့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ သူမသိတာ မိုင်လို အရမ်းဝမ်းနည်းတယ်. . . "

တတွတ်တွတ်နဲ့ မေမေ့ကို ရင်ဖွင့်ရင်း မျက်ရည်က ဗိုးဗိုးပေါက်ပေါက် ကျနေတော့တယ်။

"တစ်နေ့တော့ သိမှာပါ၊ ရှင်တို့မင်္ဂလာဆောင်တုန်းက wedding march အစားထိုးတီးပေးခဲ့တာ ကျွန်မပေါ့၊ ရှင်နဲ့အွန်လိုင်းပေါ်မှာ မိတ်ဆွေဖြစ်ခဲ့တဲ့ မိုင်လိုပေါ့" လို့ မေမေ့သမီးမိုင်လိုလေး ပြုံးပြုံးရယ်ရယ် ပြောနိုင်တဲ့နေ့ မကြာခင်ရောက်လာမှာပါ"

အရင်က မိုင်လိုငိုတိုင်း မငိုနဲ့ မိုင်လိုလေး တိတ် တိတ်လို့ အမြဲချော့ခဲ့တဲ့ မေမေဟာ အခု မိုင်လို့ကို လုံးဝမချော့ခဲ့ဘူး။ မိုင်လို့ကို ကျစ်ကျစ်ပါအောင် ပွေ့ဖက်ထားပြီး မေမေ ပြောတယ်။


"အင်းပေါ့၊ အင်းပေါ့ ငိုချင်စရာကောင်းတာကိုး၊ ငိုရမှာပေါ့။ ငိုပါငိုပါ မိုင်လိုလေးရယ်။ မေမေ မိုင်လိုလေးနဲ့ လိုက်ငိုပေးမယ်" တဲ့။ မျက်ရည်ရွှဲနစ်တဲ့ မျက်ဝန်းတွေနဲ့ မေမေ့ကို မော့ကြည့်မိတော့ မေမေ့မျက်လုံးအစွန်းမှာ မျက်ရည်လေးတစ်စ မိုင်လိုတွေ့တယ်။

ညကျတော့ မေမေက မိုင်လို ပူပူလေးတစ်ခွက် အခန်းထဲ ယူလာပေးတယ်။ ငိုချင်သေးလား ငိုပါတဲ့။ မေမေလည်း မိုင်လိုလေးနဲ့ အတူငိုပေးတယ်ဆိုတာ သတိရပါတဲ့ ပြီးတော့ ဒီမိုင်လို ကုန်အောင်သောက်ပြီး အိပ်ဖြစ်အောင်အိပ်ပါတဲ့၊ မိုင်လို့ဆံပင်လေးတွေ ကိုသပ်ပြီး မေမေက ပြောတယ်။

"မနက်ကျရင် မပြင်ရသေးတဲ့ Christmas Decoration တွေ မေမေတို့ အတူပြင်ကြရအောင်၊ ရင်ထဲမှာဘာတွေပဲဖြစ်ဖြစ်၊ အသည်းနှလုံးတွေ ဘယ်လိုပဲ ကျိုးပဲ့နေပါစေ သခင်ယေရှုကို သူမွေးနေ့တော်ရက်မြတ်မှာ အကောင်းဆုံး ကြိုဆိုဖို့က မေမေတို့ တာဝန်ပဲလေ"

စုမီအောင်

Asian Fame Media Group




# ရေရှား၍ အစာရှားလာနေပြီ

ကျော်ဦး

ကမ္ဘာ့ရေနံသိုက်များ ထုတ်ယူသည့် လျော့နည်းလာနေပြီဆိုသော သတင်းများကို ကြားရလျှင် လူတို့ စိုးရိမ်စိတ်များ ဖြစ်ကြသည်။ သို့သော် ရေနံသိုက်များ လျော့လာသောသတင်းထက် ပို၍ထိတ်လန့်ဖွယ်ကောင်းသည်မှာ ရေကောင်းရေသန့် ရှားပါးလာပြီဆိုသော သတင်းဖြစ်သည်။ ရေနံမရှိလျှင် အခြားလောင်စာတစ်မျိုးနှင့် အစားထိုးနိုင်သည်။ ရေ၏နေရာတွင် အစားထိုးနိုင်သော အရည်မရှိပေ။ ရေနံမရှိသော်လည်း အစားအစာများကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရေမရှိလျှင် မည်သည့်အစားအစာမှ ထွက်ပေါ်လာတော့မည် မဟုတ်ချေ။



Asian Fame Media Group



လူတစ်ဦး အသက်ရှင်သန်ဖို့အတွက် တစ်နေ့လျှင် ရေသုံးလီတာခန့် သောက်ဖို့လိုသည်။ တစ်နည်းဆိုရလျှင် ကမ္ဘာပေါ် ရှိ လူသားတစ်ဦးတိုင်းအတွက် ရေသုံးလီတာခန့် မဖြစ်မနေ လိုအပ်သည်။ သို့သော် လူသည် ရေသောက်ရုံသက်သက်ဖြင့် မရှင်သန်နိုင်ဘဲ အစာများကိုလည်း စားရသေးရာ လူအတွက် လိုသောရေကို တွက်ရာ၌ သောက်ရေအပြင် အစားအစာအမျိုးမျိုး ထုတ်လုပ်ရာတွင် လိုသောရေကိုပါ ထည့်တွက်ရသည်။ လူတစ်ယောက်စားသည့် အစာများအားလုံးကို စိုက်ပျိုးသည့်အဆင့်၊ ထုတ်လုပ်သည့်အဆင့်များတွင် သုံးသောရေကိုပါ တွက်ချက်လျှင် လီတာပေါင်း ၁၅၀၀ ခန့်လိုသည်ဟု ထွက်ပေါ်လာသည်။ သောက်ရေပမာဏ၏ အဆပေါင်း ၅၀၀ ခန့်မျှဖြစ်သည်။ အများအားဖြင့် လူတို့အတွက် ရေကိုစဉ်းစားရာတွင် သောက်ရေသက်သက်ကိုသာ စဉ်းစားကြ၍ မများလှဟု ယူဆရန်ရှိသော်လည်း အစားအစာအတွက် ကုန်ရသောရေကိုပါ တွက်လျှင် အတော်များလှသော ရေပမာဏကို လိုအပ်ကြောင်း သိရှိလာကြသည်။

အစားအစာအတွက် သီးနှံများကို ထုတ်လုပ်ရာ၌ စိုက်ခင်းများ၏ ၄၀ ရာခိုင်နှုန်းကို ဆည်မြောင်းစနစ်ဖြင့် ရေပေးသည်။ ကမ္ဘာတွင် ၁၉၅၀ ခုနှစ်၌ ဆည်မြောင်းရေသုံးစိုက်ခင်းက ၂၇၂ သန်းရှိရာမှ ၂၀၀၀ ခုနှစ်တွင် ဧကပေါင်း ၇၀၆ သန်းဖြစ်လာသည်။ နှစ်ပေါင်း ၅၀ အတွင်း သုံးဆတိုးလာခြင်းဖြစ်သည်။ ဆည်မြောင်းစနစ်အတွက် ရေများကို မြစ်ရေနှင့် မြေအောက်ရေများအပြင် ရေကာတာများဆောက်၍ ဆည်ရေကိုလည်း ရယူသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်မှစတင်ခဲ့သော မြစ်ချောင်းများကိုပိတ်၍ ရေကာတာတည်ဆောက်ခြင်းဖြစ်ပြီး ရေရယူခြင်းအလေ့အကျင့်သည် ၂၀ ရာစုနှောင်းပိုင်းရောက်သောအခါ ရေကာတာတည်ဆောက်နိုင်မည့် နေရာများဖွာ မကျန်တော့၍ ရေရရန် မြေအောက်ရေများဘက်သို့ လှည့်လာသည်။

မြေအောက်ရေကြောများတွင် ပြန်လည်ပြည့်တင်းနိုင်သောရေကြောနှင့် ပြန်မပြည့်နိုင်သောရေကြောဟူ၍ နှစ်မျိုးရှိသည်။ လူတို့က ထုတ်ယူသုံးစွဲခြင်း၊ မြေလွှာများထဲမှ ပြန်စီးထွက်လာကာ မြစ်ချောင်းအင်းအိုင်များထဲသို့ ပြန်ရောက်လာခြင်းစသဖြင့် ကုန်ခန်းသွားသော မြေအောက်ရေများ၏ နေရာသို့ မိုးရေ၊ မြေပေါ်ရေများ ပြန်လည်စိမ့်ဝင်လာ၍ ပြန်လည်ပြည့်တင်းနိုင်သော မြေအောက်ရေလွှာများ ရှိသကဲ့သို့ အချို့နေရာများတွင်မူ ရေများသည် အလွန်နက်ရှိုင်းသော နေရာများအထိ ရောက်ရှိပြီး

ရေနည်း၍
သီးနှံအထွက်
နည်းနေမှုကိုအသိသာဆုံး
တွေ့နေရသည်မှာ ဆော်ဒီ
အာရေဗျနိုင်ငံတွင်
ဖြစ်သည်။
ရေနံပေါ်ကြွယ်သော်လည်း
ရေဆင်းရဲသည့်
ဆော်ဒီတို့သည်....

နောက် ဘူမိမြေလွှာအနေအထားပြောင်းလဲသွားမှုကြောင့် မြေပေါ်ရေများ စိမ့်ဝင်ခြင်းမရှိတော့သည့် ရေလွှာများလည်း ရှိသည်။ ယင်းရေလွှာများထဲရှိရေသည် နှစ်ပေါင်းသိန်းသန်းချီမြေပေါ်နှင့် အဆက်ပြတ်ကာ သီးခြားတည်ရှိနေ၍ 'ရှင်ကြွင်းရေများ' ဟု တင်စားခေါ်ဝေါ်သည်။ အမေရိကန်အနောက်ပိုင်း အိုဂါလာလာ မြေအောက်ရေကြောနှင့် တရုတ်နိုင်ငံမြောက်ပိုင်း မြေအောက်ရေကြောတို့သည် ရှင်ကြွင်းရေများဖြစ်ကြသည်။

လူတို့အတုတ်လွန်မှုကြောင့်

Asian Fame Media Group
af MEDIA GROUP

မြေဆီလွှာ ပျက်စီးမှု၊ စိုက်ခင်းဇရိယာ ဆုံးရှုံးမှု၊ ရာသီဥတုပြောင်းလဲလာမှု တို့ကြောင့် သီးနှံထွက်အခြေအနေသည် ယိမ်းယိုင်လာလျက်ရှိရာ ပြန်လည်ထောင်မတ်လာအောင် ပြုလုပ်နိုင်မည့် အလားအလာကို မမြင်ရသေးချေ....



ပြန်ပြည့်နိုင်သော မြေအောက်ရေကြောများရော၊ ရှုပ်ကြွင်းရေများပါ လျင်မြန်စွာ လျော့နည်းလာနေသည်။ ကမ္ဘာ့လူဦးရေ ထက်ဝက်ကျော်နေထိုင်သည့် နိုင်ငံ ၁၈ နိုင်ငံတို့၏ မြေအောက်ရေပြင်သည် ကျဆင်းလာလျက် ရှိသည်။ ယင်းတို့ထဲတွင် တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ ဆော်ဒီအာရေဗျ၊ အီရန်၊ ပါကစ္စတန်၊ မက္ကဆီကိုစသည်တို့ ပါဝင်သည်။ ရေခန်းလာနေခြင်း၏ အကျိုးဆက်အဖြစ် သီးနှံအထွက်လည်း ကျဆင်းလာနေသည်။

ရေနည်း၍ သီးနှံအထွက်နည်းနေမှုကို အသိသာဆုံးတွေ့နေရသည်မှာ ဆော်ဒီအာရေဗျနိုင်ငံတွင် ဖြစ်သည်။ ရေနံပေါကြွယ်သော်လည်း ရေဆင်းရဲသည့် ဆော်ဒီတို့သည် မိမိတို့နှင့် သဘောချင်းမဖျသည့် နိုင်ငံကိုသို့ ရေနံတင်ပို့မှုကို သပိတ်မှောက်ပိတ်ပင်မှုကို ၁၉၇၅ ခုနှစ်က ပြုလုပ်ခဲ့ကြသည်။ ကိုကိုကျက်အောင်ပြီးနောက် ဆော်ဒီသည် မိမိကလုပ်သကဲ့သို့ အခြားနိုင်ငံများက မိမိတို့ထံသို့ သီးနှံမရောင်းဘဲ အကျပ်ကိုင်လာမည်ကို စိုးရိမ်၍ နိုင်ငံ၏မြေအောက်ရှိ ရှုပ်ကြွင်းရေများကို စုပ်ယူ၍ နိုင်ငံတွင်း သီးနှံဖူလုံရန် ကြိုးစားခဲ့ကြသည်။

ယင်းသို့အားထုတ်မှုကြောင့် ဆော်ဒီတို့သည် ဂျုံကို ပြည်ပမှ ဝယ်စရာမလိုဘဲ နိုင်ငံတွင်းစိုက်ခင်းများမှ ဖူလုံအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ နှစ်ပေါင်း ၂၀ ကျော်ကြာ ဂျုံထုတ်လုပ်နိုင်ခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ဆော်ဒီတို့သည် မြေအောက်ရေ ခန်းခြောက်လာသည်ကို သိရှိသွားကြသည်။ ယင်းနှစ်မှစ၍ဂျုံစိုက်မှုကို တစ်နှစ်လျှင် ၈ ပုံ ၁ ပုံလျော့ချပြီး ၂၀၁၆ ခုနှစ်တွင် ဂျုံထုတ်လုပ်မှုကို အပြီးရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ရသည်။ သို့ဖြင့် ဆော်ဒီသည် မြေအောက်ရေလျော့နည်းမှုကြောင့် စိုက်ခင်းပမာဏ လျှော့ချရပ်ဆိုင်းကြောင်း အများသိကြေညာသည့် ပထမဆုံးနိုင်ငံဖြစ်လာသည်။ ၂၀၁၆ ခုနှစ်မှစ၍ ဆော်ဒီသည် ဂျုံ ဆန်နှင့်ပြောင်း တန်ချိန် စုစုပေါင်း တန်ချိန် ၁၅ သန်း ဝယ်ယူတင်သွင်းရန် စီစဉ်ထားသည်။

လူဦးရေ ၂၂ သန်းနေထိုင်သော ဆီးရီးယားနိုင်ငံသည်လည်း မြေအောက်ရေများကို ပြန်ပြည့်နိုင်သည်ထက် ပို၍ထုတ်ယူနေသည်။ ဆီးရီးယား၏ သီးနှံထုတ်လုပ်မှုသည် ၂၀၀၂ ခုနှစ်တွင် အမြင့်ဆုံးသို့ရောက်ပြီး ကျဆင်းလာနေသဖြင့် သီးနှံများကို ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်။ အီရတ်နှင့်ယီမင်နိုင်ငံတို့သည်လည်း ဆော်ဒီနှင့် ဆီးရီးယားတို့ကဲ့သို့ အဖြစ်မျိုးကို ကြုံတွေ့နေရသည်။

ရေလျော့နည်းလာခြင်းအပြင် မြေဆီလွှာ ပျက်စီးမှု၊ စိုက်ခင်းဇရိယာ ဆုံးရှုံးမှု၊ ရာသီဥတုပြောင်းလဲလာမှု တို့ကြောင့် သီးနှံထွက်အခြေအနေသည် ယိမ်းယိုင်လာလျက်ရှိရာ ပြန်လည်ထောင်မတ်လာအောင် ပြုလုပ်နိုင်မည့် အလားအလာကို မမြင်ရသေးချေ။

ကမ္ဘာတွင် ရေကောင်းရေသန့် တစ်နေ့တခြား ရှားပါးလာခြင်း၏ အကျိုးဆက်တစ်ခုအဖြစ် သီးနှံအထွက်ပါ လိုက်နည်းလာနေသော သတင်းသည် လူသားတို့၏ ရေ့ရေးအတွက် စိုးရိမ်ဖွယ်ကောင်းသော သတင်းပင်ဖြစ်သည်။

ကျော်ဦး



Asian Fame Media Group



ဒေသစွဲအမည်များနှင့်

# ဆင်တူယိုးမှား ကျောက်မျက်များ



Asian Fame Media Group

သိန်းပိုင် (M.Engg.Geol)

အချို့ကျောက်မျက်များ၏ အမည်များမှာ တွင် ထွက်ရှိရာဒေသ၏ အမည်များကို အစွဲပြု၍ ခေါ်ဝေါ်ရောင်းချနေကြသော်လည်း ယင်းကျောက်မျက်များသည် အမှန်တကယ်အားဖြင့် ယင်းတို့ခေါ်ဝေါ်ရောင်းချနေသည့် ကျောက်မျက်အမည်အစစ်အမှန်များ မဟုတ်ကြဘဲ ယင်းကျောက်မျက်အစစ်များနှင့် ဆင်ဆင်တူသည့် ဆင်တူယိုးမှား တွင်းထွက်များသာ ဖြစ်ကြပါသည်။ ဥပမာအားဖြင့် ပတ္တမြားနှင့်နီလာတို့သည် ကိုရမ်ခမ် (Corundum) မျိုးရင်းဝင် ကျောက်မျက်များ ဖြစ်ကြပြီး အနီရောင်ဖြစ်ပါက ပတ္တမြားဟု ခေါ်ကြပြီး အပြာရောင်ဖြစ်ပါက နီလာဟုခေါ်ကြပါသည်။ သို့ပါသော်လည်း အပြာရောင်ကျောက်တိုင်းသည် နီလာမဟုတ်သလို နီလာကျောက်မျက်သည်လည်း အပြာရောင်တစ်ခုတည်းရှိသော ကျောက်မျက်မဟုတ်ပါ။ နီလာကျောက်သည် အရောင်မှုံမှုံသည် အဖြူရောင်၊ အဝါရောင်၊ အစိမ်းရောင်၊ ပန်းရောင်၊ မီးခိုးရောင်၊ ခရမ်းရောင်၊ အနက်ရောင်၊ မဲနယ်ရောင်၊ လိမ္မော်ရောင်၊ နို့နှစ်ရောင် စသည်ဖြင့် အရောင်စုံ နီးပါးရှိသော ကျောက်မျက်လည်း ဖြစ်ပါသည်။ ပတ္တမြား၊ နီလာ၊ မြ၊ စိန်၊ ကျောက်စိမ်းစသည်တို့သည် တန်ဖိုးကြီး ကျောက်မျက်များဖြစ်သည့်အားလျော်စွာ ယင်းတန်ဖိုးကြီး ကျောက်မျက်များနှင့် ခပ်ဆင်ဆင်တူသော အခြားကျောက်မျက်များကိုလည်း ဈေးကောင်းရရှိရန် ရည်ရွယ်၍ ဒေသစွဲအမည်များဖြင့် တန်ဖိုးကြီးကျောက်မျက်တို့၏အမည်များကို တွဲဖက်၍ ဝယ်ယူသူအား ထင်ယောင်ထင်မှား ဖြစ်စေခြင်းအလို့ငှာ ပြောဆိုရောင်းချလေ့ရှိကြပါသည်။

သို့ပါ၍ ကျောက်မျက်ဝယ်ယူဝတ်ဆင်သူများ အဝယ်မမှားစေရန်နှင့် ကျောက်မျက်ရတနာများကို စိတ်ဝင်စားချစ်မြတ်နိုးသူများအတွက် ဗဟုသုတရရှိစေခြင်းအကျိုးငှာ ဒေသစွဲအမည်များဖြင့် ဆင်တူယိုးမှားကျောက်မျက်အချို့အား ဖော်ပြအပ်ပါသည်။



## မိုးညှင်းနီလာ (Kyanite)

သာမန်အားဖြင့် အပြာရောင်နီလာကျောက်နှင့် ခပ်ဆင်ဆင်တူပြီး ကချင်ပြည်နယ်မိုးညှင်းဒေသမှ ထွက်ရှိသောကြောင့် 'မိုးညှင်းနီလာ' ဟု အမည်ပေးထားသော အပြာရောင်တွင်းထွက်ကျောက်တစ်မျိုးမှာ အမှန်တကယ်အားဖြင့် နီလာကျောက်မျက်မဟုတ်ဘဲ အလူမီနီယမ်ဆီလီကိတ်များဖြင့် ဖွဲ့စည်းထားသော မာဆင့် (hardness) မှာလည်း နီလာကျောက်မျက်ထက် နည်းသဖြင့် အထိအခိုက်၊ အပွန်းအပဲ့ဒဏ်ခံနိုင်မှု နည်းကာ အလွယ်တကူကျိုးပဲ့နိုင်ပြီး သိပ္ပံအမည် အားဖြင့် Kyanite ဟုခေါ်သော တွင်းထွက်တစ်မျိုးဖြစ်ပါသည်။ အပြင်အမြင်အားဖြင့် နီလာကျောက်မျက်ကဲ့သို့ လှပ၍ဆွဲဆောင်မှုရှိသော အပြာရောင်မျိုးရှိသော်လည်း တွင်းထွက်ကျောက်၏ မာဆင့်နည်းပါးမှုနှင့် ကွဲအင်ပြင်ညီများ (Cleavage) ပါရှိသောကြောင့် ရေရှည်တွင် ကျောက်မျက်၏ တောက်ပပြောင်လက်မှု အရည်အသွေးများ ကျဆင်းလာခြင်း၊ အကြမ်းမခံခြင်း၊ ထိခိုက်လွယ် ပြီး ပွန်းပဲ့ကျိုးအက်တတ်ပါသည်။ ထို့အပြင် အရွယ်အစားတူ အသွေးအရောင်တူ၊ သွေးထား ပုံခြင်းတူညီသော နီလာတစ်ပွင့်နှင့် 'Kyanite' တစ်ပွင့်တို့၏ ဈေးနှုန်းမှာလည်း အဆမတန် ကွာခြားလွန်းပါသဖြင့် နီလာကျောက်များ၏အမည်တွင် နီလာဟုခေါ်တိုင်း နီလာကျောက်မျက် အစစ်ဟုသာ၊ အတုတ်ကို သေချာစွာ ဆန်းစစ်ရန် လိုအပ်သလို အမြဲ ဂရုတစိုက် သတိထား နေရန်လည်း လိုအပ်လှပါသည်။ သို့ပါ၍ နီလာကျောက်မျက် အစစ်နှင့် ဆင်တူပုံရသော တွင်းထွက်ပြာ၏ တွင်းထွက်ဆိုင်ရာ ဂုဏ်သတ္တိများကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် အောက်တွင် ဖော်ပြအပ်ပါသည်၊

## မိုးကုတ်မြ (Diopside) နှင့် လျှိုင်ကော်မြ (Green Tourmaline)

မြကျောက်သည် အစိမ်းရောင်ရှိသည်ကို လူတိုင်းနီးပါးသိရှိကြပါသည်၊ သို့ပါသော်လည်း အစိမ်းရောင်ကျောက်တိုင်းသည် မြကျောက်မဟုတ်သလို မြကျောက်အပါအဝင် မြမျိုးနွယ်ကျောက်များသည် အစိမ်းရောင်အပြင် အခြားအရောင်များလည်း ရှိကြပါသည်။ အမှန်မှာ မြကျောက်သည် မြမျိုးကျောက် (Beryl) အုပ်စုဝင်ကျောက်မျက်တစ်မျိုးဖြစ်ပြီး မြကျောက်အုပ်စုတွင် အစိမ်းရောင်ရှိသောကျောက်ကို မြကျောက် (Emerald) ဟုလည်းကောင်း၊ ပင်လယ်ပြာရောင်ရှိသောကျောက်ကို မြပြာ (Aquamarine) ဟုလည်းကောင်း၊ အနီရောင် (သို့) ပန်းရောင်ရှိသောကျောက်ကို (Morganite) ဟုလည်းကောင်း၊ အဖြူရောင် (သို့) အရောင်မဲ့ရှိသောကျောက်ကို မြဖြူ (Goshenite) ဟုလည်းကောင်း ခေါ်ဝေါ်ကြပါသည်။ မြန်မာနိုင်ငံသည် ကျောက်မျက်မျိုးစုံနီးပါးလောက် ထွက်ရှိသောနိုင်ငံဖြစ်သော်လည်း အစိမ်းရောင်မြကျောက်များ မထွက်ပါ၊ သို့သော် မြအနွယ်ဝင်ဖြစ်သော အခြားအရောင်မြကျောက်များထွက်ရှိပြီး ယနေ့ မြန်မာလူမျိုးများ၊ ဝတ်ဆင်နေကြသော လက်ဝတ်ရတနာများတွင် မြကျောက်သည် လေးဆယ်ရာခိုင်နှုန်းနီးပါးခန့်ရှိပြီး မြကျောက်သည် မြန်မာလူမျိုးများ နှစ်သက်တန်ဖိုးထားသော ကျောက်မျက်တစ်မျိုးလည်း ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် အစိမ်းရောင်မြကျောက်မထွက်သောကြောင့် မြနှင့်ဆင်တူသော အခြားအစိမ်းရောင် တွင်းထွက်ကျောက်များကို ထွက်ရှိရာဒေသကို အစွဲပြု၍ မြကျောက်များအဖြစ် တင်စားခေါ်ဝေါ်ရောင်းဝယ်လျက်ရှိရာ မိုးကုတ်မြ (Diopside) နှင့် လျှိုင်ကော်မြ (Green Tourmaline) တို့သည် မြကျောက်နှင့် ဆင်တူယိုးမှား အစိမ်းရောင်တွင်းထွက်များသာ ဖြစ်ကြပြီး မြကျောက်အစစ်များ မဟုတ်ကြပါ။ မိုးကုတ်မြ

| ကျောက်မျက်အမည် | မာဆင့် | သိပ်သည်း | အလင်းယိုင်ညွှန်းကိန်း | အလင်းခွဲယိုင်ခြင်း | နှစ်ရောင်ပြောင်းခြင်း |
|---|---|---|---|---|---|
| နီလာ Sapphire | 9 | 3.99 | 1.71 - 1.77 | 0.0008 | များ |
| ဗင်နီတွိုက် Benitoite | 6.5 | 3.67 | 1.75 - 1.80 | 0.047 | များ |
| ကိုင်ယာနိုက် Kyanite (မိုးညှင်းနီလာ) | 4.5 | 3.69 | 1.71 - 1.73 | 0.016 | များ |
| အညှို့ကျောက် (ချက်ကျောက်) | 8 | 3.63 | 1.727 | မရှိ | မရှိ |
| အညှို့ကျောက် (အစစ်) Spinel (Blue) | 8 | 3.60 | 1.72 | မရှိ | မရှိ |
| တို့မလင်းအပြာ Blue Tourmaline/Indicolite | 7 | 3.10 | 1.62 - 1.64 | 0.020 | များ |
| အညှို့နီလာ (Iolite) | 7 | 2.50 | 1.53 - 1.54 | 0.009 | များ |

Asian Fame Media Group
MEDIA GROUP

ဆိုသည်မှာ မြန်မာ့မိုးကုတ်ရတနာမြေမှထွက်ရှိသဖြင့် ထွက်ရှိရာဒေသကိုအစွဲပြု၍ မိုးကုတ်မြဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။ မိုးကုတ်မြကို ကယ်လဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဆီလီကိတ်များဖြင့် ပါဝင်ဖွဲ့စည်းထားပြီး မြစိမ်းရောင်ရှိကာ မာဆင့်မှာလည်း ၅ သာရှိသဖြင့် မြကျောက်အစစ်ထက် မာဆင့်နည်းပြီး အထိအခိုက် အပွန်းအပဲ့ဒဏ် ခံနိုင်မှုနည်းကာ ကြာရှည်ဝတ်ဆင်ထားပါက ကျောက်၏တောက်ပပြောင်လက်မှုများ လျော့ကျသွားနိုင်ပါသည်။

ထို့နည်းတူစွာပင် လှိုင်ကော်မြ ဆိုသည်မှာ ကယားပြည်နယ် လှိုင်ကော်မြို့အနီး ပတ်ဝန်းကျင်မှ ထွက်ရှိသဖြင့် ထွက်ရှိရာဒေသကို အစွဲပြု၍ အမည်ပေးထားခြင်းဖြစ်ပါသည်။ လှိုင်ကော်မြသည် တိုမလင်း (Tourmaline) အုပ်စုဝင် တွင်းထွက်တစ်မျိုးဖြစ်ပြီး မြစိမ်းရောင် ဖြစ်သောကြောင့် အစိမ်းရောင်တိုမလင်း (Green Tourmaline) ဟုခေါ်၍ အချို့ကလည်း ဖရဲအူစိမ်းကျောက်ဟုခေါ်ဝေါ်ကြပြီး မြကျောက်နှင့် ဆင်တူသောကြောင့် လှိုင်ကော်မြဟု အမည်ပေးကာ ရောင်းဝယ်ကြသော်လည်း ယင်းတို့မှာ မြကျောက်အစစ်များမဟုတ်ကြဘဲ မြကျောက်နှင့် ဆင်တူယိုးမှား တွင်းထွက်များသာ ဖြစ်ကြပါသည်၊ တစ်ခါတစ်ရံ ကျောက်မျက်ဈေးကွက်ထဲတွင် မိုးကုတ်မြကို 'ကျားကြီးမြ' ဟုခေါ်ပြီး လှိုင်ကော်မြကို 'စောလဖောမြ' ဟုခေါ်ကာ ရောင်းဝယ်ကြသဖြင့် ယခုဖော်ပြခဲ့သော 'မြ' အမည်ပါ ကျောက်များသည် မြကျောက်အစစ်များမဟုတ်သည်ကို သိရှိထားရန် လိုပါသည်။ ယင်းပါ၍ စာဖတ်သူများ လေ့လာမှတ်သားထားနိုင်ရန်အတွက် မြကျောက်နှင့်ဆင်တူသော ဆင်တူယိုးမှားတွင်းထွက်များကို ၎င်းတို့၏ တွင်းထွက်ဂုဏ်သတ္တိများနှင့်တကွ အောက်တွင်ဇယားဖြင့် ဖော်ပြအပ်ပါသည်၊



မြန်မာ့မိုးကုတ် ရတနာမြေမှ ထွက်ရှိသဖြင့် ထွက်ရှိရာဒေသကို အစွဲပြု၍ မိုးကုတ်မြဟု အမည်ပေးထားခြင်း ဖြစ်ပါသည်။



| စဉ် | ကျောက်မျက်အမည် | မာဆင့် | သိပ်သည်း | အလင်းယိုင်ညွှန်းကိန်း | အလင်းခွဲယိုင်ခြင်း |
|---|---|---|---|---|---|
| 1 | မြ (Emerald) | 7.5 | 2.71 | 1.57 - 1.58 | 0.006 |
| 2 | ဂေါ်မုတ်စိမ်း (Zircon) | 6 | 4.00 | 1.82 | 0.01 |
| 3 | နီလာစိမ်း (Sapphire) | 9 | 4.00 | 1.76 - 1.77 | 0.009 |
| 4 | ဥဒေါင်းစိမ်း (Garnet) | 6 | 3.85 | 1.89 | မရှိ |
| 5 | ပြောင်ဒေါင်းစိမ်း (Peridot) | 6 | 3.34 | 1.65 - 1.69 | 0.037 |
| 6 | ကျောက်စိမ်း (Jade) | 7 | 3.33 | 1.65 - 1.67 | 0.014 |
| 7 | ဖလူအိုစပါ (Fluospar) | 4 | 3.18 | 1.34 | မရှိ |
| 8 | တိုမလင်းစိမ်း (Green Tourmaline) | 7 | 3.05 | 1.62 - 1.64 | 0.018 |
| 9 | ဖန်မျက်ရွဲတု (Glass) | 7 | 2.49 | 1.52 | မရှိ |





**ပွတာအိုကျောက်စိမ်း (Hydrogrossular Garnet)**

ကမ္ဘာပေါ်တွင် အဓိကကျောက်စိမ်းအမျိုး အစားကြီး ၂ မျိုးရှိပြီး ၎င်းတို့မှာ ဂျေဒိုက်ကျောက်စိမ်း (Jadeite Jade) နှင့် နက်ဖရိုက်ကျောက်စိမ်း (Nephrite Jade) တို့ဖြစ်ကာ ဂျေဒိုက်ကျောက်စိမ်းသည် နက်ဖရိုက်ကျောက်စိမ်းထက် ပိုမိုအရည် အသွေးကောင်းသောကြောင့် တော်ဝင်ကျောက်စိမ်းဟု သတ်မှတ်ထားပြီး နက်ဖရိုက်ကျောက်စိမ်းကို အဆင့်နိမ့်ကျောက်စိမ်းအဖြစ် လက်ခံထားကြပါသည်။ ထိုကဲ့သို့ အမျိုးအစားမတူသော တွင်းထွက် ၂ မျိုးစလုံးကို ကျောက်စိမ်းအဖြစ် လက်ခံထားခြင်းမှာလည်း ကျောက်စိမ်း၏ထူးခြားချက်ဖြစ်သလို ကျန်သည့် ကျောက်မျက်တွင်းထွက်များသည် သူ့အုပ်စုနှင့်သူသာ သီးခြားစီရှိကြပါသည်။ ထို့အပြင် ကျောက်စိမ်းသည်အခြား တွင်းထွက်ကျောက်မျက်များနှင့်မတူဘဲ ထုထည်လိုက် တန်ချိန်ရာ

Asian Fame Media Group



နှင့် ထောင်နှင့်ချီ၍ ထွက်သော ကျောက် အမျိုးအစားဖြစ်သလို ကျောက်စိမ်းသည် အဖြူရောင်၊ အရောင်မဲ့မှသည် အနက်ရောင်အထိ အရည်အသွေးလည်း မျိုးစုံနီးပါး ရှိသလို ကျောက်စိမ်း၏အသားသည်လည်း ဖန်သား၊ မှန်သားကဲ့သို့ အလင်းမှုန်ကျောက်သားမှသည် အလင်းပိတ် အထိ ကျောက်အသားအမျိုးမျိုးရှိကာ ကျောက် စိမ်းကို အဖိုးတန် လက်ဝတ်တန်ဆာ အခနနှင့် သာမကဘဲ ရုပ်တုရုပ်ထွင်းများနှင့် လူ့ အသုံးအဆောင်ပစ္စည်းများ အလှဆင်ကျောက် များ အနေနှင့်ပါ အသုံးပြုကြပါသည်၊ ထို့ကြောင့် ကျောက်စိမ်းတစ်ပွင့်၏ တန်ဖိုးသည်လည်း သာမန် ကျပ်ရာဂဏန်းမှသည် သိန်းသန်းချီ၍ တန်ဖိုးရှိနိုင်ကြပါသည်။ ကမ္ဘာပေါ်တွင် ကျောက် စိမ်း ထွက်ရှိသည့် နိုင်ငံများရှိသော်လည်း မြန်မာ့ ကျောက်စိမ်းသည် အရည်အသွေး အကောင်း ဆုံးနှင့် လူကြိုက် အများဆုံးဖြစ်ကာ တန်ဖိုးလည်း အမြင့်ဆုံး ဖြစ်ပါသည်။

ထို့ကြောင့် ကျောက်မျက်လောကနှင့် ကျောက်စိမ်း ဈေးကွက်တို့တွင် လုပ်ကျောက်

**ကမ္ဘာပေါ်တွင် ကျောက်စိမ်း ထွက်ရှိသည့် နိုင်ငံများရှိသော်လည်း မြန်မာ့ကျောက်စိမ်းသည် အရည်အသွေး အကောင်းဆုံးနှင့် လူကြိုက်အများဆုံးဖြစ်ကာ တန်ဖိုးလည်း အမြင့်ဆုံး ဖြစ်ပါသည်။**



စိမ်း အတုအပများ၊ ပြုပြင် မွမ်းမံထားသော ကျောက်စိမ်းများ၊ ဆင်တူယိုးမှားတွင်းထွက်များကို ထွက် ရှိရာဒေသအမည်များတပ်၍ ကမ္ဘာအနှံ့တွင် ကျောက်စိမ်းအမျိုးကွဲများအဖြစ် ရောင်းဝယ်နေ ကြသည်များလည်း ရှိပါသည်။

သို့ပါ၍ မြန်မာနိုင်ငံတွင်လည်း ကျောက်စိမ်း ထွက်ရှိရာ ကချင်ပြည်နယ်ရှိ ပူတာအိုဒေသမှ ထွက်ရှိသော ကျောက်စိမ်းနှင့် ဆင်တူသော တွင်း ထွက်တစ်မျိုးကို ပူတာအိုကျောက်စိမ်းဟု ခေါ် ဝေါ်၍ ရောင်းဝယ်နေကြသည်များလည်း ရှိပါ သည်။ အမှန်တကယ်မှာ ပူတာအိုကျောက်စိမ်း ဆိုသည်မှာ ကျောက်စိမ်းအစစ်မဟုတ်ဘဲ ဥဒေါင် ကျောက် (Garnet) အုပ်စုဝင် အစိမ်းရောင်ဥဒေါင် ကျောက်တစ်မျိုးသာဖြစ်ပြီး ယင်း၏တွင်းထွက် အမည်မှာ 'Hydrogrossular Garnet' ဖြစ်၍ အစိမ်းရောင်အပြင် စိမ်းဝါရောင်၊ ပန်းရောင်၊ အပြာနုရောင်၊ နှင်းဆီနီရောင်စသည်ဖြင့် အ ရောင်စုံနီးပါး တွေ့ရှိရပါသည်။ ယင်းကျောက် သည် အာဖရိကတိုက် ထရန်စဗားလ်ပြည်နယ် အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်တို့ မှလည်း ထွက်ရှိသောကြောင့် ၎င်းဥဒေါင်စိမ်း ကျောက်ကိုပင် ကမ္ဘာ့ကျောက်မျက်ဈေးကွက်တွင် အာဖရိကကျောက်စိမ်း (Africa Jade)၊ ထရန် စဗားလ်ကျောက်စိမ်း (Transvaal Jade)၊ အော်ရီဂွန်ကကျောက်စိမ်း (Origon Jade) ဟု အမျိုးမျိုးပြောဆိုရောင်းဝယ်ကြပါသည်။ ထို့အပြင် အခြားတွင်းထွက်များဖြစ်သော ကြွေကျောက် (Feldspar) အုပ်စုဝင် မိုက်ခရိုကလိုင်းကျောက် (Microcline) ကို 'အမေဇုံကျောက်စိမ်း' (Amazonite Jade) သို့မဟုတ် ကိုလိုရာဒိုကျောက် စိမ်း (Colorado Jade) အဖြစ်လည်းကောင်း၊ သာပင်တင်းကျောက် (Serpentine) အုပ်စုဝင် ဗိုဝင်နိုက် တွင်းထွက် (Bowenite) ကို ကိုရီးယား ကျောက်စိမ်း (Korean Jade) အဖြစ် လည်း ကောင်း၊ အိုင်ဒိုခရေ့ တွင်း ထွက် (Idocrase) ကို လည်း ကာလီဖိုးနီးယား ကျောက်စိမ်း (California Jade) အဖြစ် လည်း ကောင်း၊ ကျောက်သလင်း စိမ်း (Green Quartzite) ကိုလည်း အိန္ဒိယ ကျောက် စိမ်း (Indian Jade) အဖြစ် လည်းကောင်း၊ ခရိုင် ဆိုပရေ့ (Chrysoprase) တွင်းထွက်ကိုလည်း သြစတေးလျ ကျောက်စိမ်း (Australia Jade) အဖြစ်လည်း အမျိုးမျိုး ရောင်းဝယ်ကြလေ့ရှိပါ သည်။ သို့ပါ၍ စာဖတ်သူများ အနေဖြင့် ကျောက်စိမ်းနှင့် ဆင်တူယိုးမှား တွင်းထွက်များကို လေ့လာကြည့်ရှုနိုင်ရန် ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်သော အစိမ်းရောင် ကျောက်မျက် တစ်မျိုးဖြစ် သည့် မြကျောက်နှင့်ဆင်တူယိုးမှား တွင်းထွက်များ ဇယားကိုပင်ကြည့်ရှုလေ့လာနိုင်ပါသည်။

**သိန်းပိုင် (M.Engg.Geol)**



Asian Fame Media Group

**သီတင်းကျွတ်ပွဲပြီးပြန်တော့
တန်ဆောင်မုန်း တန်ဆောင်တိုင်
ဆီမီးကမြိုင် . . . .**

အမယ်. . . ရာသီဥတုကလည်း အေးစေးစေးဆိုတော့ ကိုယ့်ကိုယ်ကိုယ် တောင်ပေါ်ဒေသမှာ ရောက်နေသလားလို့တောင် ထင်လိုက်မိပါတယ်။ အခုတလော (အောက်တိုဘာလလယ်ပိုင်း)မန္တလေးမှာ မိုးတွေ ရက်ခြားဆိုသလို ရွာနေပါတယ်။ ကျောက်တော်ကြီးဘုရားပွဲလည်း မိုးနဲ့မလွတ်ဘူးတဲ့၊ ဖေ့(စ်)ဘွတ်လို့ ခေါ်တဲ့ လူမှုကွန်ရက်မှာ ဆရာဦးထွန်းလွင်က ထူးခြားတဲ့ မိုးလေဝသသတင်းတွေကို တင်ပေးနေပါတယ်။ ဆရာ့ကျေးဇူးကြောင့် ကိုယ့်အရပ် ကိုယ့်ဒေသက မိုးလေဝသ အခြေအနေတွေကို တီးခေါက်လာနိုင်ခဲ့ပါတယ်။ ဒီတစ်နှစ် စက်တင်ဘာလလယ်ပိုင်းကစပြီး ကျွန်တော်တို့ အညာဒေသတစ်ခွင်မှာ မိုးနှောင်း ကောင်းခဲ့ပါတယ်။ မိုးတွေ ရွာလွန်းလို့ မြင်းခြံတောင်သာ နယ်ဘက်မှာ မြေပဲထွက်နှုန်းတွေ ကျဆင်းသွားသတဲ့။ ရာသီဥတုကပုံမှန်ဆိုရင် တစ်ဧကမှာ မြေပဲ တင်း(၂၀)မှ တင်း(၈၀)ကြားထွက်ပေမယ့် အခုတော့ မိုးတွေ ရက်ဆက် ဆိုသလို ရွာသွန်းခဲ့လို့ တစ်ဧကကို မြေပဲ(၁၅)တင်းမှ တင်း(၄၀)အထိသာ မျှော်လင့် နိုင်တော့သတဲ့။ ပြီးတော့ မိုးများများရွာလို့ မြေပဲ အရည်အသွေးကိုလည်း ထိခိုက်သွားပါတယ်။

# မန္တလေး အတွေး မန္တလေး အရေး

ကိုထွန်း(လမ်း၈၀)

မြေပဲတောင့်အတွင်းမှာ မြေပဲဆန် ပြည့်ပြည့်ဝဝ မရှိဘဲ အဆန်ချောင်နေလို့ အလေးချိန်လည်း ကျဆင်း၊ မြေပဲတွေ တူးဖော်တော့ မိုးမိထားလို့ အရောင် အဆင်းကမလှ၊ ဒီတော့ ပွဲရုံတွေဆီကို သွားရောင်းတဲ့အခါ ဈေးနှိမ် ခံရတယ်လို့ ကြားရပါတယ်။ ပုဂံ-ညောင်ဦး ဒေသမှာတော့ မိုးနှောင်းကောင်းခဲ့လို့ ပဲတီစိမ်း စိုက်ခင်းတွေ အထူးအောင်မြင်တဲ့ အကြောင်း၊ တစ်ဧကမှာ ပဲတီစိမ်းပုံမှန် ၅တင်း ထွက်ပေမယ့် ဒီနှစ်တော့ ၁၀ တင်းအထိ ထွက်တဲ့အကြောင်း ကြားရပါတယ်။ ဒါပေမဲ့ သူတို့ ခများလည်း အသီးတွေ ခြောက်ပြီး ခူးနိုင်တဲ့ အချိန်ရောက်တော့ လုပ်သားအင်အား အခက်အခဲနဲ့ ရင်ဆိုင်နေရပြန်ပါတယ်။ ရွာက လူငယ်တွေက လယ်ထဲ၊ ယာထဲကို အလုပ်ဆင်းဖို့ စိတ်မဝင်စားကြတော့ဘဲ မလေးရှားကို အလုပ်သွားလုပ်ကြသတဲ့။ ဖြို့တော့ ရှိတဲ့ လူတွေကလည်း အနီးအနားမှာ အုတ်ဖုတ်တဲ့ ဖိုတွေရှိလို့ အဲဒီကို အလုပ်သွားလုပ်ကြသတဲ့။ အုတ်ကား ပေါ်လိုက်ရင် အုတ်တစ်ခဲကို အတင်အချ နှစ်ကျပ်နှုန်းနဲ့ တစ်ယောက်ကို နေ့တွက် ကျပ်သုံးထောင် ရတယ်။ မြေပဲနုတ်တာ ကတော့ တစ်တင်းကို ကျပ်တစ်ထောင်နှုန်းရပြီး အထွက်နှုန်းကောင်းရင် တစ်ယောက်ကို လေးငါးတင်းအထိရတော့ တစ်ရက်အလုပ်သမားတစ်ယောက် ဝင်ငွေလေး ငါးထောင်ပြေး မလွတ်တော့ဘူး ပေါ့။ ဒါပေမဲ့ အုတ်လုပ်ငန်းကနေ့စဉ် ဝင်ငွေမို့ ပုံမှန်မရနိုင်တဲ့ယာအလုပ် ကို စိတ်မဝင်စားကြတာဖြစ်သတဲ့။

သပိတ်ကျင်းဘက်မှာလည်း မိုးတွင်းကာလ မိုးတွေများများရွာလို့ ရွှေတွင်းပိတ်ပစ်ရပြီး ရွှေလုပ်သားအများစုလည်း မန္တလေးကို ရောက်လာကြပါတယ်။ မန္တလေးမှာ အဆင်ပြေသလို နေကြရင်း ကြုံရာကျပန်းလုပ်ကိုင်စားသောက်ကြရတာပေါ့။ ကြားခဲ့ရတဲ့ သတင်းအချို့ကို စုစည်းရင်း တွေးမိတွေးရာ တွေးနေမိပါတယ်။ ကျေးလက်ဒေသ နေထိုင်သူတွေ အလုပ်ရှာဖွေရင်း မြို့တွေဆီကို ရောက်လာကြ၊ အဲသမှာ မြို့တွေခများလည်း မြို့ရဲ့ စီးပွားရေးလုပ်ငန်းလည်ပတ်မှုနဲ့ လူတွေကို အဆင်ပြေချောမွေ့စေနိုင်တဲ့ လူဦးရေက သူ့အတိုင်းအတာနဲ့သူ ရှိပြီးသားဆိုတော့ နောက်ထပ်တိုးဝင်လာတဲ့ လူဦးရေဟာ မြို့အတွက် အန္တရာယ်ဖြစ်ဖို့ ဖိတ်ခေါ်နေသလိုပါပဲ။ လူဦးရေပေါက်ကွဲမှုနဲ့ အလုပ်လုပ်မယ့်နှုန်း များပြားလာခြင်းရဲ့ မကောင်းတဲ့အကျိုးရလဒ်ကို မကြာမတင်ရင်ဆိုင်ရတော့မှာ ဖြစ်ပါတယ်။ အခုဆိုရင် မန္တလေးမှာ လူဦးရေတစ်သန်းကျော်နေပါပြီ။ မန္တလေးမြို့ကြီးရဲ့ ဝမ်းဗိုက်ထဲကို လူတွေနောက်ထပ် ဘယ်လောက်အထိ တိုးဝင်လာနေမလဲ။ ကျွန်တော်တို့မှာ နည်းပညာ၊ အတတ်ပညာ အားနည်းပါ၊ နိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းရှိတဲ့ ကျေးလက်ဒေသရဲ့ လယ်ယာ စိုက်ပျိုးရေးဟာ ရာသီဥတုအပေါ်မှာပဲ မှီခိုနေရလေတော့ သုံးလေးနှစ်လောက် ရာသီဥတုဆက်တိုက်ဖောက်ရင် ကျေးလက်နေကြသူတွေခများ ကိုယ့်ရွာ၊ ကိုယ့်မြေကို စွန့်ခွာပြီး ရေကြည်ရာမြက်နုအရပ်ဒေသတွေဆီကို ပြောင်းရွှေ့သွားကြရတော့တာဖြစ်ပါတယ်။ အဲသမှာ မြို့တွေလည်း လူဦးရေဖောင်းပွားလာမှာပေါ့။ ဒီအခြေအနေတွေကို ဘယ်လိုဖြေရှင်းကြမလဲ။ ကာယလုပ်အား အရင်းအမြစ်တွေပဲ ကြွယ်ဝနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ ဒီပြဿနာတွေ မဖြေရှင်းနိုင်ရင် ဘယ်လိုနည်းနဲ့မှ ဆင်းရဲခြင်း နွံထဲက ရုန်းထွက်နိုင်မှာ မဟုတ်ပါဘူး။

အဲဒီတော့ . . . ဟပ် . . . ဟပ် . . . ဟပ်ချိုး။

တောက် . . . နိုင်ငံအရေး၊ မြို့အရေး၊ ရပ်ရွာအရေးကို ပက်လက်ကုလားထိုင်ပေါ်မှာ စတိုင်ကျကျနဲ့ ထိုင်ပြီး အနုလုံပဋိလုံ ဆင်ခြင်သုံးသပ်ဖို့ အားထုတ်ဖို့ ဟန်ပြင်နေတုန်း ဟပ်ချိုးနှာချေလိုက်တော့ အတွေးတွေ ပျက်သွားပါလေရော။ စီးကျလာတဲ့ နှာရည်တွေကို သုတ်ရင်း အနှီဖြစ်ရပ်ကို ချစ်ချစ်ကြားလေမလားဆိုတဲ့ အတွေးနဲ့ ပတ်ဝန်းကျင်ကို ကပျာကယာ ကြည့်လိုက်မိပါတယ်။ အိမ်အပေါ်ထပ်ကို ရောက်နေလို့ တော်သေးရဲ့။ တကယ်လို့ သူမှားသိရင် မနေ့ညက ဆေးသောက်ပါ ပြောထားရဲ့သားနဲ့ စကားကို နားမထောင်ဘူးဆိုပြီး နာရီဝက်လောက် လေကြောရှည်မယ့် ပူညံပူညံအသံတွေကို နားဆင်ရတော့မှာဖြစ်ပါတယ်။

မိုးအကုန် ဆောင်းဝင်လုလုအချိန်၊ မိုးတွေရွာလို့ ရာသီဥတုက ရုတ်တရက် ပူပြင်းနေရာက အေးမြသွားပါတယ်။ ဆိုင်ကယ်နဲ့ အပြင်ထွက်ရင် မိုးတစွတ်စွတ်ဖြစ်ကုန်ကြရော၊ အဲဒီတော့ အအေးမိနှာစေးချောင်းဆိုးပြီး ဖျားကြ၊ နာကြရတော့တာပါ။ တစ်နေ့က အိမ်မှာ အဖော်ခေါ်ထားတဲ့ ကလေးမလေး နေမကောင်းလို့ ဆေးခန်းပို့ပေး ရပါတယ်။ ချစ်ချစ်တစ်ယောက် ပူညံပူညံလုပ်လို့ မဆုံးပေါ့။ ဆေးခန်းကို တစ်ခေါက်သွားရင် ငွေနှစ်ထောင်အသာလေးကုန်တယ်။ တစ်ခေါက်နဲ့လည်း ပြီးတာမဟုတ်ဘူး။ အနည်းဆုံး နှစ်ခေါက်သွားရတော့ ငွေလေးထောင်ကုန်သွားတယ်။ ကျွန်မက ပိုက်ဆံကုန်လို့ ပြောတာမဟုတ်ဘူး။ ဟိုရက်တွေတုန်းက ရေချိုးတာ စိမ်ပြေနပြေချိုးနေလို့ ဟဲ့ရာသီဥတု




Asian Fame Media Group
MEDIA GROUP




ပြောင်းနေပြီ ရေချိုးတာ ဂရုစိုက်လို့ သေသေချာချာမှာထားရဲ့နဲ့ အခု တော့ဖြစ်ပြီလေ၊ သူတို့ရဲ့ အခု ထဲက ဆေးပိုး နုတ်လိုက်ရင် မြန်ပါ ဦးမလား။

ကျွန်တော့်အနားမှာ တစ်ယောက်တည်း ဆိမန်း . . . မန်း သလို ရေရွတ်နေတဲ့ ချစ်ချစ်ကို ကြည့်ရင်း ဘာမှဝင်မပြောဘဲ အသာငြိမ်နေလိုက်မိပါတယ်။ ဒီကလေးမလေးကို ချက်ဖို့ပြုတ်ဖို့နဲ့ အိမ်သန့်ရှင်းရေးအတွက် ကူဖော်လောင်ဖက်ဖြစ်အောင် ခေါ်ထားရတာဖြစ်ပါတယ်။ စားစရိတ်ငြိမ်း တစ်လလေးသောင်းကျော်မပါ။ ဒါပေမဲ့ သူ့အမေက ဒီကလေးမလေးရဲ့ လုပ်ခတစ်နှစ်စာလုံးထုတ်ယူသွားတယ်လေ။ တစ်နှစ် ပြည့်တဲ့အချိန် လက်ချည်းပလာ သက်သက်ပြန်သွားရတော့မှာပါ။ ကျွန်တော်တို့က သားသမီးလို စောင့်ရှောက်တော့ နှစ်ပြည့်ရင်လည်း ကလေးမလေးက ကျွန်တော်တို့ဆီမှာပဲ ဆက်နေချင်ရှာပါတယ်။ အဲဒါကို သူ့အမေက ခွင့်မပြုဘူး။ ရွာက အလုပ်တွေ မနိုင်လို့ ပြန်လာခဲ့ရမတဲ့။ အမှန်တော့ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော်တို့ထက် လစာပိုပေးနိုင်တဲ့ တခြား အိမ်တစ်အိမ်ကို ပြောင်းထားပေးမှာကို ကျွန်တော်တို့ သိတာပေါ့။

> ဒီလိုနဲ့ ဆီမီးရောင်ရှိန် ထိန်ထိန်လင်းတဲ့ သီတင်းကျွတ်လပြည့်နေ့ကို ရောက်လာပါတယ်။ မဟုတ်သေးဘူး၊ ကျွန်တော်ပြောတာ နည်းနည်းလိုသွားတယ်။ အမှန်က ဆီမီးရောင်ရှိန် ထိန်ထိန်လင်းပြီး ဗြောက်ဖောက်သံတွေ ပွက်ပွက်ညံနေတဲ့ သီတင်းကျွတ်လပြည့်နေ့လို့ ပြောရမှာပါ . . . .

ဒီတော့ ချစ်ချစ်တစ်ယောက် နောက်ထပ် အိမ်ဖော်တစ်ယောက်ခေါ်ဖို့ လှုပ်ရှားနေရပါတယ်။ အဆင်မပြေတော့ သူ့ထုံးစံအတိုင်း ပူညံပူညံ၊ အမယ်လေးတစ်ယောက်ကများဆို ရင့်လိုက်တာ၊ အိမ်မှာ တီဗီရှိလားတဲ့၊ ညသဝနာရီထိုးရင် ဇာတ်လမ်းတွဲတစ်တွဲကြည့်ပြီးမှ အိပ်လို့ရမလားတဲ့။ ကောင်မကိုကပြည်တည်တည်နဲ့။ ဒါမျိုးရှိုးနေပြီ၊ ဟဲ့ ငါက မိဖုရားရှာ တာမဟုတ်ဘူး၊ အိမ်ဖော်ရှာတာလို့ ပြောလွှတ်လိုက်တယ်။ ဒီလိုအချိုးမျိုး သိပါ့၊ လူလစ်ရင် ကိုယ့်ယောကျ်ားကို ပလူးပလဲလုပ်ချင်တဲ့ဟာမတွေ . . . ထင်မိထင်ရာ စွတ်ပြောနေတဲ့ ချစ်ချစ်ကြောင့် ကျွန်တော့်မှာ တွန့်ခနဲ ဖြစ်သွားပါရော။ ကိုယ့် စကား ဘယ် ရောက်လို့ ရောက်မှန်းမသိ၊ ရှူးခနဲ စိတ်တိုသွားရင်း ဘာတွေလျှောက် ပြောနေတာလဲ၊ အလကားနေရင်း ငါပါ သိက္ခာကျတယ်လို့ ခေါက် ပြောလိုက်ရပါတယ်။ ကျွန်တော် ထကယ်စိတ်တိုသွားမှန်းသိတော့ သူ့လေသံလျော့ကျသွားပါတယ်။ ဒီလိုပါပဲ လင်မယားဆိုတာ သူတင်းရင် ကိုယ်လျော့၊ ကိုယ်တင်းရင် သူက လျော့ပေါ့။ ခုတော့နေတော့ သူ့ သူငယ်ချင်းတစ်ယောက်မှာ သူပြောသလို အိမ်ဖော်ဇာတ်ထုပ်အရှုပ်ခံခဲ့ရလို့ ခေါင်းမီးတောက်ရတဲ့ အကြောင်းကို သတိရပြီး အမှတ်မထင် ဒီလိုစကားလွတ်ခနဲ ထွက်သွားတဲ့အကြောင်း ရှင်းပြပါတယ်။ အဲဒီတော့လည်း ကျွန်တော် ဒေါသပြေသွားရတာကလား။ ဒါပေမဲ့ ကျွန်တော့်အနားက ခွာပြီး မီးဖိုချောင်ထဲ သွားခါနီးမှာ ယောကျ်ားဆိုတာ အသိရခက်တယ်လေဆိုတဲ့စကားနဲ့ ထွက်ခတ်ခတ်သွားသေးတော့တယ်လည်း ခက်ပါကလား ကွယ်လို့သာ ညည်းလိုက်ချင်မိပါရော။

ဒီလိုနဲ့ ဆီမီးရောင်ရှိန် ထိန်ထိန်လင်းတဲ့ သီတင်းကျွတ်လပြည့်နေ့ကို ရောက်လာပါတယ်။ မဟုတ်သေးဘူး၊ ကျွန်တော်ပြောတာ နည်းနည်းလိုသွားတယ်။ အမှန်က ဆီမီးရောင်ရှိန်ထိန်ထိန်လင်းပြီး ဗြောက်ဖောက်သံတွေ ပွက်ပွက်ညံနေတဲ့ သီတင်းကျွတ်လပြည့်နေ့လို့ ပြောရမှာပါ။ သီတင်းကျွတ်လပြည့်ညမန္တလေးမှာ အုန်း-ဒိုင်းဆိုတဲ့ ဗြောက်ဖောက်သံတွေ၊ မိုးကောင်းကင်မှာတော့ မီးရှူးမီးပန်းတွေ တဖွားဖွားလွင့်နေတဲ့ မြင်ကွင်းကို စိတ်မချမ်းမသာစရာ ကြုံတွေ့ခဲ့ရတာပါ။ အဲဒီညမှာ ဗြောက်မဖောက်ရ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းမပြုရဆိုတဲ့ အမိန့်ဟာလည်း ချောင်ထဲကို ရောက်သွားခဲ့ပါတယ်။ ဗြောက်ဖောက်တာ၊ မီးရှူးမီးပန်းပစ်လွှတ်တာဟာ မိမိအတွက် ဘယ်လိုပျော်ရွှင်မှုရစေခဲ့သလဲ၊ မိမိ ပတ်ဝန်းကျင်အတွက် ဘယ်လောက်ထိခိုက်စေတာကိုကော တွေးမိရဲ့လား၊ လူငယ်တွေက ဒီလိုမျိုး လုပ်ကြမယ်ဆိုရင် လူကြီးတွေက ဆုံးမသွန်သင်ပေးကြရမှာပါ။ နို့ပေမယ့် ဒီကိစ္စမှာ လူကြီးတွေကိုက အားပေး အားမြှောက် ပြုနေတာကလား။ အကြောင်းပြချက်က မြေးတွေပူဆာလွန်းလို့ အလိုလိုက်ပေးလိုက်ရတာဗျာ . . . တဲ့။ ဒါက သူ့ရဲ့ဖြေရှင်းချက်။ မီးရှူးမီးပန်းပစ်လွှတ်တဲ့ သူ့ရဲ့မြေးတွေကို ကြည့်လိုက်တော့ လမ်း လျှောက်တတ်ခါစအရွယ်လေးတွေ၊ ဒီကလေးတွေက မီးရှူးမီးပန်းတွေကို ဘယ့်နှယ့်လုပ် ပစ်လွှတ်နိုင်မလဲ။ အဲသမှာ သူ့ရဲ့သား (ကလေးတွေရဲ့အဖေ)က မီးရှူးမီးပန်းတွေကို ကိုယ်စားပစ်လွှတ်ပေး ပါတော့တယ်။ ဝှီး . . . ဖုန်း . . . ဖောင်းဆိုတဲ့ မီးရှူးမီးပန်း ပစ်လွှတ်သံတွေဟာ ပွက်ပွက်ညံနေပါတယ်။ မကြာခင် တခြားနေရာကလည်း မီးရှူးမီးပန်းတွေ ပစ်လွှတ်တာကို တွေ့ရပါတော့တယ်။ အစီပွာယ်က သူတို့တောင် လုပ်သေးတာ၊ ငါတို့လည်း လုပ်မယ်ဆိုတဲ့ သဘောပေါ့။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နဲ့ လပြည့်နှစ်ရက်စလုံး ကြားရနားဝမှ မချမ်းသာတဲ့ အဖြစ်နဲ့ ဘီစလံဝေနေခဲ့ရပါတယ်။

တကယ်လို့ သီတင်းကျွတ်လပြည့်ညက ဖုန်းဖုန်းဖောင်းဖောင်း မြည်သံတွေနဲ့ မီးရှူးမီးပန်းတွေ တဖွားဖွား လွင့်နေတဲ့ မန္တလေးမြို့ရဲ့ မိုးကောင်းကင်ကြီးကို မြင်ရရင် ခင်ဗျားတို့ ဘာတွေ ပြောမလဲ။ တရုတ်ပြည်က ဝင်လာတဲ့ ဒီပစ္စည်း



Asian Fame Media Group



တွေကို ဝယ်ယူသုံးဖြုန်းတာ၊ ကိုယ့်ပိုက်ဆံတွေ မီးရှို့ပစ်တာကို ပြောမလား၊ တစ်နှစ်တစ်ကြိမ် သီတင်းကျွတ်တစ်ရာသီရောက်တိုင်း ကိုယ့်ပိုက်ဆံတွေ တရှုတ်ပြည်ကိုတက် ဘယ်လောက်ရောက်သွားတယ်ဆိုတာကို တွက်ချက်မလား။ ကျွန်တော်တော့ လူတွေရဲ့ အသိတရား အားနည်းလာမှုကိုပဲ ပြောချင်ပါတော့တယ်။ သီတင်းကျွတ်မတိုင်ခင် မန္တလေးမြို့မှာ ဗုံးပေါက်တာနဲ့ ဗုံးထိတ်လန့်မှုတွေ ကြုံခဲ့ရပါတယ်။ ဒီတော့ သီတင်းကျွတ်လပြည့်ရောက်တဲ့အခါ မီးရှူးမီးပန်းပစ်သံတွေနဲ့အတူ ဗုံးဖောက်တဲ့သူတွေက ရောင်တော် ပြန်လွှတ်မှာကို မစိုးရိမ်ကြဘူးလား၊ မတွေးမိကြဘူးလား။ ပြီးတော့ ရပ်ကွက်တွေထဲမှာ သက်ကြီးရွယ်အိုတွေ၊ နာမကျန်းသူတွေ ရှိကြလို့ မီးရှူးမီးပန်းပစ်လွှတ်တဲ့ အသံကြောင့် ထိတ်လန့်တကြားဖြစ်မှာကိုကော သတိပြုမိကြပါရဲ့လား။

အဓိကအချက်ကတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ တစ်ဦးကိုတစ်ဦး အပြန်အလှန် လေးစားတန်ဖိုးထားရမယ့် အရည်အသွေးတွေ တဖြည်းဖြည်း ပျောက်ဆုံးလာတာပါပဲ။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို ညှာတာသနားဆိုတဲ့ ကျွန်တော်တို့ လိုက်နာခဲ့တဲ့ ကျင့်ဝတ်တွေ ဘယ်ဆီကို ရောက်လာ ခဲ့ပါလိမ့်၊ မရှိတာထက် မသိတာခက်ဆိုတဲ့ စကားကို ကျွန်တော်တို့ မေ့လျော့နေပါပြီ။ လောဘဒေါသတွေ၊ မာန်မာနတွေ ဖုံးလွှမ်းထားတဲ့ အတ္တစိတ်ဟာ အင်အားကြီးထွား လာပါပြီ။ အဲဒီ အတ္တကြီးမားမှုက လူတွေရဲ့ အသိဉာဏ်ကို ချိုးနှိမ်ပစ်လိုက်ပါတယ်။ သီတင်းကျွတ်လပြည့်ညက အသက် အရွယ်ကြီးရင့်တဲ့ လူကြီးထံ မီးရှူးမီးပန်းတွေ တဖျောဖျော ပစ်လွှတ်သံကို မကြားလောင်ပြုရင်း သွားရောက်ကန်တော့ခဲ့ပါတယ်။ အလားတူပဲ ကိုယ့်ဆီကို လာရောက် ကန်တော့ကြတဲ့ ကလေးတွေကို ဖုန်းဖုန်းဖောင်းဖောင်း အသံတွေကြားက ဆုတွေပေးခဲ့ရပါတယ်။ တောက် . . . ဆိုးရွားလှတဲ့ ဒီအသံတွေကြောင့် လူကြီးမိဘတွေဆီက အသက်ရှည်ပါစေ၊ ကြီးပွားတိုးတက်ပါစေဆိုတဲ့ ဆုတွေလည်း ကောင်းကောင်းမနာယူခဲ့ရ သို့တလိုပဲ လာကန်တော့ခဲ့ကြတဲ့ ကလေးတွေကို ဆုမွန်ကောင်းတွေ ဖြောင့်ဖြောင့်ဖြူးဖြူး မပေးခဲ့ရလေသဖို့ စိတ်ထဲမှာ ကသိကအောက်ကြီး ဖြစ်လာခဲ့ပါတယ်။ အဲဒီက တစ်ဆင့် ည ကိုးနာရီဆယ်နာရီရောက်တဲ့အထိ မီးရှူးမီးပန်းပစ်တာ မပြီးနိုင်သေးတဲ့ အဖြစ်ကို ကြည့်ရင်း ဒေါသဇီဂရီတွေ ဆောင့်တက်လာပါတော့တယ်။ ငယ်မူငယ်သွေးတွေ ရုတ်တရက် စီးဝင်လာပြီး လမ်းပေါ်ထွက်၍ သကာလ နောင်ဂျိန်ပလေးချင်တဲ့ စိတ်တွေ တဖွားဖွားပေါ်လာရပါတယ်။အဲဒီ ဒေါသစိတ်တွေက မင်းတို့ပစ်တဲ့ မီးရှူးမီးပန်းတွေ လောက်တော့ အပျော့။ ချူကလီးယားဗုံးထက် ပြင်းအားကြီးတယ် ဆိုတာ သိကြရဲ့လား၊ ရှူးခနဲ ဖြစ် သွားတော့ ကိုယ့်ကိုယ်ကိုယ် သတိမပြု လိုက်နိုင်ဘဲ ပုဆိုးတိုတိုဝတ်ပြီး အပြင်ထွက်ဖို့ ဟန်ပြင်လိုက်တဲ့အခါ ကျွန်တော့်ကို အကဲခတ်နေတဲ့ ချစ်ချစ်ကတော် . . . ဘာလုပ်မလို့လဲ၊ သွားပြောမနေနဲ့ သူ့တရားနဲ့ သူရှိပါစေဆိုတဲ့စကားနဲ့ ဟန့်တားလိုက်ပါရော။ အပြင်ထွက်ဖို့ ဟန်ပြင်နေတဲ့ ကျွန်တော့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားပါတယ်။ ဟွန်း . . . ငါ့မိန်းမ သတိပေးလို့ သက်သာသွားတယ်မှတ်၊ မဟုတ်ရင် ဒင်းတို့တော့ နာပြီလို့ ကြိမ်းဝါးရင်း အိမ်ထဲ ပြန်ဝင်လာရတာပေါ့။ ဒါပေမဲ့ ဒေါသစိတ်က ငုတ်စိလေး ကျန်ပြီး တောက်တခေါက်ခေါက် ဖြစ်နေပါသေးတယ်။

ယင်းသမို့ကြောင့် ကျွန်တော်ကိုထွန်းလမ်း(ဂဝ)ချာ အသက်ကြီးလာ၍ စိတ်တိုလာရော့သလားမဆိုနိုင်၊ မီးပုံးပျံတွေ လွှတ်ကျူ၊ မီးရှူးမီးပန်းတွေ ပစ်ကြ၊ ဖောက်ကြသည့် မန္တလေးသီတင်းကျွတ်လပြည့်မြင်ကွင်းကိုကြည့်ရင်း ရှူးခနဲ ဖြစ်သွား ရပါကြောင်း၊ လူတိုင်းလူတိုင်းမှာ ထားရှိသင့်သည့် အပြန်အလှန်လေးစားမှုတွေ ဘယ်ဆီကို ရောက်သွားသလဲဟု မေးမြန်းချင်ပါကြောင်း၊ အသိဉာဏ်မဲ့တဲ့ အပြုအမူတွေကို ကြည့်ရင် အောင်မာ ဒင်းတို့ကများဟူသော ကြိမ်းဝါးချက်ဖြင့် ဒေါသမာန်တင်း၍ ဖြေရှင်းမည်အပြုချစ်ချစ်က သတိပေး၍ ဒင်းတို့တစ်တွေ သက်သာသွားတယ်ဟုသာ ဆိုလိုက် ချင်ပါကြောင်း၊ နောက်နှစ်ဤကဲ့ သို့ ဆိုးရွားသော အပြုအမူများ ဆက်လက်လုပ်ဆောင်ပါက ယခုကတည်းက လောက်စာလုံးများများ လုံးထားပြီး ဘတ်ခွနဲ့ ချောင်းထုမယ်ဟု ကြိုတင် သတိပေးလိုက်ပါကြောင်း ပြောထားရင်း အဘိုးကြီးအိုခါးကုန်းကုန်း၊ မသေပါနှင့်ဦး နောက်နှစ်ခါ တန်ဆောင်မုန်း ပွဲကြည့်ပါဦးဆိုသော စကားကို ငါနှင့်မဆိုင်ဟု သဘောထားရင်း ချစ်ချစ်ကို လက်ဆွဲ၍ မကြာခင်ရောက်လာတော့မည့် တန်ဆောင်တိုင်နေ့ရက်ဆီသို့ ပျော်ပျော်ကြီး ချီတက်သွားမည်ဟုကြီးမားသော သန္နိဋ္ဌာန်ချမိပါလေသတတ်။


**ကိုထွန်း-လမ်း(ဂဝ)**

# ရတီ စာအုပ်စင်




## မောင်မိုးသူ – သစ္စာဖောက်ဘွန်း

ဤစာအုပ်သည် ကမ္ဘာကျော်စပိုင်ဝတ္ထု The Bourne Betrayal ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ The Bourne Betrayal ကို စာရေးဆရာ Eric Van Lustbader ရေးသားပြီး စာရေးဆရာ Robert Ludlum ဖန်တီးသော ဂျေဆန်ဘွန်းစီးရီး၏ ပဥ္စမမြောက်စာအုပ်ဖြစ်သည်။ ဇာတ်လမ်း၏ မူရင်းဇာတ်ဆောင်ဘွန်း၏ စွန့်စားခန်းများကို ရုပ်ရှင်အဖြစ်ရိုက်ကူးပြသပြီး အောင်မြင်မှုရရှိခဲ့သောကြောင့် ဆက်လက်ရေးသားခဲ့သော ဇာတ်လမ်းဖြစ်သည်။ အမေရိကန် ဗဟိုထောက်လှမ်းရေးစီအိုင်အေ၏ သူလျှိုအဖွဲ့က အာရပ်ကမ္ဘာမှ အကြမ်းဖက်ဝါဒီများ၏ စီမံကိန်း တစ်ခုဖြစ်သော အရေးထိန်းတိရိယာဖြင့် ကမ္ဘာကို ထိန်းချုပ်ရန် ကြံစည်မှုမဟာစီမံကိန်းကို စုံစမ်း တိုက်ဖျက်ခြင်းကို ဇာတ်အိမ်တည်ကာ ရေးဖွဲ့ထားသော ဇာတ်လမ်းဖြစ်သည်။ ကြီးမားနက်နဲသော ဇာတ်အိမ်ကို ဖတ်ရှုရာတွင် အခက်အခဲမဖြစ်စေရန် ပါဝင်သောဇာတ်ဆောင် စာရင်းကို ရှေ့တွင်ဖော်ပြထားသည်။ ဤစာအုပ်ကို နန်းဒေဝီစာပေမှ ထုတ်ဝေ၍ တန်ဖိုးမှာ ၄၀၀၀ ကျပ် ဖြစ်သည်။




## မွန်းရှုး–အောင်မောင်းရုပ်သေးပွဲမသွားချင်ပေါင်နှင့်လက်ရွေးစင်ဝတ္ထုတိုများ


စာရေးဆရာမွန်းရှုး၏ ဖန်တီးမှုလက်ရာများကို တစ်စုတစ်စည်းတည်းခံစားလိုသူ ပရိသတ်များအတွက် အားပါးတရဖတ်ရှုရမည့် စုစည်းမှုစာအုပ်တစ်အုပ်ဖြစ်သည်။ လူ့အလွှာစုံ၊ လောကအလွှာစုံမှ လူ့သဘာဝနှင့် လောကအကြောင်းကို နက်နက်နဲနဲ ပူးဝင်ထားသောစာများဖြစ်ပြီး လှိုက်မောစရာ၊ ရွှင်မြူးစရာများနှင့်အတူ ဘဝအသိတစ်စုံတစ်ရာကို စိုစွတ်စေမည့်စာများဖြစ်သည်။ စန္ဒာ၊ စံပယ်ဖြူ၊ လုံမလေး၊ ရွှေဝတ်မှုန်၊ ရွှေအမြုတေ၊ ရုပ်ရှင်တေးကဗျာ၊ မဟေသီ၊ ဝိတောက်ပွင့်သစ်၊ joke ၊ ရနံ့သစ်၊ faces နှင့် ရတီစသည့် မဂ္ဂဇင်းတို့တွင် ရေးသားခဲ့သော ဝတ္ထုတိုများကို ပြန်လည်စုစည်းကာ ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ လင်းလွန်းခင်စာပေမှ စီစဉ်ပြီး တန်ဖိုးမှာ ၂၀၀၀ ကျပ်ဖြစ်သည်။




## ဝင်းဝင်းမြင့်(နန်းတော်ရှေ့) – ရင်ထဲမှာ

သူသည် မန္တလေးစာပေရပ်ဝန်းမှ မွေးဖွားလာသူ . . .။ မဂ္ဂဇင်းစာမျက်နှာများထက် ပေါ်ပေါက်ခဲ့သော ရွှေခေတ်တစ်ခေတ်တွင် ပါဝင်လာခဲ့သော ဝတ္ထုတိုဖန်တီးသူ. .။ ခေတ်၏အငွေ့အသက်ကို ခံစားလိုက်မောသူ. .။ သူရေးသားဖန်တီးခဲ့သော ဝတ္ထုတိုများကို မဂ္ဂဇင်းစာမျက်နှာများထက်မှ ပြန်လည်စုစည်းကာ လင်းလွန်းခင်စာပေမှ ထုတ်ဝေလိုက်သည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၏ ရိုးရှင်းသော စကားပြေအရေးအသားထက်မှ ရှန်းကြွနေသောဘဝစုံ၊ မြင်ကွင်းစုံ၊ အသွေးအရောင်အဖုံဖုံကို လှုပ်ရှားမှုအရာများအဖြစ် မြင်တွေ့ကြရမည်။ သားတစ်ယောက်၏ မိခင်ခံစားချက်ကို မေ့လျော့နေမည့် ရွာဟောင်းတစ်နေရာမှ ဖွင့်ဟပြသမှုများ၊ လူ့သဘာဝဟု ပုံချလိုက်ကြသည့်အတ္တလောဘများကို ရှုထောင့်စုံမှ လှစ်ပြဖော်ကျူးမှုစုံလင်သည့် အသွား ထက်ရှရှဝတ္ထုတိုများဖြစ်သည်။ ကလျာ၊ ချယ်ရီ၊ ပန်းဝေသီ၊ စံပယ်ဖြူ၊ ရွှေအမြုတေ၊ အပျိုမ၊ ဝိတောက်ပွင့်သစ်အစရှိသော မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုများဖြစ်သည်။ လင်းလွန်းခင်စာပေမှ စီစဉ်၍ တန်ဖိုး ၃၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

Asian Fame Media Group




## ဇဝတီ–ကျန်းမာနုပျိုစေမည့်တရုတ်ရိုးရာဓာတ်စာများ

အစားအသောက်နည်းစနစ်ဖြင့် အိုမင်းရင့် ရော်ခြင်းကို တားဆီးနိုင်မည်ဟုဆိုလျှင် စိတ်ကူးယဉ်အိပ်မက်တစ်ခုသဖွယ် ထင်မှတ်စရာပါပေ။ သို့သော် ခန္ဓာကိုယ်အတွက် သင့်တော်သော ဓာတ်စာဖြင့် ကျန်းမာရေးကို မြှင့်တင်နိုင်ကြောင်း ရှာဖွေဖော်ထုတ်မှုများ ပေါ်ပေါက်ခေတ်စားလာ နေပြီဖြစ်သည်။ တရုတ်တိုင်းရင်းဓာတ်စာပညာဖြင့် အစားအသောက် အာဟာရများအကြောင်းကို ဘာသာပြန်ကာ ရေးသားထားသော ယခုစာအုပ်တွင် တရုတ်ရိုးရာဓာတ်စာဖြင့် အနာရောဂါများ ပျောက်ကင်းအောင် ကုသိုးသဖွယ်အသုံးပြုနိုင် ကြောင်း နည်းစနစ်များ၊ အိုမင်းရင့်ရော်မှုကို တားဆီးနိုင်မည့် အာဟာရများ အကြောင်းကို ဖော်ပြထားသည်။ ဓာတ်စာဟုဆိုသော်လည်း ဟင်းချက်ဝါသနာပါသူများအတွက်လည်း ကျန်းမာရေးနှင့်ညီညွတ်စေမည့် ဟင်းလျာများ ဖြစ်သည်။ နန်းဒေဝီ စာပေမှထုတ်ဝေပြီး တန်ဖိုး ၃၅၀၀ ကျပ် ဖြစ်သည်။

## မကြင်ငွေး – အချိန်အခါအလိုက်ပြောင်းလဲနေသောဂျီအိုပေါလစ်တစ်




နွယ်နီမဂ္ဂဇင်းတွင် ရေးသားခဲ့သော ပထဝီဝင်နိုင်ငံရေးဘာသာရပ်အကြောင်း ဆောင်းပါးများကို ပြန်လည်စုစည်းထားသော စာအုပ်ဖြစ်သည်။ geopolitics ဟူသောဝေါဟာရမှ စတင်ကာ ယင်းဘာသာရပ်ပေါ်ပေါက်လာပုံ၊ နိုင်ငံရေးပထဝီဝင်နှင့် ပထဝီဝင်နိုင်ငံရေးကွဲပြားပုံများကို သုတေသနအမြင်ဖြင့် ဖော်ထုတ်တင်ပြထားသည်။ အတိတ်မှ အနာဂတ်ကမ္ဘာ့ပထဝီဝင် နိုင်ငံရေး အကြောင်းကို ဓာတ်ပုံ အချက်အလက်အထောက် အထားများနှင့်တကွ ဖော်ပြထားကာ ယင်းအချက်အလက်များအတွက် မှီငြမ်းကိုးကားသော စာအုပ်များ စာရင်းကိုပါ ပူးတွဲဖော်ပြထားသည်။ နန်းဒေဝီစာပေမှ ဒုတိယအကြိမ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပြီး တန်ဖိုး ၂၀၀၀ကျပ်ဖြစ်သည်။




## မောင်သာရ–ယုန်နဲ့အတူပြေးခွေးနဲ့အတူလိုက်

လောကမှာ ကောင်းတဲ့လူနဲ့ ဆိုးတဲ့လူကို ဘယ်သူခွဲခြားနိုင်သလဲ မေးကြည့်။ ခွဲခြားနိုင်တယ်လို့ ပြောတဲ့လူကိုတွေ့ရင် သည်စာအုပ်ကလေးပေးလိုက်။ ဘာကြောင့်လဲဆိုတော့ သူ့အတွက် သက်သက်ရည်ရွယ်ပြီး ရေးထားတာဖြစ်လို့။ . . သည်စာအုပ်၏ ပထမဆုံးအဖွင့်စာမျက်နှာတွင် တွေ့ရမည့် ဆရာမောင်သာရ၏ စာဖတ်သူသို့ ပြောသောစကားဖြစ်သည်။ ပြောသောစကားနှင့် ထပ်တူကျစွာ လူ့သဘာဝကို ရေးပြထားသည်ကို ဤစာအုပ်တွင် တွေ့ရမည်ဖြစ်သည်၊ ရှေ့က ပြေးသော ယုန်နှင့်နောက်ကလိုက်သော ခွေးတို့၏ အဖြစ်နှင့်အတူ လူ့လောကတွင် ရှေ့ကပြေးသော သူအချို့က ပြေးရင်းခြေကုန်သောအခါ နောက်က လိုက်သည့်လိုက်သည့် လူစုနှင့် ရောထွေးသွားရာက ရောထွေးလိုက်သူဖြစ်လာသည်၊ သည်သို့ပင် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းက ပြေးသူဖြစ်ခဲ့ရပြီး နောက်နှစ်နှစ်ဆယ်ကျော်ကြာလာသည့်အခါ နောက်က လိုက်သူတစ်ယောက်အဖြစ် ပြောင်းမြောက်စွာ ရှိနေခဲ့သူတစ်ဦးအကြောင်း နိုင်ငံရေးအယူဝါဒနှင့် လှုပ်ရှားမှုဖြစ်ရပ်များ နောက်ခံကာ ရေးသားဖော်ပြထားသည်။ ဤစာအုပ်ကို ယခုအခါ တတိယအကြိမ်အဖြစ် လင်းလွန်းခင်စာပေမှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

# မိဘပြည်သူများ ခင်ဗျား...

ဆာသော်ဒိုး



တစ်နေ့သည်၌ ကျွန်ုပ်သည် နံနက်ပိုင်း အိပ်ရာထ ကိုယ်လက်သုတ်သင်ပြီးစီး၍ အိမ်ရှင်မ ဖျော်ပေးသည့် လက်ဖျော်ကော်ဖီခါး စိမ့်စိမ့်ကို တစ်ငုံချင်း ဇိမ်ယူကာ အရသာရှိစွာမြုံ့နေခိုက်မှာ နိုင်ငံတော်တီးလုံးသံ ငြိမ့်ငြိမ့်ညောင်းညောင်းကလေးကို ကြားရပါလေ၏။ ဤကား အခြားမဟုတ်၊ ကျွန်ုပ်၏ဇနီးသည် စိတ်ကြိုက် ထည့်သွင်းပေးထားသည့် မိုဘိုင်းလ်ဖုန်း၏ မြည်သံသာ ဖြစ်ပါပေတော့၏။

"ဟယ်လို ... အမိန့်ရှိပါခင်ဗျာ"

"ဟယ်လို ... ဆာသော်ဒိုးလား၊ ကယား ... ကယား အကူအညီတစ်ခု တောင်းစရာရှိလို့"

ဖုန်းဆက်လာသူမှာ လွိုင်ကော်မြေ တစ်နေရာမှ ကယားကဗျာဆရာ ဥတ္တရာအောင် ဖြစ်ပါ၏။ အကြောင်းရင်းကား Freedom ရုပ်ရှင်ပွဲတော် သူတို့ဒေသ တစ်ဝိုက်မှာ ပြသမည်ဖြစ်ရာ လိုက်ပါလာမည့် ဒါရိုက်တာ မင်းထင်ကိုကိုကြီးတို့အဖွဲ့ကို ကြိုရန်ကိစ္စရှိ၍ ကိုမင်းထင်ကိုကိုကြီး၏ ဖုန်းနံပါတ်ကို တောင်းတာ ဖြစ်ပါ၏။

"အေး ဟာ... ရှာထားလိုက်ပြီး ဖုန်းပြန်ဆက်ပေးမယ် ကယား"

"ဟုတ်ပါပြီ ဆာသော်ဒိုး... အားလပ်ရက်ရရင် နောက်ထပ် တစ်ခေါက် လာလည်ကြဦးလေဗျာ"

ကဗျာဆရာဥတ္တရာအောင်နှင့် ဖုန်းပြောအပြီးမှာ 'ကယားမြေ' ကို သတိရလို့ သွားမိပါတော့၏။ လွန်ခဲ့သည့် ၃ လလောက်ဆီက လွိုင်ကော်မြေမှာ တစ်ပတ်တောင် နေခဲ့ရတာကို ပြန်ပြီး လွမ်းဆွတ်မိပါပေတော့၏။

'ကလလတ' ခေါ် 'ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး' (KNPLF) ၏ ၃၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပွဲမှာ စာပေဟောပြောပွဲ ပြုလုပ်လေရာ ရန်ကုန်မှ ကျွန်ုပ်နှင့် ဆရာစိုးစံဝင်းတို့ဖြစ်ပြီး မန္တလေးမှ

Asian Fame Media Group

ဆရာကိုလေး (အင်းဝဂုဏ်ရည်)၊ ဆရာနေဝင်းမြင့်နှင့် ဆရာညိုထွန်းလူ တို့ဖြစ်ကြပါလေ၏။

ရန်ကုန်မှ နှစ်ဦးက ပထမညမှာတော့ ဟောပြောရ၍ မန္တလေးမှ ဆရာသမားများက ဒုတိယညတာဝန်ကျကြပါပေ၏။ လှိုင်ကော်မြို့တော် ခန်းမကြီးမှာ ခမ်းခမ်းနားနား ကျင်းပလေရာ စာချစ်သူတို့ စည်ကားစွာ လာရောက်အားပေး ဆွေးနွေးခဲ့ကြပါလေ၏။

ပွဲမစခင် သွေးပူလေ့ကျင့်ခန်းအဖြစ် လမ်းလျှောက်နေသော ကိုချော်နီကို ဘေးဖယ်ထားကာ ဒေသထွက် 'ကယားခေါင်ပူ' ကလေးကို ဖျူဖျူငှာငှာ လည်ချောင်းထဲ လောင်းလောင်းထည့်ခဲ့ပါလေ၏။ မွှေးမြပူရှိန်းသည့် အဆင်းအနံ့အရသာ အထိအတွေ့တို့ကြောင့် ကျွန်ုပ်တို့မှာ ငြိမ့်ငြိမ့်ညောင်းညောင်း သာသာယာယာ စတိတ်စင်ပေါ်သို့ ရောက်ရှိကြပါပေ၏။ စင်ပေါ်ရောက်သည့်အခါ ပထမဦးစွာ မိတ်ဆက်စကားတော့ ပြောကြားရမည် ဖြစ်ပါပေ၏။ ကဲ . . . မည်သို့ စတင်ရမည်နည်း။

"မိဘပြည်သူများ ခင်ဗျား . . . "

"ဟား ဟား ဟား ဟား . . . ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

စကားလုံးဝါကျတစ်ကြောင်း ပင် အာလုပ်ပြုရသေးသည်။ ပရိသတ်ရယ်မောကာ လက်ခုပ်တီး ကြပါပေ၏။ အင်း . . . ဘာဆက် ပြောရပါ့။

"မိဘ ပြည်သူများခင်ဗျား . . . အဲ . . . အဲ . . . စာချစ်သူ ပရိသတ်များခင်ဗျား၊ 'ပြည်သူ' ကို 'မိဘ' လို့ သဘောထားတဲ့ သမ္မတကြီးရဲ့ 'အာလုပ်စကား' ကို ခဏခဏ လစဉ်လတိုင်း ကြားနေရလို့ ကြိုက်ပြီးစွဲနေမိပါတယ်ခင်ဗျ။ ဘာပဲဖြစ်ဖြစ် 'မိဘပြည်သူ' ဆိုတာ ကောင်းသောလက္ခဏာ မဟုတ်ပါလား ခင်ဗျာ"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း. . . "

ဤမှနေ၍ ရှေ့သို့ဆက်ကာ မိတ်ဆက်စကားလုံးများ တောက်လျှောက် ထွက်သွားပါလေတော့၏ ခင်ဗျား။

"ယခုနက အခမ်းအနားမှူး နှမဝယ်ဖတ်ကြားသွားခဲ့သလိုပါပဲ။ ကျွန်တော်ကတော့ ကာတွန်းရေးသူ၊ သရော်စာရေးသူ ဆာသော်ဖိုး (ခေါ်) ဖိုးသော်တာဆိုတဲ့ 'ဗမာတိုင်းရင်းသား' ဖြစ်ပါတယ်ခင်ဗျား"

ကျွန်ုပ်သည်ကား မူလဘူတ 'ဗမာ' မှနေ၍ 'ဗမာတိုင်းရင်းသား' အဖြစ်သို့ ရောက်ရှိလို့သွားပြီဖြစ်ပါ၏၊ ပီဘိ 'ဗမာတိုင်းရင်းသား' ဆာသော်ဖိုးကို ကြည့်မည်ဆိုပါက အပေါ်ပိုင်းမှာ အဖြူရောင်အကျႌလက်ရှည်ကို ဝတ်ဆင်ထားပြီး အောက်ပိုင်းမှာကား ဂျင်းဘောင်းဘီနှင့်ဖြစ်ပါ၏၊ အဆွေ၊ ဒီလူဟောလေ သမျှ စင်မြင့်တို့ထက်မှာ ဤပုံစံအတိုင်းသာ မြင်တွေ့ခဲ့ကြရမှာ ဖြစ်ပါပေ၏။

"ဟောဒီ လှိုင်ကော်မြေက စာချစ်သူ ညီအစ်ကိုမောင်နှမတွေကို ကြိုတင်တောင်းပန်ထားချင်တာ တစ်ခုရှိပါတယ်၊ အဲဒါက ဘာလဲဆိုတော့ 'ဆာသော်ဖိုး' ဆိုတဲ့ ကျွန်ုပ်ဟာ တစ်သက်တာလုံး 'ဘောင်းဘီ' ကို မချွတ်တမ်း ဝတ်လာခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြောင့် အခုညမှ ချက်ချင်းဘောင်းဘီချွတ်ပြီး ပုဆိုးဝတ်ရင် မတော်တဆ ဖြုတ်ပျက်ကျမှာစိုးရိမ်တဲ့အတွက် ဟောသလို 'ဘောင်းဘီလက်ရှည်' တကားကားနဲ့ ပြည်သူ့အချစ်တော် ဆာသော်ဖိုး သားသားကို အမြင်မတင့်လည်း ခွင့်လွှတ်တော်မူကြပါလို့၊ အဓိက ပြောချင်တာကတော့ ဘောင်းဘီ မချွတ်သေးပါဘူးလို့"

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း. . . "

သို့ဖြင့် မိတ်ဆက်တွေ အချည်းတွေ၊ နိဒါန်းတွေ၊ ပဏာမတွေဖြင့် ဆက်၍လာလိုက်သည်မှာ 'ဆင်ဆာ' အကြောင်းတွေ၊ 'အိုက်ဒီယာ' ဘယ်လိုရှာသလဲဆိုတာတွေ၊ 'ဖွဲ့စည်းပုံအခြေခံဥပဒေ' အကြောင်းတွေ၊ 'လွှတ်တော်' ကိစ္စတွေ၊ 'ကုလားထိုင်' ဇာတ်လမ်းတွေ၊ 'လာဘ်ပေးလာဘ်ယူ' ကိစ္စအကြောင်းတွေ၊ 'ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ' ကိစ္စ . . . အစရှိသည်ဖြင့် 'ခေါင်ရည်ပူချိမြ' တန်ခိုးဖြင့် ဟိုတိုးသည်တိုက် ဟိုဝိုက်သည်ရှောင် . . . စကားလုံးတွေ ဖောင်းခဲ့ပါပေ၏။

"မနက်က လှိုင်ကော်က စာချစ်သူတစ်စုနဲ့ဆုံတော့ သူတို့က မေးကြတယ်ခင်ဗျ။ အရင်တုန်းက ဆင်ဆာ တင်းကြပ်တယ်၊ အခု ဆင်ဆာမရှိတော့ဘူးဆိုတော့ လွတ်လွတ်လပ်လပ် ရေးလို့ရပြီပေါ့နော်တဲ့။ ဟုတ်ပါတယ် ကြိုက်တာကို လွတ်လွတ်လပ်လပ်ကြီးကို ရေးလို့ ရနေပါပြီ။ ကျွန်ုပ်တို့ကလည်း အမြင်မတော်တာတွေ့ရင် တည့်တည့်ကို ရေးထည့်လိုက်ကြတာပဲ။ အဲ . . . ရေးလို့တော့ ရတယ်။ ဒါပေမဲ့လို့ အရေးခံရတဲ့သူတွေက မပြင်ကြဘူး၊ အေးအေးဆေးဆေးပဲ ဒူးတနန့်နန့်နဲ့ . . . ဆိုတော့. . . "

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း. . . "

ပြီးတော့ ကာတွန်းရေးမယ့် အိုက်ဒီယာတွေ သရော်စာရေးမယ့် အိုက်ဒီယာတွေကို ဘယ်လိုရှာဖွေသလဲဆိုတာတွေ ဆက်ပြောဖြစ်ပါလေ၏။

"ကာတွန်းရေးစရာ၊ သရော်စာရေးစရာအတွက် အိုက်ဒီယာရဖို့ ဘယ်မှ ထွက်နေစရာကို မလိုဘူး။ အိမ်မှာ ထိုင်နေရင်းနဲ့ကို ရပါသဗျ။



> အနုပညာဖန်တီးသူ လူပုဂ္ဂိုလ်ဆိုတာမျိုးကလည်း ပြည်သူထဲက ပြည်သူ တစ်ဦးဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ ခံစားချက်က အတူတူပါပဲ။ ပြည်သူကို စော်ကားရင် ကျွန်ုပ်လည်း ရင်နာတယ်။ "ပြည်သူသာအမိ ပြည်သူသာ အဖ" ပါ။ ကျွန်တော်ကတော့ အမြဲတမ်း "ပြည်သူ" ဘက်ကပါပဲ။ ဒါပေမဲ့လို့ မနက်ဖြန်ည ဒီနေရာမှာ ဟောကြားမယ့် ဆရာသမားပုဂ္ဂိုလ်ကြီးများကတော့ "ပြည်သူ" ကို အလေးထားတဲ့ သူတွေ ဟုတ် မဟုတ်ဆိုတာ မသိရပါဘူး . . . .

အစိုးရလွှင့်တဲ့ ည ၈ နာရီ သတင်းကို ထိုင်ကြည့်၊ အိုင်ဒီယာတွေ ရလိမ့်မယ်။ နိုင်ငံတော်ပိုင် ဝါဒဖြန့်သတင်းစာတွေကို ကောက်ဖတ်ကြည့်လိုက် ရေးဖို့ အိုက်ဒီယာတွေ တစ်ပွေ့တစ်ပိုက်ကြီးကို ရလိမ့်မယ်။ အခုဆို . . . လွှတ်တော်သတင်းတွေကို ပုံမှန်သာကြည့်၊ ကာတွန်းရေးဖို့ သရော်စာရေးဖို့ အိုက်ဒီယာတွေ အကြံဉာဏ်တွေ ဒလဟောကို ရမှာ ခင်ဗျ"

"ဟား ဟား ဟား ဟား ဟား ဟား. . . "

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း. . . "

သွေးရင်းတို့မြေမှာ သွေးချင်းတို့ ရှုည့်ခံလေသည့် 'ကယားခေါင်ပုံ' ကား ကျွန်ုပ်၏ကိုယ်တွင်းမှာ လှည့်လည်စီးဆင်းနေပါလေ၏။ အချို့စဉ်းစားထားခြင်း အလျဉ်းမရှိသည့် စကားလုံးဝါကျများကား ခေါင်ပုစွတ်နှုတ်ခမ်းမှ ဖမ်းထားလို့မရစွာ ထွက် ထွက်ချသွားကြပါတော့သော၏။

"မိဘပြည်သူများခင်ဗျား . . . အဲလေ. . . မဟုတ်လို့ . . . စာချစ်သူပရိသတ်များခင်ဗျား . . . အနုပညာဖန်တီးသူ လူပုဂ္ဂိုလ်ဆိုတာမျိုးကလည်း ပြည်သူထဲက ပြည်သူ တစ်ဦးဖြစ်တဲ့အတွက် ပြည်သူတွေနဲ့ ခံစားချက်က အတူတူပါပဲ။ ပြည်သူကိုစော်ကားရင် ကျွန်ုပ်လည်း ရင်နာတယ်။ 'ပြည်သူသာအမိ ပြည်သူသာ အဖ' ပါ။ ကျွန်တော်ကတော့ အမြဲတမ်း 'ပြည်သူ' ဘက်ကပါပဲ။ ဒါပေမဲ့လို့ မနက်ဖြန်ည ဒီနေရာမှာ ဟောကြားမယ့် ဆရာသမားပုဂ္ဂိုလ်ကြီးများကတော့ 'ပြည်သူ' ကို အလေးထားတဲ့ သူတွေ ဟုတ် မဟုတ်ဆိုတာ မသိရပါဘူး။ ကျွန်တော်ကတော့ အမြဲတမ်း 'ပြည်သူဘက်က' ရပ်တည်မယ့်သူ ဖြစ်ပါတယ်။ 'ပြည်သူ' ကို ချစ်ရုံတင်မကပါဘူး။ 'ပြည်သူ' နိုင်းသမျှ အကုန်လုပ်ပေးမယ့်သူပါ ခင်ဗျ။ ဟုတ်ကဲ့ပါ . . . ကျွန်တော့်ဇနီးက ပြည်မြို့ကပါ။ 'ပြည်သူ' ပါ"

"ဟား ဟား ဟား ဟား ဟား ဟား. . . "

ပရိသတ်က ပေါ့ပေါ့ပါးပါးဖြင့် "တဟားဟား" ရယ်မောနေကြ



သော်ငြား မြို့တော်ခန်းမဆောင်ထဲ တစ်နေရာရာမှ ကျွန်တော်တို့၏ ဘကြီးတော်၊ ဦးရီးတော် စီနီယာ စီနီယာ မန်းဆရာသမားများကား ကျွန်ုပ်ကို လှမ်း၍ ထေ့ပြုံးပြုံးကာ ကြိတ်ဆဲနေ ပါလေလိမ့်မည်။ ဆရာသမားများတို့၏ ချစ်ဇနီးမယားချောများကား 'ပြည်သူ' တစ်ဦးမှ မပါမှာ သေချာလှပါပေ၏။

ဥတ္တရာအောင် ဖုန်းဆက်တာနှင့် ဆက်ပြီး အတွေးရောက်သွားသည့် ကျွန်ုပ်မှာ ကိုမင်းထင်ကိုကိုကြီး၏ ဖုန်းနံပါတ်ကို အသည်းအသန်လိုက်လံ ရှာဖွေပေးသော်ငြား ကျွန်ုပ်၏ မှတ်စုစာအုပ်များထဲမှာ ပျောက်နေရှာသည့်အတွက် ကိုဇာဂနာ၊ ကိုစောဝေ၊ ကိုဇော်သက်ထွေးနှင့်ကိုအရိုင်းတို့ထံဖုန်းတွေ တဂွမ်ဂွမ် ဆက်ကာမေးမြန်းရပါတော့၏။

ဘာပဲဖြစ်ဖြစ်ပါ. . . ပြီးခဲ့သည့် ခေတ်စနစ်အဆက်ဆက်မှာ အုပ်စိုးခဲ့သူတို့ဟာ 'ပြည်သူ' ဆိုသော စကားလုံးကို ရေလဲသုံးခဲ့ကြပါပေ၏။ 'ပြည်သူ' အတွက် 'တော်လှန်ရေးကောင်စီ' ပေါ်ပေါက်လာတယ်။ ပြည်သူအတွက် 'မဆလ' ပါတီဖွဲ့စည်းဖြစ်တယ်။ ပြည်သူအတွက် အာဏာသိမ်းခဲ့တယ်။ ပြည်သူအတွက် 'နဝတ' မှသည် 'နအဖ' ဆိုတာတွေ ပေါ်ပေါက်ခဲ့တယ်။ ပြည်သူအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စိတ်ကြိုက်ရေးဆွဲပေးခဲ့တယ်။ ပြည်သူအတွက် ၂၀၁၀ ရွေးကောက်ပွဲကြီး ကျင်းပပေးခဲ့တယ်။ အခြေအနေနဲ့ အချိန်အခါ အရပ်ရပ်တို့မှာ ပြည်သူကိုသာ ခေါင်းစဉ်တပ်ခဲ့ကြပါပေ၏ ခင်ဗျာ။ လက်တွေ့တွင်ကား အများပြည်သူ သိတော်မူခဲ့ကြရသည့်အတိုင်းသာ ပြည်သူတွေမှာ ဆင်းရဲတွင်းနက်ဆင်းအောင် လမ်းပြဆောင်သူတို့၏ စကားလုံးကြီးကြီးများပိကာ ပြားသထက်ပြားခဲ့ကြရပါပေ၏။

မည်သို့ပင်ဆိုစေကာမူ . . . ဘာဆိုဘာမှ ဖုံးထားကွယ်ထားလို့ မရတော့သည့် ယခုလို ပွင့်လင်းခေတ်အခါ သမယကြီးမှာ 'မိဘပြည်သူများခင်ဗျား' စကားလုံးမှာ 'စကားလုံး' သက်သက်ပဲလား၊ 'အနှစ်သာရ' ကော ပါသလားဆိုတာ ပြည်သူများက အသေအချာကို သိရှိတော်မူနေပြီ ဖြစ်ကြောင်းကိုသာ ယုံကြည်မိပါတော့၏ခင်ဗျာ။

**ဆာသော်စိုး**

Asian Fame Media Group

# ကတ်သီးကတ်သတ် ပြောတဲ့ တောက်တီးတောက်တဲ့

## ဖြစ်ပြီးရင် ပျက်တတ်တဲ့အထဲမှာ သံဝေဂလည်းပါ

ပြီးခဲ့တဲ့ ဩဂုတ်၊ စက်တင်ဘာမှာ စာနယ်ဇင်းလောကထဲက ဂုဏ်ကြီးသူတွေ ဆက်တိုက်ဆိုသလိုပဲ ကြွေလွင့်ခဲ့ကြတယ်။ အသက်ကုန်သေ၊ ကံကုန်သေနဲ့မဖြူတဲ့ သင်္ခါရလောကကြီးမို့ သံဝေယူရတယ်။ ပိုပြီး သံဝေဂဖြစ်တာက ရှင်တုန်းက မတည့်ကြ၊ အရေးတယူမရှိကြ၊ ဂရုမစိုက်ကြဘဲ သေခါမှ ချစ်ခြင်းမေတ္တာဖော်ကျူးလို့ရာသီပေါ် အလွမ်းများနဲ့ သဝဏ်လွှာတစ်တန် ဆောင်းပါးတစ်တန်ဆိုတော့ကာ သေသူများ သတိတစ်ချက်လွန့်လာစေချင်တယ်။ ဩော်. . . မသာပို့တယ်ဆိုတာ ဝတ္တရားရှိလို့ ပို့ရတာထက်၊ မသာစည်ခြင်းမစည်ခြင်းတွေထက်၊ အသုဘရှုပြီး အကြည်ဓာတ်နဲ့ သေသူရဲ့ နောက်ဆုံးခရီးကို ပို့နိုင်ဖို့သာ လိုရင်းပါ။ တောက်တဲ့တို့ဆရာသမားတစ်ယောက်ကတော့ သူသေရင် လုပ်ဖော်ကိုင်ဖက်တွေ တပည့်တပန်းတွေ တစ်ယောက်မှမလာကြနဲ့တဲ့။ မသာကို အကြောင်းပြုပြီး ကိုယ့်ကိုယ်ကိုယ် သာသာထိုးထိုး ပရိုးမိုးရှင်းလုပ်မယ့် ဆောင်းပါးတွေလည်း ရေးစရာမလိုဘူးလို့ ကြွေးကြော်ထားလေရဲ့။ မကြွေးကြော်ဘဲ မနေနိုင်ရိုးလား။ သူ့ရင်ဘတ်မှာလည်း သူကူညီထားတဲ့သူတွေကပဲ ပြန်ကန်သွားကြတဲ့ Hang Ten တံဆိပ်လေးတွေ နည်းမှမနည်းကိုး။ နေရာပေးရင် နေရာဂုဏ်မောက်၊ ပညာသင်ပေးရင် ပညာဂုဏ်မောက်လာတတ်တာကိုကလည်း လူ့ဘုံခန်းဝါ လူတို့ရွာမှာ အဆန်းမှမဟုတ်တာ။ အဲဒီလိုမဖြစ်ရင်သာ ဆန်းတာ။ ဒီလိုသံဝေဂတွေရနေလို့ ရုန်းထွက်နိုင်လားဆိုတော့လည်း အဲ . . . အဟဲ. . . အဟင်း. . . ဟိုလိုပေ့ါနော်. . . များတို့က ပုထုဇဉ်ပဲဟာကိုးလို့. . .။ တရားကို မတရားကြီး အားထုတ်လို့ ဘယ်ဖြစ်ဦးမတုံး။ သံဝေဂဖြစ်ရုံလေးပါပဲ။ အဲဒီသံဝေဂလည်း ဖြစ်ပြီးရင် ပျက်တတ်တဲ့သဘောရှိတယ်လေ။



Asian Fame Media Group




# ဆရာတင်ချင်တာကတော့ ....

miss လေးတွေဖြစ်တဲ့ နန်းခင်ဇေယျာ၊ ခင်ဝင့်ဝါတို့တစ်တွေနာရေးကူညီမှု အသင်းကို သွားပြီး အခေါင်း'မ'ကူကြတော့ တောက်တီးမှာ အခေါင်းထဲပဲ ပက်လက်လေးပြေးဝင်ရမလား ဦးကျော်သူရဲ့ အသင်းကိုပဲ ဝင်ရမလားဆိုပြီး ခွေးစားရမလို၊ ချုံတိုးရမလို ဂယောက်ဂယက်ကို ဖြစ်လို့၊ တောက်တီးဘဝဟာ မစွစ်တောက်တီးရဲ့ ရင်ခွင်မြို့တော်၊ သိသာယာလမ်း၊ သစ္စာယာအိမ်ရာမှာ နေထိုင်ရတာ ကြာတော့လည်း ငြီးငွေ့တဲ့အခါ လည်း ငြီးငွေ့ပေမပေါ့။ ဒါဟာ အပြစ်လား၊ လင် ယောကျ်ားတွေရဲ့ အကြောင်းကို မေးလုပ်သူ တွေတော်တော်များများက နားမလည်တတ်ကြပါ ဘူး။ ဒါကြောင့်လည်း လင်ကို ပျော်အောင်ဘယ်လို ကိုင်တွယ် ရမယ်ဆိုတာ(အဟီ. . )သင်ပေးနိုင်တဲ့ ဂုရုကြီးတွေရှိရင် သိပ်ကောင်းမှာပဲလို့ တွေးမိ တယ်။ ယောကျ်ားတစ်ယောက်နဲ့ တစ်ယောက်ရဲ့ အကြိုက်တွေကလည်း မတူတတ်သလို၊ အချိန် ကာလကိုလိုက်ပြီး အကြိုက်တွေကလည်း ပြောင်း လဲသွားတတ်သေးတာ။ မပြောင်းလဲတာဆိုလို့ ရင်ခုန်တတ်တဲ့ နှလုံးသားနဲ့ ခံစားမှုပဲ။

အသက်လေးရလာလို့ ပုံလေးနည်းနည်း ပျက်လာတဲ့ မစွစ်တောက်တီးတစ်ယောက်ကျွန် တော် ဗွေဖောက်မှာကြောက်ဟန်တူရဲ့။ ခုတလော ရွှေကျင့်ခန်းတွေ သွားသွားလုပ်နေလေပါရော လား။ အမယ်. . သွားတာတောင် တူမနှစ် ယောက်နဲ့ ခေါ်သွားပြီး သူ့ကိုယ်သူ လူငယ်တွေနဲ့ ရော ကြည့်သေးတာ။ တစ်ရက်သားမယ် သင် တန်းမှာ ဘာပြဿနာဖြစ်လာတယ်မသိ။ တူဝရီး သုံးယောက်ဒေါ်မောတွေနဲ့ ကြိမ်းဝါးနေ လိုက်ကြ တာများ ခေါင်းမွေးထောင်တယ်။ ပြောပုံကိုကြည့် ဦး. . . ။

တီလေးသမီးတို့ဘာသာ ဘယ်နေရာပျော့ ပျော့မာမာ လူကြားထဲမှာ အဲဒီသင်တန်းဆရာမ က ညည်းတို့အပျိုမဟုတ်ဘူးလို့ ပြောရလား၊ အမလေး အရှေးလုပ်လို့ဟယ်. . . ငါတို့က လည်း သူ့ကို နှစ်လင်ကွာမှန်းမသိလို့ သွားတတ် မိတာပါ။ ယောကျ်ားနဲ့ အဆင်မပြေချင်လို့ ပါဆိုနေ မှပဲ. . ။ တော်ပြီ. . . နောက်သင်တန်း ပြောင်း မယ် ဒီတစ်ခါဆရာမကိုတော့ အနည်းဆုံး လင် နှစ်ယောက်လောက် တစ်ပြိုင်တည်း ပေါင်းနိုင် သူကိုပဲ ဆရာတင်မယ်။ ဟွန်း. . .

## FUNNY PHOTO












Asian Fame Media Group

## FUNNY PHOTO









# ရှေးထုံးလည်းမပယ်နဲ့

မောင်တောက်တီးတို့ ကတော့ ခေတ်လူငယ်တွေဆိုတော့ ခေတ်မီနည်းပညာရေစီးထဲမှာပဲ မျောလိုက်ကြသပေါ့။ ရုံးကတော့စ်ကလည်း ခေတ်မီနည်းပညာတွေကို အင်မတန် သဘောကျတယ်ဆိုတော့ မောင်တောက်တီးရဲ့ အံကိုက်ပဲလေ၊ ဒီလကစပြီး မောင်တောက်တီး တို့ဝန်ထမ်းတွေကို MPU ကတ်တွေကနေပဲ လခပေးတော့မယ်ဆိုတော့ မကြိုက်တဲ့သူတွေက ပွစိပွစိပြောကြပေမယ့် မောင်တောက်တီးတို့ကတော့ လိုက်လှဲဝမ်းမြောက်စွာကြိုဆိုပါသဗျား။ အိုင်တီခေတ်ကြီးမှာ ဒီလိုမျိုးဖြစ်နေရမပေါ့.. နော့..။ ဆိုတော့ကာ... လကုန်ရက်မှာ MPU ကတ်ကလေးကိုင်ပြီး ATM စက်မှာ လခသွား ထုတ်တော့တာပေါ့၊ စိတ်ထဲမလဲ ငါကွ.. ငါကွ.. နဲ့ပေါ့လေ။ စက်ရှေ့ရောက်တော့ ကိုယ့် ရှေ့မှာ သုံးယောက်လောက် ပိုက်ဆံတွေ ထုတ်နေကြသဗျ။ သူတို့လည်း လခလာထုတ်ကြတာပဲ ဖြစ်မှာပါ။ ငါးထောင်တန်တွေ အထပ်လိုက်၊ တစ်သောင်းတန်တွေ အထပ်လိုက်ထုတ်နေကြတာ တွေ့ရသဗျ။ စက်ထဲက ထွက်လာတဲ့ ပိုက်ဆံတွေဆိုတော့ အသစ်စက်စက်လေးတွေပေါ့ဗျာ။ ဟီးဟီး... ငါလည်း ရုံးကပေးနေကျ ပိုက်ဆံမှိုတက်ကြီးတွေမကိုင်ရတော့ဘူးဆိုပြီး စိတ်ထဲမှာ ကျိတ်အူမြူးနေသေးတယ်။ ကဲ... မောင်တောက်တီး အလှည့်ကျပါပြီ။ ကတ်ကို အပေါက်ကလေးထဲထည့်၊ PIN နံပါတ်နှိုက်ထည့်လိုက်ပြီး ငွေထုတ်မယ်လည်း ဆိုရော ငါးသောင်းပဲ ထုတ်လို့ရမယ်လို့ စက်က ပြောလာသဗျ။ ဟမ်..။ ဘယ့်နှယ့် ငါ့လခက ငါးသောင်းထက် သုံးဆလောက်ရှိတာ...။ ဒီစက်က ဘာကြောင့်ထုတ်မပေးရတာတုံး။ ဒါနဲ့ ကတ်ကို ပြန်ထုတ်။ ပြန်ထည့်။ PIN နံပါတ် ရိုက်ထည့်။ မြောက်သောင်းလေးထောင်ထက် ပိုထုတ်လို့မရ ပါဘူးတဲ့ဗျား... ဟိုက်... ဘယ့်နှာတုံး။ မောင် တောက်တီး ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ ဖင်ကုတ် ခေါင်းကုတ်ဖြစ်နေရော။ ဒါနဲ့ စက်ကို စောင့်ကြည့်နေတဲ့ လုံခြုံရေးက မောင်တောက်တီး မူမမှန်တော့ဘူး ဆိုတာမြင်နေတော့ လာမေးပါလေရောဗျ။ အတော်ပါပဲ။ မောင်တောက်တီးက ဖြစ်ကြောင်းရယ်ကုန်စင် ပြောပြတော့ သူကပြုံးပြီး 'စက်ထဲမှာ ပိုက်ဆံကုန် သွားလို့အခုကို၊ သူတို့ ပြန်ဖြည့်ပြီးရင်ထုတ်လို့ ရမှာပါ။ ဒါပေမဲ့ နေ့လယ် လောက်မှပြန်လာခဲ့ပါ'လို့ပြောတယ်။ ဟေ... အကယ်၍များ အရေးတကြီးငွေလိုနေရင် မခက်ပေဘူးလားဗျာ။ မောင်တောက်တီးနောက်မှာ တန်းစီနေတဲ့ နိုင်ငံခြားသားနှစ်ယောက်ကလည်း ဘာဖြစ်တာလဲ ဘာဖြစ်နေတာလဲလို့ မေးနေကြပြန်တယ်။ ဒါကြောင့် စက်ထဲမှာ ပိုက်ဆံမရှိတော့တာတဲ့ဗျို့လို့ စိတ်ပေါက်ပေါက်နဲ့ အော်ပြောလိုက်တော့ မျက်နှာဖြူ နှစ်ယောက်လည်း အိုးမိုင်ဂေါ့ ဖြစ်သွားကြပါလေရောဗျား..။ အင်း.. ရှေးထုံးလည်း မပယ်နဲ့ ... ဈေးသုံးလည်းမကြွယ်နဲ့ဆိုတဲ့ စကားပုံလေးဟာ အိုင်တီခေတ်အထိ ခေတ်မီနေတုန်းပါပဲ ကိုးလို့ မောင်တောက်တီးတွေးမိလိုက်ပါသဗျား..။

Asian Fame Media Group



# ‘တက်တာနဲ့ ကျတာတွေ...’

နိုဝင်ဘာလကစပြီး မီတာခတွေ တိုးတော့မယ်ဆိုတဲ့ကြေညာချက်လည်း သတင်းစာထဲမှာ ဖတ်ပြီးရော တောက်တဲ့မ တစ်ယောက် မီးခလုတ်စောင့်ဖြစ်ရောဆိုပါတော့လေ။ အရင် တစ်ယူနစ် ၂၅ ကျပ်ကနေ ၃၅ ကျပ်ဖြစ်မယ်ဆိုတော့တာ တစ်ယူနစ်ကို ၁၀ တိုးတာပဲ။ ဟိုအရင် မီးတွေ တစ်ဖုန်းဖုန်း ပြတ်နေတုန်းအချိန်ကတော့ မီးသာမှန်ပစေ... မီတာခကို ဘယ်လောက်ပဲပေးရပေးရလို့ ကြွေးကြော်ခဲ့တဲ့ တောက်တဲ့မတစ်ယောက် ခုမတော့ မီတာခတက်မယ့်အရေး တွေးပူပြီး ဥစ္စာစောင့်လုံးလုံးဖြစ်နေပါရောလား။ အင်း... မြန်မာနိုင်ငံမှာ တက်ပြီးပြန်ဆင်းတာဆိုလို့ လေယာဉ်ပျံပဲရှိတယ်ဆိုတဲ့စကားကလည်း ရှိလေတော့ တောက်တဲ့မ စိတ်မပူခံနိုင်ရိုးလားကွယ်။ အိမ်သုံးမီတာခတွေတက်တော့ အိမ်စရိတ်တွေ တက်မယ်။ စက်ရုံအလုပ်ရုံသုံးမီတာခတွေတက်တော့ ကုန်ထုတ်လုပ်မှုစရိတ်တွေတက်မယ်။ ကုန်ထုတ်လုပ်မှုစရိတ်တွေတက်တော့ ကုန်ပစ္စည်းတွေ ဈေးတက်မယ်။ ကုန်ပစ္စည်းတွေဈေးတက်တော့ ဖတ်စရာသတင်းစာ၊ ဂျာနယ်၊ စားစရာ မုန့်ပဲသရေစာကအစဈေးတက်မယ်။ အဲသလိုတွေဈေးတက်တော့လဲ အိမ်စရိတ်တွေပိုကုန်မယ်။ မီတာခတက်လို့ တောက်တဲ့မတို့ လခကတော့တက်မှာမဟုတ်၊ ဒီတော့ကာ အသုံးစရိတ်က အနုတ်ပြပြီး ရှင်းပြဖြစ်နေမယ်၊ ဒီတော့ကာ ပိုကုန်တဲ့ အိမ်စရိတ်တွေကာမိအောင် ဘယ်လိုလုပ်ရပါ့။ နေ့ဘက်နိုးအလုပ်လုပ်။ ညဘက် မုန့်ဖက်ထုပ်ထွက်ရောင်းရမလား...။ နိုးမသွားခင် မနက်စောစောမုန့်ဟင်းခါးပဲရောင်းရလေမလား.. ဘာလုပ်ရမှန်း မသိတော့ဘဲ တွေးရင်းတွေးရင်း ခေါင်းတွေပူလာတာဘဲ အဖတ်တင်လေတော့ကာ တစ်ခုတော့ကတော့ သေချာပေါက်ကျသွားတယ်။ အဲဒါကတော့ စိတ်ဓာတ်... စိတ်ဓာတ်ကျပြီး ဘာမှမလုပ်ဘဲ ဒီအတိုင်းငုတ်တုတ်ကြီးလည်စင်းခံရမလို ဖြစ်နေပြီ။ ဘူလ်ဂေးရီးယားမှာတော့ မီတာခတွေ တက်လို့ ဆန္ဒပြကြသတဲ့။ ဒီတော့ကာ ရန်ကုန်မှာလည်း တောက်တဲ့မဦးဆောင်ပြီး လမ်းပေါ်ထွက် ဆန္ဒပြရင် ကောင်းလေမလားစဉ်းစားမိပေမယ့် ပုဒ်မ(၁၈)နဲ့ငြိပြီး အချုပ်ထဲ ရောက်ခါမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်။ “အင်း.. လောလောဆယ် အကောင်းဆုံးကတော့ လျှပ်စစ်အသုံးကို တက်သွားတဲ့ မီတာခဈေးနှုန်းနဲ့ ကာမိအောင် အရင်ကထက်ပိုချွေတာမှဖြစ်မယ်ဆိုတာကိုပဲ တွေးလို့ရလေတော့ကာ အိမ်ရှေ့မှာ ကွန်ပျူတာဖွင့်ပြီး ဂိမ်းကစားနေတဲ့ တူမလေးကို “ဟဲ့.. အရည်မရ အဖတ်မရ ဂိမ်းတွေကစားမနေနဲ့။ မီတာတက်မယ်၊ ခုပိတ်... ကွန်ပျူတာကို ခုချက်ချင်း ပိတ်လိုက်စမ်း”လို့ အော်ပြောလိုက်ရုံရှိသေး... တစ်လောကလုံး အမှောင်တိုက်ဖုံးသွားပါလားဟရို့... ။

(မီတာခဈေးတက်ကြောင်းကြေညာသောနေ့ ညနေပိုင်း တစ်နိုင်ငံလုံးနီးပါး မီးပြတ်သွားခြင်း အမှတ်တရ)

## FUNNY PHOTO









